# ၂၁–စာစဉ်

အမှတ်(၁၂)

၂၀၀၉ ဇန္နဝါရီလ
ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုသုတေသနဌာနက ထုတ်ဝေသည်

## မာတိကာ

## ၂၁ စာစဉ်၊ အမှတ် ၁၂ ၊ ၂၀၀၉ ဇန်နဝါရီ


၁။ စာတည်းအဖွဲ့ရဲ့ အမှာ

၂။ အိုက်စလန် ဒေဝါလီခံရတော့မည်လော — ရဲဘော်ညိုမြင်း

၃။ အိုဘားမား စူပါမင်းလော — အေးငြိမ်းမြင့်

၄။ ၈ နှစ်ခရီး — ရဲဘော်ထွန်းမင်း

၅။ ၂၀၀၈ ခုနှစ်ရဲ့ ပြိုကွဲမှုကြီး — စိန်ချင်းကြည်

၆။ နိုင်ငံရေးအာဏာနဲ့ ဒီမိုကရေစီ — စောသက်နောင်

၇။ စီးပွားရေးကပ်က သူ့သရုပ်မှန်ကို ဖွင့်ပြပေးခြင်း
ခံလိုက်ရတဲ့ ကမ္ဘာ့လက္ခဏာဆောင် စီးပွားရေး — ညိုစိန်ဝင်း

၈။ အမေရိကန်သမ္မတသစ်နဲ့ ဗမာပြည်ရဲ့
ဒီမိုကရေစီရေးလှုပ်ရှားမှု — ကိုထွေး

၉။ အိုဘားမား ဘယ်လဲ — ရဲဘော်ထွန်းမြတ်

၁၀။ အစ္စရေးရဲ့ ဂါဇာစစ်ပွဲ — ကြည်ဝင်း

၁၁။ ၂၁ ရာစု ရေနံနိုင်ငံရေး — အောင်ငြိမ်း

၁၂။ စာတည်းအဖွဲ့ရဲ့ သတင်းနဲ့မှတ်ချက်ကဏ္ဍ

၁၃။ ၂၁ ရာစုမှာ ဗိုလ်ကျလွှမ်းမိုးရေးအာဏာ
အပြောင်းအလဲ ဖြစ်သွားမလား
ဒါမှမဟုတ် အဆုံးသတ်သွားမှာလား — ရဲဘော်အောင်လှိုင်

၁၄။ **SHAYKH YASSIN** သို့မဟုတ်
လက်တွန်းလှည်းပေါ်ကမီးတောင် — ငြိမ်းချမ်းသူ

၁၅။ ပြောင်းလဲခြင်း၌ တည်ဆောက်ခြင်း — အောင်ပင်လယ်

၁၆။ နေတိုးအရှေ့တိုးရေးပြဿနာ — ရဲဘော်ရှုယဉ်

၁၇။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး — အောင်စေမိုး

၁၈။ လူတန်းစား ဖျက်သိမ်းရေးတိုက်ပွဲရဲ့ နိဒါန်း — မိုးအောင်စည်

၁၉။ လက်နက်ကိုင်တိုက်ပွဲအတွင်း တဟုန်တိုးကြီးထွား
လာနေတဲ့ အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ) — ရဲဘော်စိန်ထွန်း

၂၀။ ပေါ်ပြူလာ အမေရိကန်သမိုင်း ဆန်းစစ်ချက် — သန်းမြရွှေ

၂၁။ ဖူကူးယားမားရဲ့ သမိုင်း နိဂုံးချုပ်သွားပြီဆိုတဲ့
သဘောတရားကို ကဏ္ဍ ၃ ခုခွဲ၍ ဝေဖန်စိစစ်
သုံးသပ်ကြည့်ခြင်း — ရဲဘော်သိန်းဝင်း

## စာတည်းအဖွဲ့ရဲ့ အမှာ

၂၁ စာစဉ်ကို မထုတ်ဘဲနေတာ ကြာပြီ။ ယခုကမ္ဘာမှာ အပြောင်းအလဲတွေ ရှိလာလို့ ပြန်လည်ထုတ်ဝေပါသည်။

ဤစာစဉ်တွင် ပါသမျှဆောင်းပါးများသည် ဆောင်းပါးရှင်၏ အာဘော်များသာဖြစ်ကြောင်း ထပ်လောင်းပြောချင်ပါသည်။ ဒါကြောင့်ပဲ ဆောင်းပါးရှင်၏ ကလောင်အမည်ကို ထည့်ထားတာဖြစ်ပါသည်။ ထင်မြင်ချက်ပေးလာလျှင် ဆောင်းပါးရှင်ကပဲ ဖြေရှင်းပါလိမ့်မည်။

နိုင်ငံတကာရေးရာတို့သည် အများအားဖြင့် စောင့်ကြည့်ရမည့်ကိစ္စများ ဖြစ်သည်။မျှော်လင့်ထားသလို ဖြစ်လာတာလည်းရှိမည်။ မမျှော်လင့်တာလည်း ဖြစ်တတ်ပါသည်။ ၂၁ ရာစုသည် ၂၀ ရာစုလို မဟုတ်ပါ။ ဒါကြောင့် မမျှော်လင့်တာတွေ ပိုပြီး ဖြစ်ပါလိမ့်မည်။

ဘယ်လိုပဲဖြစ်လာလာ ဗမာပြည်ဒီမိုကရေစီအရေးတော်ပုံအောင်မြင်ဖို့ မိမိဘာသာ တိုက်ပွဲဝင်ရမှာ ဖြစ်ပါသည်။ ကယ်တင်ရှင်ဘယ်သောအခါကမှ မရှိပါ။




ရဲဘော်ညိုမင်း

**တကမ္ဘာလုံးမှာ လူတဦးချင်းဝင်ငွေ ပထမစွဲခဲ့။**

အိုက်စလန်က ကျွန်းနိုင်ငံပဲ။ အတ္တလန်တိတ်သမုဒ္ဒရာရဲ့ မြောက်ပိုင်း သေနင်ဗျူဟာ အချက်အချာကျတဲ့နေရာမှာ တည်ရှိတယ်။

ဒီတော့ မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့အစည်း၊ နေတိုး NATO အဖွဲ့ထဲမှာ သူက အခရာကျတဲ့ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာတယ်။ အမေရိကန်က ရေတပ်မတော်ရဲ့ လေတပ်စခန်းကြီး တည်ဆောက်ထားတယ်။ ပြီးတော့ ဆိုဗီယက် လေတပ်– ရေတပ်ရဲ့ လှုပ်ရှားမှုမှန်သမျှကို နည်းပညာစုံသုံးပြီး ထောက်လှမ်းတာ လုပ်တယ်။

အိုက်စလန်ကျွန်းရဲ့ အကျယ်အဝန်းက ဗမာပြည်ရဲ့ ‘၇’ ပုံ ‘၁’ ပုံပဲ ရှိပြီး လူဦးရေက ၃ သိန်းနီးနီးပဲ ရှိတယ်။ တိုင်းပြည်ရဲ့ ၃၀%က ရေခဲဖုံးနေတယ်။ စိုက်ပျိုးနိုင်တဲ့ ဧရိယာက ၁% ပဲ ရှိတယ်။ မီးတောင်တွေကလည်း ၁၀၀ ကျော် ရှိတယ်။

သမိုင်းကလည်း ဥရောပနိုင်ငံတွေ တလှည့်စီ သိမ်းပိုက်ခံရတဲ့ သမိုင်း ရှိတယ်။ ၁၉၁၈ မှာ ဒိန်းမတ်ရဲ့ လက်အောက်က လွတ်ပြီး လွတ်လပ်တဲ့နိုင်ငံ ဖြစ်လာတယ်။ ဒါမေမဲ့ (၁၉၄၀) မှာ အင်္ဂလိပ်က သိမ်းတာ ခံရတယ်။ (၁၉၄၁) ကျ တော့ အမေရိကန်က လက်လွှဲယူတယ်။ (၁၉၄၄) ကျမှ သမ္မတနိုင်ငံဆိုပြီး ဖြစ်လာတယ်။ (၁၉၄၉) ကျတော့ NATO အဖွဲ့ဝင် ဖြစ်လာတယ်။ (၁၉၅၁) မှာကျတော့ အိုက်စလန်ရဲ့ ကာကွယ်ရေးကိစ္စအားလုံးကို အမေရိကန်က တာဝန်ယူထားလိုက်တယ်။ တာဝန်ယူလိုက်တယ်ဆိုတာက စကားကောင်းသုံးတာပါ။ အိုက်စလန်မှာ စစ်အခြေခံ စခန်းကြီးကို အမေရိကန်က သူ့စိတ်ကြိုက် တည်ထောင်ပြီး စီမံခန့်ခွဲနိုင်ဖို့ ဖြစ်တယ်။ အဲဒီလိုနဲ့ (Ketlavik) စခန်းကြီး ပေါ်လာတာပဲ။

(၂၀၀၆) ခုနှစ်ကျတော့ အဲဒီစစ်အခြေခံစခန်းတွေကို အမေရိကန်က ပိတ်ပစ်

လိုက်တယ်။ စစ်အေးခေတ် ကုန်ဆုံးသွားပြီ၊ ဆိုဗီယက်ကို ရန်လုပ်စရာ မရှိတော့ဘူး၊ ဒီတော့ အိုက်စလန်က စခန်းတွေ မလိုတော့ဘူး။ ဒီတော့ ပိတ်ပစ်လိုက်တာပဲ။ နောက်တကြောင်းကလည်း ရှိသေးတယ်။ အာဖဂန်စစ်၊ အီရတ်စစ်က မပြီးသေးဘူး။ အီရန်စစ် တိုက်ရမလို ဖြစ်နေတယ်။ အိန္ဒိယ–ပါကစ္စတန် ပဋိပက္ခ မှာလည်း ဝင်စွက်ဖို့ လိုနေတယ်။ ဒါကြောင့် စစ်အခြေခံစခန်းကို အိန္ဒိယ သမုဒ္ဒရာဘက် ရွှေ့ရတာပဲ။

နာမည်ကသာ မြောက်အတ္တလန်တိတ် ကာကွယ်ရေးစာချုပ် အဖွဲ့အစည်းနေတိုး (NATO) ဖြစ်ပေမယ့် အတ္တလန်တိတ် သမုဒ္ဒရာက အသုံးမဝင်တော့ဘူး။ အိန္ဒိယသမုဒ္ဒရာက အခရာကျနေပြီ။

အဲဒီလိုအခြေအနေမှာ အိုက်စလန်ကို ပစ်ပယ်လိုက်တာပဲ ဖြစ်တယ်။

ကောင်းစားစဉ်က အမေရိကန်က ငွေတွေပုံအောပြီး သုံးခဲ့တယ်။ လူဦးရေက (၃) သိန်းပဲရှိတာ ဆိုတော့ တဦးချင်းဝင်ငွေ ပထမစွဲတာ မဆန်းပါဘူး။

## ကုသိုလ်ဆိုးရှာတဲ့ အိုက်စလန်

(၂၀၀၆) ခုနှစ်မှာ အမေရိကန် စစ်စခန်းပိတ်တယ်။ (၂၀၀၇) ကျတော့ 'ဘဏ္ဍာရေးကပ်' ဆိုက်စပြုတယ်။ (၂၀၀၈) ကျတော့ 'ဘဏ္ဍာရေးကပ်' ကနေ 'စီးပွားရေးကပ်' ကူးတယ်။ အမေရိကန် အင်္ဂလိပ်ဘဏ်တွေ ကုမ္ပဏီတွေ 'ဒေဝါလီ' ခံလာရတယ်။

အဲဒီလိုအခြေအနေမှာ အထည်ကြီးပျက် အိုက်စလန်က တမျိုးသားလုံး (တိုင်းပြည်တခုလုံး) ဒေဝါလီ ခံရမလို ဖြစ်တော့တာပဲ။

အမေရိကန်အားကိုးနဲ့ ဥရောပကို ပစ်ပယ်ထားခဲ့တဲ့ အိုက်စလန် အစိုးရဟာ အခုတော့ ဥရောပ သမဂ္ဂ(EU) ကို ပြန်ကပ်လာတယ်။ ဝန်ကြီးတပါးကတော့ ခပ်ရှင်းရှင်းပဲ။ "ကျွန်တော်က (EU) ထဲ ဝင်ရေးကို အရင်က ဆန့်ကျင်ခဲ့တာပဲ။ အခုတော့ ဝရုန်းသုန်းကား ဖြစ်နေချိန်မှာ ကယ်ဆယ်သူရှာရမှာပဲ" လို့ပြောပြီး EU ထဲဝင်ဖို့ ပြောလာတယ်။ နောက်ဝန်ကြီးတပါးကတော့ သတင်းစာထဲမှာ "ရေရှည်အမြင်အရ ပြောရင် EU ထဲ ဝင်ရမှာပဲ။ နိုင်ငံသုံးငွေ (Krona) ကရိုနာကို စွန့်ပြီး ယူရိုငွေ(Euro) နဲ့ အစားထိုးရမှာပဲလို့ ရေးလာတယ်။

နောက်ဝန်ကြီးတပါးကတော့ "IMF (နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့) ကို အကူအညီ တောင်းရမှာပဲ" လို့ ပြောတယ်။

## EU ရော IMF ပါ "ဗိုက်နာ" နေတယ်။

အိုက်စလန်ရဲ့ ဒုက္ခကို EU က ကယ်ဖို့နေနေသာသာ ကိုယ့် အဖွဲ့ဝင်ဟောင်းတွေကိုယ်တိုင်က ကိုယ်စီ အကျပ်အတည်းတွေ့နေကြတယ်။ သူများကို ကယ်ဖို့မပြောနဲ့၊ ကိုယ့်ကိုယ်ကိုတောင် ဘယ်လိုကယ်ရမှန်း မသိကြဘူး။

အိုက်စလန်ဝန်ကြီးချုပ်က EU နိုင်ငံတွေကို ပထမချဉ်းကပ်ပြီး သူ့ဒုက္ခက ကယ်တင်ဖို့ ပြောရှာတယ်။ အင်္ဂလိပ်ကတော့ ကယ်ဖို့မပြောနဲ့၊ အိုက်စလန်ရဲ့ ပိုင်ဆိုင်ခွင့် ငွေစုစာ

တွေကိုတောင် သိမ်းယူလိုက်တယ်။ သိမ်းယူတဲ့ တန်ဖိုးက ယူရို(၅) ဘီလီယံ ရှိတယ်။

EU ရဲ့ ပြောရေးဆိုခွင့်ရှိသူကတော့ “အိုက်စလန်က ဥရောပနိုင်ငံပဲ။ လွတ်လပ်မှု၊ ဒီမိုကရေစီ။ လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်များရှိရင်၊ တရားဥပဒေစိုးမိုးရေး ရှိရင် EU က တံခါးဖွင့်ထားပါတယ်” လို့ စကားကောင်း ပြောတယ်။ ဒါပေမဲ့ ဝင်ခွင့်တော့ မပေး သေးဘူး။

အဲဒီတော့ ဒေဝါလီ ခံရမလို ဖြစ်နေတဲ့ အိုက်စလန်က ရန်သူတော်ဟောင်း ရုရှားဘက်ကိုလှည့် ခွက်ထိုးခံတယ်။ ရုရှားက ယူရို(၄) ဘီလျံချေးမယ်လို့ ဖြစ်လာတယ်။ စေ့စပ် နေကြတယ်။ ဒါက အောက်တိုဘာ (၇) ရက်နေ့က အခြေ အနေပဲ။ အခု ဘယ်အခြေဆိုက်နေပြီလဲ မပြောတတ်ဘူး။

ရုရှားက ငွေချေးမယ်ဆိုတော့ EU ရော NATO ပါ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန် တယ်။ အိုက်စလန်ဝန်ကြီးချုပ်ကတော့ “ပထမ သူတို့ဆီ အကူအညီတောင်းတာပဲ။ သူတို့က ပယ်ချလိုက်တော့ ရုရှားကို ကပ်ရတာပဲ။” လို့ ပြောတယ်။

သိရတာက– အိုက်စလန်က ပထမ EU ကို အားကိုးတာပဲ။ သူတို့က ပယ်ချတော့လည်း နော်ဝေ၊ ဆွီဒင် စတဲ့ မြောက်ပိုင်းက နိုင်ငံတွေကို အကူအညီတောင်းတာပဲ။ အဲဒီက မရတော့လည်း အမေရိကန်ကို အကူအညီ တောင်းပြန်တယ်။ ဘယ်ကမှ မရတော့လို့ ကြံရာမရ ရုရှားကို တောင်းတာပါ။

အိုက်စလန် ဝန်ကြီးချုပ်ကတော့ “အခုလို အခြေအနေမှာ မိတ်ဆွေသစ် ရှာရမှာပဲ” လို့ ပြောရှာတယ်။

ရုရှားမှာက စုပြီးဆောင်းပြီး ထားတဲ့ငွေက ဒေါ်လာ ဘီလျံ(၅၅၀) ရှိနေတယ်။ အိုက်စလန်ကို ချေးပေးတဲ့ငွေလောက်တော့ သူက ချေးနိုင်တာပဲ။

ရုရှားနိုင်ငံမှာထားတဲ့ အိုက်စလန်သံအမတ်ကတော့ “ဒါက ကုန်သွယ်ရေး သဘောမျိုးနဲ့ ဘဏ္ဍာရေးကိစ္စကို ကိုင်တွယ်တာပါ။ နောင်ကြိုးတွေ ဘာတွေ မပါ ပါဘူး” လို့ ပြော တယ်။

ဒါပေမဲ့ NATO ကတော့ လန့်နေတယ်။ အမေရိကန်က ၂၀၀၆ ခုနှစ်ကမှ ပိတ်ပစ်ခဲ့တဲ့ စစ်အခြေခံစခန်းကြီးကို ရုရှားက အသုံးချခွင့် ရသွားလေမလားဆိုပြီး စိုးရိမ်နေပါတယ်။

တိုင်းပြည်လိုက် ဒေဝါလီခံရရင်တော့ ဒါဟာလည်း အိုက်စလန်က ကမ္ဘာမှာ ပထမစွဲတာပဲ ဖြစ်မယ်။ စစ်အေးခေတ်က ပထမစွဲတာနဲ့တော့ ပြောင်းပြန်ဖြစ်မှာပေါ့။ ။

# အိုဘားမား စူပါမင်းလား

အေးငြိမ်းမြင့်

**အမေရိကန်သမ္မတသစ် တက်လာပြီ။**

ဘယ်သူတက်တက် ဒီ'ပုတ်'ထဲက ဒီ 'ပဲ ' လို့ပြောရင်တော့ မတရားရာကျမယ်ထင်ပါတယ်။ အရင်းရှင်စနစ် ပုတ်ကြီး ထဲလှောင်ထား တဲ့ 'ပဲ ' တွေလို့တော့ ပြောနိုင်ပါမယ်။ မှိုးမိထားတဲ့ပဲတွေ၊ တချို့က ပုပ်အောက် နေကြပြီ။ ရွေးစရာ ပဲနှစ်တောင့်ထဲက ခုတော့ အမေရိကန် ပြည်သူတွေက မှိုတက်တဲ့ပဲကို ပယ်ပြီး ကျန်တတောင့်ကို ကောက်ယူလိုက်ကြခြင်း ဖြစ်တယ်။ ဒီလိုနဲ့ ဘားရက် အိုဘားမား သမ္မတ ဖြစ်လာခဲ့တယ်။

ထူးခြားချက် မရှိတာတော့ မဟုတ်၊ အမေရိကန် သမိုင်းမှာ မထမဆုံး လူမဲသမ္မတ၊ မတော် ဘဲနဲ့ ဒီရာထူးမရနိုင်၊ ဒါပေမဲ့ အခိက က သူ့ပေါ်လစီပါ၊ အချိန်အခါနဲ့အညီ ကြွေးကြော်သံတင် နိုင်တယ်။ နိုင်ငံမှာက စီးပွားပျက်ကပ်အန္တရာယ် ကြောက်နေရပြီ၊ အီရတ်မှာ တိုက်နေရတဲ့ စစ်မှာ မျှော်စင်ညီနောင် အတိုက်ခံရစဉ် သေဆုံးခဲ့တဲ့ ဦးရေ ၃၀၀၀ကျော် ထက်ပိုပြီး အမေရိကန် တပ်သား ၄၀၀၀ ကျော်ကသေဆုံးခဲ့ရပြီ။

အာဖဂန်စစ်ပွဲ မှာလည်း စစ်အင်အားဖြည့်နေရဆဲ . . .

ဒီကာလမှာ အပြောင်းအလဲ (change )ကြွေးကြော်သံ နဲ့တက်လာတာပါ။ သူနဲ့ ပြိုင်ဘက် သမ္မတလောင်းကတော့ ကျရှုံးနေတဲ့ သမ္မတလောင်းဘုရှ်ရဲ့ လမ်းကြောင်းပေါ်က ခုန်မထွက်နိုင်လို့ အပြတ်အသတ်ရှုံးသွား ရပါတယ်။

**သမ္မတဟောင်းရဲ့ ကျူးကျော်စစ်ရေးအမွေ**

ဘုရှ်ဟာ အယ်လ်ခိုက်ဒါ (အကြမ်းဖက်ဝါဒ) ချေမှုန်းရေး ဘင်လာဒင် အမိဖမ်းရေးမီး

ရှုံးမီးပန်းတွေ ပစ်ဖောက်ပြီး သမိုင်းမှာ ထောက်ခံမှုမဲ အများဆုံးရအောင်လုပ်နိုင် ခဲ့တယ်။ ဒီအချက်ကို ကိုင် ပြီး စစ်မီးမွှေး ကာ ရေနံလောဘ ဇောနဲ့ တချက်ခုတ် နှစ်ချက် ပြတ် အီရတ် ကိုဝင်သိမ်းတယ်။ သမ္မတ ဆက် ဒမ်ဟူစိန် ကို ကြိုးပေး သတ်ပစ်နိုင် ပါရဲ့၊ ဒါပေမဲ့ ဆုငွေတွေ ပုံပေးနေတာတောင် သူဆင်းပေးရတဲ့အချိန်ထိ ဘင်လာဒင် ကို တီဗွီဖန်သားပြင်ပေါ်မှာပဲ တွေ့သွားခဲ့ရတယ်။

ပါကစ္စတန်နယ်စပ်ကို ဗုံး ကြဲရတဲ့အထိ နာမည်ပျက် ခံပြီး လုပ်ပေမယ့် ဘင်လာဒင် ဘာမှမဖြစ်။

## စီးပွားရေးအမွေ

၁၉၃၀ စီးပွားရေးပျက်ကပ်တုန်းက သမ္မတ ရဇဘဲ့က အိမ်မဲ့ယာမဲ့ တွေအတွက် အိမ်ပိုင်ရာပိုင်တွေ ဖြစ်အောင် တည်ထောင်ပေးခဲ့တဲ့ ဖန်နီမေ( Famnie Mae ) ဘဏ်နဲ့ ဖရက်ဒီမက် (Freddie Mae ) ဘဏ်ကြီး ၂ ဘဏ်၊၂၀၀၇ ခုမှာ ယိမ်းယိုင် လာခဲ့တယ်။ သူတို့ရဲ့ တန်ဖိုး စုစုပေါင်းက အမေရိကန် ဒေါ်လာ ၁.၄ ထရီလျံတောင်ရှိတယ်၊ တကမ္ဘာလုံးက ယုံကြည်ကိုးစားတဲ့ ဘဏ်ကြီးတွေမို့ ငွေပိုငွေလျှံရှိတဲ့ နိုင်ငံကြီးတွေကဝင် ရင်းနှီးမြှုပ်နှံ ခဲ့ကြတယ်။ တရုတ် ဗဟိုဘဏ်က ဘီလီယံ ၃၇၆ ။ ဂျပန် ဗဟိုဘဏ်က ၂၂၉ ဘီလီယံတန်ဖိုး အထိတောင် မြှုပ်နှံခဲ့ကြတာဖြစ်တယ်။

ဒါပေမဲ့ အိမ်ခြံမြေလုပ်ငန်း လုပ်နေတဲ့ ဘဏ်တွေရဲ့ ကိုယ်ကျိုးကြည့် လုပ်ရပ်တွေ အကြွေးတွေ ဖောဖောသီသီ ပေးမိတာ၊ ဥပဒေလက်တလုံးခြားနဲ့ အိမ်တွေ တဆင့်ပြီးတဆင့် လှည့်ပေါင်တာ ခံကြရတာတွေကနေပြီး တတဏ်နဲ့ တဘဏ် မယုံမကြည်ဖြစ်၊ အာမမခံတော့ဘူး ဖြစ်လာတယ်။

ဒ့ါအပြင် အစိုးရအနေနဲ့ နိုင်ငံတကာ ကုန်သွယ်ရေးမှာ အရှုံးပြနေတာက ကြာပြီ၊ ပြည်သူတွေက အကြွေးနဲ့လည်ပတ်နေရတာ ဖြစ်တယ်၊ နောက်ထပ်လည်းငွေထုတ်လို့ မရတဲ့ အခါ အလုပ်လက်မဲ့တွေ ပေါင်ထားတဲ့ အိမ်တွေ မရွေး နိုင် ကြတော့ဘူး။ ဒီလို လူကကို ၁၀ သန်း ကျော် ရှိတယ်လို့ ဆိုတယ်။ တော်တော်များများ အိမ်ပေါ်က မောင်းချခံလိုက်ကြရတယ်။

ဘဏ်နဲ့ အလုပ်လုပ်နေတဲ့ ငွေရေးကြေးရေး လုပ်ငန်းတွေ ရပ်ကုန်တယ်။ အိမ်ခြေမြေဈေးတွေ ကျဆင်းသွားပါတယ်။ အမေရိကန် စီးပွားရေး အကျမြန်လာခဲ့တယ်။

## အရင်းရှင် စီးပွားရေးမူဝါဒတချို့ ကျိုးပေါက် သွားခြင်း

၂၀၀၈ စက်တင်ဘာလရောက်တော့ ဘဏ္ဍာရေးဝန်ကြီး ဟင်နရီ ပေါလ်ဆင်က ဖန်နီမေနဲ့ ဖရက်ဒီမက် တခုခု ပြိုလဲသွားရင် အမေရိကန် ဘဏ္ဍာရေးဈေးကွက် ကြီးသာကမ ကမ္ဘာတဝန်းလုံး ဘဏ္ဍာရေးဈေးကွက်တွေပါ ထိခိုက်မှာမို့ အပြိုလဲမခံနိုင်ဘူးလို့ ထွက်ပြောလာပါတယ်။ နောက် အစိုးရအနေနဲ့ အပေါင်ခံ စာချုပ်တွေကို ဒေါ်လာ ဘီလီယံချီပြီး ဝယ်ယူခဲ့တယ်။ လျော့သွားတဲ့ငွေတွေလည်း ပြန်လည် ဖြည့်တင်းပေးမယ်လို့ တာဝန်ယူလိုက်တာ တွေ့ရတယ်၊

သက်တမ်းရင့် ငွေကြေးလုပ်ငန်း ကုမ္ပဏီ တချို့ ဒေဝါလီခံ လိုက်ကြ ရတယ်။ ဒီအထဲမှာ နှစ် – ရာကျော် ခိုင်ခဲ့တဲ့ ကုမ္ပဏီ ကြီးတွေပါတယ်။ ဒ့ါကြောင့် လွှတ်ထားတဲ့ ဈေးကွက်တွေထဲ အစိုးရ ဝင်ပါလာရတယ်။ အစိုးရက ကုမ္ပဏီတွေရဲ့ ရှယ်ယာတွေ ဝယ်ပြီး အသက်ဆက်ပေးနေရတယ်။ အစိုးရဝင်မစွက်ရေးမူ ကျိုးပေါက်သွားတယ်။ အခွန်ထမ်းတွေရဲ့ ငွေတွေနဲ့ ဒီလို လုပ်ရမလားလို့ ပြဿနာ တက်လာတယ်။

မြင်သာတဲ့ငွေကြေး သုံးစွဲမှုတခုက ကားကုမ္ပဏီတွေနဲ့ ဆိုင်တယ်။ အမေရိကန် စီးပွား

ရေးရဲ့ ဒေါက်ကြီးတခုဖြစ်တဲ့ ကားလုပ်ငန်း (ဘုရှ် လက်ထက်မှာ) လည်း အထိနာ ပါတယ်။ ထိပ်တန်း ကားကုမ္ပဏီကြီး ၃ ခု လည်ပတ်ဖို့ ငွေမရှိလို့ လုပ်ငန်းတွေကို ရပ်ရမလိုဖြစ်ခဲ့တယ်။ ဒါကို ဘုရှ် အစိုးရက ဒေါ်လာ ၁၄ ဘီလီယံသုံးပြီး ကယ်ဖို့ကြိုးစားခဲ့တာ ကွန်ဂရက်အထိရောက်ပြီး သူဆင်းပေးရတဲ့တိုင် မပြေလည်ကြသေးဘူး။

အမေရိကန် ဘဏ္ဍာရေး အကျပ်အတည်း ဂယက်ဟာ ကမ္ဘာကိုပါ ရိုက်ခတ် တုန်လှုပ်ပါတယ်။ အမေရိကန် သတင်းဌာနဖြစ်တဲ့ CNN မှန်သားပြင်မှာ ကမ္ဘာ့ကုမ္ပဏီ ကြီးတွေရဲ့ စတော့ရှယ်ယာဈေးကွက် အညွှန်းတွေ ကြည့်လိုက်ပါ။ အနီရောင်မြားတွေ အောက်စိုက်နေကြတာ ခုအပတ်ထိ နေ့စဉ်လိုတွေ့နေရတယ်။ အစိမ်းရောင်မြား အပေါ်ထောင်ပြနိုင်တဲ့ ကုမ္ပဏီက ကွက်တိကွက်ကျား (တခါတရံမှာမှ) မြင်ရတယ်။ ကမ္ဘာမှာ ဒုတိယ အချမ်းသာဆုံး နိုင်ငံဟာလည်း အမေရိကန်လိုပဲ ကားထုတ်လုပ်ရေးက အခြေခံ ကျပါတယ်။ သူတို့ ဆီကထိပ်တန်း ကားကုမ္ပဏီကြီး ၃ ခု ဟာ ပို့ကုန်မှာ ၁၀ ရာခိုင်နှုန်း ကျော် ကျဆင်းသွားခဲ့တယ်။ ၂၀၀၈ ခု စီးပွားရေး တိုးတက်နှုန်း သုညမှာပြေနေတယ်။

နှစ်စဉ် ဂဏန်း ၂ လုံးနဲ့ အရှိန်ပြင်းပြင်း စီးပွားရေးတက်နေတဲ့ တရုတ်ပြည်လည်း မသက်သာ၊ တချိန်မှာ ၆.၈ ရာခိုင်နှုန်း ပဲတက်ခဲ့တယ်။

ဂျာမဏီက ကမ္ဘာ့ အချမ်းသာဆုံး ဘီလီယံနာတယောက်က ဆုံးရှုံးမှုတွေများလွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့ပြီ။

ဒါပေမဲ့ သူတို့က ငွေမျောရင်ငွေနဲ့လိုက်နိုင်တဲ့ နိုင်ငံတွေပါ။

**ဒဏ်ခတ်ခံရသူများ**

ဂျူနီယာပါတနာအဖြစ် ဘုရှ်နောက်လိုက်မိသူတချို့ ဒဏ်ခတ်ခံကြရတယ်။ ဘုရှ်ကံကြမ္မာနဲ့ တတွဲတည်းကြိုးချည်ထားခဲ့တဲ့ အင်္ဂလန် ဝန်ကြီးချုပ်ဘလဲ နုတ်ထွက်ပေးလိုက်ရတယ်။ တပ်တွေပို့ပြီး ဖားခဲ့တဲ့ ဩစတြေလျဝန်ကြီးချုပ် ဟားဝပ် မဲရှုံးပြီး ပြုတ်သွားတယ်။ ဂျပန်မှာလည်း သူ့ကို ထောက်ခံ အားပေးခဲ့တဲ့ ဝန်ကြီးချုပ်တွေ တယောက်ပြီးတယောက် ဆင်းပေးကြရတယ်။EU နိုင်ငံတချို့နဲ့ နေတိုးအဖွဲ့ဝင်တွေကလည်း နောက်ပိုင်း မတက်ကြွကြတော့ဘူး၊ ကိုယ်ရှိန်သတ်လာကြတယ်။

စစ်ဆိုတာ လူ့အသက်တွေနဲ့ဘဏ္ဍာငွေတွေ ဖြုန်းတီးကြရတဲ့ အလုပ်ပဲ။ အရှုံးအမြတ်သိပ်တွက်ရပါတယ်။ ဒီတော့ အကျိုးရှိနေတဲ့သူတချို့ကလွဲပြီး ရေ့ဆောင်နွားလားကို ဒီအတိုင်း လွှတ်ပေးမထားနိုင်တာ သဘာဝကျပါတယ်။

နောက်ဆုံး ဒဏ်ခတ်ခံလိုက်ရတဲ့ သူတွေကတော့ ၂၁ ရာစုဟာ အမေရိကန် ရာစုဖြစ်ရမယ်လို့ လက်မတထောင်ထောင် ဖွံကြွားခဲ့ ကြတဲ့ နီယိုကွန် တွေပဲ ။ (သူတို့ကို ဒေါက်ဖြုတ်ချလိုက်နိုင်တဲ့ကိစ္စ ကတော့အိမ်ယာခြံမြေ ဈေးကွက် ဒလဟောကျဆင်းသွားခြင်းပဲ ဖြစ်တယ်။) လစ်ဘရယ်ဒီမိုကရေစီ အောင်ပွဲခံသွားပြီ အရင်းရှင်စနစ် တည်မြဲသွားပြီ သမိုင်းနိဂုံးချုပ်သွားပြီလို့ပြောတဲ့ သူတွေ လိပ်ကျောက်မြီးနဲ့ အရိုက်ခံ လိုက်ရပါတယ်။ ကမ္ဘာ့ စနစ်သစ် ချထားရေးမှာ ဝန် ရိုး တခုတည်းပေါ်မှာ လည်စေရမယ်ဆိုတဲ့ သူတွေ ကျောကော့သွားတယ်။

ကမ္ဘာကိုခေါင်းဆောင်မယ့် စူပါ ပါဝါကြီး ရေနစ်နေလို့မိတ်ဆွေတွေသာမက သူနဲ့ ပြိုင်ဘက်တွေကပါ ဝိုင်းဆယ်နေကြရပါတယ်။

## ၂၁ စာစဉ်

**အိုဘားမားနဲ့ ဗမာပြည်**

အိုဘားမားရဲ့ ပထမဆုံးသော ပေါ်လစီ မိန့်ခွန်းထွက်လာတော့ မျှော်လင့် မထားတာလေးတွေနဲ့ သို့လောသို့လော တွေးစရာလေးတွေ ပါလာပါတယ်။ ချက်ချင်းလို တုံ့ပြန်လိုက်ကြတာနဲ့ ချက်ချင်း ကြိုဆိုလိုက်တဲ့ အသံတွေလည်း ကြားလိုက်ရတယ်။

ဗမာပြည် ကိုကိုယ်စားပြုနေတဲ့ 'လေလှိုင်းချို' ရှင်တွေရဲ့ အသံတွေထဲမှာတော့ မချင့်မရဲဖြစ်သူ နောက်ကြောင်းပြန်အချက်ကလေးတွေ စုပြီး စိတ်ကူးယဉ် ကောက်ချက်ချပြသူ စသဖြင့် တွေ့ရတယ်။ ထိကြီးထိုးထားသလို ကြာကြာစောင့် ရမှာမဟုတ်ပါ။ ၂လုံးထီ ၃လုံးထီ လိုမျိုး မကြာခင်ရှင်းသွားပါလိမ့်မယ်။ (ကစားချိန်ကတော့ ရှိပါမယ်။ )

ဗိုလ်သန်းရွှေ စစ်အုပ်စု ကတော့သဝဏ်လွှာတွေပို့ပြီး ကစားကွင်းထဲ ဝင်လိုက်ပါပြီ။

ဗမာပြည်သူတွေက နိုင်ငံရေးလာဘ်မြင်သူတွေ ဖြစ်တယ်။ လက်တွေ့ကျတယ်။ ၁၉၃၀ ကအမှုန့် စီးပွားပျက်ကပ်မှာ ဆရာစံသူပုန် ထပြီး လွတ်လမ်း ရှာခဲ့တယ်။ ခုလည်း လယ်သမား တွေ နေမထူး သေမထူး ဘဝရောက်နေတယ်။ ပြည်သူတွေ ငတ်နေ ကြပြီ။ ထောင်ထဲမှာ နိုင်ငံရေး တက်ကြွလှုပ် ရှားသူတွေ အပြည့်အသိပ် ထည့်နေရတယ်။

ဒီနေ့ ကမ္ဘာ့ ဘဏ္ဍာရေးပြဿနာမှာ နိုင်ငံငယ်တွေအပေါ် ဝန်ထုပ်ဝန်ပိုး (ပို) ပိလာနိုင်တယ်၊ ဒီအခြေအနေမှာ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့တဲ့ နိုင်ငံရေးခေါင်းဆောင်တွေ စစ်ကျွန်အဖြစ်မခံနိုင်တဲ့ မျက်မှောက်ခေတ် တိုင်းရင်းသားတွေနဲ့ ဗမာပြည်သူတွေ ထွက်လမ်း ရှာကြတော့မှာ သံသယရှိစရာ မလိုပါ။ ကိုယ့်လမ်းကိုယ် လျှောက် ကြပါလိမ့်မယ်။

နိုင်ငံအသီးသီးကနိုင်ငံ ခေါင်းဆောင်တွေက နောင်ရေးကိုမျှော်လင့်ပြီး ပြင်ဆင်သင့်တာ တွေ ပြင်ဆင်နေကြပါတယ်။

ဗမာဝန် ကြီးချုပ် လုပ်သူကတော့ သိပ်အလေးထားတဲ့ပုံစံမျိုး မတွေ့ရပါ။ ပြည်ပရောက် နေတဲ့ဗမာပြည် သားတွေ (တကယ်က ၂သန်းကျော် ၃သန်း နီးပါး ရှိ) အလုပ်မရှိ ရင်ပြန်လာခဲ့၊ အလုပ် စီစဉ်ပေးနိုင်တယ်လို့ အာမခံသွားပါတယ်။ (သူကတော့စုပါမင်း ပဲ) မေးစရာ တော့ ရှိပါတယ်၊ ခင်ဗျားပေးမယ့် အလုပ်က တပ်ထဲ ၊ ရဲထဲ ထည့်မှာလား၊ လမ်းဖောက် တံတားဆောက်ရမှာလား ၊ ပေါ်တာလိုက်ရမှာလား ၊ မီးသတ် စွမ်းအားရှင် ကြံ့ဖွံ့ လုပ်ရမှာလား စသည်။

အားလုံးက မျှော်လင့်တကြီး ဖြစ်နေကြမယ့် အိုဘားမားကိုယ်တိုင်ကတော့ 'ချက်ချင်းကြီးတော့ (သူ) လုပ်ပေးနိုင်မှာ မဟုတ်ဘူး ' လို့ ရိုးရိုးပဲပြောပါတယ်။ ဒါကလည်း သူ့နိုင်ငံအတွက် အဓိကထားပြောတာဖြစ်ပါတယ်။

ဒီမှာ ပြဿနာက လုပ်ပေးချင်တာ အာမခံခဲ့တာကတပိုင်း၊ လုပ်နိုင်တာ လုပ်ပေးလို့ မရတာ၊ မရသေးတာက တပိုင်းဖြစ်ပါတယ်။

ဒီတော့ တကမ္ဘာလုံးဆိုင်ရာတွေမှာ အိုဘားမား စုပါမင်း ဟုတ်မဟုတ် အနည်းဆုံး ၄ နှစ်တော့စောင့်ကြည့် ရလိမ့်မယ်။

**အေးငြိမ်းမြင့်**

# ၈ နှစ်ခရီး

ရဲဘော်မင်းထွန်း

အမေရိကန်တွင် သမ္မတသစ်တဦး၏သက်တမ်းစတော့မည်။ သမ္မတဟောင်းက သက်တမ်း ၂ ခု ဆက်တိုက် တာဝန်ထမ်းဆောင်ခွင့်ရ၍ ၈ နှစ်ကြာတာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ သမ္မတ ရွေးကောက်ပွဲကလည်း အကြိတ်အနယ်၊ သမ္မတလောင်း ၂ ဦးမပြိုင်ခင် ဒီမိုကရက်တစ်ပါတီထဲမှာပင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရသည်။ အရွေးခံရလျှင် ၂ ဦး လုံးက ရာဇဝင်တွင်ကျန်မည့်သူတွေ ဖြစ်ကြမည်၊ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးအာဖရိကန်နွယ်ဖွားနှင့် ပထမဆုံးအမျိုးသမီး သမ္မတတို့ဖြစ်ကြမည်။ တဖက်က ရီပတ်ဘလီကင်ပါတီဖက်ကလည်း ဗီယက်နမ်စစ်ပြန် ဝါရင့် ဆီနိတ် တာ၊ ကိုင်စွဲမည့်မူဝါဒက ဂျော့ဘုရှ်၏အမွေဆက်ခံမည့်မူဝါဒ၊ တကမ္ဘာလုံးတွင် အကြမ်းဖက်သမား များကို လိုက်လံနှိမ်နင်း၍ မကောင်းသူပယ် ကောင်းသူကယ်မည့်မူဝါဒ၊ ကမ္ဘာ့ပုလိပ်ကြီးတာဝန်ကို ဆက်လက်၍ တက်တက် ကြွကြွထမ်းဆောင်မည့်သူ။

ဤမူဝါဒကို ၈ နှစ်လုံးလုံး အကောင်အထည်ဖော်ခဲ့သူ၊ ၁၉၉၁ စစ်အေး တိုက်ပွဲ အဆုံးသတ်အပြီးတွင် ၂၁ ရာစုသည် အမေရိကန်ရာစုဖြစ်ရမည်၊ ကမ္ဘာ့အင်အား ချိန်ခွင် လျှာသည် အမေရိကန်တဖက်တည်းသို့သာ တဖက်စောင်းနင်း အလေးပေး၍ ဝင်ရိုးတခုတည်း ကမ္ဘာ၊ ဗိုလ် တဗိုလ်တည်းကမ္ဘာဖြစ်ရမည်ဟူ၍ နီယိုကွန်များ၏မူဝါဒကို ကိုင်စွဲခဲ့သူ၏ ၈ နှစ်တာခရီးကို ပြန်လည် သုံးသပ်ကြည့်ချင်ပါသည်။

ကလင်တန်၏သက်တမ်းပြီးဆုံး၍ ရီပတ်ဘလီကင်ပါတီ၏ ကိုယ်စားလှယ်အဖြစ် သမ္မတဘုရှ် သမ္မတသစ်အဖြစ် စတင်တာဝန်ယူသည့် ၂၀၀၁ နှစ်ဆန်းသည် သူ့အတွက် ရွှင်လန်း တက်ကြွဖွယ်အပြည့်ဖြစ်သည်၊ ဖခင်ဘုရှ်၏ မပြီးဆုံးသေးသောတာဝန်များကို ဆက်လက်ထမ်း ဆောင်မည့်သူ၊ အမေရိကန်ရာစုသစ်ကို စတင်ပုံဖော်ပန့်ကျမည့်သူ၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး တန်ဖိုးများကို ကမ္ဘာ့အနှံ့ တင်ပို့ ဖြန့်ဖြူးမည့်သူ၊ ကမ္ဘာအနှံ့အကြမ်းဖက်သမားများကို အမြစ်ပြတ် ချေမှုန်းမည့်သူ၊ အကြမ်းဖက်သမားများကို လေ့ကျင့်မွေးမြူ အကာအကွယ်ပေးနေသည့်နိုင်ငံများ၊ သူတို့အဆို နိုင်ငံတော်အကြမ်းဖက်မူဝါဒကို ကျင့်သုံးအကောင်အထည် ဖော်နေသည့် နိုင်ငံများကို စပ်စပ်ကလေးဆုံးမမည့်သူအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုစဉ် မိန့်ခွန်းမြွက်ကြားခဲ့သည်။ သူ့တွင် တပည့် တပန်းကလည်း အပြည့်၊ ဥရောပတွင် ဂျူနီယာပတ်တနာအဖြစ် ခိုင်းသမျှ လုပ်မည့် တိုနီဘလဲရှိသည်၊ အရှေ့အလယ်ပိုင်းတွင် အစ္စရေးရှိသည်၊ အာရှတွင် အမေရိကန် အနုမြူ ထီးရိပ်ကိုခိုနေရသည့် ဂျပန်နှင့် အမေရိကန် ဈေးကွက်ကို မှီခိုနေရသည့် ကိုရီးယား၊ ထိုင်ဝမ် တို့ရှိ သည်။ ဘာမှပူစရာမလို။ နီယိုကွန် သဘောတရားဆရာများကလည်း သမိုင်းနိဂုံးချုပ်ပြီ၊ လစ်ဘရယ်ဝါဒက အပြည့်အဝ အောင်ပွဲခံပြီဟု ဟောကိန်းထုတ်ထားပြီ၊ လှိုင်း၃ လှိုင်းဆရာကလည်း အလားတူ။

သို့သော် သိပ်မကြာလိုက်ပါ။ ထိုနှစ်တွင်ပင် တကမ္ဘာလုံးတုန်လှုပ်သွားစေသည့် နယူးယောက်အမြွှာညီနောင်အဆောက်အဦအရေးအခင်း ပေါ်ပေါက်လာသည်၊ ပြဿနာက လုံးဝထင်မှတ်မထားသော စစ်မျက်နှာမှ ပေါ်ထွက် လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဟောလီးဝုဒ်မှ ကြမ်းပေ့ရမ်းပေ့ဆိုသော ရမ်ဘိုလို ကားမျိုးမှာပင်လျှင် စိတ်ကူးယဉ်မထားနိုင်သော ပုံစံအတိုင်း အတာဖြင့် တိုက်ခိုက်ခံလိုက်ရခြင်းဖြစ်သည်။ ၉/၁၁ အရေးအခင်းဟု တကမ္ဘာလုံးတုန်လှုပ်သွားအောင် ကိုင်လှုပ်ခဲ့သူများမှာ အခြားမဟုတ်၊ စီအိုင်အေက လေ့ကျင့်သင်တန်းပေးထားပြီး အာဖဂန်နစ္စတန်စစ်ပွဲတွင် အသုံးချခဲ့သည့် အမေရိကန်နိုင်ငံ၏ ဖောက်သည်ဟောင်းများ၊ အယ်လ်ခိုက်ဒါဟု အမည်တွင်သူများ၊ ခေါင်းကိုင်ဖခင်ကြီးမှာ စီအိုင်အေ၏ တပည့်ရင်း ဘင်လာဒင်ဖြစ်နေသည်။ ကိုယ်မွေးခဲ့သည့်မြောက်က ကိုယ့်ပြန်အခြောက်ခံလိုက်ရခြင်းဖြစ်နေသည်။ တနည်းဆိုရလျှင် သရဲ မွေးမိသည့် အောက်လမ်းဆရာကို ထိုသရဲက ကိုယ့်ပြန်ကပ်ချိုးသည့်ကိန်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်တွင်ပင် အမေရိကန်ပင်မကုန်းမြေပေါ်သို့ ရန်သူ့ကျည် တတောင့်၊ အမြောက်ဆန်တဆန် မကျခဲ့ရသည့်အဖြစ်နှင့်နှိုင်းယှဉ်ကြည့်လျှင် ရာဇဝင်ရိုင်းလှသည်။ သမ္မတဘုရှ်ကလည်း ယင်းဖြစ်ရပ်ကိုအပြည့်အဝ ပြန်လည်တုံ့ပြန်ပါသည်။ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးစစ်ပွဲဟု ကြွေးကြော်သည်၊ အမေရိကန် ပြည်ထောင်စုကို တိုက်ခိုက်ခံနေရပြီဟု ကြေညာသည်၊ ဤတိုက်ပွဲတွင် မိမိတို့ ဘက်မှနေမည်လော၊ မိမိတို့နှင့်ဆန့်ကျင်ဘက်မှနေမည်လောဟု တကမ္ဘာလုံးကို စိန်ခေါ် မေးခွန်းထုတ်သည်၊ သူ့အတွက် ကြားမရှိ၊ သွားလေသူ ဗိုလ်နေဝင်း၏ ၁၉၆၂ ခုနှစ်ဂျူလိုင်လ ၈ ရက် ဓား ဓားချင်း– လှံလှံချင်း မိန့်ခွန်းကိုပင်ပြန်လည်သတိရချင်စရာ။

တိုတိုပြောရလျှင်ပင် ထိုနှစ်ထဲတွင်ပင် အာဖဂန်နစ္စတန် နိုင်ငံတွင်းသို့ စစ်သည်ဗိုလ်ပါအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ပါသည်။ ကုလလုံခြုံရေးကောင်စီမှလည်း လုပ်ပိုင်ခွင့်ပေးလိုက်ပါသည်။ ဂျူနီယာပါတနာကလည်း အင်အားအလုံးအရင်း ဖြင့်ပါဝင်ဆင်နွှဲပါသည်။ တာလီဘန်အစိုးရပြုတ်ကျ၍ တနိုင်ငံလုံးနီးပါးကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ သူတို့ မွေးမြူလေ့ကျင့်ပေးထားသူ ကာဇိုင်းကို တင်မြှောက်နိုင်ခဲ့သည်။ သို့သော် စစ်ဆင်ရေး၏ အဓိကရည်မှန်းချက် တခုဖြစ်သည့် အယ်လ်ခိုက်ဒါခေါင်းဆောင် ဘင်လာဒင်ကို အသေရရ၊ အရှင်ရရ ဆိုသည်မှာမူ ဂျော့ဘုရှ်ထွက်တော်မူ နန်းကခွါရတော့မည့် ယခုအချိန်တွင်ပင် အကောင်အထည်မပေါ်သေး။ ထိုမျှမက တနိုင်ငံလုံးကိုလည်း မီးသေအောင်ထိန်းချုပ်ထားနိုင်သေးသည်မဟုတ်၊ တာလီဘန်တို့ လှုပ်ရှားနယ်မြေက ပို၍ပို၍ကျယ်ပြန့်လာနေသည်။ ဘင်လာဒင်ကို အမိဖမ်းဖို့ လုပ်သမျှစစ်ဆင်ရေးကလည်း အပြစ်မဲ့အရပ်သား ပြည်သူများသာ အများစုသေကြေပျက်စီးနေကြရသည်။ ခေတ်မီအစွမ်းထက်လှပါသည်ဆိုသော လက်နက်ဆန်းများကလည်း မင်္ဂလာဆောင်အခမ်းအနား ကျင်းပနေရာသို့ ကျသည်။ စာသင်ကျောင်းပေါ်သို့ ကျသည်၊ အရပ်သားကားတန်း ပေါ်သို့ကျသည်။ ဤသို့ဖြင့် ပြည်သူများ၏ဆန့်ကျင်မှုကို ပို၍ခံလာနေရသည်။ ဘင်လာဒင်က ဘယ်ဆီနေမှန်းမသိသေး။ တဘက်တွင် တာလီဘန်တို့ လှုပ်ရှားမှုက ပိုကျယ်ပြန့်လာနေသည်။ ပိုမို ရဲတင်းလာနေသည်။ တလောလေးကပင် ခိုင်ဘာတောင်ကြားအနီး ပါကစ္စတန်ပိုင်နက် နယ်မြေရှိ အာဖဂန်စစ်မျက်နှာသို့ ပေးပို့မည့် ယာဉ်များ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ ရိက္ခာများ စုပုံသိုလှောင်ထားရာစခန်းကို တာလီဘန်တို့က အေးအေးဆေးဆေးဝင်ရောက်၍ စိမ်ပြေနပြေ ဖျက်ဆီးသွားခဲ့သည်။ ပါကစ္စတန်နှင့် အမေရိကန်စစ်ဘက်အာဏာပိုင်များအတွက် မျက်နှာ ဓားဖြင့်လှီးပစ်ချင်စရာ အဖြစ်အပျက်မျိုး

ဖြစ်သည်။ ဒါက ဖြစ်နေကျ မြို့ထဲ အသေခံဗုံးခွဲတာမျိုး မဟုတ်၊ အစောင့်အကြပ် အခိုင်အမာ ထူထပ်စွာ ချထားသည့် စခန်းကို စိမ်ပြေနပြေ ဖျက်ဆီးသွားခြင်းဖြစ်သည်။ ပစ်ပြေးတာမျိုးမဟုတ်။ အသေအပျောက်အထိအရှ များလှသည့် စစ်မျက်နှာမှ၊ အမှည့်ခြွေ အခြွေခံနေရသည့် အခြေအနေမှ၊ ငွေကုန်သံပြာဖြစ်နေသော်လည်း ပြည်တွင်းရေးပြည်ပပါ မျက်နှာကောင်းမရသည့် အပြင်ဝိုင်းဝန်းဆန့်ကျင်ခံနေရသည့်အဖြစ်မှ အလွတ်ရုန်းထွက်ရန် ဂျူနီယာပါတနာကလည်း သူ့တပ်များ ဆုတ်ခွာပါတော့မည်ဟု ကြေညာထားရသည်။ ဒီတော့ ကမ္ဘာ့ဗိုလ်ကြီးက နောက်ထပ်စစ်သည် ၃ သောင်းထပ်ပို့မည်ဟု ကြေညာရတော့သည်။ ဤကား ၈ နှစ်အကြာ အာဖဂန်စစ်မျက်နှာ၏ အခြေအနေဖြစ်သည်၊ ဇာတ်ပေါင်းခန်းကိုကား ဆက်လက် စောင့်မျှော်ကြည့်ရှုကြရဦးမည်။ ကမ္ဘာကုန်ကျယ်သရွေ့ ရေမြေဆုံးစေတော့ ကိုကိုဘင်လာဒင်ကို လိုက်ရှာကြရဦးမည်။ ကာဇိုင်းအစိုးရကြွက်တွင်းကိုလည်း ဒေါ်လာရေများ အဆက်မပြတ်လောင်းပေးကြရဦးမည်။

လာပါပြီ၊ ၂၀၀၃၊ ဂျော့ဘုရှ်၏စစ်မျက်နှာသစ်၊ ပါပါဘုရှ်၏ မပြီးဆုံးသေးသော ပန်းချီကား၊ အီရတ်စစ်မျက်နှာ။ ဒီတခါတော့ သိပ်ချောင်သည်မဟုတ်။ ယူဂိုစလားဗီးယား၊ ကိုဆိုဗိုတုန်းကပင် ကုလလုံခြုံရေးကောင်စီ၏ ခွင့်ပြုချက်ရသည်မဟုတ်၍ နေတိုးစာချုပ်အဖွဲ့အနေဖြင့် ဝင်ကြဲခဲ့ရသည်။ ယခုလည်း ကမ္ဘာဖျက် လက်နက်များ ရှိနေပါသည်။ မိနစ်ပိုင်းတွင်း ကမ္ဘာကြီး တရပ်လုံး မီးဟုန်းဟုန်း တောက်နိုင်ပါသည်။ လုပ်ဇာတ်များခင်းသော်လည်း ကုလလုံခြုံရေးကောင်စီ၏ မင်းဒိတ် မရ၊ လက်နက်စစ်ဆေးရေးအဖွဲ့များက အချိန်ပေးပါဦး ခွင့်တောင်းသည်ကိုပင် လက်မခံ။ ထိုလက်နက်စစ်ဆေးရေးအဖွဲ့များဆိုသည်ကလည်း အီရတ်တနိုင်ငံလုံး အမေရိကန်၏စည်းကမ်းချက်အတိုင်း တံခါးမရှိ ဓားမရှိ ဝင်ရောက်စစ်ဆေးခွင့်ရထားသည့်အဖွဲ့၊ အဖွဲ့ဝင်အများစုက အမေရိကန်တွေ။ သူတို့အချိန်ပေးရန် ခွင့်တောင်းသည်ကိုပင် လက်မခံ။ ဓာတုနှင့် အနုမြူလက်နက်များ ရှိနေပါသည်ဟု တဖက်သတ်စီရင်ချက်ချပြီး ဆက်ဒမ်ဟူစိန်ကို ရာဇသံပေးတော့သည်။ မတ်လလယ်တွင် ဝင်တိုက်သည်။ တနိုင်ငံလုံးကိုသိမ်းမိတော့ အကြောင်းပြချက်ဖြစ်သည့် အစုလိုက်အပြုံလိုက် သေစေနိုင်သည်ဆိုသည့်လက်နက် (WMD) ဆိုသည်က မှုံးလို့ပင် ရှူစရာမတွေ့။ အာဖဂန်နစ္စတန်စစ်မျက်နှာထက်သာသည်က ဆက်ဒမ်ဟူစိန်အပါအဝင် သူ့အစိုးရ အဖွဲ့ဝင်အတော်များများကို ဖမ်းမိသည်။ ရုံးတင်စစ်ဆေးအပြစ်ပေးနိုင်သည်။ ဆက်ဒမ်ဟူစိန်ကို ၂၀၀၆ နှစ်ကုန်၊ အစ္စလမ်ဥပုသ်ကာလ၊ ခရစ်ယာန်တို့၏ နာတာလူးချိန်ခါတွင် ကြိုးပေးကွပ်မျက်ခဲ့သည်။ အိမ်ဖြူတော်ဝန်ထမ်းများက ဆက်ဒမ်ဟူစိန် ယခုနာရီပိုင်းအတွင်း မုချသေရပါတော့မည်၊ ဤဖြစ်စဉ်သည် နောက်ကြောင်းပြန်လှည့်၍ မရနိုင်တော့ပါဟုပြောမှ ဂျော့ဘုရှ် အိပ်ရာဝင်နိုင်သည်ဟု သတင်းများကဆိုသည်။ စားဝင်အိပ်ပျော်သည်ဟု ဆိုသည်။ အမျက်စောင်မာန်ကလည်း ကြီးပါပေ့။ ပါပါဘုရှ်ကိုကူဝိတ်တွင် လုပ်ကြံရန်ကြံစည်ခဲ့သူဆိုတော့လည်း ဂလောက်တော့ ရှိပေမှာပေါ့။ သို့သော် တပည့်များ မလိမ္မာမှုကြောင့် ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးမိနစ်များသည် အရုပ်ဆိုးအကျည်းတန်ခဲ့ရသည်။ ဗီလိန်က မင်းသားဖြစ်သွားခဲ့ရသည်။ မျက်နှာဖုံး အစွပ်မခံ၊ ရင်ကော့ခေါင်းမော့၍ အသေခံသွားသူ ဆက်ဒမ်ဟူစိန်၏ရုပ်သွင်ကို ကမ္ဘာ့ရုပ်မြင်သံကြားကြည့်ပရိတ်သတ်များ တနေကုန်မြင်တွေ့နေ ခဲ့ကြရသည်။

တချိန်တည်းတွင်ပင် နိုင်ငံတွင်း ခုခံဆန့်ကျင်မှုများက တိုးလာနေသည်။ ၂၀၀၇ နှစ်ကုန်တွင် ကျဆုံးအမေရိကန်စစ်သည်ဦးရေက ၃၀၀၀ ကျော်သွားသည်။ ဟာလီဘာတန်နှင့် ဒစ်ချေ

နီ အရုပ်တော်ပုံများ ပေါ်လာသည်။ ပြည်တွင်းမှ အခွန်ထမ်းပြည်သူများက အီရတ်စစ်ပွဲကို ဘာအတွက် တိုက်တာလဲ၊ စစ်ပွဲမှ အကျိုးအမြတ်ရနေသူတွေက ဘယ်သူတွေလဲ ဆိုသည်ကို မေးခွန်းထုတ်လာကြသည်။ ဤစစ်ပွဲမှ အမေရိကန်ပြည်ထောင်စုက ဘာအကျိုးအမြတ်ရသလဲဆိုသည်ကို မေးခွန်းထုတ်လာနေကြသည်။ အဘူဂါရစ်အကျဉ်းထောင်နှင့် ဂွမ်တာနာမို ပင်လယ်အော် အကျဉ်းစခန်းမှ လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းများထွက်ပေါ်လာသည်။ ဥရောပတခွင်စီအိုင်အေ၏ လျှို့ဝှက်အကျဉ်းစခန်းများ၊ အကျဉ်းသားများကို သက်ဆိုင်ရာနိုင်ငံအစိုးရများ မသိဘဲ လျှို့ဝှက်လေယာဉ်များဖြင့် အမည်မသိနေရာများသို့ သယ်ထုတ်သွားမှုများ စသည့် အရုပ်တော်ပုံများ တစတစ ပေါ်ထွက်လာခဲ့သည်။ WMD နှင့်ပတ်သက်၍ လုံကြုတ်ထောက်လှမ်းရေး အစီရင်ခံစာများအကြောင်း သတင်းများ ပေါ်ထွက်လာသည်။ လျှို့ဝှက်သဲဖို ဇာတ်လမ်းများထဲက ကဲ့သို့ပင် သက်ဆိုင်သူများ အင်္ဂလန်နှင့်အမေရိကန်တွင် ထူးဆန်းစွာသေဆုံးသွားခဲ့ကြရသည်။

၂၀၀၈ နှစ်ကုန်တွင် ဂျူနီယာပါတနာကလည်း တောင်ပိုင်း ဘာဆရာမြို့မှ တပ်အများစုကိုဆုတ်ခွာတော့မည်၊ သင်တန်းနည်းပြနှင့် အခြားလိုအပ်သည့် စစ်သည်အနည်းငယ်ကိုသာ ထားရစ်တော့မည်ဟု ကြေညာထားပြီ၊ ဂျပန်က တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်မဟုတ်သည့် စစ်သည်များ ဆုတ်ခွာသွားခဲ့သည်မှာမူ ကြာလှပြီ။ အခြား စိတ်တူသဘောတူ မဟာမိတ်တပ်ဖွဲ့ဝင်များဆိုသည်ကလည်း ဂုဏ်သိက္ခာရှိစွာ မျက်နှာပန်းလှလှဆုတ်ခွာနိုင်ရေး ပြင်ဆင်နေကြသည်။ အမေရိကန်ကိုယ်တိုင်ကလည်း တပ်များ ၂၀၁၁ ခုနှစ်အကုန်အပြီး ဆုတ်ခွာရေးအတွက် အီရတ်အစိုးရနှင့်စာချုပ်တရပ်လက်မှတ်ထိုးထားရပြီ၊ ထိုစာချုပ်ကို လွှတ်တော်တွင် မဲခွဲစဉ်တွင်လည်း သိပ်ပြေလည်လှသည်မဟုတ်။ အီရတ်ပြည်သူများက အမေရိကန်ကို ဆက်ဒမ်ဟူစိန်လက်အောက်မှ သူတို့ကို လွတ်မြောက်အောင်လုပ်ပေးသည့် လွတ်မြောက်စေသူများ (liberator) မဟုတ်၊ တိုင်းပြည်ကိုလက်နက်အားကိုးဖြင့် အုပ်ချုပ်သိမ်းပိုက်ထားသူများ (occupier) အဖြစ်သာ မြင်နေကြသည်ဆိုသည်ကို ကွက်ကွက်ကွင်းကွင်း ပုံပေါ်သွားစေသည့်ဖြစ်ရပ်သည်လည်း ၂၀၀၈ နှစ်ကုန် ဒီဇင်ဘာလအတွင်းတွင်ပင် ပေါ်ထွက်လာခဲ့သည်။

သမ္မတဘုရှ်က ကြိုတင်ကြေညာထားခြင်းမရှိဘဲ၊ အီရတ်သို့ ရောက်လာပြီး လျှပ်တပြက် သတင်းစာရှင်းလင်းပွဲတရပ် ကျင်းပသည်။ ထိုပွဲတွင် အီရတ်သတင်းထောက်တဦးက မပြောမဆို ‘ဟေ့ ခွေးကောင်၊ မင်းအတွက် နှုတ်ဆက်လက်ဆောင်ကွ’ ဟုအော်ဟစ်ကာ စီးလာသောဖိနပ် ၂ ဖက်လုံးဖြင့် ပစ်ပေါက်ခဲ့သည်။ တက္ကဆက်စ်ပြည်နယ်သား ကောင်းဘွိုင် သမ္မတကြီးက လွတ်အောင်ရှောင်လိုက်နိုင်သော်လည်း အတူပါလာသူ အိမ်ဖြူတော်ဝန်ထမ်းတဦး မျက်ကွင်းညိုသွားရသည်ဟု သတင်းများကဆိုပါသည်။ ဤဖြစ်ရပ်သည် တကမ္ဘာလုံးတွင် အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့သည်။ ဤဖြစ်ရပ်သည် အီရတ်တွင်အမေရိကန်၏လုပ်ရပ်များကို ရပ်တန်းက ရပ်ရင်ရပ်၊ မရပ်ရင် ဖိနပ်တန်း ရောက်သွားမယ်ဟု အီရတ်ပြည်သူများကိုယ်စား သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်ဟု ယူသော် ရနိုင်ပါသည်။

နိုင်ငံရေးမျက်နှာစာတွင် အမေရိကန် ကမ္ဘာ့ပိုလ်ကြီးဖြစ်ရေး အိပ်မက်ကို တိုက်ရိုက်ခြိမ်းခြောက်ခဲ့သည့်ဖြစ်ရပ်သည်လည်း ၂၀၀၈ နှစ်လယ်၊ တိတိကျကျပြောရလျှင် ၂၀၀၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဖြစ်ပွါးခဲ့ပါသည်။ တကမ္ဘာလုံး ခေါင်းဆောင်များ ပီကင်းအိုလံပစ်ဖွင့်ပွဲသို့ ရောက်ရှိနေချိန်၊ အခွင့်ကောင်းယူ၍ ဂျော်ဂျီယာနိုင်ငံက တောင်အိုစတက်တီးယားကို လက်ဦးမှု

ရယူ၍ ဝင်တိုက်ခဲ့သည်။ ထင်ထားသလိုမဟုတ်ဘဲ ရုရှနိုင်ငံက ငြိမ်ခံမနေဘဲ ချက်ချင်းပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့သည်။ တီဘလီစီမြို့တော်နားအထိရောက်အောင် ရုရှတပ်များ၊ တင့်ကားများ၊ လေယာဉ်များ ချဉ်းကပ်တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲသည် အနီးအနား အက်ခါးဇီးယားနယ်သို့ပါ ကူးစက်သွားခဲ့သည်။ ရုရှလူမျိုး အများစုနေသော ထိုနယ် ၂ ခုက သီးခြားလွတ်လပ်ခွင့် တောင်းဆိုနေကြခြင်းဖြစ်သည်။ အကျိုးဆက်အားဖြင့် ယခင်ဝါဆော အဖွဲ့ဝင်နိုင်ငံများ နေတိုးစစ်အုပ်စုအတွင်းသို့ တိုးချဲ့ ထည့်သွင်းရေးစီမံကိန်းကို ဥရောပနိုင်ငံအချို့က သဘောမတူ၍ ရပ်ဆိုင်းလိုက်ရသည်။ ရုရှနိုင်ငံပတ်လည်တွင် အမေရိကန်မဟာမိတ်တပ်များနှင့်စစ်စခန်းများ၊ ဒုံးပျံစခန်းများ ချထားရေးအိပ်မက်လည်း ပျက်ပြယ်သွားခဲ့ရသည်။ အရောင်တော်လှန်ရေးဆင်နွှဲခဲ့သော နိုင်ငံများ၏ အနာဂတ်မှာလည်း မရေမရာဘဝသို့ ရောက်ရှိသွားတော့သည်။ ရုရှက ပြောင်ပြောင်တင်းတင်းပင် စစ်အင်အားတိုးချဲ့မည့် အစီအစဉ်များကို ကြေညာခဲ့သည်။ မျိုးဆက်သစ် မဟာဗျူဟာမြောက်ဗုံးကြဲလေယဉ်များနှင့် အနုမြူထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးပျံ မျိုးဆက်သစ်များ၊ အနုမြူ ရေငုပ်သင်္ဘောမျိုးဆက်သစ်များ ထုတ်လုပ်မည့်အစီအစဉ်ကို ကြေညာခဲ့သည်။ ထုတ်လုပ်မည့် လက်နက်သစ်များထဲတွင် အနုမြူစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသစ်များလည်း ပါဝင်သည်။ သို့သော်ယခုကဲ့သို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ အဆမတန်ကျဆင်းသွားချိန်တွင် လက်တွေ့အကောင်အထည်ဖော်နိုင်မည်၊ မဖော်နိုင်မည်ကိုမူဆက်လက်စောင့်ကြည့်ရပါဦးမည်။ သေချာသည်မှာတော့ နီယိုကွန်များ၏စီမံကိန်း ထင်တိုင်းမပေါက်တော့ ဆိုသည့်အချက်ပင်။

ဤကား နိုင်ငံရေးစစ်ရေးမျက်နှာစာ ဖြစ်သည်။ သမ္မတကြီးအတွက် ၂၀၀၈ သည် ကံဆိုးမိုးမှောင်ကျသောနှစ် ဖြစ်သည်။ အနိုင်ဖြင့်ပိုင်း၍ ဂုဏ်သိက္ခာရှိစွာ အိမ်ဖြူတော်မှ ထွက်ခွာသွားရမည့်နှစ်တွင်မှ စီးပွားရေးမျက်နှာစာတွင်လည်း အပြက မကောင်း။ အမေရိကန်တွင် ၂၀၀၈ စက်တင်ဘာလမှစတင်၍ Sub-prime crisis မှ အစပြုခဲ့သော စီးပွားရေးမုန်တိုင်းသည် တကမ္ဘာလုံးသို့ နှစ်ကုန်တွင် စီးပွားပျက်ကပ် (Great Depression)၊ စီးပွားရေးနှေးကွေးကျဆင်းမှု (economic slowdown, downturn) များအဖြစ် ရောက်ရှိရိုက်ခတ်သွားခဲ့သည်။ AIG ကဲ့သို့ အာမခံ ကုမ္ပဏီများ၊ Lehman Brothers ကဲ့သို့သော နှစ်ပေါင်းရာကျော်သက်တမ်းရှိဘဏ်ကြီးများ ပြိုလဲ ပျက်စီးခဲ့ရသည်။ အိမ်ခြံမြေ ဈေးကွက်ကြီးတခုလုံး ကမောက်ကမဖြစ် ပျက်စီးခဲ့သည်။ ဆောက်လုပ် ရေးလုပ်ငန်းများအားလုံး ရပ်လုနီးပါးဖြစ်သွားရသည်။ အမေရိကန်စီးပွားရေးသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလထဲကစတင်၍ တောက်လျှောက်စီးပွားရေးကျဆင်းမှု (Recession) ထဲတွင်ရှိနေပါသည်ဟု ၂၀၀၈ နှစ်ကုန်တွင် တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်းပြောကြားရာ၌ သမ္မတကြီးက ဝန်ခံပြောကြားခဲ့ရသည်။ ယင်းအချက်သည် ၂၀၀၈ ခုနှစ်တခုလုံး သူ တိုင်းပြည်သို့ အသိပေး ပြောကြားခဲ့သမျှ မိန့်ခွန်းများထဲ၌ ရှောင်ရှားပြောကြားခဲ့သောစကားလုံးဖြစ်သည်။ နှစ်စဉ် တိုင်းပြည်တဝန်းလုံးရှိ ပြည်သူများသို့ ပြောကြား နေကျ နှစ်ဆန်းချိန် တိုင်းပြည်အခြေအနေမိန့်ခွန်း (State of Union Address) ထဲတွင်လည်း မပါဝင်သောစကားလုံး ဖြစ်သည်။ ကျွန်တော်တို့တိုင်းပြည်တွင် မဆလခေတ်တလျှောက်လုံး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် တရားဝင်လျှောက်ထားရ ယူခြင်းမပြုမီအထိ တလျှောက်လုံး မဆလ၏ဟန်ပြလွှတ်တော်ထဲတွင် 'တိုင်းပြည်၏ စီးပွားရေး အခြေအနေသည် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာပြီ'၊ 'တိုင်းပြည်၏စီးပွားရေး ဦးမော့လာပြီ' ဟု ပြောကြားခဲ့သည့် လေလုံးမိုးလုံးများကို ပြန်လည်သတိရစရာပင်။

၂၀၀၈ ခုနှစ်နိုဝင်ဘာလတလထဲတွင် စက်ရုံအလုပ်ရုံများ ပိတ်သွားခြင်းကြောင့်လည်းကောင်း၊ အလုပ်သမားများ လျှော့ချခြင်းကြောင့်လည်းကောင်း၊ အလုပ်လက်မဲ့ဖြစ်သွားသူပေါင်း သန်းဝက် (၅ သိန်းမျှ) ရှိသည်ဟု တရားဝင် ထုတ်ဖော်ကြေညာခဲ့သည်။ ယင်းသည် ၁၉၃၀ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ် အခြေအနေတုန်းကထက် ပို၍ဆိုးရွားသော အခြေအနေဖြစ်သည်ဟု ဆိုပါသည်။ လက်ရှိ စီးပွားရေးအခြေအနေ အကောင်းဘက်သို့ ပြန်လှည့်၍ နာလန်ပြန်ထူလာရန် အနည်းဆုံး ၁၈ လမျှ ကြာမည်ဟု စီးပွားရေးပညာရှင်အများကခန့်မှန်းကြရာ အစောဆုံး ပြန်နာလန် ထူလာမည့်ကာလမှာ ၂၀၀၉ နှစ်လယ် ဖြစ်လိမ့်မည်။ အချို့ ပညာရှင်များက ၂၀၀၉ ခုနှစ်တနှစ်လုံး ပြန်နာလန်ထူဖွယ်မရှိဟု ဟောကိန်းထုတ်ထားကြသည်။

အမေရိကန်စီးပွားရေးသည် ကမ္ဘာ့စီးပွားရေးတည်းဟူသော ရထားကြီး၏ ခေါင်း တွဲဖြစ်ရာ ၎င်းဂယက်သည် တကမ္ဘာလုံးသို့လည်း ရိုက်ခတ်ခဲ့သည်။ ကမ္ဘာတဝန်း စတော့ဈေးကွက်များ ကျဆင်းခဲ့သည်။ ကမ္ဘာ့ငွေကြေးဈေးကွက် တခုလုံး ကမောက်မကဖြစ်သွားခဲ့သည်။ အဆိုးထဲမှ အကောင်းဟူ၍ မကြာသေးခင်ကာလများအထိ တစည်လျှင် ဒေါ်လာ ရာကျော်ကာ၊ ၂၀၀ နီးပါးအထိ တက်မလိုဖြစ်ခဲ့သော ရေနံစိမ်းဈေးမှာ ကမ္ဘာ့စီးပွားပျက်ဂယက်ကြောင့် တစည်လျှင် ဒေါ်လာ ၄၀ အောက်သို့ ပြန်လည်ကျဆင်းသွားခဲ့သည်။ ယခုနောက်ဆုံး ဒေါ်လာ ၅၀ ဝန်းကျင်တွင်ငြိမ်နေသည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီး ၈ နိုင်ငံ G8 အဖြစ်စုဖွဲ့ထားခဲ့သော အစုအဝေးသည်လည်း ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလထဲတွင်ပင် ပုံစံပြောင်းသွားခဲ့သည်။ အင်အားကြီးနိုင်ငံ ၂၀ G20 ဟုဖြစ်လာကာ အစည်းအဝေးကို ပုံစံပြောင်းကျင်းပခဲ့ရ သည်။ ၎င်းကား မဟာဗျူဟာစုဖွဲ့မှု အခင်းအကျင်းသစ်များ ဖြစ်ကြပါသည်။

ထို့ကြောင့် ခြုံငုံ၍ပြောရလျှင် သမ္မတဟောင်းအတွက် ၂၀၀၈ ခုနှစ်သည် အနိုင်နှင့်ပိုင်း၍ ဂုဏ်သိက္ခာရှိစွာ အိမ်ဖြူတော်မှ ထွက်ခွါသွားရသည့်အဖြစ်မျိုး မဟုတ်တော့ဘဲ ၂၀၀၉ နှစ်ဆန်းတွင် ပြဿနာတထွေးကြီး၊ အတော်များများက မထွေးနိုင်မမျိုနိုင်ဖြစ်ရပ်များကို အမွေအဖြစ် သမ္မတသစ်ထံ ထားခဲ့၍ အိမ်ဖြူတော်မှထွက်ခွာသွားရတော့မည်ဖြစ်သည်။ သမ္မတသစ်အတွက်လည်း ၎င်းဆိုးမွေများကို ဖြေရှင်းရင်းဖြင့်ပင် ၂၀၀၉ ခုနှစ်ကိုဖြတ်သန်းရမည်မှာ သေချာသလောက်ပင် ဖြစ်နေတော့သည်။

ကျွန်တော်တို့အားလုံး ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးမျက်နှာစာတွင် ဖြစ်ပျက်နေသမျှတို့ကို စောင့်ကြည့်လေ့လာ သင်ခန်းစာယူရင်း ကိုယ့်နိုင်ငံ၏ အကူးအပြောင်း အချိုးအကွေ့ကာလဖြစ်သော ၂၀၀၉–၁၀ကို ဆက်လက် ဖြတ်သန်းကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

**ရဲဘော်မင်းထွန်း**

# ၂၀၀၈ ခုနှစ်ရဲ့ ပြိုကွဲမှုကြီး

စိန်ချင်းကြည်

လက်ရှိ ၂၀၀၈ခုနှစ်ဘဏ္ဍာရေးအကျပ်အတည်းကြီးအပါအဝင် ကြီးမားတဲ့ ဘဏ္ဍာရေးအကျပ်အတည်းကြီးတွေအပေါ်မှာ နည်းပညာတော်လှန်ရေးများရဲ့ အကျိုးသက်ရောက်မှုကို သမိုင်းရုပ်ဝါဒအမြင်ပေါ်ကနေ နားလည်ယူခြင်းဟာ စီးပွားရေးကပ်တွေရဲ့ အကြောင်းရင်းတွေကို နားလည်နိုင်ရုံမက တည်ရှိနေတဲ့စနစ်ကို ဘယ်လို ပြောင်းလဲပစ်နိုင်မယ်၊ ကသောင်းကနင်းဖြစ်နေတာတွေကို ဘယ်လိုလျော့ပါးအောင် လုပ်နိုင်မယ် ဆိုတာတို့ကိုပါ သဘောပေါက်စေပါတယ်။

သမိုင်းရုပ်ဝါဒဟာ ကာလအရှည်ကြာဆုံး တည်တံ့ပြီး လူအများဆုံး လက်ခံကြတဲ့ မာ့က်စ်နဲ့အိန်ဂယ်တို့ရဲ့ အဘိဓမ္မာဘာသာရပ်ကို ဖြည့်ဆည်းမှု ဖြစ်ပါတယ်။ အိန်ဂယ်ရဲ့ “စိတ်ကူးယဉ်နဲ့သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ”စာအုပ်အတွက် စံတော်ဝင်အမှာကိုရေးခဲ့ရာမှာ အောက်ပါအတိုင်းပါရှိပါတယ်။ “သမိုင်းရုပ်ဝါဒရဲ့ခံယူချက်ဟာ အောက်ပါကနေ အစပြုတယ်။ လူတွေရဲ့အသက်ရှင်တည်ရှိမှုကို ထောက်ကူတဲ့ ကိရိယာတွေကို ထုတ်လုပ်ခြင်း၊ နောက်ပြီး ဒီ ထုတ်လုပ်မှုနောက်မှာ ထုတ်လုပ်လိုက်တဲ့ပစ္စည်းတွေကို ဖလှယ်ခြင်းတို့ဟာ လူမှုအဆောက်အအုံတခုလုံးရဲ့ အခြေခံဖြစ်တယ်။ သမိုင်းမှာဖြစ်ပေါ်ခဲ့တဲ့ လူ့အဖွဲ့အစည်းတိုင်းမှာ စည်းစိမ်ဥစ္စာကို ဘယ်လိုခွဲဝေတယ်၊ ဘယ်လိုလူတန်းစားတွေအဖြစ် ကွဲပြားသွားတယ်ဆိုတာတို့ဟာ ဘာကိုထုတ်လုပ်တယ်၊ ဘယ်လိုထုတ်လုပ်တယ်၊ ဘယ်လိုဖလှယ်ကြတယ် ဆိုတာတွေအပေါ်မှာ တည်တယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းပြောင်းလဲမှုနဲ့ နိုင်ငံရေးတော်လှန်ရေးတွေရဲ့ အကြောင်းရင်းတွေကို သိချင်တယ်ဆိုရင် ထာဝရအမှန်တရားနဲ့ တရားမျှတမှုအပေါ် လူတွေရဲ့ ထိုးထွင်းကြည့်မြင်နိုင်မှုအပေါ်မှာ အခြေမခံဘဲ ထုတ်လုပ်နည်းနဲ့ လဲလှယ်နည်းတို့မှာ အခြေခံပြီးရှာရပါလိမ့်မယ်။”

လွယ်လွယ်ပြောရရင် လူ့အဖွဲ့အစည်းရဲ့ပြောင်းလဲမှုတွေဟာ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုနဲ့ တော်လှန်ပြောင်းလဲမှုကြီးတွေ အပေါ်မှာ မူတည်ပါတယ်။ သမိုင်းရုပ်ဝါဒနဲ့ ပွန်းပွန်းတီးတီး ရှိကြသူတွေကတော့ လက်ရှိအကျပ်အတည်းမျိုး သမိုင်းမှာ အရင်ကလည်း ရှိခဲ့တယ်ဆိုတာကို သိရရင် အံ့သြမှာမဟုတ်ပါဘူး။ အဲဒီအရင်က ဖြစ်ပေါ်ခဲ့တာတွေဟာ ကာလအလိုက်ပေါ်ပေါက်တဲ့ အခု“နည်းပညာတော်လှန်ရေး”လို့ ကျွန်တော်တို့ကခေါ်နေကြတဲ့ နည်းပညာ တိုးတက်မှုတွေနဲ့ ဘဏ္ဍာအရင်းအနှီး တရှိန်ထိုးတိုးတက်မှုပေါက်ကွဲမှုဆိုတာတို့နဲ့အပြန်အလှန်ဆက်

သွယ်ပတ်သက်နေကြတယ်ဆိုတာ တွေ့ရပါတယ်။

အိန်ဂယ်ရဲ့အဆိုကို နည်းနည်း ထပ်ဆွဲဆန့်တဲ့အနေနဲ့ နည်းပညာ တော်လှန်ရေးဆိုတာကို သမိုင်းရုပ်ဝါဒနဲ့အညီ အောက်ပါအတိုင်း အနက်ဖွင့်ကြည့် ကြရအောင်ပါ။ ဒီနေရာမှာ ဗီနီဇွဲလားက နည်းပညာဆိုင်ရာပါရဂူ ကာလိုတာ ပဲရက်ဇ် (Carlota Perez) ဆီက နည်းနည်း ငှားသုံးပါမယ်။ သူက ဒီလို ရေးပါတယ်– "နည်းပညာတော်လှန်ရေးဆိုတာဟာ စီးပွားရေးတခုလုံးကို ကြီးမားတဲ့ အပြောင်းအလဲဖြစ်ပေါ်စေနိုင်စွမ်းရှိတဲ့၊ ရေရှည်တိုးတက်မှုကြီးတွေအတွက် အားဖြစ် စေတဲ့ အင်မတန်မြင်သာပြီး အရှိန်သြဇာကြီးတဲ့ နည်းပညာ၊ အထွက်ပစ္စည်းနဲ့ စက်မှုလုပ်ငန်းတွေအပါ တပုံတမလုံးလို့ ဆိုရပါမယ်။ ဒါဟာ အပြန်အလှန် နီးနီးကပ်ကပ် ဆက်သွယ်မှုရှိတဲ့ နည်းပညာ တီထွင်မှုဖြစ်ပြီး၊ အများအားဖြင့် ဒီအထဲမှာအရေးကြီးတဲ့၊ ဘက်ပေါင်းစုံလွှမ်းခြုံတဲ့၊ အကုန်အကျနည်းတဲ့ တီထွင်ဖော်ထုတ် မှုတွေပါဝင်ပါတယ်။ အတော်များများကတော့စွမ်းအင်ပါ။ တခါတလေတော့ အရေးပါတဲ့ကုန်ကြမ်းပစ္စည်း၊ နောက်ပြီး ထူးခြားတဲ့ ထုတ်လုပ်မှုအသစ်၊ ထုတ်လုပ်မှုဖြစ်စဉ်နဲ့ အထက် အဆောက်အအုံတွေလည်း ပါဝင်ပါတယ်။ အထက်အဆောက်အအုံသစ်ဆိုတာက အမြန်နှုန်း၊ ယုံကြည်စိတ်ချရမှုနဲ့ ဆက်သွယ်မှုတွေကို အပြောင်းအလဲဖြစ်စေပြီး အကုန်အကျကိုလည်း အများကြီးလျှော့နည်းစေတာတွေကို ဆိုလိုတာပါ။

အရင်းရှင်စနစ်အောက်က နည်းပညာတိုးတက်မှုကြီးတွေရဲ့သမိုင်းဟာ ဖြစ်ပေါ်တဲ့နေရာနဲ့ ကမ္ဘာ့နေရာအသီးသီးကိုရောက်ရှိသွားတဲ့ "သမိုင်းအရ အမြန်နှုန်း" တို့ အပေါ်မူတည်ပြီး အတိုင်းအတာ ကွဲပြားပါတယ်။ ဘယ်လိုပဲဖြစ်ပစေ သူတို့ဟာဘယ်နေရာမှာမဆို သူတို့နဲ့ ဘဏ္ဍာ အရင်းနဲ့ "သဟဇာတ မဖြစ်လှ ကြောင်း" ထင်ရှားတဲ့သဏ္ဍာန်တွေဖော်ပြပါတယ်။

အင်္ဂလိပ် အမေရိကန်တို့ရဲ့ မှတ်တမ်းအရဆိုရင် ၁၇၇၀စုနှစ်များက ပထမဆုံး စက်မှုတော်လှန်ရေးကစလို့ ကနေ့ကာလအထိ အပြောင်းအလဲကြီး တိုးတက်မှုကြီး ငါးခုရှိခဲ့ပါတယ်။ ဒီစက်ဝန်းတိုင်းဟာ တီထွင်မှုကြီးတွေ ပေါက်ကွဲထွက်တာနဲ့ အစပြုတာချည်းပါပဲ။ ငွေကြေးနဲ့ ထုတ်လုပ်မှုအရင်းအနှီး (တည်ရှိနေတဲ့ ထုတ်လုပ်မှုနည်းနာ)တို့အကြား ကဏ္ဍကောဇဖြစ်မှုက ဒီလိုပေါက်ကွဲထွက်မှုကို ပိုပြီး လွယ်ကူစေပါတယ်။ ဘဏ္ဍာအရင်းဟာ လူလားမြောက်ပြီဖြစ်တဲ့ နည်းပညာသစ်က ပြန်ပေးနိုင်တာလောက်နဲ့ မကျေနပ်နိုင်တော့ပါဘူး။

ထုတ်လုပ်မှုနည်းနာဟောင်းဟာ သူ့အရင်က နည်းပညာစီးပွားရေးခေတ် ရင့်မှည့်လာပြီး ဈေးကွက်တွေကို ပြည့်လျှံသွားတာနဲ့အတူ အစွမ်းကုန်သလောက်နီးပါး ဖြစ်လာပါတယ်။ နည်းပညာသစ်တစုံ ပေါ်လာတာအပေါ်မှာ စိတ်ထက်သန်မှုတွေ မြင့်တက်လာ နေချိန်မှာပဲ ဈေးကစားမှုတွေလည်း နောက်က ကပ်ပါလာပါတယ်။ တပါတည်း အဆင့်အတန်း မညီမျှမှုဟာလည်း ပိုတိုးများလာပါတယ်။ တချို့ကအလွန်အကျွံ ချမ်းသာ၊ အများက နောက်မှာ ကျန်ရစ် ဒီလိုနဲ့ ဈေးကစားမှုက အရင်းအနှီးတန်ဖိုးတွေကို တကယ့်တန်ဖိုးထက်ပိုပြီး အတင်းမြှင့် တင်ခဲ့တဲ့အတွက် ပြိုကွဲမှု ပေါ်လာတော့တာပါပဲ။ ဒီလို ပြိုကွဲမှုကြီး ပြီးသွားတဲ့အခါမှာ အဆောက်အအုံပြုပြင်မှု၊ စနစ်ကျအောင်လုပ်မှု (တခါတရံမှာ အစိုးရတဖွဲ့လုံးကို ပြောင်းလဲပစ်တယ်) တွေ ပေါ်လာပါတယ်။ တခါတရံမှာဆိုရင် တော်လှန်ရေးတွေ၊ စစ်ပွဲတွေတောင် ဖြစ်ပေါ်လာပါတယ်။

စည်းစနစ်သစ် ချမှတ်တာတွေဟာ အမှားတွေကို ပြင်ဆင်လိုက်ရုံမက အခြေခံအဆောက်အအုံတွေ(infrastructure) နဲ့ "ကြီးလွန်းလို့ ပြိုမကျတဲ့" လုပ်ငန်းတွေကို သိသိ

သာသာကြီး အများပိုင်လက္ခဏာ ပိုဆောင်လာစေပါတယ်။ ပြိုကျမှုတွေဟာ များသောအားဖြင့် တော့ တခုတည်းမဟုတ်ပါဘူး။ စီးပွားရေးထိုင်းမှိုင်းမှု၊ ဒါမှမဟုတ် စီးပွား ရေးကျဆင်းမှုတွေ ဆက်တိုက်ပေါ်တတ်ပါတယ်။ ပြုပြင်မှုတွေ လုပ်ပြီးနောက်မှာ ဒီစည်းစနစ်ချမှတ်မှုတွေနဲ့ အဆောက် အအုံ ချုပ်ထိန်းမှုတွေကင်းတဲ့ နည်းပညာသစ်တွေကို စီးပွားရေးအဆောက်အအုံတခုလုံးမှာ တဖြည်း ဖြည်းချင်း အသုံးပြုလာကြပါတယ်။ ဒီလိုနဲ့ ဘဏ္ဍာအရင်းနဲ့ထုတ်လုပ်မှုအရင်းတို့ဟာ "ပျော်ရွှင် စွာ ပြန်လည် ပေါင်းသင်းကြလေသတည်း" ဖြစ်သွားပြန်တာပါပဲ။

ဒီအခါမှာ နည်းပညာသစ်ဟာ ရင့်ကျက်လာပြီး ဈေးကွက်တွေထဲ ပြည့်လျှံ သွားပြန်ပါတယ်။ ဒီအချိန်မှာ အရင်းဟာလည်း ပြီးခဲ့တဲ့ စည်းစနစ်ချမှတ်မှုတွေတုန်းက ဘေးဖယ် ထားလိုက်ရတဲ့ တီထွင်မှုတွေကို သက်ပြင်းမှုတ်ထုတ်လိုက်ပြီး နောက်ဆက်လာတဲ့ နည်းပညာ တော်လှန်ရေးကနေ "တီထွင်မှုရှိစွာ" အမြတ်ကြီး တွေရအောင် ပြန်လုပ်ပါတော့တယ်။

အရင်းရှင်စနစ် အရဏ်တက်ချိန်(အနည်းဆုံး အင်္ဂလန်နဲ့အမေရိကန်မှာ) က စလို့ ပေါ်ပေါက်ခဲ့တဲ့ နည်းပညာတိုးတက်မှုကြီးငါးခုကို အတိုချုပ်ပြန်ဖော်ပြထားလိုက်ရင် ဒီဘဏ္ဍာ ရေးကပ်မှာ ကြုံတွေ့နေရတဲ့ လမ်းဆုံလမ်းခွနဲ့ "ထုတ်လုပ်မှုနည်းနာ" တွေရဲ့အရေးပါမှုကို ပိုနားလည် နိုင်မယ်ထင်ပါတယ်။

### စက်မှုတော်လှန်ရေး (၁၇၇၁–၁၈၂၉)

၁၇၇၁ခုနှစ်မှာ ဗြိတိန်နိုင်ငံမှာ ရစ်ချတ်အာ့ခ်ရိုက် (Richard Arkwright) ရဲ့ ခရွမ်းဖို့ (Cromford) စက်ရုံကိုဖွင့်လှစ်လိုက်တော့ ဝါဂွမ်း၊ အထည်ရက်လုပ်ငန်းနဲ့ တခြားစက်မှု လုပ်ငန်းတွေအတွက် ပိုမိုဈေးသက်သာတဲ့ အနာဂတ်လမ်းကြောင်းတွေကို ထင်ထင် ရှားရှား တွေ့ လိုက်ကြရပါတယ်။ မကြာမီမှာပဲ ဝါဂွမ်း၊ သံကြိုး စတဲ့လုပ်ငန်းများကို စက်ရုံတွေ မှာလုပ်ကိုင်လာပြီး တွင်ခုံလို စက်ရုံသုံးကိရိယာတွေလည်း ခေတ်တခေတ် ပြောင်းသွားပါတော့တယ်။ နောက်ပြီး တူးမြောင်းတွေ၊ ရေလမ်းတွေ၊ ဖြတ်သန်းခပေးရတဲ့ ကားလမ်းကြီးတွေ စတဲ့ အခြေခံ အဆောက် အအုံတွေမှာ အပြောင်းအလဲတွေဖြစ်လာပြီး စက်မှုမှာ ရေအားကိုသုံးတာလည်း နဂိုထက် ပို တိုးတက်များပြားလာတာ တွေ့ကြရပါတယ်။

ဒီနည်းပညာအသစ်တွေမှာ အစောပိုင်းရင်းနှီးမြှုပ်နှံသူတွေရဲ့ အန္တရာယ်များ တဲ့ စွန့်စားမှုတွေကနေ အရမ်းကာရော ငွေကြေးကစားမှုတွေနဲ့ "မလိုအပ်ဘဲ ဖြန့်ချဲ့ထားတဲ့ အကြွေးပေးစနစ်နဲ့ငွေစက္ကူထုတ်လုပ်တဲ့စနစ်" တို့ကိုဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီလိုကနေ ဗြိတိန်က ပထမဆုံးသော စက်မှုတော်လှန်ရေးကို အလှည့်အပြောင်းတခု ရောက်လာစေပြီး ၁၇၉၃ခုနှစ်မှာ ပြိုကွဲမှုကြီး ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ ဒီ့အရင် တနှစ်တုန်းကတော့ လွတ်လပ်ရေး ရတာ မကြာ သေးတဲ့ အမေရိကန်နိုင်ငံမှာ ပထမဆုံး ဘဏ္ဍာရေးပြိုကွဲမှုကြီး ဖြစ်ပေါ်တာကိုကြည့်ပြီး သောမတ်စ် ဂျက်ဖာဆင်က "ကျွန်တော်တို့ရဲ့ စက္ကူပူပေါင်းကြီးကတော့ ကွဲထွက်သွားပြီ" လို့ မှတ်ချက်ချခဲ့ ပါတယ်။

ဒါနဲ့တဆက်တည်း လူ့အဖွဲ့စည်းက လုပ်ကိုင်ထားသမျှဟာလည်း တပါတည်း ပြောင်းလဲသွားပြီး ပြန်ကွဲထွက်သွားပါတယ်။ စီး ပွားရေးလုပ်ငန်းစားသစ်တွေ ပေါ်ပေါက်လာပါတယ်။ တချို့ကဖောင်း၊ တချို့ကပြား ဖြစ်ကုန်ကြပါတယ်။ ရာစုနှစ်နဲ့ချီပြီးတည်ရှိခဲ့တဲ့ မင်းစိုးရာဇာတွေ

မှုံးမှိုး မတ်နွယ်တွေနဲ့ ဘုန်းကြီးတွေသာ ခန စုဆောင်းခွင့်ရှိတယ်ဆိုတဲ့ အဆောက်အအုံနဲ့ ဥပဒေတွေကိုလည်း ဖယ်ရှားပစ်လိုက်ပါတယ်၊ လယ်သမားတွေကို လယ်ကျွန်ဘဝက လွှတ်မြောက်ပြီး လခစားတွေဖြစ်လာစေပြီး ခနရှင်တွေကိုလည်း အသစ်ပေါ်ပေါက်လာတဲ့ အဆောက်အအုံတွေရဲ့ ပိုင်ရှင်အဖြစ် အဆင့်မြှင့်ပေးလိုက်ပါတယ်။

## ရေနွေးငွေ့နဲ့မီးရထားခေတ် (၁၈၂၉–၁၈၇၃)

၁၈၂၉ခုနှစ်မှာ ရေနွေးငွေ့နဲ့မောင်းတဲ့ လူစီးမီးရထားတစင်းဟာ မန်ချက်စတာကနေ လီဗာပူးကို ခုတ်မောင်းခဲ့ပါတယ်။ ဒါနဲ့အတူ မွေးဖွားလာတာကတော့ အမေရိကန်နဲ့ ဗြိတိန်တို့မှာ သံနဲ့မီးသွေး၊ ရေနွေးငွေ့၊ စက်ကိရိယာနဲ့ အင်အားသုံး စက်မှုလုပ်ငန်းတွေ တဟုန်ထိုး ပေါ်ပေါက်လာတာပါပဲ။ ဒါတွေပေါ်ပေါက်လာတာဟာ စီးပွားရေးအဟောင်းနဲ့ လူ့အဖွဲ့အစည်းဟောင်းကို ထပ်ပြောင်းလဲဖို့ တောင်းဆိုခဲ့ပါတယ်။ အရင်းအမြစ်သစ်တွေ အမြောက်အမြားလိုအပ်နေတာနဲ့ ထုတ်လုပ်မှုနည်းနာ အပြောင်းအလဲတို့က နယ်ချဲ့ဖို့ ရည်မှန်းချက်တွေ ပေါ်ပေါက်လာစေပါတယ်။

ဗြိတိန်နိုင်ငံမှာဆိုရင် ဆိုင်ကလေးတွေနဲ့ အိမ်တွေထဲမှာ ပြုလုပ်တဲ့ ကိရိယာတန်ဆာပလာနဲ့ ရက်ကန်းစင်တို့က ထုတ်လုပ်မှုတွေ နိဋ္ဌိတံကုန်ပါတယ်။ အမေရိကန်မှာတော့ ဒီနည်း ပညာသစ်တွေဟာ ကျွန်စနစ်ကို ဆက်ထိန်းသိမ်းဖို့ အတွက် အများကြီး အကျိုးပြုခဲ့ပါတယ်။ ဒါဟာ နိုင်ငံရေးအရ၊ လူ့ကျင့်ဝတ်အရ လူ့အဖွဲ့အစည်းကို ကြီးမားတဲ့ခြိမ်းခြောက်မှု ဖြစ်ခဲ့ပါတယ်။ ဒီလို ထုတ်လုပ်မှုအပိုင်း တော်လှန်ရေးကြီးက လူ့အဖွဲ့အစည်းအပေါ် ကြီးမားစွာ သက်ရောက်မှုရှိခဲ့ပုံနဲ့ ပတ်သက်လို့ မာ့က်စ်နဲ့အိန်ဂယ်တို့က ကွန်မြူနစ်ကြေညာစာတန်းထဲမှာ အခုလို ပြောင်မြောက်စွာ ခြယ်မှုန်းပြထားပါတယ်။

"ခနရှင်လူတန်းစားသည် ထုတ်လုပ်ရေးကိရိယာများကို မပြတ် တော်လှန်ခြင်း မပြုဘဲ မရပ်တည်နိုင်ပေ။ ဤမှတဆင့် ထုတ်လုပ်မှုဆက်ဆံရေးနှင့် လူ့အဖွဲ့အစည်းတွင်း ဆက်ဆံရေးများကို တော်လှန်ပြောင်းလဲရသည်။ အစောပိုင်းစက်မှုလုပ်ငန်း လူတန်းစားများမှာမူ ထုတ်လုပ်မှုပုံစံဟောင်းများကို မပြုပြင် မပြောင်းလဲဘဲ ထိန်းသိမ်းနိုင်မှ ရပ်တည်လို့ရသည်။ ထုတ်လုပ်မှုကို မပြတ် တော်လှန်ပြောင်းလဲ၊ လူ့အဖွဲ့အစည်းတွင်း အနေအထားတွေ အမြဲ မတည်မငြိမ်ဖြစ်၊ ထာဝရမတည်ငြိမ် မရေရာခြင်းနှင့် စိတ်ပူပင်သောကဖြစ်ခြင်းတို့သည် ခနရှင်ခေတ်အား အခြားခေတ်များနှင့် မတူကွဲပြားစေသည့် လက္ခဏာများဖြစ်သည်။ အခြေခိုင်နေပြီဖြစ်သော၊ တည်မြဲနေသော ဆက်ဆံရေးမှန်သမျှမှာ ယင်းတို့၏ ရှေးကျ၍ တချိန်က ဂုဏ်သရေရှိခဲ့သော အစွဲအလမ်းနှင့် အမြင်များနှင့်အတူ ဖယ်ရှားခြင်းခံလိုက်ရသည်။ အသစ် ပေါ်ပေါက်ခဲ့သည်များမှာလည်း အခြေ မကျမီမှာပင် ခေတ်နောက်ကျသွားသည်။ အကောင်အထည်ရှိသည်မှန်သမျှ အငွေ့ဘဝ ပြောင်းသွားသည်။ ရှိသေထိုက်သည်များလည်း ညှိုးမှိန်သွားသည်။ အဆုံးတွင် လူတို့အနေဖြင့် သူတို့၏ တကယ့်ဘဝအခြေအနေများနှင့် သူတို့ လူသားအချင်းချင်း တကယ့်ဆက်ဆံမှုများကို ခေါင်း အေးအေးဖြင့် ရင်ဆိုင်ရတော့သည်။"

ဒီစက်မှုလုပ်ငန်းတွေရဲ့ ရှေ့အလားအလာပေါ်မှာ တည်ဆောက်ထားတဲ့ ငွေကြေးကစားမှုတွေဟာ ၁၈၃၀စုနှစ်များနဲ့ ၁၈၄၀စု နှစ်များအတွင်းမှာ တောက်လျှောက် ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီကာလ နောက်ပိုင်းနှစ်တွေမှာ ဥရောပတခွင် စီးပွားရေးပြိုကွဲမှုတွေ ပိုမို များပြား

စွာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့တာပါပဲ။ ဒီခေတ်ရဲ့မညီမျှမှုကို အိန်ဂယ်က သူ့ရဲ့ 'အင်္ဂလန်အလုပ်သမားလူတန်းစားအခြေ အနေ–၁၈၄၄' ဆိုတဲ့ စာအုပ်ထဲမှာ နာနာကြည်းကြည်းနဲ့ ပေါ်လွင်အောင် ရေးပြ ထားပါတယ်။

၁၈၄၈–၁၈၅၀မှာတော့ အလှည့်အပြောင်းကြီးတခုကိုရောက်လာပါတော့တယ်။ ဥရောပတခွင်မှာ အဆောက်အအုံသဘောအရရော၊ လူ့အဖွဲ့အစည်းအရပါ ပိုမိုအခြေခံကျတဲ့ ဒီမိုကရေစီအပြောင်းအလဲတွေလုပ်ဖို့ လိုအပ်လာပြန်ပါပြီ။ ဥရောပတခွင်မှာ တိုးချဲ့ရေးနဲ့ တိုးတက်ရေးကို အတားအဆီးဖြစ်နေတဲ့ ပဒေသရာဇ်ဆက်ဆံရေး အကြွင်းအကျန်တွေကို ဖယ်ရှားမယ့်တော်လှန်ရေးတွေ အနှံ့အပြား ဖြစ်ပေါ်လာခဲ့ပါတယ်။ အမေရိကန်မှာဆိုရင် ကျေးကျွန်စနစ်ကို ဖျက်သိမ်းဖို့အတွက် နည်းပညာသစ်တွေ အသုံးပြုမှုကို ခေတ္တရပ်ဆိုင်းခဲ့ပါတယ်။ တော်လှန်ရေးတွေ၊ ပြုပြင်ပြောင်းလဲမှုတွေ ပြီးသွားတဲ့နောက်မှာ တိုးတက်မှုဟာ ပိုမိုတည်ငြိမ်ပြီး အရမ်းကာရော ငွေကြေးကစားမှုတွေကိုလည်း ပြန်ပြီး စနစ်ကျအောင်လုပ်ခဲ့ပါတယ်။

## သံမဏိ၊ လျှပ်စစ်နှင့် အလေးစားအင်ဂျင်နီယာ နည်းပညာခေတ် (၁၈၇၅–၁၉၁၈)

၁၈၇၅ခုနှစ်၊ အမေရိကန်နိုင်ငံပင်ဆီလ်ဗေးနီးယားပြည်နယ်၊ ပစ္စဘာ့ဂ်မှာ ကာနယ် ဂျီဘက်စင်နာ သံမဏိလုပ်ငန်းကို ဖွင့်လှစ်လိုက်ပြီးသံမဏိခေတ်ကို တည်ထောင်လိုက်ပါတယ်။ သံမဏိထုတ်လုပ်မှုကနေ တခြားလုပ်ငန်းအမြောက်အမြားကိုလည်း ဖော်ထုတ်လိုက်ပါတယ်။ ဥပမာ– သင်္ဘောကြီးတွေအတွက် ရေနွေးငွေ့မောင်းစက်တွေ၊ အကြီးစား ဓာတုနဲ့ လမ်းတံတားလုပ်ငန်းတွေ၊ လျှပ်စစ်ပစ္စည်းစက်မှုလုပ်ငန်း၊ ကြေးနီနဲ့လျှပ်စစ်ကြိုးလုပ်ငန်း၊ စည်သွတ်နဲ့ ပုလင်းသွတ်အစားအသောက်၊ စက္ကူနှင့် ထုပ်ပိုးရေးစက်မှုလုပ်ငန်း စတာတွေပါပဲ။ ဒီနည်းပညာတွေနဲ့ သူတို့ရဲ့စီးပွားရေးဟာ အသစ်ပြုပြင်ထားတဲ့၊ အတိုင်းအတာပိုမိုကြီးမားတဲ့ အခြေခံအဆောက်အအုံတွေ လိုအပ်ပါတယ်။ နောက်ပြီး ကမ္ဘာတခုလုံးဆက်သွယ်ထားတဲ့ကြေးနန်းလုပ်ငန်း၊ နိုင်ငံအသီးသီးရှိ တယ်လီဖုန်းတွေ၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးနဲ့ ဒီအတွက် လုံခြုံရေး၊ စူးအက်တူးမြောင်း၊ မီးရထား လမ်းတွေ၊ တံတားတွေ၊ ဥမင်လိုဏ်ခေါင်းတွေ၊ လျှပ်စစ်ကွန်ယက်တွေဟာလည်း ထင်ရှားတဲ့ ဥပမာတွေပါပဲ။

ဒီအခါမှာငွေကြေးကစားမှုဟာ ပြန်ခုန်ထွက်လာပြီး ၁၉၃၀စုနှစ်များ အကုန်ပိုင်းမှာ ရောမဘဏ္ဍာရေးကပ်ကြီး ပေါ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သီအိုဒို ရုစဗဲ့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကကိုယ်စားပြုတဲ့ စနစ်ကျအောင် ပြန်လည် စည်းကမ်းသတ်မှတ်မှုတွေ လုပ်ရပါတော့တယ်။ သူကတည်ရှိနေတဲ့ဖွဲ့စည်းမှုတွေကို အမြန် ပြောင်းလဲနေတဲ့ နည်းပညာအခြေခံအဆောက်အအုံတွေနဲ့ လိုက်လျော ညီထွေအောင် ပြန်လည်ထိန်းညှိတာတွေလုပ်ပါတယ်။ အဦးပိုင်းအလုပ်သမားသမဂ္ဂလှုပ်ရှားမှုဟာ တနေ့အလုပ်ချိန် ရှစ်နာရီဖြစ်ရေးနဲ့ ကလေးအလုပ်သမား အသုံးမပြုရေးတိုက်ပွဲတွေကနေ ပေါက်ဖွားလာတာဖြစ်ပါတယ်။ တပါတည်းမှာ အင်အား ကောင်းစပြုလာတဲ့ အရင်းရှင်ဇဟိုချက်မနိုင်ငံကြီးတွေအကြားမှာ ပဋိပက္ခတွေ ပေါ်ပေါက်ပြီး ပထမကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ပါတယ်။ စစ်ဘက်ဆိုင်ရာနည်းပညာတွေအတွက် စစ်ပွဲဟာ အရှိန်မြင့်တက်လာပြီး "ပြုပြင်ပြောင်းလဲရေးခေတ်" တည်ငြိမ်ရေးမျှော်လင့်ချက်ကို ပျောက်ကွယ်သွားစေခဲ့ပါတယ်။

ဒီအချိန်မှာ နည်းပညာတော်လှန်ရေးသစ်တခုက အရှိန်ယူနေပါပြီ၊ ဘဏ္ဍာအရင်းအနေနဲ့ သံမဏိခေတ်ကို သမိုင်းစာအုပ်ထဲပို့ပစ်မယ့် နည်းပညာသစ်တပြုံတမကိုတွေ့ရှိပြီး ထုတ်လုပ်ရေးကနေ ခွဲထွက်စပြုနေပါပြီ။

## မော်တော်ကား၊ ရေနံနဲ့ ထုနဲ့ထည်နဲ့ထုတ်လုပ်မှုခေတ် (၁၉၀၈–၁၉၇၄)

၁၉၀၈ခုနှစ်မှာအမေရိကန်နိုင်ငံ၊ မီချီဂန်ပြည်နယ်၊ ဒက်ထရွိုက်မြို့ ဖို့ဒ်ကား လုပ်ငန်းကြီးကနေ ပထမဆုံး တီမော်ဒယ် မော်တော်ကားကို ထုတ်လုပ်လိုက်ပါတယ်။ ထုနဲ့ထည်နဲ့ ထုတ်လုပ်လိုက်တဲ့ မော်တော်ကား၊ ဈေးပေါတဲ့ရေနံနဲ့ လောင်စာဆီ၊ ရေနံဓာတုလုပ်ငန်း၊ အတွင်းမှာ ပေါက်ကွဲတဲ့စနစ်နဲ့ အင်ဂျင်၊ အိမ်တွင်းသုံးလျှပ် စစ်ပစ္စည်း၊ အအေးခန်းနဲ့ရေခဲရိုက်အစားအသောက်လုပ်ငန်း၊ ဒါတွေ အားလုံး ကိုစုပေါင်းလိုက်တော့ အခြေခံအရ ပိုကောင်းအောင်လုပ်၊ တိုးချဲ့ထားတဲ့ အခြေခံအဆောက်အအုံတွေ– အရပ်သုံးရော၊ စစ်သုံးရော– ပေါ်ပေါက်လာပါတယ်။ ဒီနောက်မှာ လုပ်အားခွဲဝေမှုအသစ်ပေါ်ထွက်လာပြီး ထုနဲ့ထည်နဲ့ထုတ်လုပ်တဲ့ လုပ်ငန်းတွေမှာ လုပ်အားဈေးကွက်အတွင်း ကိုယ့်ကိုယ်ကို ရောင်းချ အသက်ရှင်ရပ်တည်ရတဲ့ ပစ္စည်း မဲ့လူတန်းစားဟာလည်း အရေအတွက် အကြီးအကျယ်တိုးများလာပါတယ်။ ဒီလူတန်းစားဟာ ဒီအရင်တုန်းက အထည်လုပ်ငန်းနဲ့ သံစက်မှုလုပ်ငန်းတွေမှာ မာ့က်စ်နဲ့ အိန်ဂယ်တို့ လေ့လာခဲ့တဲ့ လူတန်းစားပါပဲ။ အခုတော့ လုပ်ရတာပိုပြီး အပြောင်းအလဲနည်းလာ၊ တပုံစံတည်းကျလာ၊ စက်ရုပ်ဆန်လာ၊ လူအစစ်နဲ့ ကွဲပြားလာတာတို့ ဖြစ်လာတာပါပဲ။ ဒီလုပ်အားရဲ့တန်ဖိုးဟာ အသက်ရှင် ရပ်တည်လို့ ရရုံသာဖြစ်ပါတယ်။ အဲဒါ ကတော့ တခေတ်က အင်မတန်လူပြောများခဲ့ကြတဲ့ လျှမ်းလျှမ်းတောက်တဲ့ ၂၀စုနှစ်များပါပဲ။ ၁၉၂၉ခုနှစ်နောက်မှာ ဆက်ဖြစ်ပေါ်ခဲ့တဲ့ ဘဏ္ဍာရေးပြိုကွဲမှုကြီးကတော့ ပြင်းထန်လှပါတယ်။ သူ့ကြောင့် တည်ရှိနေတဲ့ ဖွဲ့စည်းမှုတွေသာမက နိုင်ငံရေးနဲ့ တခြားအဆောက်အအုံတွေပါ လုံးဝပြောင်းလဲကုန်ပါတယ်။ အဲဒီနောက်မှာ စက်မှုသမဂ္ဂလှုပ်ရှားမှု မြင့်တက်လာတာအပြင် ဖြေရှင်းမှုသစ်၊ လူမှုဖူလုံရေး၊ ငွေကြေးပိုင်းဆိုင်ရာထိန်းညှိမှု၊ ဆိုရှယ်လစ်ဝါဒ အယူအဆ (ဆိုရှယ်ဒီမိုကရက်တစ်သဏ္ဍာန်နဲ့ရော မာ့က်စ်ဝါဒသဏ္ဍာန်နဲ့ပါ) စတာတွေဟာ အပြောင်းအလဲတွေရဲ့ အခြေခံတွေဖြစ်လာပါတယ်။ အဝေးပြေး မော်တော်ကားလမ်း၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ရေနံနဲ့ဓာတ်ငွေ့ပိုက်လိုင်း၊ လျှပ်စစ်လိုင်း၊ ဆက်သွယ်ရေး(ရေဒီယို၊ တယ်လီဖုန်း၊ တဲလက်စ်၊ ကြေးနန်း) ကြိုးမဲ့ရော–ကြိုးနဲ့ရော၊ ပိုက်ကွန်မျိုးစုံဟာ တကမ္ဘာလုံးကို အထပ်ထပ်ရစ်ပတ်လာတာဟာ နည်းပညာတော်လှန်ရေး ရင့်ကျက်လာတာကို ဖော်ပြနေတာပါပဲ။

## သတင်းနဲ့ဆက်သွယ်ရေးခေတ် (၁၉၇၁–? ? ?)

၁၉၇၁ခုနှစ်၊ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ စန်တာ ကလယ်ရာမှာ အင်တဲလ်ကုမ္ပဏီက မိုက်ခရိုပရိုက်ဆက်စာ (microprocessor) ကို ကမ္ဘာကို ထုတ်ပြလိုက်ပါတယ်။ ဒီနေ့မှာတော့ သိပ္ပံပညာတိုင်းဟာ ကွန်ပျူတာသိပ္ပံ ဖြစ်နေပါပြီ။ သူ့အရင်ခေတ် လျှပ်စစ်၊ သတင်းနဲ့ ကုန်ကြမ်းသုတေသနတို့ကနေ ပေါ်ထွက်လာခဲ့တာဖြစ်တဲ့ မိုက်ခရိုပရိုဆက်စာဟာ ဈေးပေါတဲ့ အီလက်ထရွန်းနစ်ပစ္စည်းတွေကို ဖော်ထုတ်ခဲ့ပါတယ်။ အဲဒီကနေ ကွန်ပျူတာတွေ၊ အပျော့ထည်တွေ၊ တယ်လီဖုန်းဆက်သွယ်ရေးတွေ၊ ဇီဝနည်းပညာ၊ နောက်ဆုံးကုန်ကြမ်းသစ်တွေကို

တောင် ဖန်တီးပေးခဲ့ပါတယ်။ ကျယ်ပြန့်လှတဲ့ ဖိုင်ဘာအော့ပ်တစ် ကွန်ယက်ကြီးတွေ၊ ဂြိုဟ်တုတွေ၊ အင်တာနက်၊ အီးမေးလ်စတဲ့ အီလက်ထရွန်းနစ် ဝန်ဆောင်မှုလုပ်ငန်းတွေ စတဲ့ အခြေခံ အဆောက်အအုံဆိုင်ရာ ရောမ ရင်းနှီးမြှုပ်နှံမှုကြီးတွေက လူတွေရဲ့နေမှုထိုင်မှု၊ သွားမှုလာမှု၊ ဆက်သွယ်မှု၊ ဘဝ တခုလုံးကို အပြောင်းလဲကြီး ပြောင်းလဲစေခဲ့ပါတယ်။

'ဒီတကြိမ်ပြိုကွဲမှုကြီးမှာ အရင်အကြိမ်တွေနဲ့ တူတာတွေရှိသလို အသစ်တွေလည်းရှိပါတယ်။ ၁၉၈၀စုနှစ်များတုန်းက တပိုင်းလျှပ်ကူး (**semi conductor**) နဲ့ အပျော့ထည်တွေ အကြီးအကျယ်ထွန်းကားခဲ့တာ၊ ၁၉၉၀ စုနှစ်များရဲ့ဒုတိယပိုင်းကနေ ၂၀၀၀ခုနှစ်အထိ ငွေဈေးကစားမှုတွေ အရူးအမူး လုပ်လာကြတာ၊ ဒီကနေ ဒီနေ့ပြိုကွဲမှုကြီး ဆက်ဖြစ်လာတာတို့ကို မှတ်မိကြပါလိမ့်မယ်။

## လက်ရှိပြိုကွဲမှု

ဒီပြိုကွဲမှုမှာ အဆင့်နှစ်ဆင့်ရှိပါတယ်။ ပထမအဆင့်က ၂၀၀၀ ခုနှစ်မှာပါ။ အဲဒါကို"ဒေါ့ကွန်ပူဖောင်း(**dot-com bubble**) ပေါက်ကွဲမှု" လို့ ခေါ်ကြပါတယ်။ ဒုတိယအဆင့်ကတော့ အခုအကြိမ်ပါ။ ၂၀၀၀ခုနှစ်က သတိပေးချက်ကို သတိမမူခဲ့တဲ့ ဘုရှ်အစိုးရဟာ ငွေကြေးနယ်ပယ်မှာ ပြုပြင်သင့်တာတွေ မပြုပြင်ခဲ့တဲ့အပြင် စည်းကမ်းတွေကို လျှော့ချခဲ့လို့ ဖြစ်ရတာလို့ ဆိုနိုင်ပါတယ်။ အရင် နည်းပညာတော်လှန်ရေးတွေတုန်းကလိုပဲ ဒီတခါမှာလည်း ဘဏ္ဍာအရင်းဟာ နည်းပညာသစ်ရဲ့ အတိုင်းအဆကို လွန်ထွက်သွားခဲ့တာပါပဲ။

သူတို့ဟာ ဘဏ္ဍာအရင်းကို အဆောက်အအုံ ပြုပြင်ပြောင်းလဲမှုတွေက တဆင့် နည်းပညာသစ်ကို အသုံးပြုတဲ့ ထုတ်လုပ်ရေးတွေဆီကို ပြန်ပို့ရမယ့်အစား စည်းစနစ်မရှိ၊ အကောင်အထည်မရှိတဲ့ အိုးအိမ်အရင်းအနှီးတွေမှာ ငွေတွေ ပုံအောကစားတာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီတော့မညီမျှမှုတွေ တန်းပေါ်လာပါတော့တယ်။ ဂလိုဘယ်လိုက်ဇေးရှင်း– အထူးသဖြင့် အရင်းအနှီးတွေနဲ့ ဘဏ်တွေရဲ့ ငွေကြေးရှင်းတမ်းတွေကို ဂလိုဘယ်လိုက်ဇေးရှင်း လုပ်လိုက်တဲ့အတွက် ကမ္ဘာအနှံ့ မှာ အရူးအမူးငွေကြေးကစားမှုတွေ အကြိမ်ပေါင်းများစွာဖြစ်လာတော့တာပါပဲ (အမေရိကန်နိုင်ငံသားတဦးက သူ့အိမ်ကိုပေါင်နှံလိုက်တာရဲ့ အစိတ်အပိုင်းတခုဟာ နော်ဝေးနိုင်ငံ၊ မြို့လေးတမြို့က မီးသတ်အဖွဲ့ မီးသတ်တပ်သားဟောင်းတဦးရဲ့ ပင်စင်လစာ ဖြစ်နေနိုင်ပါတယ်)။ တကယ်က နိုင်ငံတကာလက္ခဏာဆောင်လာတာနဲ့အမျှ နိုင်ငံတကာလက္ခဏာဆောင်တဲ့ ထိန်းချုပ်မှု၊ စည်းကမ်းသတ်မှတ်မှုတွေ ရှိသင့်ပါတယ်။ နိုင်ငံကော ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်တို့ ထက် နိုင်ငံတကာ အဆောက်အအုံတွေ ပေါ်လာသင့်ပါတယ်။ ကုလသမဂ္ဂဟာလည်းအခုထက် အစွမ်းရှိ သင့်ပါတယ်။

အမှန်ပြောရရင် ဒီနည်းပညာတော်လှန်ရေးက ကမ္ဘာကြီးအပေါ် အကျိုးသက်ရောက်စွမ်းကို ကောင်းကောင်းမမြင်ရသေးပါဘူး။ ကျွန်တော်တို့ဟာ ၁၉၃၀ ခုနှစ် မော်ဒယ် မော်တော်ကားတစင်းကိုမောင်းပြီး ဒုတိယကမ္ဘာစစ်မတိုင်မီ ကမ္ဘာကြီးကို လှည့်ပတ်ကြည့်နေသလိုပဲ ဖြစ်နေပါသေးတယ်။ ကမ္ဘာပေါ်မှာ အရာကိစ္စ အတော် များများဟာ ချုပ်ကိုင်ဖို့လိုတယ်ဆိုတာကိုပဲ တွေ့နေရမှာပါ။ ဒီအထဲက တချို့ကိစ္စတွေကတော့ အတော်လေရှင်းလာပါပြီ၊

– ငွေကြေးစနစ်ထဲက အတော်များများအပါအဝင် စီးပွားရေးအခြေခံ အ

ဆောက်အအုံတွေကို ပိုပြီးအများပိုင်လက္ခဏာဆောင်အောင် လုပ်ရပါမယ်။ ဒါကို အဆောက် အအုံဆိုင်ရာ မပြင်ရင်မဖြစ်တဲ့ ပြန်လည်ပြုပြင်မှုတွေနဲ့ အစပြုရပါမယ်။ သူတို့ပျက်စီးရင် စနစ်တခုလုံးကိုပါ အန္တရာယ်ဖြစ်နိုင်စေမယ့် အဆောက်အအုံတွေကို တစိတ်တပိုင်း၊ ဒါမှမဟုတ် တခုလုံး ပြည်သူပိုင်လုပ်ပစ်ရပါမယ်။

– တချိန်တည်းမှာ ကောင်းမွန်စွာလည်ပတ်နေတဲ့ ဈေးကွက်တွေကို ပျောက်ပျက် မသွားအောင်ထိန်းရပါမယ်။ ပိုကောင်းအောင် လုပ်ရပါမယ်။ ကြီးတဲ့ အစိုးရ၊ ပိုပြီး ဆိုရှယ်လစ်ဆန်တဲ့ အစိုးရတရပ်ဟာ မတည်ငြိမ်မှုတွေကို ပိုပြုပြင်၊ ခနခွဲဝေမှုကို ပိုညီမျှအောင်လုပ်၊ ပညာတတ်တွေနဲ့ သိပ္ပံပညာရှင်တွေ ပိုမိုမွေးထုတ်၊ လေ့ကျင့်ပေးနိုင်ပါတယ်။ ဒါပေမဲ့ သူဟာ နည်းပညာသစ်ရဲ့ အကျိုးကျေးဇူးတွေကို စီးပွားရေးတခုလုံးမှာ ဖြန့်ကျက်အသုံးပြုစေရာမှာတော့ အားနည်းပါတယ်။ အနည်းဆုံး ထုတ်လုပ်သူတွေနဲ့သုံးစွဲသူတွေအကြားက အရေးမပါတဲ့ အရောင်းအဝယ်အဆင့်ဆင့် အလီလီတွေနဲ့ပတ်သက်ရင် မထိရောက်လှပါဘူး။ ဈေးကွက်ဆိုတာက ရှားပါးတဲ့သယံဇာတတွေကို သင့်တော်တဲ့ အဆောက်အအုံတွေကတဆင့် ထိရောက်စွာ အသုံးပြုနိုင်အောင် လုပ်ပေးတဲ့ ငြင်းပယ် မရတဲ့ အရာတွေ ဖြစ်ပါတယ်။ ဈေးကွက်ဟာ သဘာဝအရ တည်ရှိနေတာ မဟုတ်ပါဘူး။ လူတွေရဲ့ များပြားကျယ်ပြန့်တဲ့ လိုအပ်ချက်တွေကို အကျိုးပြုဖို့ ချမှတ်ထားတာတွေပါ။ အရှုံးအမူး ဈေးကစားကြတာ၊ ပြိုကွဲတာတို့နဲ့ ဆက်နေတဲ့သဘောတရားတွေဟာ သူတို့နဲ့ ထိုက်တန်စွာပဲ ကျဆင်းကုန်ကြပါပြီ။

– နည်းပညာသစ်တွေကို အပြည့်အဝအသုံးချဖို့အတွက် ဘဏ္ဍာအရင်းနဲ့ ထုတ်လုပ်မှုတို့ ပြန်လည်ပေါင်းစည်းရေးအတွက်ဆိုရင် အင်မတန် ကြီးမားတဲ့ အများဆိုင်ရာပိုင်းက ရင်းနှီးမြှုပ်နှံမှုကြီးတွေ အများကြီးလုပ်ဖို့ လိုပါတယ်။ အနည်း ဆုံးဆယ်စုနှစ်တခုစာလောက် ဝင်ရောက်ထိန်းသိမ်းကွပ်ကဲတာတွေ လုပ်တာကို တွေ့လာနိုင်ပါတယ်။ ဂျီဒီပီရဲ့ ၁၀၀%လောက်ကို လုပ်ရမှာပါ။ ဘုရှ်အစိုးရရဲ့ ထရီလျံနဲ့ချီတဲ့ ကယ်ဆယ်ရေးစီမံကိန်းဟာ နှိုင်းစာခြင်းအားဖြင့် လက်ရှိဂျီဒီပီရဲ့ ၁၀%လောက်ပဲရှိပါသေးတယ်။ ပြီးခဲ့တဲ့ ဒုတိယကမ္ဘာစစ်တုန်းကသုံးစွဲမှုဟာ ဂျီဒီပီရဲ့ ၁၁၀%ရှိခဲ့ပါတယ်။ အဲဒီလိုသုံးစွဲလိုက်လို့သာ ၁၉၃၀စီးပွားရေးကပ်ကြီးထဲကနေ လွတ်မြောက်လာတာဖြစ်ပါတယ်။

– ရှင်းနေတာတခုက တီထွင်မှုတွေဟာ သဘာဝအရကိုပဲ မတည်ငြိမ်မှုကို ဖြစ်ပေါ်စေပါတယ်။ ဒ့ါအပြင် အရင်ခေတ်တွေနဲ့စာရင် ပေါ်ပေါက်တဲ့နှုန်းဟာလည်း ပိုမြန်မှာပါ။ ဒီတော့ငွေကြေးနဲ့ ထုတ်လုပ်ရေးအရင်းအနှီးတို့ အကြားမှာ ကွာဟမှုဟာ ပေါ်ကိုပေါ်မှာပါ။ ဒီအခါမှာ ဖြစ်စဉ်ကို ပိုမိုနားလည်သဘောပေါက်အောင် လုပ်ရေးရယ်၊ တိုးတက်မှုနဲ့တီထွင်မှုကို ခွင့်ပြုတဲ့ ငွေကြေးအဆောက်အအုံတွေ– အစိုးရ–ထုတ်လုပ်မှုတို့အကြားက ထိန်းညှိထားတဲ့ ဆက်သွယ်မှုပေါ်လာရေး ဆိုတာရယ်တို့ဟာ အဓိကစိန်ခေါ်ချက် ဖြစ်လာပါလိမ့်မယ်။ ဒါဟာ အလွန်အကျွံမတည်မငြိမ်ဖြစ်တာတွေရော ထိန်းချုပ်လွန်းလို့ စီးပွားရေးထိုင်းမှိုင်းလာတာရော မဖြစ်ဖို့တော့ လိုပါတယ်။

– လူတိုင်းအလုပ်အကိုင်ရရှိရေး နည်းဗျူဟာဟာ မတည်ငြိမ်မှုကို တားဆီးနိုင်တဲ့ အကောင်းဆုံးရေရှည်နည်းနာပါ။ ဒီလိုသာ ဖြစ်နေရင် တီထွင်မှုတွေ၊ မပြည့်စုံတဲ့ပြိုင်ဆိုင်မှုတွေကို လူတွေက သည်းခံနိုင်မှာပါ။


– တီထွင်မှုအသစ်တွေဟာ ကမ္ဘာကြီးကို နည်းလမ်းပေါင်း အထောင်အသောင်းနဲ့ တုပ်နှောင်ပြီး ကမ္ဘာစစ်တခုကို မဖြတ်သန်းဘဲ စီးပွားရေးကပ်ကြီးတွေကနေ ထွက်ပေါက်ဖန်တီး ပေးပါတယ်။ ဒါပေမဲ့ ဒါဟာ သမိုင်းလမ်းကြောင်းကို ဗီဆန်နေတာလည်း ဖြစ်ပါတယ်။

– နည်းပညာသစ်တွေဟာ လုပ်အားတပ်ဖွဲ့ထဲက အမြောက်အမြားကို ပစ္စည်းမဲ့အဖြစ်က ပြောင်းလဲပစ်နိုင်စွမ်းရှိပါတယ်။ အလုပ်သမားတွေကို လက်ပါတဲ့လောက်ကောင်တွေလို့ဆိုတဲ့ လုပ်ငန်းရှင်ကြီးတွေရဲ့အမြင်ကိုလည်း ပြောင်းလဲပစ်နိုင်ပါတယ်။ ပြည်သူပိုင်လူမှုဖူလုံရေးလုပ်ငန်း၊ ပင်စင်လုပ်ငန်း၊ ပညာရေး၊ ပိုတို တောင်းတဲ့အလုပ်ချိန်၊ နောက်ပြီး လွတ်လပ်စွာစည်းရုံးခွင့်၊ "လုပ်အားဈေးကွက်"ကို ဖျက်သိမ်းပစ်မယ်ဆိုတဲ့ကတိ၊ အဲဒါအစား ပိုပြီးကာကွယ်မှုရှိတဲ့ "လုပ်အား" အတွက် ဈေးကွက်စသဖြင့် ဖြစ်ရပါမယ်။ ဒီဈေးကွက်မှာ လုပ်အားရဲ့တန်ဖိုးဟာ ဆက်လက် အလုပ်လုပ်ပေးဖို့အတွက် အသက်ရှင် ရပ်တည်နိုင်ရုံမဟုတ်ဘဲ သူထုတ်လုပ်လိုက်တာ၊ ဒါမှမဟုတ် သူလုပ်ဆောင်တဲ့ ဝန်ဆောင်မှုရဲ့တန်ဖိုးနဲ့ လျော်ညီတဲ့တန်ဖိုး ဖြစ်ရပါမယ်။

အဆိုးထဲကအကောင်းရှာ၊ အပျက်အစီးထဲကသင်ခန်းစာထုတ်၊ ဒီလိုမှသာ လူ့အဖွဲ့အစည်းကြီးဟာ တိုးတက်ပါလိမ့်မယ်။ အထက်မှာတွေ့ခဲ့တာတွေက ပြဆိုနေတာကတော့ ကျွန်တော်တို့ ဦးတည်ရမှာဟာ "လူတိုင်းလုပ်နိုင်သလောက် လုပ်၊ လုပ်သလောက် ခံစားရစေ" ဆိုတာပဲ ဖြစ်ရပါမယ်။ ဟုတ်ပါတယ်၊ ဒါဟာ မာ့က်စ်တင်ခဲ့တဲ့ကြွေးကြော်သံပါ။

(ယူအက်စ်ဗြိတိသျှနိုင်ငံက ဂျွန်ကေ့စ်(John Case)ရေးတဲ့ The Crash of 2008 and Historical Materialism ဆိုတဲ့ဆောင်းပါးကို ဘာသာပြန်တာပါ)

**စိန်ချင်းကြည်**



# နိုင်ငံရေးအာဏာနဲ့ ဒီမိုကရေစီ

ဇော်သက်နောင်

နိုင်ငံတော်အစိုးရ၊ နိုင်ငံရေးအာဏာ၊ အာဏာရှင်စနစ်၊ ဒီမိုကရေစီ စတာတွေ နေ့စဉ်နဲ့အမျှ ပြောဆိုနေသံ ကြားနေရတယ်။ တချို့က နိုင်ငံအစိုးရဆိုတာ မင်းကျင့်တရားတွေနဲ့ ပြည့်စုံရမယ်ပြောတယ်။ တချို့က အစိုးရဆိုတာ တိုင်းသူပြည်သားတွေကို ကျောသားရင်သား မခွဲခြားဘဲ ရင်ဝယ်သားလို သနားညှာတာ ချစ်ခင်ရမယ်ပြောပါတယ်။ တချို့က နိုင်ငံရေးလုပ်တာ နိုင်ငံရေးအာဏာ လိုချင်လို့ မဟုတ်ဘူး။ ဒီမိုကရေစီလိုချင်လို့ ဖြစ်တယ်လို့ ပြောကြတယ်။ ရွေးကောက်ပွဲတွေလုပ်ပြီး အနိုင်ရတဲ့ အင်အားစုက အစိုးရဖွဲ့ပြီး နိုင်ငံရေးအာဏာကျင့်သုံးရင် ဒီမိုကရေစီ အစိုးရဆိုပြီးလည်း ပြောကြတယ်။ လစ်ဘရယ်ဒီမိုကရေစီသာလျှင် ဒီမိုကရေစီ၊ ဆိုရှယ်လစ် ဒီမိုကရေစီဆိုတာ အာဏာရှင်စနစ်ပဲဖြစ်တယ်ဆိုပြီး ယူဆသူတွေလည်း ရှိနေပါတယ်။

ဒီပြဿနာတွေကို အခြေခံအမြင်ရှင်းဖို့ဆိုရင် လူ့သမိုင်းကို ရုပ်ဝါဒနဲ့ ချဉ်းကပ်ရှုမြင်တဲ့ သမိုင်းရုပ်ဝါဒအမြင်နဲ့ ချဉ်းကပ်မှ အဖြေမှန်ကို ရနိုင်တာဖြစ်ပါ တယ်။ လူသားဟာ သဘာဝလောကကြီးထဲက ဆင့်ကဲဖြစ်စဉ်အရ တိရစ္ဆာန်လောက ကနေ ဖြစ်ပေါ်တိုး ပွားလာတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်တိုးပွားလာရတာဟာ သဘာဝဖြစ်စဉ်အပြင် လူသားရဲ့ သူ့ကိုယ်သူဖန်တီးတဲ့ အခန်းကဏ္ဍဟာ ပိုအရေးပါတဲ့အခန်းက ပါလာပါတယ်။ အဲဒါကတော့ လူဟာ အလုပ်လုပ်ရာက မိမိခန္ဓာကိုယ် အနေအထားကို ပြောင်းလဲပေးသလို မိမိအသိဉာဏ်ကိုလည်း ဖြစ်ပေါ်တိုးပွားစေလိုက်လို့ပါပဲ။

လူသားဟာ သဘာဝပစ္စည်းတွေကို လက်နက်အဖြစ် ကိုင်တွယ် အသုံးချတတ်လာရာကနေ လက်နက်ကိရိယာတွေကို တီထွင်ဖန်တီးတဲ့အလုပ်ကို စလုပ်ရာကနေ လူ့လောကကြီးကို အကြီးအကျယ် ပြောင်းလဲတိုးပွားသွားစေလိုက်နိုင်ခဲ့တယ်။ လက်နက်ကိရိယာတွေ တီထွင်ဖန်တီးနိုင်လို့ မြေယာထွန်ယက် ထုတ်လုပ်တဲ့ အလုပ်တွေဖြစ်စေ၊ အမဲသားငါး ရှာဖွေစားသောက်

ရာမှာဖြစ်စေ အပိုအလျှံတွေ ရှိလာတယ်။ အတည်တကျ နေထိုင်တတ်လာတယ်။ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်တဲ့စနစ်ပေါ်လာတယ်။ လူတန်းစားကွဲသွားတယ်။ အုပ်စိုးသူနဲ့ အုပ်စိုးခံရသူဆိုတာ ဖြစ်ပေါ်လာတယ်။ နိုင်ငံတော်အစိုးရဆိုတာ ပေါ်လာတယ်။ နိုင်ငံရေးအာဏာဆိုတာ ရှိလာတယ်။ လူတန်းစားပဋိပက္ခ၊ လူတန်းစားတိုက်ပွဲဆိုတာ ဖြစ်ပေါ်လာတယ်။ လူ့ယဉ်ကျေးမှုတွေ ပေါ်ထွန်းလာ တယ်။ ဒါတွေဟာ လူ့ရဲ့အလုပ်ကနေ ဖြစ်ပေါ်တိုးပွားလာတာတွေ ဖြစ်တယ်။ လူ့စိတ်ဆန္ဒနဲ့ ဘာမှမဆိုင်ပါ။

ဒီအမြင်ဘက်ကကြည့်ရင် နိုင်ငံရေးအာဏာရထားတဲ့ နိုင်ငံတော် အစိုးရဆိုတာဟာ လူတန်းစားတရပ်ကို ဖိနှိပ်တဲ့ကိရိယာဆိုတာ တွေ့ရမှာပါပဲ။ ကျေးကျွန်ပိုင်ရှင်တွေက ကျေးကျွန်တွေကို ပုဂ္ဂလိကပိုင်ပစ္စည်းတွေအဖြစ် သဘောထားတဲ့ ကျေးကျွန်တွေရဲ့လုပ်ငန်းနဲ့ လူ့လောကကြီးကို တည်ဆောက်တဲ့ ခေတ်ကြီးကို ကျေးပိုင်ကျွန်ပိုင်ခေတ်လို့ သုံးနှုန်းပါတယ်။ ဒီခေတ်ဟာ လူ့သမိုင်းမှာ လူတန်းစားပဋိပက္ခ၊ လူတန်းစားတိုက်ပွဲ၊ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်တဲ့စနစ်၊ နိုင်ငံတော်အစိုးရ စတင်ပေါ်ပေါက်လာတဲ့ သမိုင်းမှတ်တိုင်ပါပဲ။ ကျေးပိုင်ကျွန်ပိုင်ရှင်တွေမှာ လွတ်လပ်မှုတွေ တည်ရှိနေပြီး ကျေးကျွန်တွေမှာတော့ လွတ်လပ်မှုဆုံးရှုံးသွားရတဲ့ ခေတ်ဖြစ်ပါတယ်။ ကျေးကျွန်တွေက လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ရင် ကျေးပိုင်ကျွန်ပိုင်ရှင်တွေက အစိုးရဆိုတဲ့ ယန္တရားကိုသုံးပြီး ဖိနှိပ်ပစ်ခဲ့တာပါပဲ။ သမိုင်းမှာ ရှေးအကျဆုံး ဒီမိုကရေစီထွန်းကားတဲ့ ဂရိတို့ခေတ်ဆိုတာဟာ အဲဒီ ကျေးပိုင်ကျွန်ပိုင်တွေရဲ့ လွတ်လပ်မှုကို ပြောတာဖြစ်ပါတယ်။ ကျေးကျွန်တွေအပေါ်မှာတော့ သက်ဦးဆံပိုင်စနစ်နဲ့ပဲ အုပ်ချုပ်ပါတယ်။

မြေယာတွေကို ပုဂ္ဂလိကပိုင်ဆိုင်တဲ့စနစ်ကို ရောက်တော့လည်း မြေရှင်ပဒေသရာဇ်တွေက မြေကျွန်တွေကို၊ လယ်သမားတွေ၊ ကုန်သည်တွေအပေါ် သက်ဦးဆံပိုင်စနစ်နဲ့ပဲ အုပ်ချုပ်ပါတယ်။ နိုင်ငံတော်အစိုးရအာဏာဟာ မြေရှင်ပဒေသရာဇ်တွေလက်ထဲမှာပဲ ထားရှိတာဖြစ်ပါတယ်။

အရင်းအနှီးကို ပုဂ္ဂလိကပိုင်ပစ္စည်းစနစ်လုပ်တဲ့ အရင်းရှင်ခေတ်ကို ရောက်တဲ့အခါမှာ အရင်းအနှီးပုဂ္ဂလိကပိုင်တဲ့ လူတန်းစားနဲ့ အရင်းအနှီးမရှိတဲ့ လူတန်းစားပဋိပက္ခဟာ အဓိကပဋိပက္ခဖြစ်ပါတယ်။ အရင်းရှင်လူတန်းစားဟာ မြေရှင်ပဒေသရာဇ်လူတန်းစားကို တိုက်ပွဲဆင်စဉ်ကပြောတဲ့ တန်းတူရေး၊ လွတ်လပ်ရေး၊ တရားမျှတရေးဆိုတာတွေကို လူသားတရပ်လုံးအတွက်လိုလို ကြွေးကြော်ပြီး တိုက်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။ တကယ်တမ်း နိုင်ငံရေးအာဏာရရှိလာတဲ့အခါမှာ တန်းတူရေး၊ လွတ်လပ်ရေး၊ တရားမျှတရေးကို လူသားတရပ်လုံးအတွက် မပေးလိုတော့ပါ။ လူသားတရပ်လုံးအတွက် တန်းတူရေး၊ လွတ်လပ်ရေး၊ တရားမျှတရေးကို ဖော်ဆောင်မယ်ဆိုရင် အရင်းရှင်လူတန်းစားဟာ သူ့ရဲ့ပုဂ္ဂလိကပိုင်ဆိုင်မှုအားလုံးကို စွန့်လွှတ်ရမှာဖြစ်ပါတယ်။ ဒီအဖြစ်မျိုး အဖြစ်မခံချင်တဲ့အခါမှာ အရင်းရှင်လူတန်းစားဟာ သူ့လူတန်းစား အတွက်သာ တရားမျှတမှု၊ တန်းတူမှု၊ လွတ်လပ်မှုကို ကျင့်သုံးပြီး၊ တခြား အရင်းအနှီးမဲ့တဲ့ လူတန်းစားတွေကိုတော့ နိုင်ငံတော်အာဏာနဲ့ ဖိ နှိပ်ချုပ်ချယ်ထားလိုက်ပါတယ်။ ဒါဟာ အရင်းရှင် ဒီမိုကရေစီနဲ့ အရင်းရှင်အစိုးရတွေရဲ့ နိုင်ငံရေးအာဏာကို အရင်းခံအကျဆုံး အရှင်းလင်းဆုံး ရှင်းပြတာပဲဖြစ်တယ်။ လစ်ဘရယ်ဒီမိုကရေစီဟာ လူတဦးချင်းပုဂ္ဂလိက လွတ်လပ်ခွင့်ကို အခြေခံတယ်ဆိုတော့ ပုဂ္ဂလိကပိုင်စနစ်ကို ထိန်းသိမ်းထားဖို့အတွက် ပြောတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အရင်းရှင်စနစ်မှာ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်၊ နယ်ချဲ့စနစ် စသဖြင့် အသွင်တွေ အများကြီးပြောင်းပါတယ်။ တခါ

အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှုဟာ မညီမညာရှိတာကြောင့် အရင်းရှင်တွေ ဒီမိုကရေစီ ကျင့်သုံးပုံတွေဟာလည်း တိုင်းပြည်တခုနဲ့ တခု ပုံစံ မတူပါ။ ယေဘုယျ တူညီကြတာကတော့ အရင်းရှင်လူတန်းစားအတွင်းမှာ ဒီမိုကရေစီ ကျင့်သုံးတာနဲ့ အရင်းရှင်လူတန်းစားမှအပ လူတန်းစားတွေကို နိုင်ငံတော်အာဏာ၊ ဗျူရိုကရေစီယန္တရားနဲ့ ဖိနှိပ်အုပ်ချုပ်ထားတာတော့ တူပါတယ်။ ဒါပေမဲ့ တခါတရံမှာ လက်ဝါးကြီးအုပ်အရင်းရှင်အထဲမှာတောင် လုယက်မှုသိပ်ပြင်းထန်လာရင် နိုင်ငံရေးအာဏာ အပိုင်ရထားသူက အာဏာရှင်အဖြစ်နဲ့ အုပ်ချုပ်တတ်တယ်။ ကနေ့ ကမ္ဘာပေါ်မှာ အရင်းရှင်ဒီမိုကရေစီ ကျင့်သုံးပါတယ်ဆိုတဲ့ နိုင်ငံတွေမှာ အာဏာသိမ်းပွဲတွေဖြစ်တာ၊ စစ်တပ်အာဏာသိမ်းတယ်ဆိုတာ အဲဒီ အခြေအနေမျိုးတွေပါပဲ။

လစ်ဘရယ်ဒီမိုကရေစီ ဒါမှမဟုတ် အရင်းရှင်ဒီမိုကရေစီကို အတွင်းကျကျ အနှစ်သာရကို ကြည့်မယ်ဆိုရင် အရင်းရှင်လူတန်းစားအတွက် ဒီမိုကရေစီ အပြည့်အဝရှိပြီး အရင်းရှင်မဟုတ်တဲ့ လူတန်းစားတွေအပေါ်မှာတော့ အစိုးရဆိုတဲ့ ဖိနှိပ်ရေးယန္တရားနဲ့ အုပ်ချုပ်တာ တွေ့ရမှာပါ။ ဒါကြောင့် အရင်းရှင်အစိုးရရဲ့ နိုင်ငံရေး အာဏာဟာ အရင်းရှင်လူတန်းစားမဟုတ်တဲ့ လူတွေအပေါ် အာဏာရှင်စနစ် ကျင့်သုံးပါတယ်။ ဒါကို အရှင်းလင်း အလွယ်ကူဆုံး ပြောရင် အရင်းရှင်ဒီမိုကရေစီ အာဏာရှင်စနစ်ပဲ ဖြစ်ပါတယ်။ ဒီအချက်ကို ဘယ်အရင်းရှင် နိုင်ငံရေးသုခမိန်၊ အရင်းရှင်အစိုးရတွေကမှ ဝန်မခံပါဘူး။ သူတို့ လစ်ဘရယ်ဒီမိုကရေစီဆိုတာဟာ လူတန်းစား အားလုံးအတွက်၊ လူတိုင်းအတွက်၊ ပြည်သူလူထုအတွက် ဒီမိုကရေစီပါဆိုပြီး လိမ်ညာနေကြပါတယ်။ အရင်းရှင်ဒီမိုကရေစီ ကျင့်သုံးတဲ့နိုင်ငံတွေမှာ နိုင်ငံရေးပါတီတွေဟာ အာဏာရပါတီနဲ့ အတိုက်အခံပါတီဆိုတဲ့ စနစ်ကို ကျင့်သုံးတဲ့နည်းနဲ့ သူတို့ အရင်းရှင်လူတန်းစားအတွင်း လုယက်မှုပြဿနာကို ဖြေရှင်းကြပါတယ်။ အာဏာကို တလှည့်စီယူတဲ့နည်းနဲ့ ခွဲဝေကျင့်သုံးကြတာ ဖြစ်ပါတယ်။ သူတို့ အတွင်း ကျင့်သုံး တဲ့ ဒီမိုကရေစီဆိုတာ အဲဒါပါပဲ။ အရင်းရှင်လူတန်းစားမဟုတ်တဲ့ နိုင်ငံရေးပါတီတွေ ဘယ်တော့မှ နိုင်ငံရေးအာဏာမရအောင် နည်းအမျိုးမျိုးနဲ့ ကန့်သတ်ထားတဲ့ ဒီမိုကရေစီ စနစ်ဖြစ်ပါတယ်။ အရင်းရှင်လူတန်းစား နိုင်ငံရေးပါတီတွေ အာဏာရတဲ့ တိုင်းပြည်တွေမှာ အရင်းရှင် ဒီမိုကရေစီသာ ထွန်းကားတာပါပဲ။

အရင်းမဲ့လူတန်းစား (ဝါ) ပစ္စည်းမဲ့လူတန်းစား အပါအဝင် အဖိနှိပ်ခံရတဲ့ လူတန်းစားတွေကလည်း သူ့လူတန်းစားအတွက် ဒီမိုကရေစီရရှိဖို့၊ အဖိနှိပ်ခံဘဝက လွတ်မြောက်ဖို့ ရုန်းကန်ကြတာပါပဲ။ ဒါကြောင့် ကွန်မြူနစ်ပါတီတွေ၊ တခြားတိုးတက်တဲ့ နိုင်ငံရေးပါတီတွေ ဖွဲ့စည်းတာပဲ။ နိုင်ငံရေးအာဏာ ရရှိအောင် လုံးပန်းတာပဲ။ ကွန်မြူနစ်ပါတီတွေ အာဏာရတဲ့ တိုင်းပြည်မှာ ဆိုရှယ်လစ်ဒီမိုကရေစီဆိုတာကို ကျင့်သုံးတာပဲ။ ပစ္စည်းမဲ့လူတန်းစားဟာ သူ့နိုင်ငံရေး ပါတီကတဆင့် နိုင်ငံရေးအာဏာရတဲ့အခါမှာ သူ့လူတန်းစားအပါအဝင် အဖိနှိပ်ခံရတဲ့ လူတန်းစားအားလုံးရဲ့ လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှုကို အာမခံတယ်။ အဲဒီလူတန်း စားတွေကို နိုင်ငံရေးအခွင့်အရေးကအစ အခွင့်အရေးအရပ်ရပ်ကို သူနဲ့အတူ ခံစားစေပါတယ်။ သွေးစုပ်တဲ့ လူတန်းစား၊ အရင်းရှင် လူတန်းစားကိုတော့ နိုင်ငံရေးအခွင့်အရေးအပါအဝင် သွေးစုပ်ခွင့်တွေကိုပါ ပိတ်ပင်တားဆီးလိုက်ပါတယ်။ ဒါကြောင့် ကွန်မြူနစ်ပါတီတွေ အာဏာရတဲ့တိုင်းပြည်တွေမှာ ကျင့်သုံးတဲ့ စနစ်ဟာ ဆိုရှယ်လစ် ဒီမိုကရေစီ ဖြစ်ပါတယ်။ အပြည့်အစုံပြောရင် ပစ္စည်းမဲ့ ဒီမိုကရေစီ အာဏာရှင်စနစ် ဖြစ်ပါတယ်။ ဒီလို ဘဝတူ လူတန်းစားတွေနဲ့အတူ အခွင့်အရေးခံစားတာကြောင့် အဲဒီ

နိုင်ငံတွေမှာ အတိုက်အခံနဲ့ အာဏာရဆိုတဲ့ နိုင်ငံရေးပုံစံမျိုးမလုပ်ဘဲ ပူးပေါင်း ဆောင်ရွက်တဲ့ ပုံစံကို ကျင့်သုံးပါတယ်။

ကမ္ဘာမှာ ပထမဆုံး ဆိုရှယ်လစ်နိုင်ငံတော် ထူထောင်တဲ့ ဆိုဗီယက်ပြည်ထောင်စုဟာဆိုရင် ဆိုဗီယက်ဏာဏာဆိုတာဟာ အလုပ်သမား၊ လယ်သမားအာဏာဆိုပြီး အတိအလင်းပဲ ကြေညာပါတယ်။ အဓိပ္ပာယ်က အလုပ်သမား၊ လယ်သမားလူတန်းစားတွေအတွက် ဒီမိုကရေစီ အခွင့်အရေးတွေ အာမခံချက်ပေးပြီး၊ အရင်းရှင် ဓနရှင်လူတန်းစားတွေကို လွတ်လပ်စွာ သွေးစုပ်ခွင့် အပါအဝင် နိုင်ငံရေး အခွင့်အရေးတွေ မပေးနိုင်ဘူးဆိုတာပဲ ဖြစ်ပါတယ်။

ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်မှာတော့ ကွန်မြူနစ်ပါတီက ခေါင်းဆောင်ကာ တော်လှန်ရေး ဆင်နွှဲပြီး၊ အာဏာသိမ်းပြီးတဲ့နောက်မှာ တရုတ်ပြည်သစ်ကို ထူထောင်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်တယ်။ ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်ကို ကျင့်သုံးပါတယ်။ အနှစ်သာရကတော့ ဆိုရှယ်လစ်ဒီမိုကရေစီ အာဏာရှင်စနစ်ပါပဲ။ တရုတ်ပြည်ဟာ ကနေ့ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်တယ်ဆိုတာကို နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်နဲ့ အာမခံထားတယ်။ အခု ကွန်မြူနစ်ပါတီတွေ အာဏာရထားတဲ့ နိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ လာော၊ ကျူးဘား နိုင်ငံတွေဟာလည်း အခြေခံအားဖြင့် ဒီလိုပူးပေါင်းဆောင်ရွက်တဲ့စနစ်ပဲ ကျင့်သုံးကြတယ်။

ကွန်မြူနစ်ပါတီတွေဟာ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုကို လိုက်နာခြင်းအားဖြင့် ပါတီတွင်းဒီမိုကရေစီကို ရာနှုန်းပြည့်အာမခံသလို စည်းကမ်းကိုလည်း သံမဏိစိတ်ဓာတ်နဲ့ လိုက်နာကြပါတယ်။ ကွန်မြူနစ်ပါတီတွေဟာ ပစ္စည်းမဲ့လူတန်းစားရဲ့ တပ်ဦးပါတီတွေဖြစ်တော့ ဒီလို မြင့်မားတဲ့အသိစိတ်ဓာတ်နဲ့ တောင်းဆိုဖွဲ့စည်းရတာ ဖြစ်တယ်။ ဒီလိုလုပ်နိုင်တဲ့အတွက် သူ့လူတန်းစား အကျိုးအတွက်ရော ဘဝတူ အဖိနှိပ်ခံလူတန်းစားတွေအကျိုးပါ သယ်ပိုးနိုင်တာဖြစ်တယ်။ ဒါကြောင့် ကွန်မြူနစ်ပါတီမှာ ပြည်သူလူထု အကျိုးစီးပွားမှတပါး တခြားဘာအကျိုးစီးပွားမှ မရှိဘူးလို့ ပြောတာပါပဲ။ ကွန်မြူနစ်ပါတီတွေဟာ တိုင်းပြည်အကျိုး ပြည်သူလူထုအကျိုးသာ လုပ်ဆောင်တာဖြစ်တယ်။ ကွန်မြူနစ်ပါတီရဲ့ သီးခြားအကျိုးစီးပွားဆိုတာ မရှိပါ။

ဒီလို ကွန်မြူနစ်ပါတီတွေက သူ့တိုင်းပြည်၊ သူ့ပြည်သူအကျိုးကို ဆောင်ရွက်တာ တနည်းအားဖြင့် သူ့တိုင်းပြည်က အဖိနှိပ်ခံလူတန်းစားတွေအတွက် ဆိုရှယ်လစ်ဒီမိုကရေစီ အာဏာရှင်စနစ်ကျင့်သုံးတာကို အရင်းရှင် ဓနရှင် နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပညာရှင် ဆိုသူတွေက ကွန်မြူနစ်အာဏာရှင်စနစ် ကျင့်သုံးတယ်။ ဆိုရှယ်လစ်ဒီမိုကရေစီဆိုတာ အာဏာရှင်စနစ်ပဲဆိုပြီး မတရားစွပ်စွဲနေကြတယ်။ ပုတ်ခတ်နေကြတယ်။ ကွန်မြူနစ်ပါတီတွေမှာ စုပေါင်းခေါင်းဆောင်မှုနဲ့ တဦးချင်းတာဝန်ခံမှုစနစ်နဲ့ အလုပ်လုပ်တာကြောင့် ဘယ်တော့မှ အာဏာရှင်ဆိုတာ မပေါ် ပေါက်နိုင်ပါ။

အရင်းရှင်စနစ်မှာ အရင်းရှင်ဒီမိုကရေစီကို အရင်းရှင်အာဏာရှင်စနစ်နဲ့ အာမခံထားရသလို ဆိုရှယ်လစ်စနစ်မှာလည်း ဆိုရှယ်လစ်ဒီမိုကရေစီကို ပစ္စည်းမဲ့ အာဏာရှင်စနစ်နဲ့ အာမခံရမယ်။ အရင်းရှင်ဒီမိုကရေစီမှာ ပုံစံအမျိုးမျိုး ရှိသလို ဆိုရှယ်လစ်ဒီမိုကရေစီမှာလည်း ပုံစံအမျိုးမျိုး ရှိတာပါပဲ။ ဘယ်လိုပဲ ဖြစ်ပါစေ ဒီမိုကရေစီဆိုတာ နိုင်ငံရေးအာဏာမရရှိဘဲ ဒီမိုကရေစီ မရှိနိုင်ဘူးဆိုတာ တွေ့ရမှာပါပဲ။ ဒီမိုကရေစီနဲ့ နိုင်ငံရေးအာဏာဟာ ဒင်္ဂါးတပြားရဲ့ ခေါင်းနဲ့ပန်းပဲဆိုတာ

တွေ့ရပါလိမ့်မယ်။

ဗမာပြည်မှာ လွတ်လပ်ရေးရပြီးတဲ့နောက် ကျင့်သုံးတဲ့စနစ်ဟာ ဖျူရှိုကရက် အရင်းရှင်စနစ်ပါ။ ဒါကြောင့် အရင်းရှင် ဒီမိုကရေစီအာဏာရှင်စနစ် ကျင့်သုံးခဲ့ပါတယ်။ အကြမ်းအား ဖြင့်တော့ ဒီမိုကရေစီနိုင်ငံလို့ ပြောကြပါတယ်။ ဒါပေမဲ့ ဒီအရင်းရှင် ဒီမိုကရေစီဟာ အသားမကျခင် မှာပဲ ဖျူရိုကရက်အရင်းရှင်အုပ်စုတခုဖြစ်တဲ့ ဗိုလ်နေဝင်း ဦးစီးတဲ့ စစ်အုပ်စုက အာဏာသိမ်းပါ တယ်။ သူတို့ ဖျူရိုကရက်လူတန်းစား အတွင်းမှာ မတူတဲ့အုပ်စုတွေက အလှည့်ကျ အာဏာဝေယူတဲ့ စနစ်ကို မကျင့်သုံးတော့ဘဲ စစ်အုပ်စုက အပြီးတိုင် အာဏာသိမ်းလိုက်တာဖြစ်တယ်။ ဒါနဲ့ပဲ ခနရှင် ဒီမိုကရေစီဟာ လူမမယ်ဘဝမှာ လည်မျိုညှစ်သတ်ခံလိုက်ရတယ်။

ဗိုလ်နေဝင်းစစ်အုပ်စုက စစ်အာဏာရှင်စနစ် ကျင့်သုံးပါတယ်။ ဒါပေမဲ့ အတုအယောင် ဆိုရှယ်လစ်စကားပြောတယ်။ ဆိုရှယ်လစ်ဆိုင်းဘုတ်ချိတ်ထားတဲ့ မဆလဆိုတဲ့ နိုင်ငံရေးဝတ်ရုံပါးပါးလေးကို ဗိုလ်နေဝင်း ခြုံပြီး လူအများကို နားလှည့်ပါးရိုက်ခဲ့တယ်။ ဒါနဲ့ပဲ ဗမာပြည်မှာ တပါတီအာဏာရှင်စနစ်ဆိုတာ ပေါ်လာတယ်။ ဗိုလ်နေဝင်းကျင့်သုံးတဲ့ စစ်အာဏာရှင် စနစ်ဆိုတာဟာ အရင်းရှင် အာဏာရှင်စနစ်သာ ဖြစ်ပါတယ်။ ဗိုလ်နေဝင်းဟာ အာဏာကို သူတဦး တည်း အဓိက လက်ဝါးကြီးအုပ်လိုက်တယ်။ ဘဏ္ဍာကို သူ့အပေါင်းပါတစုနဲ့ ခွဲဝေလိုက်တယ်။ ကမ္ဘာမှာ ဘယ်အာဏာရှင်မဆို အာဏာကို တဦးတည်းကိုင်ပြီး ဘဏ္ဍာကို သူ့အစုအတွင်း ခွဲဝေလေ့ ရှိပါတယ်။

ဒီလို ဗိုလ်နေဝင်းက တပါတီအာဏာရှင်စနစ်ကျင့်သုံးတာကို လူအတော် များများက ကွန်မြူနစ်ပါတီတွေ ကျင့်သုံးတဲ့ ဆိုရှယ်လစ်ဒီမိုကရေစီ အာဏာရှင်စနစ်နဲ့ ခပ်လွယ်လွယ် ရောထွေးကြည့်မြင်လိုက်ကြတယ်။ ကမ္ဘာပေါ်မှာ အာဏာရှင်အားလုံးဟာ အရင်းရှင်အာဏာရှင် ချည်းပဲ ဖြစ်တယ်။ တချို့က စစ်အုပ်စုဖွဲ့တယ်။ တချို့ က စစ်အုပ်စုမဖွဲ့ဘူး။ တချို့က နိုင်ငံရေး အရေ တခုခုကို ခြုံတယ်။ တချို့က မခြုံဘူး။ ဒါပဲ ကွာတယ်။ ဒီအာဏာရှင်အားလုံးဟာ ကွန်မြူနစ်ကို သူတို့ရဲ့ အဓိက ရန်သူပဲ ဆိုပြီး သတ်မှတ်တာ တူညီကြတယ်ဆိုတာကိုတော့ လူတော်တော်များများ မသိကြဘူး။ ဒါမှမဟုတ် မသိချင်ယောင် ဆောင်နေကြတယ်။

လက်ရှိဗမာပြည်မှာ စစ်အာဏာရှင်စနစ် ကြီးစိုးနေတာကြောင့် ဘယ်လူတန်းစား ဘယ် လူ့အလွှာမှ ဒုက္ခမကင်းဝေးနိုင်ကြပါ။ မတူတဲ့အတိုင်းအတာနဲ့ ဒုက္ခရောက်နေကြပါတယ်။ ခြုံငုံပြီးပြောရင်တော့ လူမျိုးစုံပြည်သူလူထုကြီးတရပ်လုံး ဒုက္ခပင်လယ်ဝေပါတယ်။ နောက်တခါ ထပ်ပြောရရင်တော့ တမျိုးသားလုံး ဒုက္ခ ဆင်းရဲတွင်း ကျဆင်းနေရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တမျိုးသားလုံး စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ တန်းတူရေးတွေ တောင်း ဆိုနေကြတာဖြစ်ပါတယ်။ ဒီတောင်းဆိုမှုတွေကို အကောင်အထည်ဖော်မယ်ဆိုရင် စစ်အာဏာ ရှင်စနစ်ကို ဖျက်သိမ်းရပါမယ်။ နိုင်ငံရေးအာဏာကို ပြည်သူလူထုရဲ့ ကိုယ်စားလှယ်တွေရဲ့ လက်ထဲ ရောက်အောင်လုပ်ရပါမယ်။ ပြည်သူလူထုရဲ့ ကိုယ်စားလှယ်လက်ထဲကို နိုင်ငံရေးအာဏာ ရောက်ရှိမှ ဒီမိုကရေစီကို ပြည်သူလူထုကြီးက ခံစားရပါလိမ့်မယ်။

နိုင်ငံရေးအာဏာပြဿနာမှာ ဗိုလ်နေဝင်းစစ်အုပ်စုကအစ ဗိုလ်သန်းရွှေ စစ်အုပ်စုအဆုံး ဘယ်တုန်းကမှ စိတ်ကူးမယဉ်ဘူး။ သိပ်လက်တွေ့ကျတယ်။ လွယ်လွယ်နဲ့ ဘယ်တော့မှ နိုင်ငံရေး အာဏာကို စွန့်မှာမဟုတ်ဘူး။ ဗိုလ်နေဝင်း အမျိုးမျိုး လိမ်ညာပြီး နိုင်ငံရေးအာဏာကို ထိန်းတယ်။

**ဗိုလ်သန်းရွှေဟာလည်း အာဏာပြဿနာမှာ သိပ်လက်တွေ့ကျပါတယ်။ လိမ်ဖို့ ဝန်မလေးဘူး။ ပြောင်းတိုက်ဖို့ ဝန်မလေးဘူး။ ရက်ရက်စက်စက်သတ်ဖြတ်ဖို့ ဝန်မလေးဘူး။ နိုင်ငံတကာ အသိုင်းအဝိုင်းမှာ အထီးကျန်ဖြစ်မှာလည်း မကြောက်ဘူး။**

အဲဒီနည်းနဲ့ ထိန်းမရရင် ရက်ရက်စက်စက် အကြမ်းဖက်သတ်ဖြတ်တဲ့နည်းပဲ သုံးတယ်။ ကနေ့ ဗိုလ်သန်းရွှေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးအင်အားစုအားလုံး ပြည်သူလူထု တရပ်လုံး ရင်ဆိုင်နေရတာ ဒီပြဿနာပဲ။ ဗိုလ်သန်းရွှေဟာလည်း အာဏာပြဿနာမှာ သိပ်လက်တွေ့ကျပါတယ်။ လိမ်ဖို့ ဝန်မလေးဘူး။ ပြောင်းတိုက်ဖို့ ဝန်မလေး ဘူး။ ရက်ရက်စက်စက်သတ်ဖြတ်ဖို့ ဝန်မလေးဘူး။ နိုင်ငံတကာ အသိုင်းအဝိုင်းမှာ အထီးကျန်ဖြစ်မှာလည်း မကြောက်ဘူး။

အခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရန်သူလိုသဘောထားပြီး ဆက်ဆံနေတာဟာ သူ့အာဏာကို ထိလို့ပဲ။ ဒီချုပ်မှာကလည်း နိုင်ငံရေးအာဏာကို တရားဝင် ရပိုင်ခွင့်ရှိတဲ့ နိုင်ငံရေး အဖွဲ့အစည်းဖြစ်တယ်။ စစ်အုပ်စုဟာ ဒီချုပ်ကို မလိမ့်တပတ် လုပ်တာပဲဖြစ်ဖြစ်၊ အပြတ်ရှင်းပြီးပဲ ဖြစ်ဖြစ် သူ့လမ်းညွှန် ၇ ချက်ကို ရအောင်ချဖို့ စိုင်းပြင်းနေပါတယ်။

ဒါကြောင့် ပြည်သူလူထု လှုပ်ရှားမှုကို မြှင့်တင်ပြီး ပြည်သူလူထု ကိုယ်စားလှယ်တွေ လက်ထဲ နိုင်ငံရေးအာဏာရရှိအောင် နည်းအမျိုးမျိုးနဲ့ လုပ်ရမှာပဲ ဖြစ်တယ်။ ပြည်သူလူထု ကိုယ်စားလှယ်တွေလက်ထဲ နိုင်ငံရေးအာဏာရရှိမှသာ လူထုကြီးအတွက် ဒီမိုကရေစီဆိုတာ ရမှာဖြစ်ပါတယ်။ အဲဒီ ရလာတဲ့ ဒီမိုကရေစီဟာ ဘယ်လို ဒီမိုကရေစီမျိုးလည်းဆိုတာကို လူထုကြီးက ဆုံးဖြတ်ပါလိမ့်မယ်။ ။

**ဓာသက်နောင်**

**စီးပွားရေးကပ်က သူ့သရုပ်မှန်ကို ဖွင့်ပြပေးခြင်း ခံလိုက်ရတဲ့**

# ကမ္ဘာ့လက္ခဏာဆောင် စီးပွားရေး

**ညိုစိန်ဝင်း**

ဒီနေ့ အမေရိကန်မှာ ဖြစ်ပေါ်နေတဲ့ စီးပွားရေးကပ်ကြီးကို ကျွန်တော်တို့ အလေးထားစူးစိုက်မှုနဲ့ ကြည့်မြင်ပါတယ်။ ဘာလို့လဲဆိုတော့ အမေရိကန်မှာ စတင်ပေါ်ခဲ့တဲ့ ဒီစီးပွားရေးကပ်ဟာ အမေရိကန်သာမက တကမ္ဘာလုံးကို ရိုက်ခတ်နိုင်စွမ်းရှိလို့ပါ။ စီးပွားရေး ကမ္ဘာ့လက္ခဏာဆောင်နေတဲ့ ဒီခေတ်ကြီးမှာ အမေရိကန်စီးပွားပျက်ကပ်ဟာလည်း ကမ္ဘာ့လက္ခဏာ ဆောင်လာနိုင်ပါတယ်။ တစ တစ ဆောင်လာနေပါတယ်။ အမေရိကန်က ကမ္ဘာ့လွှမ်းခြုံစီးပွားရေးမှာ ဦးဆောင် နိုင်ငံတနိုင်ငံအဖြစ် ရှေ့တန်းက ပါဝင်နေတယ်မဟုတ်လား။ အနေးနဲ့အမြန် ဒီကပ်ရဲ့ ရိုက်ခတ်မှုကို ပိုပြီးခံရမှာပါ။ ကြာလေ ရိုက်ခတ်မှုပိုပြင်းလေ ဖြစ်လာနိုင်ပါတယ်။ ဗမာ ပြည်သူတွေ အပါအဝင် ကမ္ဘာ့လူသားတွေ ဒီရိုက်ခတ်မှုကို ကျယ်ကျယ်ပြန့်ပြန့် ခံရနိုင်ပါတယ်။ (ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့) နအဖက ဒီကပ်ကို ဘယ်လိုပဲ လျစ်လျူပြုနေနေ ဗမာပြည်သားတွေကတော့ ဒီဒဏ်ကို စတင်ခံနေရပြီ မဟုတ်လား။ ပဲဈေးကွက်၊ အလုပ်သမားဈေးကွက်၊ လောင်စာဆီဈေးကွက်၊ အလုပ်လက်မဲ့ ဖြစ်မှု၊ အလုပ်အကိုင် ရှားပါးလာမှုတို့က အမြင်သာဆုံးပါပဲ။ ဒီနောက်တော့ ဒီဒဏ်ကို သာမန်ပြည်သူတွေအများစု ခံစားလာရမှာပါ။ ကမ္ဘာ့လူသားတွေအကျိုး ဗမာပြည်သူတွေအကျိုး လိုလားသူမှန်သမျှ ဒီကပ်အပေါ် အာရုံမစိုက်လို့ မရပါဘူး။ အာရုံစိုက်မှသာ ကိုယ့်ပြည်သူတွေရဲ့ ဒုက္ခ သက်သာလျော့နည်းရေးလမ်းကို စဉ်းစားနိုင်မှာ မဟုတ်လား။ တော်လှန်ရေးရဲ့ အခြေအနေ နဲ့အခွင့်အခါကို ပိုမိုတွက်ဆနိုင်မှာ မဟုတ်လား။ ဒါပေမဲ့ ဒီဆောင်းပါးမှာ အခု ဆက်တိုက်ဖြစ်နေတဲ့ အမေရိကန်စီးပွားရေးကပ်ရဲ့ ဂယက်ရိုက်ခတ်မှု နေ့စဉ်နဲ့အမျှ ဖြစ်ပေါ်နေတာတွေကို အသေးစိတ် ဖော်ပြပြောဆိုနေမှာ မဟုတ်ပါဘူး။ ကပ်တွေဖြစ်ပေါ်စေတဲ့ ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေး (ဂလိုဘယ်လိုက်ဇေးရှင်း) နဲ့ ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေးထဲက ကပ်အကြောင်းကိုသာ သူ့ဘာလဲ ဆိုတာ ပေါ်လွင်အောင် မီးမောင်းထိုးပြဖို့ ရည်ရွယ်တာပါ။

ပထမဆုံးပြောချင်တာကတော့ အရင်းရှင်စနစ်၊ ၎င်းရဲ့စီးပွားပျက်ကပ်များအပေါ် မာ့က်စ်ဝါဒရဲ့ ကြည့်မြင်သုံးသပ်ပုံနည်းနဲ့ကြည့်လိုက်ရင် သူ့ရဲ့ အကျိုးအကြောင်းတရားတွေကို အကွင်းလိုက် အကွင်းလိုက် ရှင်းရှင်းကြီး မြင်နိုင်တယ်ဆိုတဲ့အချက်ပါ။ ဒီကပ် စတင်ဖြစ်ပေါ်ခါစမှာပဲ ဂျာမဏီပြည်မှာ မာ့စ်ဝါဒအပေါ် လူတွေ ပြန်လည်အာရုံစိုက်လာကြပါတယ်။ မာ့က်စ်ရဲ့ အရင်းကျမ်း စာအုပ်တွေကို ပြန်လည်ဝယ်ယူပြီး ဖတ်ရှုလေ့လာကြတယ်။ အရင်းရှင်စနစ်အပေါ် မာ့က်စ် ဘယ်လို ကြည့်မြင်တယ်။ အရင်းရှင်စီးပွားရေးနဲ့ အရင်းရှင်စီးပွားရေးကပ်တွေအပေါ် မာ့က်စ် ဘယ်လိုသုံးသပ် ရေးသားထားသလဲဆိုတာ ရှာဖွေစူးစမ်းကြတယ်။ ဂျာမဏီမှာ မာ့က်စ်ရဲ့စာအုပ်တွေ ရောင်းချရမှုကို ကြည့်ရင် ဒီကပ်ဖြစ်ပေါ်ပြီး တလအတွင်း ရောင်းရတဲ့စာအုပ်အရေအတွက်ဟာ ယခင်တနှစ်လုံး ရောင်းရတဲ့ အရေအတွက်ထက် ပိုများလာတယ်လို့ ဆိုပါတယ်။ ဒီလို စီးပွားရေးကပ်ဖြစ်ပေါ်လာချိန်မှာ မာ့က်စ်ရဲ့စာအုပ်တွေကို လူတွေ ဘာလို့အလေးထားလာကြတာလဲ။ အရင်းရှင်စနစ်အပေါ် မာ့က်စ်ဝါဒရဲ့ကြည့်မြင်မှု မှန်ကန်တယ်ဆိုတာ သိလာကြလို့ပါ။ ဂျော့–ဆိုးရပ်လို ပုဂ္ဂိုလ်မျိုး တွေနဲ့ တခြားအရင်းရှင်ကြီးတချို့တောင် မာ့က်စ်ဝါဒကို ဖတ်ရှုလေ့လာကြပြီး အများပိုင်းကို ကြိုက်ပါတယ်လို့ ပြောလာကြတယ်မဟုတ်လား။ ဒါကြောင့် ဒီနေ့ စီးပွားရေးဂလိုဘယ်လိုက် ဇေးရှင်းနဲ့ သူက ဖြစ်ပေါ်စေလိုက်တဲ့ အမေရိကန်စီးပွားရေးကပ်အကြောင်း မာ့စ်ဝါဒက တင်ပြထား တဲ့အချက်တွေနဲ့ စစ်ဆေးစိစစ်ကြည့်ရင် သူ့ရဲ့သရုပ်မှန် ပီပီပြင်ပြင် ပေါ်လာလိမ့်မယ်ထင်ပါတယ်။

ဒုတိယအနေနဲ့ကတော့ ဒီနေ့ဖြစ်ပေါ်နေတဲ့ကပ်အကြောင်း ပြောတဲ့အခါမှာ အမေရိကန်က နိုင်ငံခြားရေးဝန်ကြီးဟောင်း ကမ္ဘာမှာ ကျော်ကြားနေဆဲဖြစ်တဲ့ ကစ်ဆင်းဂျားရဲ့ အမြင်ကို အခြေခံထားပြီး ကိုးကား၊ ဝေဖန်၊သုံးသပ်ချင်တာပါ။ ဒီလိုဆိုလို့ ကစ်ဆင်းဂျားရဲ့အမြင်ကို မှန်တယ်ဆိုပြီး ယူဆကိုးကားမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကစ်ဆင်းဂျားဟာ အမေရိကားနဲ့ အမေရိကန်စီးပွားရေးအကြောင်း ခြေခြေမြစ်မြစ် သိထားတယ်လို့ ယူဆရလို့ပါ။ နောက်ပြီး ဒီကပ်နဲ့ပတ်သက်ပြီး သူက သူမြင်သလောက် မထောက်မညှာရေးထားတာကို လည်း တွေ့ရလို့ပါ။ နောက်ပြီး သူက ဒီကပ်နဲ့ ပတ်သက်လို့ ကုစားရမယ့်ဆေးညွှန်း တွေကိုလည်း ပေးထားပါသေးတယ်။ ဒါပေမဲ့ ဒီဆေးတွေ သောက်လည်း ဒီရောဂါ ရှင်းရှင်းကြီး ပျောက်သွားမယ်လို့ သူကိုယ်တိုင် မယုံပါဘူး။ ရောဂါသက်သာမယ့် ဆေးမြီးတိုတွေကို သူ ပေးကြည့်လိုက်တာပါ။

ကစ်ဆင်းဂျားက ယခုဖြစ်ပေါ်နေတဲ့ ကပ်ဟာ ဂလိုဘယ်လိုက် ဇေးရှင်းဆိုတဲ့ ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေးစနစ်ကနေ ဖြစ်ပေါ်လာတယ်ဆိုပြီး ခြုံငုံသုံးသပ်ကာ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ အပြစ်အနာအဆာတွေကို ထောက်ပြထားတယ်။ ဒီခြုံငုံသုံးသပ်တဲ့အမြင်မှာတော့ ကစ်ဆင်းဂျားဟာ လုံးဝမှန်ကန်မှုရှိပါတယ်။ အရင်းရှင်စီးပွားရေးစနစ်မှာ အရင်းရှင်လူ့အဖွဲ့အစည်း တခုလုံးရဲ့ တည်ရှိမှုကို တကြိမ်ထက်တကြိမ် ပိုမိုခြိမ်းခြောက်နေတဲ့၊ ကာလပိုင်းအလိုက် ကုန်သွယ်ရေး စီးပွားရေးကပ်များ ထပ်ပြန်တလဲလဲ ဖြစ်ပေါ်နေလေ့ရှိတယ်ဆိုတဲ့ မာ့က်စ်ဝါဒရဲ့အမြင်နဲ့လည်း ကိုက်ညီမှုရှိပါတယ်။ နောက်ပြီး အခု သူတင်ပြထားတဲ့အချက်တွေဟာ မာ့က်စ်ဝါဒဖော်ပြခဲ့၊ အနှစ်သာရကို သရုပ်ခွဲပြခဲ့တဲ့ ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေး(ဂလိုဘယ်လိုက်ဇေးရှင်း) နဲ့ အရင်းရှင်စီးပွားရေးစနစ်ရဲ့ အခိုင်အမာ အပြစ်အနာအဆာတွေ ဖြစ်နေတာကိုလည်း တွေ့ရတယ်။ တနည်းပြောရရင် အရင်းရှင်စနစ်အပေါ် မာ့က်စ်ဝါဒ ကြည့်မြင်ချက်တွေဟာ မှန်ကန်ကြောင်း သူက သက်သေပြထားသလို ဖြစ်နေတာပေါ့။ ဒါကြောင့် သူ့တင်ပြချက်တွေကို ကိုးကားထားပါတယ်။

(ဒီနေ့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ အကြီးအကျယ် ခေတ်စားလာချိန်မှာ ဒီဂလိုဘယ်လိုက်ဇေး ရှင်းဆိုတာ မာ့က်စ်ဝါဒက အစောကြီးကတည်းက တွက်ဆပြထားပြီးသားပဲ ဆိုတာ မာ့က်စ်ဝါဒလေ့လာသူတချို့ သိကြပါတယ်။

**“ခေတ်မီစက်မှုလုပ်ငန်းကြီးက ကမ္ဘာ့ဈေးကွက်ကို တည်ထောင်လိုက်တယ်”**

**“ဓနရှင်လူတန်းစားဟာ ကမ္ဘာ့ဈေးကွက်ကို ဖွင့်လှစ်လိုက်ခြင်းဖြင့် တိုင်းပြည်တိုင်းရှိ ထုတ်လုပ်ရေးနဲ့ သုံးစွဲရေးကို ကမ္ဘာ့လက္ခဏာ ဆောင်စေလိုက်တယ်။”**

ကွန်မြူနစ်ကြေညာစာတမ်းထဲမှာ မာ့က်စ်နဲ့အိန်ဂယ်တို့က အတိအလင်း ရေးသားဖော်ပြခဲ့တာပါ။

“စက်မှုလုပ်ငန်းဟာ ပြည်တွင်းကုန်ကြမ်းကိုသာ သုံးစွဲတာ မဟုတ်တော့ပါ။ အဝေးကွာဆုံးနေရာမှ ယူဆောင်လာတဲ့ ကုန်ကြမ်းကို သုံးစွဲလာတယ်။ စက်ရုံက ထုတ်လုပ်လိုက်တဲ့ အထွက်ပစ္စည်းတွေကိုလည်း ကိုယ့်နိုင်ငံမှာသာမက ကမ္ဘာအနှံ့သုံးစွဲရတဲ့အခြေအနေ ရောက်ရှိလာစေတယ်။ ကိုယ့်တိုင်းပြည်ထွက် ပစ္စည်းများနဲ့ ဖြည့်တင်းနေကျဖြစ်တဲ့ ဟောင်းနွမ်းနေတဲ့ လိုအပ်မှုများနေရာမှာ ဝေးကွာတဲ့တိုင်းပြည်၊ ရာသီဥတု ကွဲပြားတဲ့ဒေသ နေရာများက အထွက်ပစ္စည်းများနဲ့ ဖြည့်တင်းပေးရတဲ့ လိုအပ်မှုအသစ်များ အစားထိုးဝင်ရောက်လာပါတယ်။ ဟောင်းနွမ်းနေပြီဖြစ်တဲ့ ဒေသချင်းကင်းကွာမှု၊ အမျိုးသားချင်းကင်းကွာမှု၊ မိမိဘာသာဖူလုံမှု စတာတွေရဲ့နေရာမှာ အမျိုးသားများ တဦးနဲ့တဦး အဘက်ဘက်မှ ဆက်သွယ်နေရမှု၊ အပြန်အလှန် မှီခိုနေရမှုတို့နဲ့ အစားထိုးလိုက်ရတဲ့အဖြစ် ရောက်လာတယ်။ ရုပ်ဝတ္ထု ထုတ်လုပ်ရေးဘက်မှာသာ မကဘူး။ အသိပညာထုတ်လုပ်ရေးမှာလည်း ဒီအတိုင်းပဲ။”ဆိုပြီး မာ့က်စ်တို့၊ အိန်ဂယ်တို့က ကမ္ဘာ့လက္ခဏာဆောင်တဲ့ စီးပွားရေး အခြေအနေတွေကို စိစစ်ပြခဲ့ပါတယ်။ အဲဒါက အခြေခံပါ။ အဲဒီနောက် အရင်းရှင်လူတန်းစားဟာ မိမိအထွက်ပစ္စည်းများအတွက် ဈေးကွက်ကို အဆက်မပြတ် တိုးချဲ့ဖို့ လိုအပ်နေတာကြောင့် ကမ္ဘာအနှံ့ ပြေးလွှားနေရာကနေ နောက်ပိုင်းမှာ ကမ္ဘာ့ ဈေးကွက်ဆိုတာ ဖန်တီးပြီး ကမ္ဘာ့လက္ခဏာဆောင်တဲ့ ကုန်သွယ်ရေး၊ စီးပွားရေးနဲ့ ငွေကြေးစနစ်တို့ကို ဖော်ဆောင်လာတာပါ။ ဒါနဲ့အတူ လွတ်လပ်တဲ့ဈေးကွက်၊ လွတ်လပ်တဲ့ကုန်သွယ်မှု၊ လွတ်လပ်တဲ့ပြိုင်ဆိုင်မှုလို့ ကြွေးကြော်လာကြတာပါ။ နည်းပညာတွေ တိုးတက်ထွန်းကားလာမှုကလည်း သူတို့ရဲ့ ကမ္ဘာ့လက္ခဏာဆောင်တဲ့ စီးပွားရေးကို ဖော်ဆောင်ရာမှာ အရှိန်အဟုန် ပိုမို မြန်ဆန်အောင် အထောက်အကူပြုပေးခဲ့ပါတယ်။ သူတို့ပြောနေတဲ့ လွတ်လပ်ရေးဆိုတာတွေအားလုံးထဲမှာ သူတို့အလိုချင်ဆုံး လွတ်လပ်ရေးကတော့ လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်ရေးဆိုတာပါပဲ။ အဲဒီကမ္ဘာ့လက္ခဏာဆောင်စီးပွားရေးဟာ မျက်မှောက်ခေတ်မှာတော့ မျက်မှောက်ခေတ်ရဲ့ ဖော်ပြချက်လက္ခဏာတွေနဲ့ ဆင်ယင်ထားပါတယ်။ ဒါပေမဲ့ အနှစ်သာရကတော့ အတူတူပါပဲ။ အဲဒီအနှစ်သာရကို မာ့က်စ်က အတိုဆုံးနဲ့ အပေါ်လွင်ဆုံး ပြောလိုက်တာကတော့ “တခွန်းတည်း ပြောရရင် ဓနရှင်ပုံစံအတိုင်း ကမ္ဘာတခုကို ဖန်တီးလိုက်တာပါပဲ”တဲ့။ အဲဒီလို ဓနရှင်ပုံစံအတိုင်း ကမ္ဘာတခု (ဒါမှမဟုတ် မျက်မှောက်ခေတ်အရ ပြောရရင် အမေရိကန်ပုံစံအတိုင်း ကမ္ဘာတခု)ကို ဖန်တီးဖို့ ကြိုးစားတဲ့အခါမှာ ဘယ်လို အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်လာ ပါသလဲ။)

ကစ်ဆင်းဂျားရဲ့ မျက်မှောက်အခိုင်အမာ တင်ပြချက်တွေကတော့…

– သမိုင်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် တကယ့်ကို ကမ္ဘာ့လက္ခဏာဆောင် စီးပွားရေးစနစ်ဟာ သည့်အရင်က မမျှော်မှန်းနိုင်ခဲ့တဲ့ ချမ်းသာကြွယ်ဝမှု အလားအလာကောင်းတွေနဲ့အတူ ဖြစ်တည်လာတယ်။ တချိန်တည်းမှာ ဆန့်ကျင်ဘက်အဖြစ် ကမ္ဘာ့လက္ခဏာဆောင် စီးပွားရေးစနစ်ဟာ သူ့ရဲ့ရည်မှန်းချက် ပြည့်မြောက်အောင် ဖော်ဆောင်ခြင်းကို ခြိမ်းခြောက်မှုပြုလာတဲ့ အမျိုးသားရေးဝါဒတရပ်ကိုလည်း တပါတည်း ခေါ်ဆောင်လာခဲ့တယ်။

– ကမ္ဘာ့လက္ခဏာဆောင် စီးပွားရေးစနစ်ရဲ့ အခြေခံအကြောင်းတခုကတော့ လွတ်လပ်စွာ ပြိုင်ဆိုင်မှုဖြစ်စဉ်ဟာ အချိန်တိုအတွင်း ထိရောက်တဲ့ အကျိုးဆက်တွေ ပေါ်လာခြင်းပါပဲ။ လွတ်လပ်စွာ ပြိုင်ဆိုင်ရင်းက နိုင်သူနဲ့ ရှုံးသူဆိုပြီး ပေါ်လာတယ်။ တကယ်လို့ ရှုံးတဲ့သူက ရေရှည်တောက်လျှောက်ရှုံးလာရင်တော့ သူနဲ့ရင်းနှီးကျွမ်းဝင်တဲ့ နိုင်ငံရေးအဖွဲ့အစည်းဆီ ဦးတိုက်ပြီး သူ့ကိုကယ်တင်ဖို့ အမှီအခိုပြုရတယ်။

– စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ ကမ္ဘာ့လက္ခဏာဆောင်တဲ့ စီးပွားရေးစနစ်က ပြည်တွင်းနိုင်ငံရေးအပေါ် နည်းလမ်း ၂ သွယ်နဲ့ အကျိုးသက် ရောက်မှု ဖြစ်စေတယ်။ ပိုကောင်းလာတဲ့ ကုန်ထုတ်နှုန်းထား မြင့်မားလာမှုက ပို ကောင်းလာတဲ့ ချမ်းသာကြွယ်ဝမှုရဲ့ ဆန့်ကျင်ဘက်အဖြစ် အလုပ်လက်မဲ့နှုန်း မြင့်မားမှုလည်း အတူယှဉ်တွဲ ဖြစ်ပေါ်လာတယ်။ တချိန်တည်းမှာ နိမ့်ကျတဲ့ အောက်ခြေ ကာယအလုပ်တွေမှာ အသုံးပြုတဲ့၊ နိုင်ငံခြားကလာတဲ့ အလုပ်သမားတွေကို ပြောင်းရွှေ့ဖယ်ရှားတဲ့ အဖြစ်အပျက်တွေလည်း ပေါ်လာတယ်။ (ကစ်ဆင်းဂျား ပြောတဲ့ဒီပြဿနာနဲ့ ပတ်သက်လို့ အမေရိကန်အစိုးရက ဂွာတီမာလာက အလုပ်သမားများအား သူတိုင်းပြည် ပြန်ပို့တာကို ဥပမာအဖြစ် ကြည့်နိုင်ပါတယ်။ ဒီကိစ္စမှာ ဂွာတီမာလာအစိုးရကတောင် မကျေနပ်ပါ။) ယဉ်ကျေးမှုချင်း ထိပ်တိုက်တွေ့မှုနဲ့ လူမျိုးခွဲခြား ဝိုင်းပယ်တဲ့ အမျိုးသားရေးဝါဒတရပ်တို့ဟာ ကြီးထွားလာတယ်။ ကိုယ်ကျိုးစီးပွားကာကွယ်မှုဝါဒ အသွင်အမျိုးမျိုးဟာ ဒီနည်းနဲ့ ပြည်တွင်းမှာ အခြေခံမှုဖြစ်လာတယ်။

– ဒီကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဟာ စက်မှုလုပ်ငန်းကမ္ဘာရဲ့ ထုတ်လုပ်ရေးကဏ္ဍမှာတောင် နေရာယူလာတယ်။ ကမ္ဘာတဝန်းလုံးက တမျိုးတစားတည်းသော စက်မှုလုပ်ငန်းတွေနဲ့ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေကို အင်တာနက်မှတဆင့် ချိတ်ဆက်လုပ်ကိုင်တဲ့ နယ်ကျော်စီးပွားရေးလုပ်ငန်းတွေဟာ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်နေရာတွေမှာ ရုံးခွဲတွေထားပြီး လုပ်ငန်းလည်ပတ်ကာ စီးပွားရေးလုပ်ဆောင်ကြတယ်။ ဒီစီးပွားရေးရုံးခွဲတွေ ဟာ အဲဒီဒေသက သက်ဆိုင်ရာအစိုးရတွေထက်တောင် လုပ်ပိုင်ခွင့် ပိုရနေကြတယ်။ သူတို့အတွက် ပိုပြီး အကန့်အသတ်နည်းနေတယ်။(ကစ်ဆင်းဂျားတင်ပြချက်အတွက် အကောင်းဆုံးဥပမာမှာ နိုင်ငံစုံကော် ပိုရေးရှင်းကြီးတခုရဲ့ အမှုဆောင်အရာရှိချုပ် CEO က ထိုနိုင်ငံဝန်ကြီးချုပ် ထက် ပိုပြီး ဩဇာအာဏာရှိနေခြင်းပါ။)

အမျိုးသားစီးပွားရေးအပေါ် ယေဘုယျ မှီခိုနေရတဲ့ စီးပွားရေးလုပ် ငန်းတွေကျတော့ ဒီလိုအခွင့် အရေးမျိုးတွေ မရပါဘူး။ သူတို့ဟာ သူတို့ခန့်ထားတဲ့ အလုပ်သမား ဝန်ထမ်းအင်အားစုတွေကို အနိမ့်ဆုံးလစာပဲ ပေးထားနိုင်တယ်။ ဘာမျှော်လင့်ချက်၊ ဘာအလားအလာကောင်းကိုမှလည်း ပေးမထားနိုင်ဘူး။ ဒီစီးပွားရေးလုပ်ငန်းတွေဟာ ပိုပြီး အကန့်အသတ်ရှိတဲ့ ဈေးကွက်တွေပေါ်မှာနဲ့ အမျိုးသား နိုင်ငံရေးလုပ်ငန်းစဉ်အပေါ်မှာ မှီခိုနေရတဲ့ အဖြစ်မျိုးသာ ဆိုက်ရောက်နေတယ်။ နယ် ကျော်ကုမ္ပဏီကြီးတွေကတော့ လွတ်လပ်စွာကုန်သွယ်ခွင့်နဲ့ အရင်းအနှီးရဲ့ လွတ်လပ်ခွင့်ကိုပဲ

ရပ်ခံကြတယ်။ ပြောကြတယ်။ အမျိုးသားဆိုင်ရာကုမ္ပဏီတွေ(နဲ့ အလုပ်သမားသမဂ္ဂတွေ) မှာတော့ မကြာခဏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဘက် ရောက်ရှိသွားလေ့ရှိတယ်။

(အထက်ပါ တင်ပြချက်တွေမှာ ကစ်ဆင်းဂျားဟာ ကမ္ဘာ့လက္ခဏာဆောင် စီးပွားရေးစနစ်တွေက မညီမျှတဲ့ ကုန်သွယ်မှုအခွင့်အရေးတွေဖြစ်စေပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဘက် တိမ်းညွတ်ဖြစ်ပေါ်စေကြောင်း ဖော်ပြထားတယ်။ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဟာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေရော၊ ဖွံ့ဖြိုးဆဲနဲ့ မဖွံ့သေးတဲ့နိုင်ငံတွေမှာရော အားလုံးမှာ ပေါ်နိုင်တာပါ။ ဒီအချက်မှာလည်း အရင်း ရှင်စနစ်ဟာ "ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒနဲ့ ရက်စက်ကြမ်းကြုတ်မှု ဝါဒဘက် ပြန်လည်ရောက်ရှိသွားနိုင်တယ်"လို့ ၁၈၄၉ ခုနှစ်ကတည်းက မာ့က်စ် ကြိုတင် ဟောကိန်းထုတ်ထားတာနဲ့ တထပ်တည်းကျနေပါတယ်။ ရက်စက်ကြမ်းကြုတ်မှုဝါဒ သက် ရောက်နိုင်တဲ့ အလားအလာတွေ ပိုမိုရှိလာပြီလို့လည်း တချို့က တွက်ဆနေကြပါတယ်။)

သည့်နောက်မှာတော့ ကစ်ဆင်းဂျားက စီးပွားရေးကပ်တွေအကြောင်း ဆက်ပြောထားပါတယ်။

–အထက်ပါ တိမ်းညွတ်မှုတွေကို စီးပွားရေးကပ်တွေက အထင်အရှား ဖော်ပြလိုက်တယ်။ ကမ္ဘာလုံးဆိုင်ရာငွေကြေးစနစ်ကလည်း သူ့ရဲ့ကြီးထွားတိုးတက်မှုကို မျှော်မှန်းထားတဲ့ နှစ်ကာလတွေမှာပဲ သူ့ရဲ့ ကာလအလိုက် အကျပ် အတည်း ကပ်တွေကို ဖြစ်ပွားစေတယ်။ ၁၉၈၀– ခုနှစ်များတုန်းက လက်တင်အမေရိကားမှာ။ ၁၉၉၄ ခုနှစ်တုန်းက မက်ဆီကိုမှာ။ ၁၉၉၇ ခုနှစ်ကျတော့ အာရှ။ ရုရှားမှာက ၁၉၉၈ ခုနှစ်တုန်းက။ အမေရိကားကတော့ ၂၀၀၁ တုန်းက တခါ၊ ဟော–အခု ၂၀၀၇ ခုနှစ်မှာ တခါ။ (အခု ဖြစ်ပေါ်နေတဲ့ အမေရိကန်က အစပြုတဲ့ စီးပွားရေး ကပ်ဟာ ၂၀၀၇ ခုနှစ်ကတည်းက စတင်လာခဲ့ကြောင်း သတိပြုပါ။) စီးပွားရေးကပ်တိုင်းဟာ အစပျိုး ပုံမတူ ကြပေမယ့် တူညီတဲ့ ဘုံလက္ခဏာတွေ ရှိတယ်။ စီးပွားရေးလုပ်ငန်းတွေ ဆုတ်ယုတ်ပျက်ပြား လာတာ၊ စတော့ရှယ်ယာနဲ့ တန်ဖိုးရှိပစ္စည်းတွေ ဈေးကစား လာရတာ၊ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ကြုံလာရတာ စသဖြင့် ဖော်ပြလာတယ်။

– ဆယ်စုနှစ်ကာလတိုင်းမှာ အမြတ်ကြီးကြီးရဖို့ ဈေးကစားမှုလုပ်တဲ့ အရင်းအနှီးရဲ့ အခန်းကဏ္ဍဟာ ပိုမိုပေါ်လွင်လာတယ်။ ဈေးကစားအမြတ်ရှာတဲ့ စီးပွားရေးမှာ သူ့ရဲ့ အခြေခံကျတဲ့ဂုဏ်သတ္တိကတော့ ဖျတ်လတ်သွက်လက်မှုပဲ။ အခွင့်အလမ်းကို မြင်တဲ့အခါ တဟုန်ထိုးပြေးဝင်လိုက်၊ ဘေးအန္တရာယ်ရဲ့ ပွဲဦးထွက်အချက်ပြမှုကို လှမ်းမြင်လိုက်တဲ့အခါမှာ ထွက်ပေါက်ဘက် ခေါင်းတိုးဝင်လိုက်နဲ့၊ သူက ခြေသွက်ရပါတယ်။ ဒီလို ဈေးကစားပြီး အမြတ်ကြီးကြီးရှာတဲ့ အရင်းအနှီးဟာ မကြာခဏဆိုသလို စီးပွားရေးပူဖောင်းတွေရဲ့ ထိပ်မှာ ဝဲနေလိုက်၊ မကြာခင် စီးပွားရေးကပ်အတွင်း ဒလိမ့်ကောက်ကွေး ချာချာလည် ကျဆင်းသွားလိုက်နဲ့ပါ။

– ဒီလိုနဲ့ နိုင်ငံတကာ့စနစ်ဟာ ဆန့်ကျင်ဘက်ဖြစ်မှုတွေကို ရင်ဆိုင်လာရတယ်။ သူ့ရဲ့အလားအလာဟာ ကမ္ဘာ့လက္ခဏာဆောင်တဲ့ စီးပွားရေးရဲ့ အောင်မြင်မှုအပေါ် မှီခိုထား တယ်။ ဒါပေမဲ့ ဖြစ်စဉ်ကတော့ သူ့ရည်မှန်းချက်တွေနဲ့ ကဏ္ဍကောစဖြစ်စေမယ့် အပြန်အလှန် အကျိုးသက်ရောက်မှုတွေ ရှိနေတယ်။ ကမ္ဘာ့ လက္ခဏာဆောင်စီးပွားရေးစနစ်ရဲ့ မန်နေဂျာတွေဟာ သူတို့ရဲ့နိုင်ငံရေးလုပ်ငန်းတွေမှာ ဝင်ပြီး စီမံခန့်ခွဲနိုင်တဲ့ အခွင့်အလမ်းတွေ နည်းတယ်။ နိုင်ငံရေးလုပ်ငန်းရဲ့ မန်နေဂျာတွေကတော့ စီးပွားရေးမန်နေဂျာတွေနဲ့ တထပ်တည်းမကျတဲ့ ဆွဲဆောင်မှုတွေ၊

စီးပွားရေးမက်လုံးတွေ သူတို့မှာ ရှိနေတယ်။ ဒီကွာဟမှုကြီးကို ဖယ်ရှားပစ်ရလိမ့်မယ်။ အနည်းဆုံးတော့ ကျဉ်းမြောင်းသွားအောင်၊ သေးကျုံ့သွားအောင် လုပ်ရမှာပါ။

(ဆက်လက်ပြီး ကစ်ဆင်းဂျားက ဒီအပြစ်အနာအဆာတွေကို ကျော်နင်းဖို့ နည်းနာတွေ သူ အညွှန်းပေးတယ်။ သူနည်းနာတွေဟာ စီးပွားရေးကပ်အတွက်ရော၊ ကမ္ဘာ့ လက္ခဏာ ဆောင်စီးပွားရေးစနစ်အတွက်ရော ရည်ရွယ်ပုံရပါတယ်။)

– ပထမဆုံးလုပ်ရမှာကတော့ ဒီပြဿနာတွေဟာ ကြီးမားတဲ့ အောင်မြင်မှုရဲ့ အပြစ်အနာအဆာတွေပဲဆိုတာ အသိအမှတ်ပြုရမယ်။ ဒီချွတ်ယွင်းချက်တွေကို ငြင်းခုံဆွေးနွေးတဲ့အခါ အယူအဆရေးရာ အခြေခံဘောင်အတွင်းက တိုက်ခိုက်မှုတွေ ဖြစ်မသွားသင့်ဘူး။ ဒါမျိုးတွေဟာ အမေရိကားမှာ သမ္မတရွေးပွဲ၊ မဲဆွယ်ပွဲတွေမှာ မကြာခဏ ပေါ်လေ့ရှိတယ်။ နိုင်ငံရေးခေါင်းဆောင်တွေဟာ ၁၉၃၀ ခုနှစ်များတုန်းက စီးပွားရေးကပ်ကို ဦးတည်ဖြစ်ပွားစေတဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ရှောင်ရှားရမယ်။ အားမပေးရဘူး။

– ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေးစနစ်အပေါ် အမျိုးသားလုံ ခြုံရေးဆိုင်ရာ ထူးခြားတဲ့လက္ခဏာရှိတဲ့ ကန့်သတ်ချက်တွေပြုခြင်းဟာ အမျိုးသားရေးအခြေခံပေါ်မှာသာ စိုက်ထူထားသင့်တယ်။ တွန်းအားပေး လှုံ့ဆော်ရေးလုပ်နေတဲ့ အုပ်စုတွေ၊ ဥပဒေပြုလွှတ်တော်မှာ ဩဇာဝင်သုံးနေတဲ့ နိုင်ငံရေးပွဲစားတွေနဲ့ ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးတွေအပေါ်မှာ အခြေမခံသင့်ဘူး။ အမေရိကန်ပြည်ထောင်စုမှာ နောက်တက်လာမယ့် အစိုးရအဖွဲ့ဟာ အစိုးရပါတီနဲ့ အတိုက်အခံပါတီ ၂ ပါတီလုံးက ပါဝင်တဲ့ အဆင့်မြင့်ကော်မရှင်တရပ်ဖွဲ့ရမယ်။ ဒီအဖွဲ့က အမေရိကန်စက်မှုလုပ်ငန်းတွေနဲ့ နည်းပညာလုပ်ငန်းတွေရဲ့အခြေခံပေါ်မှာ မုချလိုအပ်တဲ့ မဟာဗျူဟာကို ဘယ်လိုချမှတ်မလဲဆိုတာနဲ့ ၎င်းမဟာဗျူဟာကို ထိန်းသိမ်းစောင့်ရှောက်ဖို့ စီမံခန့်ခွဲမှုတွေ ဘယ်လိုလုပ်မယ်ဆိုတာ စူးစမ်းလေ့လာရမယ်။ သူ့ရဲ့ ဦးစားပေးလုပ်ငန်းကတော့ ကျွန်တော်တို့ ပြိုင်ဘက်နိုင်ငံတွေနဲ့ ယှဉ်လိုက်ရင် အင်ဂျင်နီယာနဲ့ ပညာရှင် မွေးထုတ်မှု အလွန်နည်းပါးနေတဲ့ ကျွန်တော်တို့ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးကို အလေးထားရမယ်။ စံချိန်စံညွှန်းနဲ့ မူတွေဟာ အမျိုးသားလုံခြုံရေးအတွက် အခြေခံကျတာတွေပဲ ဖြစ်ရမယ်။ ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေးအတွက် ပြိုင်ဆိုင်တဲ့နေရာမှာ ကိုယ့်စီးပွားရေးလုပ်ငန်းတွေကို ကာကွယ်ဖို့ဆို တဲ့အပေါ် အခြေမခံသင့်ဘူး။ ဒီလမ်း စဉ်ကို ရေးဆွဲဖို့ ခက်မှာပါ။ နိုင်ငံရေးဆိုင်ရာ စီမံခန့်ခွဲမှုတွေ စွန့်စားပြီးလုပ်မှ ရမှာပါ။ ဒါပေမဲ့ ပြဿနာကတော့ ချုပ်ငြိမ်းသွားမှာ မဟုတ်သေးပါ။ တချို့အဆင့်တွေဆို ကိုင်တွယ်လို့မရနိုင်တဲ့ အခြေအနေ ဖြစ်လာဦးမှာပါ။ (ကစ်ဆင်းဂျားကိုယ်တိုင် ဆရာမနိုင်တဲ့ရောဂါသဘောမျိုး အကဲဖြတ်ထားတာကို သတိပြုပါ)

– နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းကြီးတွေဟာ လတ်တလော စိန်ခေါ်မှုတွေနဲ့ ဆီလျော်ကိုက်ညီတဲ့ လုပ်ငန်းတွေ လုပ်ရမယ်။ ပထမ စွမ်းအင်အကျပ်အတည်းကပ်တုန်းက စက်မှုထွန်းကားတဲ့ ဒီမိုကရေစီ ၆ နိုင်ငံတို့ဟာ ၎င်းတို့ ရဲ့ အနာဂတ် စီးပွားရေးနဲ့ လူမှုရေးတို့အတွက် ရည်မှန်းချက်လမ်းညွှန်တွေ ရေးဆွဲခဲ့ကြသလို ဒီကနေ့မှာလည်း ဂျီ– ၈ (G 8) နိုင်ငံတွေဟာ ထိပ်သီးအစည်းအဝေးတွေ ကျင်းပသင့်တယ်။ (၁၉၇၅ ခုနှစ် ဒီအုပ်စုကို စတင်ဖွဲ့စည်း စဉ်က ၆ နိုင်ငံပဲ ပါခဲ့တာပါ။ ၁၉၇၆ မှာ ကနေဒါကို ထပ်ဖြည့်လိုက်တယ်။ ရုရှားက ၁၉၉၈ ခုနှစ်ကျမှ ပါလာတယ်။) ပြင်သစ်ပြည် Rambouillet မှာ အစည်းအဝေးလုပ်ခဲ့စဉ်က ရင်းရင်းနှီးနှီးနဲ့ ပွင့်လင်း ချောမောတဲ့

အစည်းအဝေးဖြစ်အောင် သမ္မတအပါအဝင် တက်ရောက်သူ ၃ ဦးကိုပဲ ခွင့်ပြုခဲ့တယ်။ အဲဒီနောက်ပိုင်းကျတော့ အစည်းအဝေးတွေဟာ နိုင်ငံရေးအခမ်းအနားပုံစံလိုလို ညီလာခံလိုလို အဖြစ်မျိုးအဖြစ် လျှောကျလာခဲ့တယ်။

– ဒီအုပ်စုဟာ သူတို့ရဲ့ မူလရည်မှန်းချက်ကို ပြန်ပြီး ထိန်းသိမ်း ဖော်ဆောင်ရမယ်။ ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေး ရေရှည်ကျန်းမာသန်စွမ်းရေးကို အကျိုးသက်ရောက်စေမယ့်အချက်တွေကို အခြေခံပြီး အလုပ်အကျွေးပြုသွားရမယ်။ ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေးမှာ မပါဝင်နိုင်ဘဲ နောက်ချန်ထားခြင်းခံရတဲ့ လူ့အဖွဲ့အစည်းတွေကို အခွင့်အလမ်းကောင်းပေးနိုင်တဲ့ အချက်အလက်တွေ ပါဝင်စေရမယ်။ (အဲဒီအစည်းအဝေး၊ အဲဒီလုပ်ငန်းထဲမှာ အိန္ဒိယ၊ တရုတ်နဲ့ ဘရာဇီးလ်တို့ကိုလည်း ထည့်ရမယ်။) ၈ နိုင်ငံအုပ်စု အစည်းအဝေးလုပ်ချိန်မှာ မူလ စက်မှုထွန်းကားတဲ့ ဒီမိုကရေစီ ၇ နိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများပါဝင်တဲ့ အစည်းအဝေးတခု ဆက်လုပ်သွားရမယ်။ ဒီ ဂျီ – ၇ အဖွဲ့ဟာ တခြားကိစ္စများထက် ကမ္ဘာ့လက္ခဏာဆောင်စီးပွားရေးကြောင့် ပြည်တွင်းရေးဆိုင်ရာနဲ့ လူမှုရေးဆိုင်ရာဘက်တွေက ပုံပျက်ပန်းပျက် ကမောက်ကမ ဖြစ်နေတဲ့ ကိစ္စတွေကို ဦးစားပေးကိုင်တွယ်သွားရမယ်။

– နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံဟာ မျက်မှောက်မှာ ခေတ်မမီတော့ဘူး။ ၂၁ ရာစု ဘဏ္ဍာရေးအကျပ်အတည်းမှာ သူက ပွဲကြည့်ပရိသတ်လို ဘေးက ထိုင်ကြည့်သူ ဖြစ်နေတယ်။ သူက ပုဂ္ဂလိကပိုင် ကဏ္ဍများအတွင်းက ပုဂ္ဂလိကတွေနဲ့ ဖွဲ့စည်းထူထောင်ထားတာကိုး။ သူက မျက်မှောက်အခြေအနေနဲ့ အံဝင်ခွင်ကျဖြစ်အောင် ကြိုးပမ်းအားထုတ်မှုတော့ ပြုပါရဲ့။ သိပ်နှေးကွေးလွန်းတယ်။ IMF ကို ပြုပြင်ပြောင်းလဲဖို့ လိုနေပြီ။

– အမေရိကား စီးပွားရေးအကျပ်အတည်းကပ်ကို ဖြစ်ပေါ်စေတဲ့ ငွေချေးလုပ်ငန်းဟာ အရေးပေါ်လုပ်ငန်းတွေ လုပ်ရမှာသာမက ဒ့ါထက်ပိုပြီး နိုင်ငံတကာ နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဖို့လိုတယ်။ အကျပ်အတည်းကပ်မတိုင်မီက ငွေဖြုန်းတဲ့လုပ်ငန်းတွေနဲ့ မရှင်းမလင်းလုပ်ငန်းတွေကို လုပ်ခဲ့တာ ထင်ရှားပါတယ်။ ကိုယ့်ရဲ့ တာဝန်ရှိမှုနဲ့တာဝန်ယူရမယ့် ဝတ္တရားကို မသိကျိုးကျွံပြုပြီး အရောင်းအဝယ် ဈေးကစားမှုကို အားပေးတဲ့ ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းကိရိယာတွေရဲ့ ဖန်တီးပေးမှုနဲ့ သူတို့ ဒါတွေလုပ်နိုင်ခဲ့ကြတာပါ။ အပေါင်ခံ ငွေချေးစာချုပ်လုပ်ငန်း ပြိုလဲပျက်စီးသွားတဲ့အခါကျတော့ ငွေချေးပေးလိုက်တဲ့သူတွေဟာ ၎င်းတို့ရဲ့ တာဝန်ရှိမှုအတိုင်းအတာကို ခန့်မှန်းတွက်ချက်နိုင်စွမ်း ကင်းသွားကြတယ်။

– ကျင့်ဝတ်ဆိုင်ရာ ဘေးအန္တရာယ်ကိုလည်း ရင်ဆိုင်ကြဖို့ လိုပါလိမ့်ဦးမယ်။ မေးရာပါ ပဋိပက္ခသဘောဖြစ်နေတာကတော့ ဘဏ္ဍာရေးအဖွဲ့အစည်းတွေဟာ အကျိုးအမြတ်မြက်မြက်ကလေးရမယ့်ကိစ္စနဲ့ အိမ် မြေယာတို့လို အဖိုးတန်ပစ္စည်းတွေ စီမံခန့်ခွဲခွင့်ကနေ အကျိုးခံစားရနေတုန်းကတော့ ခွင့်ပြုချက်တွေပေးနိုင်ခဲ့ကြတယ်။ သည့်နောက် အခြေအနေက ပြောင်းသွားတော့ ဆုံးရှုံးမှုအတွက် ပေးရမယ့်ပမာဏက ကြီးလွန်းတယ်ဆိုပြီး ခွင့်ပြုချက် မပေးနိုင်ဘူးလို့ ကြေညာလာတယ်။ အခွန်ပေးဆောင်သူတွေ(အခွန်ထမ်းပြည်သူတွေ)အပေါ် ဒီ ဝန်ထုပ်ဝန်ပိုးကြီးကို ပခုံးပြောင်း အထမ်းခိုင်းလိုက်တာပဲပေါ့။ ရင်းနှီးမြှုပ်နှံမှု ဘဏ်တွေပဲဖြစ်ဖြစ်၊ ကြီးမားတဲ့ ငွေကြေးရန်ပုံငွေအဖွဲ့အစည်းတွေပဲဖြစ်ဖြစ် ဘဏ္ဍာရေးအဖွဲ့အစည်းတွေဟာ အခွန်ထမ်းပြည်သူတွေရဲ့ အကျိုး စီးပွားကို နည်းလမ်းရှာ အကာအကွယ်ပေးဖို့ ဂရုတစိုက် ကြိုးကြပ်လုပ်ဆောင်သင့်တယ်။

ချုပ်လိုက်ရင် စီးပွားရေးနဲ့ နိုင်ငံရေးအစီအစဉ်တွေအကြားက ကွာဟမှုဟာ လုံလောက်အောင် သေးကျုံ့ကျဉ်းမြောင်းသွားမှု မရှိဘူးဆိုရင် သူတို့နှစ်ဦးဟာ တဦးကိုတဦး အပြန်အလှန် အားနည်းချည့်နဲ့သွားစေမှုနဲ့သာ အဆုံးသတ်သွားလိမ့်မယ်။

ဒီတင်ပြချက်တွေဟာ ကစ်ဆင်းဂျားရဲ့ တင်ပြချက်တွေပါ။ သူ့တင် ပြချက်တွေကြည့်ရင်ကိုပဲ ကမ္ဘာ့လက္ခဏာဆောင်အရင်းရှင်စီးပွားရေးစနစ်ရဲ့ သရုပ်သကန်ကို ရှင်းရှင်းလင်းလင်းကြီး မြင်နိုင်ပါတယ်။ ဒီစီးပွားရေးစနစ်ကြောင့် ကုန်သွယ်ရေး မညီမျှတွေ ပေါ်လာတယ်။ လူမျိုးခွဲခြားတဲ့ အမျိုးသားရေးဝါဒတွေ ပေါ်လာတယ်။ ကမ္ဘာကြီးကို ကောင်းကျိုးမပေးခဲ့တဲ့၊ နောင်လည်း ကောင်ကျိုးပေးမှာမဟုတ်တဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒတွေ ထပ်ဖြစ်လာတယ်။ အလုပ်လက်မဲ့နှုန်းတက်လာတယ်။ လူမှုဆက်ဆံရေးတွေ ကမောက်ကမ ဖြစ်လာတယ်။ ဘယ်သူ့ကိုမှ မထောက်ထားတဲ့ အမြတ်ရှာစီးပွားရေးတွေ ဖြစ်လာတယ်။ ဖြစ်သမျှဒဏ် ငေက်ခံပေရော့ ဆိုပြီး ဆိုကျိုးတွေကို ပြည်သူတွေရဲ့ ပခုံးပေါ် လွှဲပေးတယ်။ သူတို့ရဲ့ ကမ္ဘာ့လက္ခဏာဆောင် အရင်းရှင်စီးပွားရေးစနစ်ဟာ လူ့အဖွဲ့အစည်းတွေရဲ့ အကျိုးစီးပွားတွေကို ထည့်မစဉ်းစားဘူး။...စတဲ့အချက်တွေ အခိုင်အမာပေါ်လာပါတယ်။ "ထုတ်လုပ်ရေးအမြဲမပြတ် ပြောင်းလဲခြင်း၊ လူမှုဆက်ဆံအားလုံး မတည်မငြိမ်ဖြစ်ခြင်း၊ ထာဝစဉ်မရေရာခြင်း၊ လှုပ်ရှားခြင်း"တွေဟာ အရင်းရှင်စနစ်ရဲ့ လက္ခဏာတွေပဲ မဟုတ်ပါလား။

ကမ္ဘာ့လက္ခဏာဆောင်တဲ့ စီးပွားရေးကို အကောင်အထည်ဖော်ရာမှာ အမေရိကန်ဟာ လွတ်လပ်တဲ့ ဈေးကွက်၊ လွတ်လပ်တဲ့ ရောင်းဝယ်ကုန်သွယ်မှု၊ လွတ်လပ်တဲ့ ပြိုင်ဆိုင်မှု...စတာတွေကို ကြွေးကြော်သလို "လစ်ဘရယ်ဝါဒသစ်" ကိုလည်း ယှဉ်တွဲကြွေးကြော်လာခဲ့တာပါ။ အရင်းရှင်စီးပွားရေးနဲ့ တပါတည်း အရင်းရှင်နိုင်ငံရေးကို တွဲခေါ်လာတာလည်း ဖြစ်ပါတယ်။ စီးပွားရေးမှာ သူတို့ပြောနေတဲ့ လွတ်လပ်မှုဆိုတာကို မာ့က်စ်ဝါဒက အစောကြီးကတည်းက "မရေမတွက်နိုင်တဲ့၊ ဖျက်သိမ်းမရနိုင်တဲ့၊ ခွင့်ပြုချက်နဲ့ ရရှိထားတဲ့ လွတ်လပ်မှုများနေရာမှာ တခုတည်းဖြစ်တဲ့၊ စဉ်းလဲတဲ့ လွတ်လပ်မှု(ဝါ) လွတ်လပ်စွာ ကုန်သွယ်မှုနဲ့ အစားထိုးလိုက်တယ်။ တခွန်းတည်းဆိုရရင် ဘာသာရေးနဲ့ နိုင်ငံရေးလှည့်စားမှု မျက်နှာဖုံးစွပ်ထားတဲ့ သွေးစုပ်ခြယ်လှယ်မှုနေရာမှာ ပြောင်ကျတဲ့၊ အရှက်မဲ့တဲ့၊ တိုက်ရိုက်ဖြစ်တဲ့၊ ရက်စက်တဲ့ သွေးစုပ်မှုနဲ့ ခနရှင်လူတန်းစားက အစားထိုးလိုက်တယ်" ဆိုပြီး ရှင်းလင်းစွာ ဖွင့်ဆိုပြထားပြီးသားပါ။ သူတို့က ကမ္ဘာ့လက္ခဏာဆောင် စီးပွားရေးနဲ့အတူ သူတို့ရဲ့နိုင်ငံရေးကို တွဲဖက်ခေါ်ဆောင်လာတာကလည်း "ခနရှင်လူတန်းစား ဖြစ်ပေါ်တိုးပွားမှုခြေလှမ်းတိုင်းမှာ ၎င်းနဲ့ လျော်ညီတဲ့ သူ့လူတန်း စားရဲ့ နိုင်ငံရေးတက်လှမ်းမှု လိုက်ပါလာခဲ့တယ်" လို့ မာ့က်စ်ဝါဒက ပြောထားခဲ့တဲ့အတိုင်းပါပဲ။ အမေရိကားမှာ ဖြစ်နေတဲ့ စီးပွားရေး မန်နေဂျာနဲ့ နိုင်ငံရေးမန်နေဂျာတို့ရဲ့ ကွာဟမှုတွေ၊ နိုင်ငံတကာစနစ်ရဲ့ အောင်မြင်မှုဟာ ကမ္ဘာ့လက္ခဏာဆောင်တဲ့ စီးပွားရေးအောင်မြင်မှုအပေါ် မှီခိုနေရတာတွေ...စတဲ့ ကစ်ဆင်းဂျားရဲ့ တင်ပြချက်တွေဟာလည်း အမေရိကန်စီးပွားရေး၊ အမေရိကန်နိုင်ငံရေးတို့ရဲ့ ဘက်စုံအကျပ်အတည်းတွေကို မြင်သာစေပါတယ်။

ဒါပေမဲ့ ကစ်ဆင်းဂျားရဲ့ တင်ပြချက်တွေဟာ အမေရိကား စီးပွားရေးအကျပ်အတည်းကပ်ကို ကယ်တင်ဖို့၊ အမေရိကားရဲ့ ကမ္ဘာ့လက္ခဏာဆောင် စီးပွားရေးကို ကယ်တင်ဖို့ ရည်ရွယ်ချက်နဲ့ တင်ပြနေတာပါ။ သူ့တင်ပြချက်တွေကို အမေရိကန်တာဝန်ရှိသူတွေက ဆောင်ရွက်တာတွေလည်းရှိသလို မဆောင်ရွက်တာတွေလည်း ရှိမှာပါ။

စီးပွားရေးကပ်ကို အရင်းရှင်လူတန်းစားက ဘယ်လိုနည်းတွေနဲ့ ကျော်နင်းခဲ့ကြပါသလဲ။ ကွန်မြူနစ်ကြေညာစာတမ်းထဲမှာ “တဖက်မှာ ထုတ်လုပ်ရေးအင်အားစုများကို ထုထည်အလိုက် ဖျက်ဆီးပစ်ကြတယ်။ ဈေးကွက် ဟောင်းများကို ပိုပြီး ကုန်စင်အောင် သွေးစုပ်ယူကြတယ်။ ဒီလိုလုပ်တာဟာ ပိုပြီး ကျယ်ပြန့်တဲ့၊ ပိုမိုဖျက်ဆီးနိုင်စွမ်းရှိတဲ့ ကပ်များကို လမ်းဖွင့်ပေးလိုက်တာပဲ ဖြစ်တယ်။ ကျပ်တည်းမှုကပ်များကို ဟန့်တားနိုင်မယ့်နည်းလမ်းများအား လျော့နည်းသွားစေခြင်းသာ ဖြစ်တယ်” လို့ ဆိုထားပါတယ်။ ဒီလိုနည်းနဲ့ ကျော်နင်းလို့ မရတဲ့အခါမှာ ကမ္ဘာစစ် ဖန်တီးပြီး စစ်တိုက်တဲ့နည်းနဲ့ ဖြေရှင်းတတ်ကြတယ်။ ၁၉၃၀ ခုနှစ်များက အရင်းရှင်စီးပွားပျက်ကပ်ကိုပဲ ကြည့်ပါ။ ဒီတုန်းက စီးပွားပျက်ကပ်ပေါ်တာနဲ့ မရှေးမနှောင်းမှာ ဟစ်တလာနဲ့ မူဆိုလိုနီတို့ ပေါ်လာတယ်။ သည့်နောက် ကမ္ဘာစစ်ကြီး ဖြစ်လာတယ်။ ဒီနည်းနဲ့ စီးပွားပျက်ကပ်ကို ကျော်ခဲ့တာပါ။ ဗမာပြည်ဆိုတဲ့ ဈေးကွက်ဟောင်းမှာတော့ ပိုပြီး ကုန်စင်အောင် သွေးစုပ်လိုက်ကြတဲ့အခါ လယ်သမားတွေရဲ့ လယ်တွေ ချစ်တီးတွေရဲ့လက်ထဲ အတော်များများ ရောက်ကုန်တယ်။ လယ်သမား အများစုဟာ စပါးဈေးကျတဲ့ဒဏ်ကြောင့် ဒုက္ခရောက်ခဲ့ကြရတယ်။“စပါးတတောင်း ငါးပဲ၊ ဘုရားတန်ဆောင်းပျားစွဲ၊ ကုလားခေါင်း ခားဝဲ”ဆိုတာ အဲဒီအချိန်က ပေါ်ခဲ့တာပါ။ အဲဒီကနေ ဆရာစံ လယ်သမားသူပုန်ကြီး ပေါက်ဖွားလာခဲ့ပါတယ်။

အခု အမေရိကန်က စတင်လိုက်တဲ့ စီးပွားရေးကပ်ဟာ ၁၉၃၀ စီးပွားရေးကပ်ရဲ့နောက်ပိုင်းမှာ အကြီးဆုံးကပ်လို့ ဆိုနေကြတယ်။ တနှစ်တာကာလ လွန်လာချိန်မှာတောင် ဒီကပ်ရဲ့ ဂယက်ဟာ ရှိနေတုန်းပဲ။ ဘယ်လောက်အတိုင်းအတာအထိ ဒီကပ် ဆက်လက်ရိုက်ခတ်မယ်ဆိုတာ မပြောနိုင်သေးသလို ဘယ်နည်းနဲ့ ဒီကပ်ကနေ အလွတ်ရုန်းထွက်ကြမလဲဆိုတာလည်း အဖြေမထွက်သေးဘူး။ ကျွန်တော်တို့အနေနဲ့ကတော့ ဗမာပြည် ပြည်သူလူထု အကျိုးစီးပွားထိခိုက်မှု ဘယ်လောက်ရှိမလဲဆိုတာအပေါ် အာရုံစိုက်ကြရမှာ ဖြစ်ပါတယ်။ နဝဂစ်မုန်တိုင်း အပေါ်ကတောင် ဘေးသင့်ပြည်သူတွေရဲ့ ခေါင်းကိုနင်းပြီး အမြတ်ထုတ်တဲ့ စစ်အစိုးရဟာ စီးပွားပျက်ပြည်သူများအပေါ် ဘယ်လိုအမြတ်ထုတ်လာမလဲဆိုတာ မျက်ခြည်မပြတ် စောင့်ကြည့်ရမှာပါ။ ပြည်သူ့အကျိုးထိခိုက်မှုတွေကို အဆက်မပြတ် ဆန့်ကျင်တိုက်ခိုက်သွားရမှာပါ။

ကစ်ဆင်းဂျားရဲ့ နောက်ရည်ရွယ်ချက်တခုကတော့ ကမ္ဘာ့လက္ခဏာဆောင်တဲ့ စီးပွားရေးကို နာလန်ထလာပြီး ကျန်းမာသန်စွမ်းအောင် တွန်းတင်ပေးရေး ဖြစ်ပါတယ်။

ကမ္ဘာ့လက္ခဏာဆောင်တဲ့ ဖြစ်စဉ်အတွက် ကြိုးပမ်းခဲ့ကြတာ ခုခေတ်မှာမှ မဟုတ်ပါဘူး။ လူသားသမိုင်းမှာ ရာစုနှစ် ၂ ခုအတွင်း ကမ္ဘာ့လက္ခဏာဆောင်တဲ့ ဖြစ်စဉ်အတွက် ကြိုးပမ်းခဲ့ကြတာ ၄ ကြိမ်တောင် ရှိခဲ့ပါပြီ။

– ၁၈ ရာစု နှောင်းပိုင်းတုန်းက ပထမအကြိမ်။ နပိုလီယံစစ်ပွဲတွေကြောင့် ပြိုပျက်သွားခဲ့ရတယ်။

– ၁၉ ရာစုနှောင်းပိုင်းမှာ ဒုတိယအကြိမ်။ ပထမကမ္ဘာစစ်ကြီးကြောင့် ချုပ်ငြိမ်းခဲ့ရတယ်။

– ၁၉၂၀ ခုနှစ်များက ဖော်ဆောင်ခဲ့တဲ့ ကမ္ဘာ့လက္ခဏာဆောင် ရေးဖြစ်စဉ်ကတော့ ဒုတိယကမ္ဘာ စစ်ကြီးကြောင့် ပျက်စီးသွားရပြန်တယ်။

– မျက်မှောက်ကာလက “ဂလိုဘယ်လိုက်ဇေးရှင်း” လို့ခေါ်နေကြတဲ့ ကမ္ဘာ့

လက္ခဏာဆောင်တဲ့ဖြစ်စဉ်ကတော့ စတုတ္ထအကြိမ်ပါ။ သူ ဘယ်လောက်ထိ ကျန်းမာသန်စွမ်းနေမလဲ ဆိုတာတော့ မသိနိုင်သေးပါဘူး။ တရားအရဆိုရင်တော့ (အချိန်ကြာကောင်း ကြာနိုင်ပေမယ့်) လဲလိုက်၊ ထူလိုက်၊ လဲလိုက်၊ ထူလိုက်နဲ့ နောက်ဆုံးတနေ့မှာ အရင်းရှင်စနစ်ဟာ မြေကြီးပေါ် ဘုန်းဘုန်းလဲသွားမှာကတော့ သေချာတယ်လို့ ယုံကြည်နေပါ တယ်။ ကမ္ဘာစစ်ကြီးနဲ့ အဆုံးသတ်သွားတာတော့ မဖြစ်စေချင်ပါဘူး။ ဒါပေမဲ့ "မရေရာခြင်း"ဆိုတာကလည်း အရင်းရှင်စနစ်ရဲ့ သဘာဝလက္ခဏာပဲလေ။

သူ့ရဲ့စီးပွားရေးနဲ့ သူ့ရဲ့ အားကြီးမှုကို မှီခိုပြီး ကြွေးကြော်ထားတဲ့ "အမေရိကန်ရာစု" ဆိုတာကရော။ ။

**ညိုစိန်ဝင်း**

လူသားသမိုင်းမှာ ရာစုနှစ် ၂ ခုအတွင်း ကမ္ဘာ့လက္ခဏာဆောင်တဲ့ ဖြစ်စဉ်အတွက် ကြိုးပမ်းခဲ့ကြတာ ၄ ကြိမ်တောင် ရှိခဲ့ပါပြီ။

– ၁၈ ရာစု နှောင်းပိုင်းတုန်းက ပထမအကြိမ်။ နပိုလီယံစစ်ပွဲတွေကြောင့် ပြို ပျက်သွားခဲ့ရတယ်။

– ၁၉ ရာစုနှောင်းပိုင်းမှာ ဒုတိယအကြိမ်။ ပထမကမ္ဘာစစ်ကြီးကြောင့် ချုပ်ငြိမ်းခဲ့ရတယ်။

– ၁၉၂၀ ခုနှစ်များက ဖော်ဆောင်ခဲ့တဲ့ ကမ္ဘာ့လက္ခဏာဆောင်ရေးဖြစ်စဉ်ကတော့ ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပျက်စီးသွားရပြန်တယ်။

– မျက်မှောက်ကာလက "ဂလိုဘယ်လိုက်ဇေးရှင်း" လို့ ခေါ်နေကြတဲ့ ကမ္ဘာ့လက္ခဏာဆောင်တဲ့ဖြစ်စဉ်ကတော့ စတုတ္ထအကြိမ်ပါ။

# အမေရိကန်သမ္မတသစ်နဲ့ ဗမာပြည်ရဲ့ ဒီမိုကရေစီရေး လှုပ်ရှားမှု

ကိုထွေး

၂၀၀၈ နိုဝင်ဘာ ၄ ရက်နေ့က အမေရိကန်သမ္မတသစ် ရွေးပွဲပြီးသွားလို့ ၄၄ ယောက်မြောက် သမ္မတသစ် ဖြစ်လာတဲ့ ဘားရက်အိုဘားမားဟာ ၂၀၀၉ ဇန်နဝါရီလထဲမှာ စတင် တာဝန်ထမ်းဖို့ ပြင်ဆင်နေပါတယ်။ သူ့အစိုးရသစ်ထဲမှာ တာဝန်ပေးဖို့ ဝန်ကြီး ရွေးချယ်ခန့်အပ်မှုတွေ လုပ်နေပါပြီ။ ဒီမိုကရက်ပါတီထဲကချည်း မဟုတ်ဘဲ ကွန်ဆာဗေးတစ်ပါတီထဲက လူတွေကိုပါ ရွေးချယ်တာမို့ အတော်မျှမျှတတရှိမယ့် သမ္မတလို့ ထင်စရာပါပဲ။ ၄ နှစ်တကြိမ်ရွေးကောက်ပွဲပြုလုပ်ပြီး သမ္မတ အပြောင်းအလဲလုပ်လေ့ရှိခဲ့တဲ့ အမေရိကန်မှာ ဒီတကြိမ်ရွေးကောက်ပွဲကတော့ အရင်အကြိမ် တွေထက် ထူးထူးခြားခြား ရှိတာတွေ့ရပါတယ်။ ဒီရွေးကောက်ပွဲမှာ ၈ နှစ်တိုင်တိုင် အမေရိ ကန်အမျိုးသား အကျိုးစီးပွားကို အပြတ်သားဆုံး ကာကွယ်သူ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ကမ္ဘာပေါ်မှာ အကာကွယ်ဆုံးဆိုတဲ့ အမေရိကန်စစ်စစ် သမ္မတ တယောက်ကို အမေရိကန်လူထုက ပြတ်ပြတ်သားသား စွန့်ပစ်လိုက်ပြီး အာဖရိကသွေးပါတဲ့ ဒီမိုကရက်အမေရိကန်တယောက်ကို ရွေးချယ်ခဲ့ကြလို့ ဖြစ်ပါတယ်။ ဒီတကြိမ်ပြောင်းလဲမှုဟာ လူသာမကဘဲ အမေရိကားရဲ့ ပေါ်လစီ အရပ်ရပ်ပါ ပြောင်းလဲမှုတွေရှိနိုင်တာမို့ ကမ္ဘာကြီးရဲ့ အနာဂတ်ဟာ ပိုမိုငြိမ်းချမ်းသာယာလေမလား မျှော်လင့်စရာပါပဲ။

သမ္မတဘုရှ်ဟာ ၂၁ ရာစုအဖွင့်မှာ ၉.၁၁ အဖြစ်အပျက်နဲ့ ကြုံခဲ့ရပြီး ပြန်လည် လက်တုံ့ ပြန်ခွင့်ကို ဖောဖောသီသီ၊ ကြမ်းကြမ်းရမ်းရမ်း ရယူခဲ့တာပါ။ ဘယ်သမ္မတနဲ့မှ မတူအောင် အမေရိ ကန်အမျိုးသား အကျိုးစီးပွားကာကွယ်ရေးအတွက် ဟစ်အော်ပြီး စစ်သံပေးခဲ့တာပါ။ လက်တုံ့ ပြန်ခွင့်ကို ကမ္ဘာကလည်း စာနာသောအားဖြင့် ဖောဖောသီသီ ပေးထားသလိုဖြစ်နေချိန်မှာ အာ ဖဂန်နစ္စတန်ကို ဝင်ရောက်တိုက်ခိုက်တာ ဖြစ်ပါတယ်။ အာဖဂန် ကျူးကျော်တိုက်ခိုက်မှု စစ်ရှိန်မြင့် နေချိန်မှာ အီရတ်ကိစ္စကို မီးအားမြှင့်နေခဲ့တာပါ။ အာဖဂန်ဝင်တိုက်ပြီး ၂ နှစ်အကြာမှာ အီရတ်

ကို ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ပါတယ်။ အမေရိကန်ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် အန္တရာယ်ရှိတယ်လို့ယူဆရင် ကြိုတင်လက်ဦးမှုယူပြီး တိုက်ခိုက်မယ်ဆိုတဲ့ ကွန်ဆာဗေးတစ် လက်သစ် အုပ်စုရဲ့ပေါ်လစီကို နာခံကျင့်သုံးတာပါပဲ။ ကမ္ဘာ့ရေနံထွက်ဒေသဖြစ်တဲ့ အာရှ၊ ဥရောပ၊ အာဖရိက ဒေသတို့ရဲ့ အလယ်ဗဟို ဒေသဖြစ်တဲ့ အရှေ့အလယ်ပိုင်းဒေသကို သိမ်းပိုက်ချုပ်ကိုင်ဖို့ ဝင်တိုက်တယ် မပြောပေမယ့် အားလုံးကမြင်ပြီး ဝေဖန်ဆန့်ကျင်တာ တလျှောက်လုံး ခံနေရပါတယ်။

ဆိုဗီယက်ပြိုကွဲပြီး စစ်အေးခေတ်လွန်ကာလမှာ ကမ္ဘာ့အင်အားအကြီးဆုံး အနေအထားဖြစ်ခဲ့တဲ့ အမေရိကန်မှာ အာဏာရခဲ့ကြတဲ့ ကွန်ဆာဗေးတစ်ဝါဒီတွေဟာ ကမ္ဘာပေါ်မှာ ဗိုလ်ကျချင်တိုင်း ကျခွင့်ရှိတယ်လို့ ယူဆခဲ့ကြတယ်။ အဓိက က ကွန်ဆာဗေးတစ်လက်သစ်ဝါဒီ အုပ်စု ဖြစ်ပါတယ်။ သမ္မတဘုရှ်ကတော့ ဒီအုပ်စုရဲ့ ပေါ်လစီတွေကို အကောင်အထည်ဖော်ရတဲ့ နောက်လိုက်ဖြစ်ခဲ့တာပါ။ ၉.၁၁ အရေးအခင်းဖြစ်ခဲ့တဲ့အပေါ်မှာ တုန်လှုပ်ခဲ့ရတဲ့ အမေရိကန်ပြည်သူတွေကို အကြမ်းဖက်ဝါဒ တိုက်ခိုက်ရေးကို ထောက်ခံဖို့ အလွယ်တကူ စည်းရုံးနိုင်ခဲ့ပါတယ်။ ဘုရှ်ဟာ ဒီအလံကို မြင့်မားစွာလွှင့်ပြီး အကာအကွယ်ယူကာ ဗိုလ်ကျကျူးကျော်တာ လုပ်ခဲ့တာပါ။ ကုလသမဂ္ဂကို ဘေးချိတ်ပါတယ်။ နိုင်ငံတကာ သဘောတူစာချုပ်တွေကို တဖက်သတ် ကျောခိုင်းပါတယ်။ အင်အားဝါဒကို အခြေခံတဲ့ နိုင်ငံခြားရေးပေါ်လစီကို ကျင့်သုံးပါတယ်။ စစ်ရေးအရ လက်ဦးမှုယူ တိုက်ခိုက်ရေး ကျင့်သုံးမယ်လို့ ကြွေးကြော်ပါတယ်။ လက်တွေ့မှာလည်း ၂ နှစ်အတွင်း စစ်ပွဲကြီး ၂ ပွဲ တိုက်ပြခဲ့ပါတယ်။ အကြမ်းဖက်ဝါဒတိုက်ခိုက်ရေးနဲ့ လှည့်စားခံခဲ့ရတဲ့ အမေရိကန်ပြည်သူတွေဟာ ၈ နှစ်ကြာလာတော့မှ ကွန်ဆာဗေးတစ်တွေရဲ့ စစ်အင်အားဗဟိုပြုတဲ့ပေါ်လစီရဲ့ ခါးသီးမှုကို သဘောပေါက်လာကြပုံရပါတယ်။ စစ်စရိတ်တွေကုန်၊ လူတွေသေပြီး ကမ္ဘာပေါ်မှာ လူမုန်းအခံရဆုံးဖြစ်နေတဲ့ သူတို့အစိုးရကို လက်မခံနိုင်ဖြစ်လာကြတာပါ။ စစ်ပွဲ ကြီး ၂ ခုဟာ ၈ နှစ်သာ ကြာခဲ့ပေမယ့် ပြီးပြတ်ဖို့ အလားအလာက ဝေးနေဆဲပါ။ ထိခိုက်မှုကတော့ ကြီးပါတယ်။ ဘုရှ် လက်ထက် အာဖဂန်နဲ့ အီရတ်စစ်ပွဲအတွက် ကုန်ကျစရိတ်စုစုပေါင်းမှာ စစ်ပွဲအစမှ ၂၀၀၈ စက်တင်ဘာ ၃၀ ရက်အထိ၊ အမေရိ ကန်ဒေါ်လာ စုစုပေါင်း ၈၄၅ ဘီလီယံ ကုန်ကျခဲ့ပြီးပြီလို့ ဆိုပါတယ်။ အီရတ်စစ်ပွဲ အတွက် ကုန်ကျခဲ့တဲ့ စစ်သုံးစရိတ်မှာ တလလျှင် ၁၂ ဘီလီယံ ရှိခဲ့ကြောင်း ၆ နှစ်ကြာ စစ်သုံးစရိတ် ကုန်ကျမှုစာရင်းက ဖော်ပြနေပါတယ်။ အမေရိကန်စစ်သား အသေအပျောက်က ၅၀၀၀ ဝန်းကျင် ရောက်နေပါပြီ။ ဒီလို စစ်ရေးအရ အဆုံး မသတ်နိုင်၊ စီးပွားရေးအရ ဝန်ထုပ်ဝန်ပိုးက ပိသထက်ပိပြီး နိုင်ငံရေးအရ ဘာမှ တိတိကျကျ ဖြေရှင်းမှုထွက်မလာနိုင်တဲ့ အခြေအနေမှာ ဘုရှ်နဲ့ ကွန်ဆာဗေးတစ်တွေကို အမေရိကန်ပြည်သူတွေက ပြတ်ပြတ်သားသား စွန့်ပစ်လိုက်တာ ဖြစ်ပါတယ်။ ကမ္ဘာ့ပြည်သူတွေအတွက် တစုံတရာ စိတ် ချမ်းသာစရာလို့ ဆိုရမလားပါပဲ။

ဒီအခြေအနေတွေကို သိနေတဲ့ ဒီမိုကရက်ပါတီအနေနဲ့ အိုဘားမားနဲ့ မဲဆွယ်ပွဲဆောင်ပုဒ်ကို "ပြောင်းလဲရေး"လို့ ကြွေးကြော်ပြီး အမေရိကန်လူထုကို စည်းရုံးခဲ့တာပါ။ အီရတ်စစ်ပွဲက ဆုတ်ခွာရေးကို ပြောခဲ့တာပါ။ အီရတ်စစ်ပွဲကို စိတ်ကုန်နေတဲ့ အမေရိကန်ပြည်သူတွေအတွက် အကြိုက်တွေ့သွားပါတယ်။ ဒါပေမဲ့ ဘားရက်အိုဘားမားဟာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကို ဆက်လက်ဆင်နွဲမယ်လို့ဆိုပြီး အီရတ်က စစ်အင်အားတွေကို အာဖဂန်ဘက်ရွှေ့ဖို့။ သမတဘုရှ်ကတော့ အကြမ်းဖက်ဝါဒတိုက်ခိုက်ဖို့ အာဖဂန်စစ်ဆင်နွဲပြီးမှ အီရတ်ကို ဆက်ခဲ့တာပါ။ အိုဘားမားကရော။ အာဖဂန်စစ်ပွဲကနေ ဘယ်ကို ဆက်မှာဆိုတာက စောင့်ကြပ်ကြည့် ကြရဦးမှာဖြစ်ပါတယ်။

၂၀၀၉ ခုနှစ်ကစပြီး နောက် ၄ နှစ်သမ္မတဖြစ်လာမယ့် အိုဘားမားဟာ အမေရိကန်အတွက် တစုံတရာသော အပြောင်းအလဲတွေ လုပ်မှာကတော့ သေချာပါတယ်။ သူ့ သမ္မတသက်တမ်းကာလအတွင်းမှာ ဗမာပြည်အတွက် ဘာအပြောင်း အလဲများ ဖြစ်လာနိုင်ခြေရှိမလဲလို့ ခန့်မှန်းတွက်ဆမှုလုပ်နေကြသံတွေလည်း နေရာအနှံ့၊ ထောင့်မျိုးစုံက အမြင်မျိုးစုံ ကြားနေကြရပါတယ်။ ဗမာပြည်အတွက် အလားအလာကောင်းဖို့ မျှော်လင့်ကြတာရော၊ စိတ်ပျက်ကြတာပါ အစုံပါပဲ။ မျှော်လင့်ချက်ကောင်းတွေ ဘယ်လောက်ထားပေမယ့် အိုဘားမားဟာ ဘုရှ် လောက် ဗမာပြည်အရေးမှာ ဝင်စွက်မှု ကြီးကြီးမားမား မလုပ်ဘူးလို့ပဲ ခန့်မှန်းရပါတယ်။ အိုဘားမားဟာ ဘုရှ်ရဲ့ ကြမ်းရမ်းမှုတွေကို ဝေဖန်ပြီး တက်လာခဲ့သူ မဟုတ်ပါလား။ အလွန်ဆုံးလုပ်နိုင်မှာက ပြင်းထန်စွာ ဝေဖန်ဖိအားပေးပြောဆိုတာ၊ စီးပွားရေးပိတ်ဆို့တာ၊ တွေ့ဆုံဆွေးနွေးဖြေရှင်းဖို့ တိုက်တွန်းတာစတာတွေထက် ပိုလုပ်နိုင်ဖွယ်မရှိပါ။ ဒီလို နိုင်ငံတကာ ဖိအားပေးတာမျိုးကို နအဖက မမှုပါ။ အနှစ် ၂၀ လုံးလုံး ရင်ဆိုင်ဖြေရှင်းပြခဲ့ပြီးပါပြီ။ အိုဘားမားလက်ထက်မှာ သံတမန် ရေးအရပါ ပိုထိရောက်အောင် လုပ်ရှားလာမယ့် အရိပ်လက္ခဏာတွေတောင် တွေ့နေရပါ တယ်။

ကုလသမဂ္ဂ၊ အမေရိကန်၊ အီးယူ၊ ရုရှား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယနဲ့ အာဆီယံစတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက ဗမာပြည်ရဲ့နိုင်ငံရေးအနေအထားကို စိတ်ပျက်နေ ကြတာပါ။ အားလုံးက ပြည်တွင်းနိုင်ငံရေးအင်အားစုအချင်းချင်း တွေ့ဆုံဆွေးနွေး ညှိနှိုင်းတိုင်ပင်ပြီး ပြေလည်အောင် ဖြေရှင်းစေချင်ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ နအဖစစ်အုပ်စုက ပြေပြေလည်လည် ညှိနှိုင်းတိုင်ပင် ဖြေရှင်းတာမလုပ်လိုဘဲ စစ်အုပ်စုက လက်ဝါးကြီးအုပ်ဖြေရှင်းတာကိုသာ ကျန်နိုင်ငံရေး အင်အားစုအားလုံးက လက်ခံအလျှော့ပေးပြီး လုပ်တဲ့နည်းလမ်းတခုထဲသာ ဗမာပြည်အတွက် အကောင်း ဆုံးဆိုပြီး လုပ်နေတာဖြစ်ပါတယ်။ စစ်အုပ်စုဟာ ခေါင်းမာပြီး သူ့အကျိုးစီးပွားအတွက် ရပ်တည်ချက် ပြတ်သားပါတယ်။ သူ့လမ်းစဉ်အတိုင်း ဆက်လက်ပြီး အောင်မြင်အောင် ချီတက်ဖို့ ပြင်နေပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ ဝန်ကြီးလုပ်ဖို့ သူ့လူ တွေအတွင်းမှာ လူရွေးပွဲလုပ်နေပါပြီ။ ၂၀၁၀ အတွင်း ပေါ်ပေါက်လာမယ့် လူထုနဲ့ နိုင်ငံရေးအင်အားစုတွေရဲ့ ဆန့်ကျင်မှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ရဲတပ်ရင်းတွေကို အင်အားပြည့်အောင် စုဖွဲ့ပြီး အဓိကရုဏ်း နှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ခန်းတွေကို မနားမနေ လုပ်နေပါတယ်။ လက်နက်မျိုးစုံတပ်ဆင်ပြီး လေ့ကျင့်တာ လုပ်နေပါတယ်။ နအဖဟာ ဘန်ကီမွန်း တောင်းဆိုတာ လက်မခံသလို၊ အိုဘားမားလည်း ဗမာပြည်ကို ကယ်တင်နိုင်မယ့် အခြေအနေ မရှိပါ။ ဗမာပြည်သူတွေ ကိုယ့်ကိုယ်တိုင်ရုန်းကန် တိုက်ပွဲဝင်မှုနဲ့သာ ဗမာပြည်ကို ကယ်တင်နိုင်မှာ ဖြစ်ပါတယ်။ ။

**ကိုဒွေး**

**၂၁ – ၁၂ – ၂၀၀၈။**

# အိုဘားမား ဘာယ်လဲ

ရဲဘော်ထွန်းမြတ်

အရွေးကောက်ခံ အမေရိကန်သမ္မတသစ် အိုဘားမားဟာ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှာ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုတဲ့အခါ သူ့ကို ဘာပြဿနာတွေက စောင့်ကြိုနေပါသလဲ။

သမ္မတဘုရှ် ချန်ထားခဲ့တဲ့ စီးပွားရေးအကျပ်အတည်း၊ စစ်ပွဲ ၂ ပွဲ၊ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးတိုက်ပွဲ၊ အရှေ့အလယ်ပိုင်းပြဿနာ စတာတွေပါပဲ။

တကယ်လို့များ အိုဘားမားအနေနဲ့ ဒီပြဿနာတွေကို အောင်အောင်မြင်မြင် မကိုင်တွယ်နိုင်ရင် သူ့နိုင်ငံရေးအရင်းအနှီးတွေ ပွန်းပဲ့ကုန်မှာဖြစ်ပြီး ဒါတွေကို ကိုင်တွယ်နိုင်အောင် ကြိုးစားလုပ်ဆောင်နိုင်ခဲ့ရင်လည်း ဘုရှ်ရဲ့ လမ်းစဉ်တွေကို နောက်က လိုက်လုပ်ရသလို ဖြစ်နေပြန်တယ်။ သမ္မတသစ်အနေနဲ့ အတိတ်ကို ရင်ဆိုင်ဖြေရှင်းရမှာဖြစ်ပြီး တချိန်တည်းမှာပဲ အနာဂတ်သစ်ကို ပုံဖော်ရမှာ ဖြစ်ပါတယ်။

အိုဘားမားရဲ့ ဦးစားပေးလုပ်ငန်းများကတော့ ...

**၁။ စီးပွားရေးအကျပ်အတည်း။** ။ ဒါကတော့ ပြည်တွင်းရော နိုင်ငံတကာ လိုအပ်ချက်အတွက်ရော ဖြစ်ပါတယ်။ စီးပွားရေး ပြန် နာလန်ထူလာအောင် လုပ်ရမှာဖြစ်ပြီး၊ ပြည်တွင်းမှာ ပေါ်ပေါက်နေတဲ့ အကျိုးစီးပွားကာကွယ်ရေးဝါဒ (protectionism) ကို ရှောင်ကြဉ်နိုင်အောင် ကြိုးစားဖို့ပဲ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ နိုင်ငံတကာ ဘဏ္ဍာရေးစနစ် ပြန်လည်ပြုပြင်ရာမှာ ဦးဆောင်ဖို့လည်း လိုပါတယ်။ နိုဝင်ဘာလတုန်းက G20 အစည်းအဝေးကို ဘုရှ်က လုပ်ဆောင်ပေးခဲ့တာဟာ အသုံးတည့်တဲ့ အစဉ်အလာကောင်းတရပ်ကို တီထွင်ပေးခဲ့တာပါ။ အဲဒါကတော့ ဒီအစည်းအဝေးမှာ နိုင်ငံတကာ့ စီးပွားရေး၊ ဘဏ္ဍာရေး အရေးအရာတွေမှာ နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်လာတဲ့ စီးပွားရေးကြီးများ (တရုတ်၊ အိန္ဒိယ၊ ဘရာဇီးလ် အစရှိသည်) ပါဝင်လာစေခဲ့ခြင်း ဖြစ်ပါတယ်။

**၂။ စစ်ပွဲ ၂ ပွဲ။** ။ အိုဘားမားက အီရတ်က အမေရိကန်တိုက်ခိုက်ရေးသမားများကို ၂၀၁၀ ခုနှစ် အလယ်ထားပြီး ဆုတ်ခွာဖို့ ကတိပေးထားပါတယ်။ ဘုရှ်ကလည်း ၂၀၁၁ ခုနှစ် နောက်ဆုံး ထားပြီး ဆုတ်ခွာဖို့ အီရတ်အစိုးရနဲ့ သဘောတူထားပါတယ်။ ဒီအချိန်ဇယားတွေကလည်း တကယ့် မြေပြင်က အဖြစ် အပျက်များရဲ့ အခြေအနေပေါ် မူတည်မှာပါ။ အီရတ်ပြည်တွင်း နိုင်ငံရေး အပေးအယူလုပ်ငန်းများနဲ့ အီရတ်အိမ်နီးနားချင်းများနဲ့ ဆွေးနွေးရေးလုပ်ငန်းများပေါ် မူတည်ပါတယ်။

အာဖဂန်နစ္စတန်က ပိုခက်ခဲစရာ ရှိပါတယ်။ ပါကစ္စတန်တွင်းရှိ အုပ်စုများရဲ့ ကူညီမှုနဲ့ တာလီဘန်များ တစခန်းထလာလို့ပါပဲ။ အိုဘားမားက အီရတ်ကတပ်တွေ ရုပ်သိမ်းပြီး အာဖဂန်နစ္စတန်ကို လွှတ်ချင်နေပါတယ်။ ဒါပေမဲ့ နိုင်ငံခြား စစ်တပ်တွေ အာဖဂန်နစ္စတန်ထဲမှာ များလေ၊ အမျိုးသားစိတ်ပြင်းလေ ဖြစ်တတ်ပါတယ်။ (အခုနောက်ဆုံး မှန်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှုတောင် တချို့က အိုဘားမားကို အပြစ်တင်ခဲ့ကြပါသေးတယ်။ အာဖဂန်မှာရှိတဲ့ အကြမ်းဖက်သမားများက အိုဘားမား တက်လာရင် သူတို့ဆီမှာ အမေရိကန်တပ် ထပ်တိုးလာမှာကို ကြိုတင်ဟန့်တာလို့ ဆိုကြပါတယ်။)

အာဖဂန်မှာ တခြားလုပ်နိုင်တဲ့ အလုပ်တွေကတော့ စစ်တပ်နဲ့ ပုလိပ်ကို သင်တန်းတွေ ပိုပေးဖို့နဲ့ တိုင်းပြည်တွင်းနဲ့ အိမ်နီးနားချင်းနိုင်ငံများအကြား နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာရေးတို့ ပါပါတယ်။

**၃။ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး။** ။ ဒီကိစ္စမှာလည်း အကြမ်းဖက်ဝါဒကို ဆက်လက်ဆန့်ကျင် တိုက်ပွဲဝင်သွားရမှာ ဖြစ်ပေမယ့် တိုက်ခိုက် ရေးလေသံတွေကိုတော့ လျှော့ပေါ့ဖို့ လိုပါတယ်။ အာလ်ခိုင်ဒါလို အကြမ်းဖက်အဖွဲ့အစည်းများကို ရင်ဆိုင်ရာမှာ အောင်မြင်နိုင်တဲ့ ဗျူဟာတရပ်ကတော့ တခြားနိုင်ငံများနဲ့ သတင်းအချက်အလက်များကို နီးနီးကပ်ကပ် ဖလှယ်ရေးနဲ့ အဓိက မူဆလင်အများစုကြီးရဲ့ ထောက်ခံမှုကို ရယူနိုင်တဲ့ပေါ်လစီများ ချမှတ်ဖို့ ဖြစ်ပါတယ်။

**၄။ အရှေ့အလယ်ပိုင်း အရေးအခင်းများ။** ။ ဒီအပိုင်းမှာတော့ ပြဿနာတွေက အတော်ရှုပ်ထွေးပါတယ်။ ဥပမာ– အီရန်ပြဿနာ ဆိုပါစို့။ ဥရောပ၊ ရုရှား၊ တရုတ် စတာတွေပါ ပါတဲ့ သံခင်းတမန်ခင်း ပြဿနာများပါ ပါဝင်နေပါတယ်။ အိုဘားမားကိုယ်တိုင်ကလည်း ဘုရှ်လိုမဟုတ်ဘဲ အီရန်ကိစ္စမှာ ကျယ်ပြန့်တဲ့ သံတမန်ဆွေးနွေးမှုတွေလုပ်မယ်လို့ ဆိုထားပါတယ်။ နောက်ထပ် အင်အားကြီးနိုင်ငံဖြစ်တဲ့ ရုရှားနဲ့ပါ ဆက်ဆံရေးကောင်းမွန်ပါမှ ဒီဒေသက နိုင်ငံတွေမှာ အမေရိကန်အနေနဲ့ အဆင်ပြေနိုင်မှာပါ။ ဒါမှသာ ဘုရှ်ရဲ့ မပြီးပြတ်ခဲ့တဲ့ အစ္စရေး – ပါလက်စတိုင်း ပြဿနာ၊ အစ္စရေး – ဆီးရီးယားပြဿနာတွေကို ကိုင်တွယ်နိုင်မှာပါ။

**၅။ အာဖရိက၊ လက်တင်အမေရိက၊ အာရှစတာတွေမှာလည်း ပြဿနာ အသေးအကြီးအစုံ ပေါ်နိုင်ပါသေးတယ်။** ဘုရှ်ဟာ အာရှမှာတော့ မြောက်ကိုးရီးယားကိစ္စကလွဲလို့ ကျန်အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ တရုတ်၊ အိန္ဒိယစတာများနဲ့ ဆက်ဆံရေးတွေ ကောင်းအောင် လုပ်ထားနိုင်ခဲ့ပါတယ်။ ဒါတော့ ဘုရှ်ကို ကျေးဇူးတင်ရမှာပါ။

ဘုရှ်မူဝါဒ (Bush Doctrine) ဖြစ်တဲ့ လက်ဦးမှုယူတိုက်တဲ့ စစ်ပွဲတွေ၊ အတင်း အကျပ် ဒီမိုကရေစီပြုပြင်ရေးဝါဒနဲ့ တဦးတည်း ဝန်ရိုးစွန်းတခုထဲရှိတဲ့ လုပ်ဟန်တွေ အားလုံးဟာ ဒီနေ့ကမ္ဘာနဲ့ မကိုက်ညီတဲ့ မှားယွင်းတဲ့ ခွဲခြမ်းစိတ်ဖြာမှုပေါ်မှာ အခြေခံပါတယ်။ ကမ္ဘာ့အင်အားအကြီးဆုံး နိုင်ငံ

ကြီးဟာ မိမိတဦးတည်းနဲ့ လိုချင်တဲ့ ရည် မှန်းချက်တွေကို မဖော်ဆောင်နိုင်ဘူးဆိုတာ နားလည်ဖို့ လိုပါတယ်။

တကယ်တော့ အိုဘားမား အရွေးချယ်ခံလိုက်ရမှုက အမေရိကန်များအဖို့ မိမိတို့ရဲ့ "ပါဝါ အပျော့" (soft power) ကို ပြန် အသုံးချဖို့ ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ အိုဘားမားအနေနဲ့ ပါဝါအမာနဲ့ ပါဝါအပျော့ပေါင်းစပ်ပြီး (smart power) ပါဝါအပုံစားကို သုံးတတ်ဖို့တော့ လိုပါတယ်။ ဒီမိုကရေစီကို မြှင့်တင်ရာမှာ ကြမ်းကြမ်းတမ်းတမ်း ဖိအားပေးတာထက် ပျော့ပျော့ပျောင်းပျောင်း ဆွဲဆောင်တတ်ဖို့လိုပြီး စိတ်ရှည်လက်ရှည်နဲ့ အချိန်ယူလုပ်ရမှာပါ။ ဥပမာအားဖြင့် – ကျူးဘား မှာရှိတဲ့ ဂွာတာနာမို အကျဉ်းစခန်းကို ပိတ်ပြလိုက်ခြင်းအားဖြင့် အိုဘားမားအနေနဲ့ တကယ့် လုပ်ရပ်နဲ့ သက်သေပြသလိုဖြစ်နိုင်ပါတယ်။ (အိုဘားမားက ၂ နှစ်အတွင်း ပိတ်ပစ်မယ်လို့ ပြောထား ပါတယ်။)

နိုင်ငံတကာ အင်အားချိန်ခွင်ညှာ ဖြစ်ပေါ်တိုးတက်မှုအရ နိုင်ငံတကာစနစ်အတွင်း အင်အားအကြီးဆုံးနိုင်ငံကြီးအနေနဲ့ တခြားနိုင်ငံနဲ့ အစိုးရများ သူတို့ဘာသာသူတို့ မလုပ်ဆောင် နိုင်တဲ့ တကမ္ဘာလုံးဆိုင်ရာ အများအကျိုး ပြုလုပ်ငန်းများ (global public goods) ကို လုပ် ဆောင်ပြဖို့ လိုပါတယ်။ ဥပမာအားဖြင့် နိုင်ငံတကာ့ငွေကြေးဈေးကွက်အတွင်းက လိုက်နာဆောင် ရွက်ရမယ့် ဥပဒေသများကို ရေးဆွဲတာ၊ ကမ္ဘာ့ရာသီဥတု အပြောင်းအလဲကိစ္စကို လက်ဦးမှုရှိရှိ ကိုယ်တွယ်ပေးတာ စတာတို့ ဖြစ်ပါတယ်။

တကယ်တော့ အိုဘားမားရဲ့ အရေးအကြီးဆုံးဦးစားပေးလုပ်ငန်းကြီးကတော့ အမေ ရိကန်ဟာ ကြောက်လန့်စရာမရှိတဲ့ မျှော်လင့်ချက်ရောင်ခြည်တွေ ပေးစွမ်းတဲ့ ပါဝါအပုံစား အသုံးပြု တဲ့ နိုင်ငံကြီးအဖြစ် နိုင်ငံတကာက မြင်လာအောင် ပြုလုပ်ဖို့သာ ဖြစ်ပါတယ်။

**ကိုးကား။ ။ Obama meets the world he wants to shape by Joseph S. Nye. China Daily 5.12.08**

**ရဲဘော်ထွန်းမြတ်**

# အစ္စရေးလ် ရဲ့ ဂါဇာစစ်ပွဲ

ကြည်ဝင်း

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၇ ရက်နေ့မှာ အစ္စရေးလ်က ဂါဇာဒေသကို ဗုံးကြဲတိုက်ခိုက်မှုတွေ စတင် ပြုလုပ်ခဲ့တယ်။ ဂါဇာဒေသကနေပြီး ဟားမတ်စ်တွေက အစ္စရေးလ်ကို ဒုံးနဲ့ပစ်ခတ်တိုက်ခိုက်နေတာတွေကို လက်တုံ့ပြန်တာ ဖြစ်တယ်လို့ ဆိုတယ်။ ဗုံးကြဲတိုက်ခိုက်တဲ့ ပထမဆုံးနေ့မှာပဲ အနည်းဆုံး လူ ၂၂၅ ယောက် သေဆုံးခဲ့တယ်။ ပထမ လေးမိနစ်အတွင်းမှာပဲ ဟားမတ်စ်တို့ရဲ့လုံခြုံရေးအဆောက်အဦ ၁၀၀ လောက်ကို ဗုံးကြဲတိုက်ခိုက်ခဲ့တယ်။ လေကြောင်းမှာ ရက်သတ္တနှစ်ပတ်ကြာ တိုက်ခိုက်ပြီးနောက်မှာ မြေပြင်ထိုးစစ် ဝင်ပါတယ်။

ဒီတိုက်ခိုက်မှုဟာ အစ္စရေးလ်နဲ့ဟားမတ်စ်တို့ရဲ့ ၆ လ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ကုန်ဆုံးပြီးနောက် မကြာမီမှာပဲ ပြုလုပ်ခဲ့တာ ဖြစ်ပါ တယ်။ ဒီအပစ်အခတ်ရပ်စဲရေးကို အီဂျစ်ရဲ့ ကြားဝင်စေ့စပ်ပေးမှုနဲ့ ၂၀၀၈ ခုနှစ် ဇွန်လ ၁၉ ရက်နေ့မှာ ရခဲ့တာပါ။ အဲဒီနောက် ဇွန်လ ၂၄ ရက်နေ့မှာ အစ္စရေးလ်က အနောက်ဘက်ကမ်းဒေသ နဘလူးမြို့ကို ဝင်တိုက်ခဲ့ရာ ပါလက်စတိုင်း ၂ ဦး သေဆုံးခဲ့တယ်။ တဦးက ဟားမတ်စ်အဖွဲ့နဲ့မဆိုင်တဲ့ အစ္စလမ်မစ်ဂျီဟတ်အဖွဲ့က တပ်မှူးလို့ ဆိုပါတယ်။ အဲဒီနေ့နှောင်းပိုင်းမှာပဲ အစ္စလမ်မစ်ဂျီဟတ်စ်အဖွဲ့က အစ္စရေးလ်ကို ဒုံးကျည်သုံးစင်းနဲ့ တုံ့ပြန်ပစ်ခတ်တိုက်ခိုက်ခဲ့တယ်။ ဇွန်လ ၂၆ ရက်နေ့မှာ ဟားမတ်စ်အဖွဲ့က အစ္စရေးလ်ကို ဂါဇာနယ်စပ်တွေ ပိတ်ဆို့ထားတာဟာ အပစ်အခတ်ရပ်စဲရေးကို အဓိကချိုးဖောက်နေတဲ့အချက် ဖြစ်တယ်လို့ ဝေဖန်ခဲ့တယ်။ ဒါပေမဲ့ ကျန်ပါလက်စတိုင်း အဖွဲ့တွေကိုတော့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လိုက်နာကြဖို့ ဆော်သြခဲ့တယ်။

အပစ်အခတ်ရပ်စဲရေးသက်တမ်း ကုန်ဆုံးခါနီးလာတဲ့အခါ ဒီဇင်ဘာ ၁၃ ရက်နေ့မှာ အစ္စရေးလ်က ဟားမတ်စ်ဘက်မှ စည်းကမ်းချက်တွေလိုက်နာမယ်ဆိုရင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အချိန်တိုးချဲ့လိုတယ်လို့ ကြေညာတယ်။ အစ္စရေးလ်က ဂါဇာနယ်စပ် ပိတ်ဆို့ထားတာကို မဖွင့်ပေးတဲ့အတွက် အပစ်အခတ်ရပ်စဲရေးကို ဆက်တိုးမှာမဟုတ်ဘူးလို့ ဟားမတ်စ်အဖွဲ့က ဒီဇင်ဘာ ၂၀ ရက်နေ့မှာ ကြေညာတယ်။

အစ္စရေးလ်ရဲ့ ဂါဇာဒေသကို ပိတ်ဆို့ထားမှုကြောင့် (အခုဆိုရင် ၁၈ လ ရှိပြီဖြစ်တယ်) ဂါဇာဒေသက လူထု ၁.၅ သန်းဟာ အကြီးအကျယ်ဒုက္ခမျိုးစုံကို ခံစားခဲ့ကြရတာ ဖြစ်တယ်။ အီဂျစ်က ဝင်စေ့စပ်ပေးလို့ အပစ်အခတ်ရပ်စဲရေး ရလာတဲ့အခါမှာ ဒီဒုက္ခတွေက လွတ်မြောက်တော့မလားဆိုတဲ့ မျှော်လင့်ချက်တွေ ပေါ်ခဲ့တယ်။ အဲဒီအပစ်အခတ်ရပ်စဲရေး ၆ လတာ ကာလအတွင်းမှာ

ဒုံးကျည်နဲ့ အစ္စရေးလ်ကိုပစ်ခတ်တာတွေ ဆက်ရှိခဲ့ပေမယ့် လူအသေအပျောက်မရှိခဲ့ဘူး။ ဟားမတ်စ်က အပစ်အခတ်ရပ်စဲရေးကို ဆယ်နှစ်အထိတိုးဖို့နဲ့ အစ္စရေးလ်ရဲ့ ၁၉၆၇ ခုနှစ်နယ်စပ်မျဉ်းကို အခြေခံတဲ့ နိုင်ငံရေးသဘောတူညီချက်ရရှိရေးအထိ ကမ်းလှမ်းခဲ့တယ်။ ဒါပေမဲ့ အစ္စရေးလ်ဘက်က ဒါတွေကို လျစ်လျူရှုခဲ့တယ်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှာပါတဲ့ အစားအစာ၊ ဆေးဝါးနဲ့လောင်စာဆီတွေ တင်သွင်းနိုင်ဖို့ နယ်စပ်ပိတ်ဆို့ထားတာကို လျှော့ပေါ့ပေးဖို့ ပျက်ကွက်ခဲ့တယ်။

နိုင်ငံခြားပညာတော်သင်ဆုရတဲ့ ကျောင်းသားတွေ ဂါဇာက ထွက်ခွာခွင့်ကိုလည်း အစ္စရေးလ်က မပေးဘူး။ ဂါဇာစာနယ်ဇင်းသမားတွေနဲ့ ကုလသမဂ္ဂကိုယ်စားလှယ်တွေလည်း ထွက်ခွင့်မပေးပါ။ ပြင်ပက စာနယ်ဇင်းသမားတွေ ဝင်ခွင့်ရဖို့လည်း အလွန်ခက်ပါတယ်။ သူတို့ရဲ့ ပိတ်ဆို့မှုကြောင့် ဂါဇာဒေသခံတွေရဲ့ ဆိုးဝါးလှတဲ့ အခြေအနေတွေကို မြင်တွေ့မှာစိုးလို့ အခုလို ဝင်ခွင့်မပေးတာ ဖြစ်တယ်။ ဒီပိတ်ဆို့မှုကြောင့် ဂါဇာလူထုဟာ ရုပ်ပိုင်းအရ၊ စိတ်ပိုင်းအရ အလွန်ဆုတ်ယုတ် ကျဆင်းနေကြပြီ ဖြစ်တယ်။ အများစု ကလေးသူငယ်တွေ အာဟာရချို့တဲ့နေပြီး ဒေသတွင်း ရောဂါမျိုးစုံဖြစ်ပွားနေတာကို ဆေးဝါးကုသမပေးနိုင်တဲ့အခြေအနေ ဖြစ်နေတယ်။ နိုဝင်ဘာ ၅ ရက်နေ့ကစလို့ ကလိုရင်းပြတ်လတ်မှုကြောင့် သန့်ရှင်းရေရရှိဖို့ ဒုက္ခရောက်ရတယ်။ ရေသန့်မသုံးနိုင်လို့ ရောဂါတွေ ဖြစ်ပွားလာမယ့်အန္တရာယ် တိုးများလာတယ်။ လောင်စာဆီ မလုံလောက်လို့ လျှပ်စစ်မီးလည်း အချိန်ပြည့်မပေးနိုင်ဘူး။ ဒီလိုပိတ်ဆို့ထားမှုကြောင့် ဖြစ်နေတဲ့ ဂါဇာဒေသအခြေအနေဟာ လူ့ဂုဏ်သိက္ခာအကျပ်အတည်းလို့ ကုလသမဂ္ဂက ဆိုပါတယ်။ သက်မွေးဝမ်းကျောင်းမှုတွေ အများအပြားဖျက်ဆီးခံရတယ်၊ အခြေခံအဆောက်အအုံနဲ့ အခြေခံဝန်ဆောင်မှုတွေ အကြီးအကျယ် ယိုယွင်းပျက်စီးကုန်တယ်။ ကြောက်ရွံ့ထိတ်လန့်နေရမှုဟာ အနှံ့အပြားဖြစ်နေတယ်။ လူဦးရေစုစုပေါင်းရဲ့ ၈၀% ဟာ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်ဘဲ လူသားချင်းစာနာမှုအကူအညီတွေအပေါ် မှီခိုနေရတယ်။ စိတ်ကျန်းမာရေးစီမံချက် အကြီးအကဲ စိတ်ရောဂါကု ဆရာဝန်ရဲ့ ခန့်မှန်းချက်အရဆိုရင် စိတ်သောကမီးကြောင့် လူဦးရေတဝက်နီးပါးဟာ စိတ်ဖိစီးမှုဝေဒနာတွေ ခံစားနေရတယ်။ ဒါနဲ့ပတ်သက်ပြီး အစ္စရေးလ်နိုင်ငံခြားရေးဝန်ကြီး တီဇီပီလစ်ပနီ (Tzipi Livni) ရဲ့ပြောဆိုချက်ကတော့ ဩချလောက်ပါတယ်။ ‘ဂါဇာဒေသမှာ လူသားဆိုင်ရာ အကျပ်အတည်းဆိုတာ မရှိဘူး၊ အဲဒီက လူသားတွေအခြေအနေဟာ သူတို့လုံးလုံး ဖြစ်သင့်တဲ့အတိုင်း ဖြစ်နေတာ’ လို့ ပြောပါတယ်။ နိုင်ငံတကာကြက်ခြေနီအဖွဲ့ကြီးကတော့ အခြေအနေဟာ “သည်းခံနိုင်ဖွယ်ရာမရှိဘူး” “လုံးဝပေါက်ကွဲထွက်လာတဲ့ လူသားအကျပ်အတည်းကြီး” ဖြစ်တယ်လို့ ဆိုပါတယ်။

အစ္စရေးလ်နဲ့ပါလက်စတိုင်းပဋိပက္ခမှာ အစ္စရေးလ်ကို အလွန်အမင်းဘက် လိုက်ထားတဲ့ သတင်းတွေကိုပဲ မြင်တွေ့ကြားနေရတာ ဖြစ်နေကျပါ။ အခုလည်း အပစ်အခတ်ရပ်စဲရေး ပျက်သွားရတာဟာ ဟားမတ်စ်အဖွဲ့ကြောင့် ဖြစ်တယ်၊ ဒုံးကျည်နဲ့ပစ်ခတ်တိုက်ခိုက်တာတွေ တိုးလာလို့ဖြစ်တယ်လို့ ဆိုကြပါတယ်။ တကယ့်ဖြစ်ရပ်ကို ဖုံးကွယ်ထားကြတယ်။ ပြောရမယ်ဆိုရင် အပစ်အခတ်ရပ်စဲရေးကာလ အတွင်းမှာ ဒုံးကျည်နဲ့ပစ်ခတ်မှုတွေ အတော်ကြီး လျော့နည်းသွားတာ ဖြစ်တယ်။ ပစ်ခတ်နေတဲ့ ဒုံးကျည်တွေဆိုတာကလည်း အိမ်တွင်းဖြစ်တွေ များတယ်။ ထိရောက်မှု ရှိလှတာ မဟုတ်ဘူး။ နိုဝင်ဘာ ၄ ရက်နေ့မှာ အစ္စရေးလ်က တိုက်ခိုက်လို့ ပါလက်စတိုင်းတွေ အများအပြားသေဆုံးပြီးနောက်မှသာ ဒုံးကျည်နဲ့ပစ်ခတ်မှုတွေ ပြန်လည်တိုးပွားလာတာ ဖြစ်ပါတယ်။

ဒုံးကျည်နဲ့ပစ်တာမှန်သမျှ ဟားမတ်စ်အဖွဲ့လက်ချက်လို့လည်း ပြောမရပါဘူး။ ဂါဇာဒေသမှာ သီးခြားအဖွဲ့အစည်းတွေအများကြီး ရှိနေတာဖြစ်တယ်။ ဟားမတ်စ်ရဲ့ပြိုင်ဘက် ဖာတာအဖွဲ့ရဲ့ အားပေးထောက်ခံမှုနဲ့ ဖွဲ့ထားတဲ့အဖွဲ့တွေတောင် ရှိပါတယ်။

ဒီလို နောက်ခံအခြေအနေတွေအောက်မှာ အစ္စရေးလ်တိုက်ခိုက်မှုဟာ ဒုံးကျည်နဲ့ ပစ်ခတ်တာတွေကို တုံ့ပြန်ဖို့သက်သက်ဆိုတာ မဖြစ်နိုင်ပါ။ တိုက်ခိုက်မှုတွေ မစတင်မီ ရက်သတ္တပတ်ပေါင်းများစွာကတည်းက အစ္စရေးလ်စစ်ဘက်နဲ့ နိုင်ငံရေး ခေါင်းဆောင်တွေဟာ ဟားမတ်စ်တွေကို စစ်ပွဲကြီးဆင်နွှဲဖို့ သူတို့လူထုကို ပြင်ဆင်နေခဲ့ တာ ဖြစ်ပါတယ်။ တကယ်က ဒီစစ်ဆင်ရေးအတွက် အသေးစိတ်စီမံကိန်းကို စတင်ရေးဆွဲခဲ့တာ ၆ လ လောက်ကြာပြီလို့ ဆိုပါတယ်။ ဟားမတ်စ်နဲ့ အစ္စရေးလ် ယာယီ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့တဲ့အချိန်လောက်က စခဲ့တာပါ။ ဒါကိုကြည့်ရင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့ပေမယ့် အစ္စရေးလ်ရဲ့ သဘောထားဟာ မှုမမှန်ဘူးဆိုတာ ပေါ်လွင်ပါတယ်။ ၂၀၀၈ ခုနှစ်နိုဝင်ဘာ ၁၉ ရက်နေ့မှာ ဒီစစ်ဆင်ရေးစီမံကိန်းကို အစ္စရေးလ်ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ဆီ အတည်ပြုချက်ရယူဖို့ တင်တယ်။ ဒီဇင်ဘာ ၁၈ ရက်နေ့မှာ ဘာရက်က အစ္စရေးလ်ဝန်ကြီးချုပ် အီဟွတ်အိုမတ်နဲ့ တွေ့ဆုံတင်ပြတယ်။ ဒီနောက်မှာ ဒီစီမံကိန်းကို အစ္စရေးလ်အစိုးရအဖွဲ့က တညီတညွတ်တည်း အတည်ပြုခဲ့ကြတာ ဖြစ်တယ်။

ဒီဇင်ဘာ ၂၇ ရက်နေ့မှာ အစ္စရေးလ်စစ်ဆင်ရေး စတင်တယ်။ ဘာခွဲခြားမှုမှ မရှိဘဲ ဗုံးကြဲတိုက်ခိုက်တဲ့အတွက် အရပ်သားအများအပြားသေဆုံးရတယ်။ သေဆုံးသူတွေထဲမှာ ကလေးငယ်၊ အမျိုးသမီးနဲ့ သက်ကြီးရွယ်အိုတွေ ပါတယ်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့ကနေ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့အထိဆိုရင် ပါလက်စတိုင်းသေဆုံးသူဦးရေဟာ ၆၄၀ ရှိသွားပြီ ဖြစ်တယ်။ သေဆုံးသူတွေထဲမှာ ကလေးငယ် အနည်းဆုံး ၇၅ ဦး ပါဝင်တယ်။ ဒဏ်ရာရသူ အရေအတွက်ကတော့ ၂၈၅၀ ကျော်သွားပြီ ဖြစ်ပါတယ်။ ဒီကာလအတွင်း ဟားမတ်စ်က ဒုံးကျည်နဲ့ ပစ်ခတ်မှုကြောင့် အစ္စရေးလ်ဘက်က ငါးဦး (စစ်သားနှစ်ဦးနဲ့ အရပ်သားသုံးဦး) သေဆုံးခဲ့တယ်။

ကုလသမဂ္ဂက ဖွင့်ထားတဲ့ကျောင်းတွေလည်း အစ္စရေးလ်ဗုံးဒဏ်က မလွတ်ပါဘူး။ ပါလက်စတိုင်းအရပ်သားတွေဟာ အဲဒီကျောင်းတွေမှာ ဗုံးဒဏ်က လွတ်မလားဆိုပြီး သွားခိုလှုံနေကြတာ ဖြစ်တယ်။ ကုလသမဂ္ဂက သူတို့ကျောင်း တည်နေရာ (GPS) တွေ အစ္စရေးလ်ဘက်ကို ပေးထားတဲ့အပြင် အလံတွေလည်း ထူထားပါတယ်။ ဒါပေမဲ့ ဗုံးဒဏ်က မလွတ်ပါဘူး။ နောက်ပိုင်းမှာတော့ မှားပစ်မိတာပါလို့ အစ္စရေးလ်က ပြောပါတယ်။ အစ္စရေးလ်ရဲ့ ရက်ရက်စက်စက်တိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံအတော်များများက အပစ်အခတ်ချက်ချင်းရပ်ဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဒါပေမဲ့ အစ္စရေးလ်က ဂရုမစိုက်ပါဘူး။

ဟားမတ်စ်ဘက်က ဒုံးကျည်တွေနဲ့ပစ်ခတ်တာတွေ ရပ်သွားအောင် ဒီစစ်ဆင်ရေးကို ဆင်နွှဲတာလို့အစ္စရေးလ်က အကြောင်းပြပါတယ်။ ရွေးကောက်ခံ သမ္မတအိုဘားမားဟာလည်း ၂၀၀၈ ခုနှစ် ဂျူလိုင်လအတွင်း အစ္စရေးလ်ကို ရောက်ရှိခဲ့စဉ်က အခုလိုပြောခဲ့ဖူးပါတယ်။ “ကျွန်တော့် သမီးနှစ်ယောက် ညအိပ်နေတဲ့အိမ်ကို တယောက်ယောက်က ဒုံးကျည်တွေနဲ့ ပစ်နေမယ်ဆိုရင် အဲဒီလို ပစ်နေတာတွေရပ်သွားအောင် ကျွန်တော့်အာဏာ အစွမ်းရှိသမျှ လုပ်မှာပဲ။ အစ္စရေးလ် အနေနဲ့လည်း ဒီလိုပဲ လုပ်မှာပဲလို့ ကျွန်တော်ထင်ပါတယ်။” သူ့ကို ပြန်မေးစရာရှိတာက ခင်ဗျား သမီးနှစ်ယောက်နေနေတဲ့ အိမ်ကို ပိတ်ဆို့ထားလို့ အစာရေစာ ဝဝမစားရ၊ နေထိုင်မကောင်း



ဖုံးဒဏ်ကြားမှ ပါလက်စတိုင်းမိသားစု

ဖြစ်လို့လည်း ကုစရာဆေးဝါးမရှိ၊ လူဖြစ်ပါလျက် လူလိုမနေရ မထိုင်ရ၊ အချိန်မရွေး အတိုက်အခိုက် ခံရနိုင်လို့ ကြီးလန့်စာစား ဖြစ်နေရပြီဆိုရင်ကော ခင်ဗျား ဘာလုပ်မလဲ ဆိုတာပါပဲ။

အစ္စရေးလ်က ဒုံးကျည်နဲ့ပစ်နေတာတွေ ရပ်သွားအောင်၊ ဟားမတ်စ်အဖွဲ့ အင်အားချည့်နဲ့သွားအောင် ဒီစစ်ဆင်ရေးကို ဆင်နွှဲတာလို့ အကြောင်းပြပေမယ့် တခြားအကြောင်းတွေလည်း ရှိပါတယ်။ လာမယ့်ဖေဖော်ဝါရီလမှာ အစ္စရေးလ်နိုင်ငံ ရွေးကောက်ပွဲရှိပါတယ်။ ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်နဲ့ နိုင်ငံခြားရေးဝန်ကြီး လစ်ဗ်နီတို့ဟာ သူတို့ကိုယ်သူတို့ ပြတ်သားတဲ့သူတွေအဖြစ် ပြချင်တာလည်းပါပါတယ်။ အခုလက်ရှိ အာဏာရနေတဲ့ အစ္စရေးလ်အစိုးရ အဖွဲ့ဟာ စစ်ဝါဒီနိုင်ငံရေးသမား နာတန်ယာဟုကို စိန်ခေါ်အနိုင်ရပြီး တက်လာတဲ့အစိုးရ ဖြစ်ပါတယ်။ နာတန်ယာဟုဟာ အစ္စရေးလ်ရဲ့လုံခြုံရေးကို အာမမခံနိုင်ဘူးဆိုပြီး ထိုးနှက်အနိုင်ရလာတာဖြစ်တယ်။ အခုလည်း ရွေးကောက်ပွဲနီးလာလို့ အစွမ်းပြတာမဟုတ်ဘူးလို့ မပြောနိုင်ပါ။ ရွေးကောက်ပွဲကိုတော့ ဒီစစ်ဆင်ရေးပြီးတဲ့အထိ ရွှေ့ထားလိုက်ပါပြီ။ ၂၀၀၆ လက်ဘနွန်စစ်ပွဲတုန်းက ဟစ္စဘိုလာတွေကို ဦးမချိုးနိုင်ခဲ့လို့ နာမည်ပျက်ခဲ့ရတဲ့ အစ္စရေးလ်စစ်တပ်က အခု ဂါဇာစစ်ပွဲနဲ့ အဖတ်ဆည်ချင်တာလည်း ပါနိုင်ပါတယ်။

ဟားမတ်စ်အဖွဲ့ကို အဓိကဦးတည်တိုက်တာဆိုပေမယ့် အခုလို အရပ်သားတွေကိုပါ ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်နေတာကို ကြည့်ခြင်းအားဖြင့် ဦးတည်ချက်ဟာ ပိုကျယ်ပြန့်တယ်ဆိုတာ သိသာပါတယ်။ ဟားမတ်စ်အဖွဲ့ကို ရွေး ကောက်ခဲ့တဲ့အတွက် ပါလက်စတိုင်းလူထုကို အငြိုးတကြီးနဲ့ တိုက်ခိုက်နေတာလည်း ဖြစ်ပါတယ်။ နောင်ကို ဟားမတ်စ် ဒါမှမဟုတ် ဟားမတ်စ်လို အဖွဲ့မျိုး ထပ်ပြီး မဲမပေးကြနဲ့။ မဲပေးမိလို့ကတော့ အခုလိုပဲ မသက်သာဘူးသာမှတ်ဆိုပြီး တိုက်ခိုက်နေတာ ဖြစ်တယ်။ ငါတို့အလိုကျ လိုက်လျောမယ့်အဖွဲ့မျိုးကိုသာ မဲပေးကြလို့ မပြောရုံတမယ်ပါပဲ။

အစ္စရေးလ်– ပါလက်စတိုင်း ပဋိပက္ခဟာ ရှည်ကြာလှပြီ ဖြစ်ပါတယ်။ အခုလို ပါလက်စတိုင်းတွေကို အစ္စရေးလ်က အငြိုးတကြီးနဲ့ ရက်ရက်စက်စက် သတ် ဖြတ် တိုက်ခိုက်နေတာကြောင့် ဒီပဋိပက္ခမီးဟာ ငြိမ်းအေးဖို့ ပိုပြီးဝေးသွားရဦးမှာပဲ ဖြစ်ပါတယ်။

ref:Understanding the Gaza Catastrophe by Richard Falk, 2008–2009 Israel–Gaza Conflict from Wikipedia.

**ကြည်ဝင်း**

# ၂၁ရာစု ရေနံနိုင်ငံရေး

အောင်ငြိမ်း

အမှာ

**Monthly Review . July -August 2008 မှ John Bellamy Foster ရဲ့ 'ရေနံထိပ်မှတ်နှင့် စွမ်းအင်နယ်ချဲ့စနစ်' Peak Oil and Energery Imperialism ဆောင်းပါးဟာ ယနေ့ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ ရေနံပြဿနာနဲ့ နိုင်ငံခြားရေးပေါ်လစီ အကြောင်းကို အချက်အလက် စုံစုံလင်လင်ဖြင့် မီးမောင်းထိုးပြနိုင်တဲ့ ဆောင်းပါးတပုဒ် ဖြစ်တယ်။ အနာဂတ်ကမ္ဘာရဲ့ စီးပွားရေး နိုင်ငံရေး စစ်ရေး ဘက်စုံအခင်းအကျင်းကို စာဖတ်သူများ မျှော်ခေါ်သုံးသပ်နိုင်စေရန် ကောက်နုတ်ဖော်ပြပါတယ်။**

**ရေနံထိပ်မှတ်**

ရေနံထွက် ထိပ်ဆုံးအမှတ်ဆိုတာ ယခုတလော ရေနံရေးရာ ပေါ်လစီချမှတ်သူများအကြား အငြင်းပွားနေကြတဲ့ ကိစ္စကြီးတရပ်ဖြစ်တယ်။ အမေရိကန်က အီရတ်ကို လက်ဦးအောင်ချခဲ့တဲ့စစ်ပွဲ ၅ နှစ်ကြာလာတဲ့အခါ ကမ္ဘာ့ရေနံထောက်ပံ့မှုဟာ တစတစဆိုးဝါးလာတယ်။ ရေနံထုတ်လုပ်မှု (အထွက်) ကျဆင်းလာတာနဲ့ အမေရိကန် ဒေါ်လာတန်ဖိုးကျဆင်းမှုတို့ ပေါင်းစပ်ပြီး ၂၀၀၈ မေမှာ ရေနံတစည် ဒေါ်လာ ၁၃၅ ကျော်အထိ ဖြစ်လာတယ်။ ၂၀၀၆ တုန်းက ပျမ်းမျှတစည် ၆၆ ဒေါ်လာနဲ့ ၂၀၀၇ က ပျမ်းမျှတစည် ၇၂ ဒေါ်လာသာ ရှိခဲ့တာဖြစ်တယ်။ Goldman Sachs ရဲ့ တွက်ချက်မှုအရ နောက် ၂ နှစ်အတွင်း ရေနံတစည် ဒေါ်လာ ၂၀၀အထိ တက်ဖွယ်ရှိတယ်လို့ ဆိုတယ်။

၁၉၉၈ ပြေမှာ အမေရိကန်ဟာ ပထမဆုံးအကြိမ်အဖြစ် သူသုံးစွဲတဲ့ ရေနံ အများစုကို ပြည်ပမှတင်သွင်းခဲ့ရတယ်။ ထိုအချိန်မှစပြီး ကမ္ဘာ့ရေနံထွက်ထိပ်မှတ်သို့ မကြာမီ ရောက်တော့မယ်ဆိုတဲ့ စိုးရိမ်ပူပန်မှု ကြီးထွားလာကာ အကျယ်အပြန့်သုံးသပ်မှုတွေ ပေါ်ပေါက်လာတယ်။

၁၉၉၈ မတ်လထုတ် သိပ္ပံနည်းကျ အမေရိကန်စာစောင်တွင် အငြိမ်းစားရေနံ ဘူမိဗေဒ

ပညာရှင် Collin J. Campbell နဲ့ Jean H. Laherrere ရေးတဲ့ 'ဈေးပေါရေနံနိဂုံး' ဆောင်းပါးမှာ ကမ္ဘာ့ ရေနံထိပ်မှတ်ဟာ ၁၀ နှစ် အတွင်း ပေါ်ပေါက်နိုင်ကြောင်း သတိပေးခဲ့တယ်။ ချမ်းသာတဲ့ နိုင်ငံများနဲ့ ဖွဲ့စည်းထားတဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ (OECD) ရဲ့ နိုင်ငံတကာ စွမ်းအင် အေဂျင်စီ (IEA) မှ ထုတ်ပြန်တဲ့ '၁၉၉၈ ကမ္ဘာ့ စွမ်းအင် သုံးသပ်ချက်' စာတမ်းက ကမ္ဘာ့ရေနံသိုက် (World Oil Resrves) အပေါ် အဆိုးမြင်ဖြင့် ကြည့်စေကာမူ သက္ကရာဇ် ၂၀၀၈ – ၂၀၀၉ လောက် အထိ ရေရှည်ထောက်ပံ့နိုင်မှုရှိကာ 'ရေနံထွက်ထိပ်မှတ်' သို့ ရောက်ဦးမှာ မဟုတ်ဟု ဆိုတယ်။

ဒီခန့်မှန်းချက်က လွဲနေတယ်။ 'ရေနံထွက်ထိပ်မှတ်' သို့ ရောက်ရှိမှုဟာ အောက်ပါ အတိုင်း ဖြစ်လာတယ်။ ဩစရီးယား (၁၉၅၅) ဂျာမဏီ (၁၉၆၇) အမေရိကန် (၁၉၇၁) ကနေဒါ (၁၉၇၄) ရိုမေးနီးယား၊ (၁၉၇၆) အင်ဒိုနီးရှား (၁၉၇၇) အမေရိကန်အာလာစကာ (၁၉၈၉) အီဂျစ် (၁၉၉၃) အိန္ဒိယ (၁၉၉၅) ဂါဘွန် (၁၉၉၇) မလေးရှား (၁၉၉၇) အာဂျင်တီးနား (၁၉၉၈) ဗင်နီဇွဲလား (၁၉၉၈) ကိုလံဘီယာ (၁၉၉၉) အီကွေဒါ (၁၉၉၉) အင်္ဂလန် (၁၉၉၉) ဩစတြေးလျ (၂၀၀၀) အိုမန် (၂၀၀၁) နော်ဝေး (၂၀၀၁) ယီမင် (၂၀၀၁) ဒိန်းမတ် (၂၀၀၄) မက်ဆီကို (၂၀၀၄) [ Source: Energy Watch Group (oct 2007, 11) ]

'ရေနံထိပ်မှတ်' ဆိုတာ ရေနံတွေ ဒလဟော ထွက်ရှိမှုလို့ ဆိုလိုတာ မဟုတ်ဘူး။ ဘူမိ ဗေဒနဲ့ နည်းပညာပိုင်းအရ ရေနံထွက် အထွတ်အထိပ်သို့ ရောက်ပြီးနောက် အထွက်ကျဆင်းလာ တာကို ပြောတာဖြစ်တယ်။ ရေနံတွင်းတိုင်းဟာ ရေနံညှစ်ထုတ်ရယူမှုဟာ ခေါင်းလောင်းပုံ မျဉ်းကွေး ဖြင့် အချိုးညီအတက်အကျကို ဖြစ်ပေါ် လေ့ရှိတယ်။ ဥပမာ – တနှစ်လျှင် ၂ ရာခိုင်နှုန်းတက်လာပြီး အမြင့်ဆုံးအမှတ်သို့ ရောက်ရှိပြီးသကာလ အချိုးညီစွာ တနှစ်လျှင် ၂ ရာခိုင်နှုန်းဖြင့် ကျဆင်းလာခြင်း။ အဓိပ္ပာယ်က ရေနံသိုက်ခန်းလာခြင်းဖြစ်တယ်။ ဒီနည်းကို ၁၉၅၀ ခုနှစ်များက အမေရိကန်ရေနံတွင်း များရဲ့ ထိပ်မှတ်ကို ၁၉၇၀ လို့ တွက်ချက်ဖြစ်ခဲ့တဲ့ ရေနံဘူမိပညာရှင် M. King Hubbert ကို အမှီပြုပြီး 'ဟပ်ဘတ်ထိပ်ဆုံးမှတ်' လို့လည်းခေါ်တယ်။

သမရိုးကျရေနံ (ရေနံစိမ်း) ဆိုတာ မြေအောက်ဟိုက်ဒရိုကာဘွန်သိုက်မှ တွင်းတူးစင်များ ဖြင့် ထုတ်ယူရရှိတဲ့ ရေနံ ဖြစ်တယ်။ သမရိုးကျ မဟုတ်တဲ့ ရေနံဆိုတာက တခြားနည်းနဲ့ ထုတ်ယူတဲ့ ရေနံအလေး၊ သဲရေနံ၊ ရှေလရေနံ၊ သဲကတ္တရာရေနံ၊ သဘာဝဓာတ်ငွေ့အရည်နဲ့ အခဲ၊ ကျောက်မီး သွေးအရည်၊ ဇီဝလောင်စာ စသည်တို့ ဖြစ်တယ်။ သမရိုးကျမဟုတ်တဲ့ ရေနံထုတ်လုပ်ရာမှာ ကုန်ကျ စရိတ် ကြီးမြင့်ပြီး စွမ်းအင်အထွက် နိမ့်မှုကြောင့် စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအရ တွက်ခြေမကိုက်ဘူး။

အမေရိကန် စွမ်းအင်ပြန်ကြားရေးရုံး (EIA) ရဲ့ ၂၀၀၈ ဖေဖြိထုတ်ပြန်ချက်အရ ၂၀၀၅ မှ ၂၀၀၇ အတွင်း ကမ္ဘာ့ရေနံစိမ်း ထုတ်လုပ်မှုမျဉ်းဟာ ခပ်ပြေပြေ လျော့ကျလာတယ်။ ၂၀၀၅ မှာ ပျမ်းမျှ တရက်စည်ပေါင်း ၇၃ .၈ သန်းမှ ၂၀၀၇ မှာ ၇၃ .၃ သန်းသို့ ကျလာတယ်။ ကမ္ဘာ့ ရေနံထောက်ပံ့မှု (သမရိုးကျကော သမရိုးကျမဟုတ်တာကော) က ၂၀၀၅ မှ ၂၀၀၇ အထိ တရက်စည်ပေါင်း ၈ .၅ သန်းဖြင့် မျဉ်းတပြေးတည်း တန်းနေတယ်။

ကမ္ဘာ့ရေနံအထွက် အပြောင်းအလဲ သိပ်မရှိ ပြင်ညီသဖွယ်တန်းနေ (plateau) ခြင်းဟာ ထိပ်မှတ် (peak) သို့ ရောက်ခြင်းလော။ ရေနံဈေး ခေါင်ခိုက်လာခြင်းနဲ့ ဆက်စပ်မှု ရှိသလော။

အမျိုးမျိုး သုံးသပ်နေကြပါတယ်။

တန်းနေခြင်းကို ဦးဆောင်ထောက်ခံသူ Richard Heinberg က 'အင်အားအကျ' ဆိုတဲ့ စာအုပ်မှာ "ဘာကြောင့်တန်းနေသလဲ၊ စီးပွားရေးအကြောင်းအချက် (စီးပွားရေးကျ၊ ဝယ်လိုအားကျ) နဲ့ စစ်နဲ့တော်လှန်ရေး ဆိုတဲ့ နိုင်ငံရေးအကြောင်းအချက်များကြောင့်ဖြစ်တယ်။ သမရိုးကျမဟုတ်တဲ့ ရေနံအထွက်တိုးမှုနဲ့ နည်းပညာသစ်များကြောင့် အကျမနာအောင် မွေ့ရာခံပေးထားသလို ဖြစ်ပြီး ထိပ်မှတ်မှာ တန်းနေခြင်းဖြစ်တယ်"လို့ သုံးသပ်ပါတယ်။

ဘူမိနည်းပညာနဲ့ နိုင်ငံရေးအကြောင်းအချက်များကြောင့် တန်းနေမှုရှည်ကြာခြင်းဖြစ်တယ်ဆိုတဲ့ ကောက်ချက်ဟာ ရေနံလောကမှာ ထင်ရှားတဲ့ အမြင်တရပ်ဖြစ်လာတယ်။

၂၀၀၇ နိုဝင်ဘာ Wall Street ဂျာနယ်က ရေးရာမှာ..."ကမ္ဘာ့ရေနံစိမ်း ထုတ်လုပ်မှုပမာဏဟာ လက်တွေ့အားဖြင့် ကန့်သတ်ခံနေရပြီး အနောက်တိုင်း ရေနံကုမ္ပဏီ အရာရှိကြီးများမှ အစ အဓိက ရေနံတင်ပို့တဲ့ နိုင်ငံများမှ အရာရှိအဟောင်းအသစ်များအထိဟာ ရေနံထွက်ထိပ်မှတ်ဆိုသည်ကို ထောက်ခံသလို ရှိသော်လည်း ကမ္ဘာ့ရေနံသိုက်တဝက် ကုန်ခန်းနေပြီဆိုသည်ကို မယုံကြချေ။ သူတို့က ကမ္ဘာ့ရေနံထွက် မျက်နှာကျက် ဖြစ်ပေါ် လာခြင်းဟာ ရေနံမြေဝင်ပေါက်အားတင်းကျပ်ထားမှု၊ ကုန်ကျစရိတ် ထိုးတက်မှုနဲ့ ရေနံဘူမိအခြေအနေ ရှုပ်ထွေးမှုကြောင့်ဟုယုံကြည်ကြသည်။ ထုတ်လုပ်ရေး တန်းနေမှုသာ ဖြစ်ပြီး ထိပ်ဆုံးမှတ်မဟုတ်ဟု ရပ်ခံကြသည်"။

ဝေါစထရိဂျာနယ်က ဆက်လက်ဖော်ပြရာမှာ ကင်းဘရစ် စွမ်းအင်သုတေသနအဖွဲ့ရဲ့ တွက်ချက်မှုကို ကိုးကားပြီး ထိပ်မှတ်ကို ၂၀၃၀ အထိရောက်ဦးမည်မဟုတ်၊ ဦးစွာအားဖြင့် လှိုင်းသဖွယ်တန်းနေဦးမည်ဟု ဆိုတယ်။

သို့သော် ဂျာနယ်က ဆိုင်မွန် (Matthaw R. Simmons) ရဲ့ အမြင်ကိုလည်း အလေးထားတာ တွေ့ရ တယ်။ ဆိုင်မွန်က ရေနံထိပ်မှတ်ဟာ ၂၀၀၈ နဲ့ ၂၀၁၀ အကြားမှာ ဖြစ်တယ်လို့ ဆိုတယ်။ ဆိုင်မွန်ဟာ ဘုရှ် – ချေနီ စွမ်းအင်အသွင်ကူးပြောင်းရေး အတိုင်ပင်ခံကော်မတီအဖွဲ့ဝင် တဦးဖြစ်တယ်။ ရေနံနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းများစွာ ရေးသားခဲ့သူလည်းဖြစ်တယ်။ သူ့ရဲ့ ၂၀၀၅ မှာ ထုတ်တဲ့ 'သဲကန္တာရဆည်းဆာ' စာအုပ်တွင် ဆော်ဒီအာရေဗျရှိ ကမ္ဘာ့အကြီးဆုံးရေနံတွင်းကြီးဖြစ်တဲ့ Ghawar ရေနံတွင်းဟာ ထုတ်လုပ်မှု ထိပ်မှတ်သို့ ရောက်လုနီးပြီလို့ ထောက်ပြပါတယ်။

အမေရိကန် စွမ်းအင်ဌာနကြီးရဲ့ ပြန်ကြားရေးရုံးက အစောဆုံးထိပ်မှတ်ဟာ (၂၀၀၄ ဟု အကဲဖြတ်သူများကို ဆန့်ကျင်ပြီး) အစောဆုံး ၂၀၂၀ ဟုသုံးသပ်ပါတယ်။ (၂၀၀၀ ဇူလိုင်)

ဤသို့ စိုးရိမ်ပူပန်မှုများကြောင့် ၁၉၉၈ မှ ၂၀၀၁ အတွင်း အမေရိကန်ပြည်ထောင်စု 'အတွင်းစည်း' အတွင်း အကျယ်အပြန့်ဆွေးနွေးသုံးသပ်ကြပြီး မဟာဗျူဟာ နည်းလမ်းများ ရှာကြံလာခဲ့ကြတယ်။ သို့ဖြင့် 'အမေရိကန်ရာစုသစ်စီမံချက်' ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်လာခဲ့ကြတယ်။

### ရေနံနယ်ချဲ့

၁၉၉၈ ဇူလိုင်မှာ နိုင်ငံတကာမဟာဗျူဟာလေ့လာရေးဌာန (CSIS) မှ စွမ်းအင်ဆိုင်ရာမဟာဗျူဟာဌာန (SEI) ကို အလျင်စလို ဖွဲ့တယ်။ ဆီးနိတ်လက်နက်ကိုင်တပ်ဖွဲ့များရေးရာကော်မတီ ဥက္ကဋ္ဌ Sam Nunn နဲ့ကာကွယ်ရေးဝန်ကြီးဟောင်း(စွမ်းအင်ဝန်ကြီးဟောင်းလည်းဖြစ်)Schlesinger

တို့ ဦးဆောင်တယ်။ ၎င်းအဖွဲ့မှ ၂၀၀၀ နိုဝင်ဘာမှာ “၂၁ ရာစု စွမ်းအင်ဆိုင်ရာ ပထဝီနိုင်ငံရေး” အစီရင်ခံစာကို ထုတ်ပြန်တယ်။ အစီရင်ခံစာတွင် “ကမ္ဘာအနှံ့ ရေနံထုတ်လုပ်မှု ကျဆင်းနေပြီး ရေနံဝယ်လိုအား မြင့်တက်နေမှုအောက်တွင် ကမ္ဘာ့စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အတွက်၊ ပါရှန်ပင်လယ်ကွေ့ ရေနံထုတ်လုပ်မှုကို သက္ကရာဇ် ၂၀၀၀ – ၂၀၂၀ အတွင်း ၈၀ ရာခိုင်နှုန်း တိုးထုတ်လုပ်ဖို့ လိုအပ်ကြောင်း” တင်ပြတယ်။ ၎င်းတို့က (အထက်တွင် ဖော်ပြခဲ့ သည့်) Campbell, Laherrer နဲ့ Simmons တို့ တင်ပြတဲ့ ရေနံထိပ်မှတ်ဟာ အစောဆုံး ၂၀၁၀ တွင် ရောက်ရှိမည်ဆိုသည့် ကောက်ချက်ကို ပယ်ချတယ်။ သို့သော်ရေနံထိပ်မှတ်ပြဿနာကို အလွန် အလေးထားကြောင်း သိသာပါတယ်။ “တခုတည်းသော အင်အားလွန်” အမေရိကန်အနေနဲ့ “ကမ္ဘာနဲ့အဝန်း စွမ်းအင်ထောက်ပံ့မှုအပေါ် အထူးတာဝန် ဝတ္တရားရှိကြောင်း” ကမ္ဘာ့ရေနံ “ဝင်ပေါက်ဖွင့်” ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်တယ်။ အမေရိကန်ရဲ့ စီးပွားရေးအကျပ်အတည်းဆို့ ခံထားရတဲ့ အီရတ်နဲ့ အီရန်မှ ရေနံတင်ပို့မှု တိုးမြှင့်နိုင်တဲ့နည်းလမ်းများ ရှာကြံဖို့ အလေးပေး ဖော်ပြတယ်။

၂၀၀၁ တွင် Edward L. Morse သဘာပတိလုပ်တဲ့ James Baker Institute နဲ့ နိုင်ငံခြားဆက်ဆံရေး ကောင်စီတို့ ကမကထပြုပြီး ၂၁ ရာစု မဟာဗျူဟာစွမ်းအင်ပေါ်လစီ စိန်ခေါ်မှု လေ့လာရေးတရပ် လုပ်တယ်။ ဒီအဖွဲ့အစီရင်ခံစာက ယခုလို ဖော်ပြတယ်။ ကမ္ဘာ့ရေနံသိုက်ဟာ ဆယ်စုနှစ်များစွာအတွက် လုံလောက်ကြောင်း၊ ဒါပေမဲ့ ထုတ်လုပ်ရေးစွမ်းရည်သစ်အတွက် “ရင်းနှီး မြှုပ်နှံမှုမလုံလောက်ခြင်း”နဲ့ “မတည်ငြိမ်သောနိုင်ငံများ” ကြောင့် “ထောက်ပံ့ရေးတင်းကျပ်မှု” (ရေနံလျှော့ထုတ်တာကို ဆိုလိုတယ်) နဲ့ ကြုံတွေ့နေရကြောင်း၊ ရေနံထုတ်လုပ်သော နိုင်ငံများဟာ ထုတ်လုပ်ရေးစွမ်းရည်သစ်အတွက် ရင်းနှီးမြှုပ်နှံရမယ့်အစား ရေနံမှရငွေကို လူမှုစီ မံကိန်းများတွင် သုံးစွဲခြင်းဖြင့် အပိုအလျှံတွေကို “ရှင်းပစ်”တာ “မဖြစ်စလောက်”သာ သုံးစွဲတာ လုပ်ကြကြောင်း၊ အီရတ်ဟာ အခရာကျတဲ့ “ယိမ်းလှုပ်နေသော”ရေနံထုတ်လုပ်သူ၊ ထုတ်လုပ်မှုစွမ်းရည် တမင်နှိမ့်ထားသူ “မဟာဗျူဟာ အကျိုးစီးပွားအတွက် ရေနံပိုက်ခေါင်းကို ပိတ်ချီဖွင့်ချီလုပ်သူ”ဖြစ်ကြောင်း၊ “ဆက်ဒမ်ဟူစိန်ဟာ အီရတ်ရေနံကို ဈေးကွက်မှ ဖယ်ထားနိုင်တာ”ကြောင့် ကမ္ဘာ့အရင်းရှင် စီးပွားရေးအတွက် အန္တရာယ်ကြီးကြောင်းစသည်ဖြင့် တင်ပြထားပါတယ်။

အဖြေက အမေရိကန်ဦးဆောင်တဲ့ အနောက်အင်အားကြီးနိုင်ငံများအနေနဲ့ ကမ္ဘာ့ရေနံ အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်ပါဝင်ဆောင်ရွက်ဖို့ တတိယကမ္ဘာရဲ့ “အရင်းအမြစ်နိုင်ငံ ပိုင်ပြုမှု’ အမျိုးသားရေနံ ကုမ္ပဏီများ စိုးမိုးထားတဲ့ လက်ရှိနိုင်ငံရေးဘောဂဗေဒကို နိုင်ငံစုံရေနံ ကုမ္ပဏီများကို ဗဟိုပြုတဲ့ ရှေ့တန်းရောက် အရင်းရှင်စီးပွားရေးဖြင့် အစားထိုးဖို့ပဲ ဖြစ်ပါတယ်။

၂၀၀၁ မေမှာ ဒုသမ္မတ ဒစ်ချေနီ (Dick Cheney) ကြီးကြပ်တဲ့ အမျိုးသားစွမ်းအင် ပေါ်လစီကို အိမ်ဖြူတော်က ထုတ်ပြန်တယ်။ အမေရိကန် ရေနံထုတ်လုပ်မှုဟာ ၁၉၇၀ (ထိပ်မှတ်) နောက်ပိုင်း ၃၉ ရာခိုင်နှုန်းကျဆင်းတယ်။ ၂၀၂၀ မှာ ပြည်တွင်း ဓာတ်ဆီနဲ့ စက်ဆီသုံးစွဲမှုရဲ့ ၃ ပုံ ၂ ပုံကို ပြည်ပတင်သွင်းမှုအပေါ် မှီခိုရမှာဖြစ်ကြောင်း သတိပေးထားတယ်။ ၎င်းကာလမှာပဲ သမ္မတ ဘုရှ်က ပြည်ပက ရေနံတင်သွင်းမှုအပေါ် မှီခိုနေရခြင်းဖြင့် “အမျိုးသားစွမ်းအင်လုံခြုံရေး”ကို “ကျွန်ုပ်တို့ အကျိုးစီးပွားကို မလိုလားသော ပြည်ပနိုင်ငံများ”လက်ထဲ ဝကွက်အပ်ထားသလို ဖြစ်နေကြောင်း သတိပေးပြောကြားတယ်။

၂၀၀၁ နိုဝင်ဘာ အမေရိကန်စွမ်းအင်ဌာနရဲ့ နိုင်ငံတကာစွမ်းအင်သုံးသပ်ချက်မှာ ပါရှန်ပင်

လယ်ကွေ့ ရေနံထွက်ကို ၁၉၉၉ မှ ၂၀၂၀ အတွင်း နှစ်ဆတိုးထုတ်ရေးစီမံကိန်းဟာ မအောင်မြင်ဘူး။ အချက်အချာ နိုင်ငံများဖြစ်တဲ့ အီရတ်၊ အီရန်နဲ့ ဆော်ဒီတို့တွင် အလုံးအရင်းနဲ့ ရင်းနှီးမြှုပ်နှံခြင်း မပြုနိုင်လျှင် မအောင်မြင်နိုင်ဘူး။ အီရတ်ရေနံစိမ်းအထွက်ဟာ ၂၀၀၁ မှာ ၁၉၇၉ ထက် ၃၁ ရာခိုင်နှုန်း လျော့ခဲ့ပြီး အီရန်က ၁၉၇၆ ကစပြီး ၃၇ ရာခိုင်နှုန်းလျော့ကျခဲ့တယ်။ ၂ နိုင်ငံစလုံးဟာ ဒဏ်ခတ် ပိတ်ဆို့ခံရမှုကြောင့် ရင်းနှီးမြှုပ်နှံမှုလည်းကျတယ်။ အထွက်လည်းကျတယ်။ ပါရှန်ပင်လယ်ကွေ့ နိုင်ငံများအဖို့ ၂၀၃၀ ရေနံထွက်စီမံကိန်းကို ပြည့်မီနိုင်ရန် စက်ကိရိယာနဲ့ နည်းပညာသစ်အတွက် ဒေါ်လာဘီလီယံ၅၀၀ ကျော် ရင်းနှီးမြှုပ်နှံဖို့ လိုအပ်တယ်လို့ သုံးသပ်ထားတယ်။

၂၀၀၁ နွေဦးမှာ ဘုရှ်အုပ်ချုပ်ရေးအဖွဲ့ရဲ့ နိဂုံးကောက်ချက် ပေါ်ထွက်လာတယ်။ ကြီးမား တဲ့ရေနံသိုက်တွေ ရှိသေးတယ်။ ထုတ်လုပ်ရေးစွမ်းရည် တအားတင်းကျပ်ထားတယ်။ ရေနံဈေး သွေးလန့်မှု နိမိတ်ဆိုးတွေ ပေါ်ထွက်နေတယ်။ ပါရှန်ပင်လယ်ကွေ့ ရေနံတိုးထုတ်မှုသာလျှင် အဓိကဖြစ်တယ်။ ဒီလိုမဟုတ်ရင် ‘ရေနံထိပ်မှတ်’ တစ္ဆေခြောက်ခံနေရမှာ ဖြစ်တယ် .... လို့ဆိုတယ်။

သို့ဖြင့် ရေနံသုံးစွဲမှုနဲ့ ဝယ်လိုအားဘက်မှ ပြဿနာကို ကြိုးစားဖြေရှင်းရမယ့်အစား ရှေ့ကအုပ်ချုပ်ရေး အဖွဲ့များလိုပဲ ဘုရှ်အုပ်ချုပ်ရေးအဖွဲ့ဟာ စစ်ရေးနည်းလမ်းကိုပဲ ရွေးချယ်ခဲ့တယ်။

Michael T. Kare က “သွေးနဲ့ရေနံ”စာအုပ်မှာ ယခုလို ဖော်ပြတယ်။ ၉ / ၁၁ (၂၀၀၁) မဖြစ်မီနဲ့ ဖြစ်ပြီးလတွေအတွင်း ပင်လယ်ကွေ့အတွက် နိုင်ငံစီးပွားရေး စစ်ရေးပုံစံပြာတခုကို ချတယ်။ ဦးစွာအားဖြင့် ပင်လယ်ကွေ့နိုင်ငံများရဲ့ ရေနံထွက်ကို မြှင့်ဖို့ ဖြစ်တယ်။ ဒါပေမဲ့ ဒေသတွင်း မတည်ငြိမ်မှုနဲ့ ပဋိပက္ခတွေ ရှိတာကြောင့် အထွက်တိုးရိပ် မမြင်ရ။ ဒါကြောင့် စစ်ရေးစွက်ဖက်မှု လုပ်တာဖြစ်တယ်။ ဆော်ဒီမတည်ငြိမ်တဲ့အတွက် စစ်ရေး ကျားကန်ပေးတယ်။ အီရတ်အစိုးရ အပြောင်းအလဲကို စစ်ရေးနဲ့ ဖော်ဆောင်တယ်။ အီရန်အပေါ် အမြင့်ဆုံး ဖိအားပေးတယ်။ Donald Rumsfeld နဲ့ Paul Wolfowitz လို ပုဂ္ဂိုလ်များက ရွေးကောက်ပွဲမတိုင်မီကတည်းက အီရတ်ကို ကျူးကျော်ဖို့ တိုက်တွန်းတယ်။ စက်တင်ဘာ တိုက်ခိုက်မှုပေါ်ပေါက်လာတဲ့အခါ “အကြမ်းဖက်ဝါဒ စစ်ပွဲ”ဆိုတာနဲ့ အာဖဂန်ကို သိမ်းပြီး အလယ်အာရှနဲ့ ကက်စ်ပီယံပင်လယ်သို့ ပထဝီနိုင်ငံရေးဝင် ပေါက် (နှင့် ပိုက်လိုင်း လမ်းကြောင်း) ဖန်တီးတယ်။ ၂၀၀၃မှာ အီရတ်ကို သိမ်းတယ်။ အရှေ့အလယ်ပိုင်းကို အမေရိကန်ရဲ့ မဟာ ဗျူဟာ ထိန်းချုပ်မှုဟာ “အမေရိကန်ရာစုသစ်” အတွက် အချက်အချာကျတဲ့ အခြေခံကို ချမှတ်ခြင်းပဲ ဖြစ်ပါ တယ်။

ယနေ့ကာလ ထိပ်ဆုံးတန်း အမေရိကန်စီးပွားရေးပညာရှင်ဖြစ်တဲ့ ဗဟိုဘဏ် ဥက္ကဋ္ဌ ဟောင်း Alan Greenspan က “ ၂၀၀၇ ရဲ့ ကသောင်းကနင်းကာလ”စာအုပ်မှာ ယခုလို ရေးတယ်။ “အီရတ်စစ်ပွဲဟာ အဓိက ရေနံကြောင့်ဆိုတဲ့ အချက်ကို အသိအမှတ်ပြုဖို့အတွက် နိုင်ငံရေးအရ အဆီအငေါ်မတည့် ဖြစ်နေမှုအပေါ် ဝမ်းနည်းပါတယ်”တဲ့။ ဂရင်းစပင်းက ပင်လယ်ကွေ့ဒေသကို အတိတ်က အနောက်နိုင်ငံများရဲ့ စစ်ရေးစွက်ဖက်မှုများ နဲ့ ယှဉ်ပြီးကြည့်သင့်ကြောင်း ပြောပါတယ်။ “ဥပမာအားဖြင့် ၁၉၅၁ က အင်္ဂလိပ် – အီရန်ရေနံကုမ္ပဏီကို Mossadeq အစိုးရ နိုင်ငံပိုင်ပြုမှုအပေါ် လက်တုံ့ပြန်ခြင်း (CIA က အီရန်ဝန်ကြီးချုပ် Mossadeq ကို ဖြုတ်ချပြီး ရှားဘုရင် Shah ကို နန်းတင်ခဲ့) ၁၉၅၆ နာဆာအစိုးရ (အီဂျစ်) က စူးအက်တူးမြောင်း ရေကြောင်းလမ်း နိုင်ငံပိုင် သိမ်းမှုအပေါ် ဗြိတိသျှနဲ့ ပြင်သစ်တို့ရဲ့ လက်တုံ့ပြန်မှု သားလျော့ခဲ့ခြင်း”။ ဂရင်းစပင်းက ဆက်ပြော ရာမှာ “ကုန်လွန်ခဲ့တဲ့ရာစု တစိတ် (၂၅ နှစ်) အတိုင်း နောက်ထပ်ရာစုတစိတ် ကမ္ဘာ့စီးပွားရေး

ဖွံ့ဖြိုးတိုးတက်စေဖို့ဆိုရင် ယနေ့ ကျွန်တော်တို့ သုံးစွဲနေသော ရေနံပမာဏထက် နောက်ထပ် ၄ ပုံ ၁ ပုံမှ ၅ ပုံ ၂ ပုံ ထပ်မံလိုအပ်မှာ ဖြစ်တယ်''။ ဒီရေနံတွေ အမြောက်အမြား ရရှိနိုင်တာက ကမ္ဘာ့ရေနံသိုက်ရဲ့ ၃ ပုံ ၁ ပုံတည်ရှိရာ ပါရှန်ပင်လယ်ကွေ့ကပဲ ဖြစ်တယ်။

ဘုရှ်အုပ်ချုပ်ရေးက ဂရင်းစပင်းပြောကြားချက်ကို ငြင်းဆိုသော်လည်း ၂၀၀၇ စက်တင်ဘာ ၁၃ သမ္မတဘုရှ်ရဲ့ ရုပ်သံမိန့်ခွန်းတွင် အကယ်၍ အမေရိကန်တပ်တွေ အီရတ်က ရုပ်သိမ်းခဲ့ရင် ''အစွန်းရောက်တွေက ကမ္ဘာလုံးဆိုင်ရာ ရေနံထောက်ပံ့မှု အချက်အချာတွေကို ထိန်းချုပ်သွားပါလိမ့်မယ်'' လို့ ပြောပါတယ်။

### အလှည့်အပြောင်းလော

စစ်ပွဲ ၅ နှစ် ကြာလာခဲ့သော်လည်း အီရတ်ရေနံအထွက် တိုးလာခြင်းမရှိပါ။ အီရတ်ကို သိမ်းပိုက်ပြီး ဒဏ်ခတ်ပိတ်ဆို့မှု ရုပ်သိမ်းလိုက်ခြင်းဖြင့် ဆယ်စုနှစ်တခုအတွင်း အီရတ်ရေနံထွက် ၁၉၇၉ အမြင့်ဆုံး၊ တနေ့စည် ၃ . ၅ သန်း ထွက်ရှိမှုကို ကျော်လွန်ပြီး တနေ့စည် ၆ သန်းမှ ၁၀ သန်း အထိ ထွက်ရှိဖို့ မျှော်လင့်ခဲ့ကြတယ်။ ဒါပေမဲ့ ၂၀၀၇ မှာ ယခင် ၂၀၀၁ အထွက် တနေ့စည် ၂ . ၄ သန်းထက် ၁၃ ရာခိုင်နှုန်း လျော့နည်းပြီး တနေ့စည် ၂ . ၁ သန်းသာ ထွက်တယ်။ ပါရှန်ပင်လယ်ကွေ့တခုလုံး ရေနံထွက်မှာ ၂၀၀၁ မှ ၂၀၀၅ အထိ နှစ်စဉ် (ပျမ်းမျှတ နေ့ စည် ၂ . ၄ သန်း အထိ) တိုးထွက်ရှိခဲ့သော်လည်း ၂၀၀၅ မှ ၂၀၀၇ အတွင်း ၄ ရာခိုင်နှုန်းကျဆင်းပြီး ကမ္ဘာ့ ရေနံထွက် ထိုင်းမှိုင်းမှုနဲ့ ကြုံတွေ့လာရတယ်။

ကမ္ဘာတဝန်း ရေနံတွင်းများ ရှာဖွေတွေ့ရှိပြီး ရေနံထွက်မြင့်လာတဲ့ ၁၉၆၀ ခုနှစ်များ နောက်ပိုင်း (နှစ် ၄၀ လွန်ပြီးနောက်) လက်ကျန်ရေနံသိုက်ပမာဏကို တွက်ချက်ရာမှာ နိုင်ငံရေးအကြောင်းများကြောင့် ချဲ့ကားဖော်ပြ ကြတယ်။ ဒါကြောင့် 'ရေနံထိပ်မှတ်' သုတေသီများက ရေနံသိုက်ပမာဏအစား ထုတ်လုပ်ရေး (အထွက်) ပေါ် အခြေခံ သုံးသပ်ကြတယ်။ 'ထိပ်မှတ်' ပြဿနာဟာ ယေဘုယျ စွမ်းအင်အကျပ်အတည်းမဟုတ်ဟု သုံးသပ်ကြတယ်။ ရေနံဟာ ဆူလွယ်နပ်လွယ်ဖြစ်ရုံမက သယ်ယူပို့ဆောင်ရေးအတွက် အလွန်အရေးပါတဲ့ လောင်စာဖြစ်နေတယ်။ အမေရိကန်ရေနံသုံးစွဲမှု ၃ ပုံ ၂ ပုံဟာ ကားကြီးကားငယ်တွေအတွက် ဓာတ်ဆီဒီဇယ်ဆီအဖြစ်သုံးတာ ဖြစ်တယ်။ ဒါကြောင့် ရေနံအကျပ်အတည်းဟာ တည်ရှိနေတဲ့ အရင်းရှင်စီးပွားရေးကြီး တရပ်လုံးရဲ့ အသက်သွေးကြောကို ထိခိုက်စေတယ်။

၂၀၀၅ အောက်တိုဘာ Robert L. Hirsh ရေးတဲ့ ''မရှောင်လွှဲနိုင်တဲ့ ကမ္ဘာ့ရေနံ ထိပ်မှတ်''စာတမ်းတွင် ''ယခင် စွမ်းအင်အကူးအပြောင်း (ထင်းမှ ကျောက်မီးသွေး၊ ကျောက်မီးသွေးမှ ရေနံ) ဟာ ဖြည်းဖြည်းချင်း တစတစ ပြောင်းလဲခဲ့တယ်။ ရေနံထိပ်မှတ်ကတော့ ရုတ်ချည်းပြင်းထန်လိမ့်မယ်။ ကမ္ဘာကြီးဟာ ဒီလိုပြဿနာမျိုး ယခင်က မကြုံဖူးပါ။ ပြဿနာမပေါ်ခင် အနည်းဆုံး ဆယ်စုနှစ်တခုလောက် ထုနဲ့ထည်နဲ့ ပြေလည်မှုရအောင် မကြိုးစားခဲ့ရင် ပြဿနာဟာ ကျယ်ပြန့် ရှည်ကြာသွားလိမ့်မယ်''လို့ ရေးပါတယ်။

အနောက်တိုင်း ရေနံလိုအပ်ချက်အတွက် စိတ်ပူပန်စရာတချက်မှာ အာရှအလယ်ပိုင်းမှအပ ကမ္ဘာ့ အကြီးဆုံးရေနံမြေဖြစ်တဲ့ ကာဇက်စတန်ရှိ ကာရှာဂန် (Kazakhstan's Kashagan)

ရေနံမြေပြဟာ တနှစ်မှာ နှစ်ဝက်လောက် ရေခဲနေခြင်းကြောင့် စီမံကိန်းကို ၈ နှစ်လောက် ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်တယ်။

၂၀၀၆ မှာ ဘုရှ်အစိုးရ အမျိုးသားစွမ်းအင်လုံခြုံရေးဌာနက စားသုံးသီးနှံမှ အီသနော ထုတ်လုပ်ပြီး လောင်စာအစားထိုးရေး လုပ်ခဲ့တယ်။ ၂၀၀၇မှာ အမေရိကန်သီးနှံထွက် ၂၀ ရာခိုင်နှုန်းမှ ယာဉ်သုံးစက်သုံး အီသနောလောင်စာ ထုတ်ခဲ့တယ်။ ကမ္ဘာတဝန်း သီးနှံဈေးထိုးတက်မှုမှာ ဒီအချက်ဟာ အကြောင်းတချက်ဖြစ်တယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒီ Lester R. Brown က "စီမံကိန်း B 3. 0"စာအုပ်မှာ ယခုလို ရေးပါတယ်။ "ရုတ်တရက်ပဲ ကမ္ဘာကြီးဟာ ရေးကမကြုံဖူးတဲ့ ကိုယ်ကျင့်သိက္ခာနဲ့ နိုင်ငံရေးပြဿနာကို ကြုံတွေ့ရတယ်။ ကျွန်တော်တို့သည် သီးနှံတွေကို မော်တော်ကားကို ကျွေးမည်လော။ လူကို ကျွေးမည်လော။ ဈေးကွက်က ကားကို ကျွေးကြလို့ ပြောနေတယ်"။

**ပထဝီနိုင်ငံရေးနဲ့ ရေနံ**

၂၀၀၇ ဖေဖော်ဝါရီ U.S. Government  Accountablity Office အစီရင်ခံစာက "ရေနံထွက် ကျခြင်းအကြောင်းရင်းမှာ ကမ္ဘာ့ရေနံသိုက်ရဲ့ ၃ ပုံ ၁ ပုံလောက်ရှိတဲ့ အီရန်၊ အီရတ်၊ နိုင်ဂျီးရီးယားနဲ့ ဗင်နီဇွဲလား အဓိက နိုင်ငံ ၄ နိုင်ငံရဲ့ နိုင်ငံရေးစွန့်စားမှုများကြောင့် ဖြစ်တယ်"လို့ ဆိုတယ်။

၂၀၀၅ အောက်တိုဘာ နိုင်ငံတကာမဟာဗျူဟာလေ့လာရေးဌာန (CSIS) အစီရင်ခံစာက အယ်ဂျီး ရီးယား၊ အီရန်၊ အီရတ်တို့မှာ လောလောဆယ်ဆယ် လုံခြုံရေးပြဿနာတွေ ရှိတယ်။ ဒါပေမဲ့ အာဖရိက ကက်စ်ပီယံပင်လယ်နဲ့ တောင်အမေရိကဟာ ပင်လယ်ကွေ့ထက် ထူးပြီးတည်ငြိမ်နေတာ မဟုတ်ဘူး။ နိုင်ဂျီးရီးယား ပိုက်လိုင်းပေါက်ကွဲမှု၊ ဗင်နီဇွဲလားအလုပ်သမားသပိတ်၊ ရုရှား အကျင့်ပျက်ခြစားမှု၊ ဥဇဘက်နဲ့ ယခင်ဆိုဗီယက်နိုင်ငံဟောင်းများအတွင်း ပြည်တွင်းမငြိမ်မသက်မှုတွေ ရှိနေတယ်လို့ ဖော်ပြတယ်။

CIA ဒါရိုက်တာဟောင်း John Deutch နဲ့ Schlesinger တို့ ဦးဆောင်ရေးသားတဲ့ ၂၀၀၆ နိုင်ငံခြားဆက်ဆံရေးကောင်စီ အစီရင်ခံစာက အဓိက စွမ်းအင်ထောက်ပံ့နိုင်ငံများဖြစ်တဲ့ ရုရှား၊ အီရန်၊ ဗင်နီဇွဲလားတို့ဟာ ရေနံကို ပြည်တွင်းနဲ့ ပထဝီနိုင်ငံရေးရည်မှန်းချက်အတွက် အသုံးချနေတယ်။ ရေနံအထွက်တိုးဖို့ ထပ်မံရင်းနှီးမြှုပ်နှံမှု မလုပ်ကြဘူး။ ဆော်ဒီ၊ အီရတ်၊ အီရန်နဲ့ အနောက်အာဖရိကဟာ မတည်ငြိမ်မှု ဗဟိုချက်တွေ ဖြစ်တယ်။ တရုတ်က အာဖရိကနဲ့ ကက်စ်ပီယမ်ပင်လယ်စတဲ့ ရေနံထောက်ပံ့မှုကို "သော့ခတ်"ဖို့ ကြိုးစားနေတယ်လို့ တင်ပြတယ်။

၂၀၀၇ ဧပြီ Baker Institute ရဲ့ ပေါ်လစီ အစီရင်ခံစာဖော်ပြချက်က အောက်ပါအတိုင်း ဖြစ်တယ်။ အမျိုးသားရေနံကုမ္ပဏီများ (နိုင်ငံပိုင် ရေနံကုမ္ပဏီများကို ဆိုလိုတယ်) က ကမ္ဘာ့ရေနံသိုက်ရဲ့ ၇၇ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပြီး အနောက်တိုင်း နိုင်ငံစုံရေနံကုမ္ပဏီများက ၁၀ ရာခိုင်နှုန်းသာ ထိန်းချုပ်ထားတယ်။ အမျိုးသား ရေနံကော်ပိုရေးရှင်းအားလုံး ပုဂ္ဂလိကပိုင်ပြုရမယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ပြည်တွင်းကုမ္ပဏီများနည်းတူ ခွင့်ပြုရမယ်။ အိုပက် (OPEC) ကို ဖျက်သိမ်းရမယ်။ လွတ်လပ်ကုန်သွယ်မှု၊ ယှဉ်ပြိုင်ဈေးကွက်တို့ဖြင့် ဈေးကွက်က ပြဋ္ဌာန်းတဲ့ ဈေးနှုန်းအတိုင်း ကမ္ဘာ့ရေနံလိုအပ်မှုကို ဖြန့်ဖြူးရမယ်။ သို့ရာတွင် အဓိက ရေနံထုတ်လုပ်မှုကို လက်ခံဖို့ဆိုရင် သူတို့ဟာ ပိုပြီး စီးပွားရေးဆန်ရမယ်။ ပွင့်လင်းရမယ်။ အစိုးရစွက်ဖက်မှု ကင်းရမယ်။

အစီရင်ခံစာက ဆက်လက်ဖော်ပြရာမှာ ရေနံထုတ်လုပ်သူများရဲ့ (သက်ဆိုင်ရာ နိုင်ငံကို ဆိုလိုတယ်) လက်ဝါးကြီးအုပ်အာဏာကို ဖျက်သိမ်းရမယ်။ ရေနံရင်းမြစ်ကို အမျိုးသားရည်မှန်းချက် အတွက် မသုံးဘဲ ကူးသန်း ရောင်းဝယ်မှုသက်သက် အတွက်သာ သုံးရမယ်။ ထင်ရှားတဲ့ ဥပမာက ရေနံထုတ်လုပ်ရေးမှာ နိုင်ငံတော်က စွက် ဖက်နေတဲ့ Hugo Chavez အုပ်ချုပ်တဲ့ ဗင်နီဇွဲလားပဲ။ “ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး”အစား“အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပေါ်လစီ”နဲ့ “လူမှုရေးနဲ့ ယဉ်ကျေးမှုရင်းနှီးမြှုပ်နှံမှု”ကိုလုပ်နေတယ်။ ဒါတင်မက ရေနံကို “နိုင်ငံခြားရေး ပေါ်လစီလက်နက်”အဖြစ်သုံးနေတယ်။ ပထဝီနိုင်ငံရေးတွန်းဆော်မှုအဖြစ် ဘိုလီးဗီးယား၊ အီကွေဒါ၊ နိုက်ကရာဂွါ၊ ကရစ်ဘီယမ်နိုင်ငံများနဲ့ သဘောတူညီချက်တွေလုပ်လာတယ်။ နောက်ဥပမာက အီရန်ပဲ။ အကယ်၍ အမေရိကန်က တိုက်လာရင် ရေနံဖြတ်သန်းပို့ဆောင်ရာ အချက်အချာ လမ်းကြောင်းဖြစ်တဲ့ ဟာမွတ် ရေလက်ကြား (Strait of Hornuz) ကို ပိတ်ဆို့ပစ်မယ်လို့ ခြိမ်းခြောက်နေရဲ့။ သတိထားရမယ့် အရေးကြီးတဲ့အန္တရာယ်တရပ်က အဓိကရေနံထုတ်/သုံး နိုင်ငံများရဲ့ ရန်လိုသော မဟာမိတ်ဖွဲ့မှုဖြစ်တဲ့ ရုရှား၊ တရုတ်၊ အီရန်နဲ့ အလယ်အာရှနိုင်ငံများရဲ့ မဟာမိတ်ဖွဲ့မှု (ရှန်ဟဲ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဆိုလို) ဖြစ်တယ်။ နောက်ထပ် ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့ ရေနံပြဿနာကတော့ အီရတ်နိုင်ငံရေး မတည်ငြိမ်မှုပါပဲ။

အီရတ်နဲ့အာဖဂန်စစ်ပွဲများ ဖြစ်နေဆဲမှာ ဆော်ဒီလုံခြုံရေးအတွက် အမေရိကန်က ဦးစားပေးလုပ်ဆောင်နေရတယ်။ အမေရိကန် စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ဖို့ ဆော်ဒီရေနံထွက် ၂၀၃၀ မှာ ၂ ဆ တိုးရေးအတွက် အလုံးအရင်းနဲ့ ရင်းနှီးမြှုပ်နှံရာမှာ ဘုရင့်နိုင်ငံဆော်ဒီ တည်ငြိမ်ငြိမ်းချမ်းဖို့လိုအပ်ပါတယ်။ လောလောဆယ်မှာ လူမှုရေးတင်းမာမှု ဝင်ငွေကွာဟမှု လိင်ခွဲခြားမှု မနှစ်မြို့ဖွယ်အကြိတ်အခဲတွေ ပေါ်ပေါက်နေတယ်။ James Howevel Kunstler ရဲ့ “ရှည်ကြာတဲ့အရေးပေါ်”စာအုပ်မှာ ဖော်ပြသလို ဘယ်လိုမတည်ငြိမ်မျိုးတွေပဲဖြစ်ဖြစ် “အာသာငမ်းငမ်း တက်နေတဲ့ အင်အားလွန်နိုင်ငံကြီးဟာ ကမ္ဘာဂြိုဟ်ပေါ်က အကြီးဆုံးကျန်ရှိနေတဲ့ ရေနံမြေကို ဘယ်လိုအရင်းအနှီးပဲ ပေးရပေးရ ထိန်းချုပ်ဖို့ ကြိုးပမ်းခြင်းမှအပ တခြားရွေးလမ်းမရှိလို့ ယူဆလိမ့်မယ်”။

လွန်ခဲ့တဲ့နှစ်တချို့အတွင်း အမေရိကန်စစ်တပ်ဟာ အာဖရိကဂီနီပင်လယ်ကွေ့ (Gulf of Guniea) မှာ အခြေခံစစ်စခန်းတွေ တည်ဆောက်လှုပ်ရှားလာတယ်။ အမေရိကန်ရေနံလိုအပ်ချက်ရဲ့ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာ ခိုင်နှုန်းအထိကို ၂၀၁၀မှ ၂၀၁၅ အတွင်း အာဖရိကမှ တင်သွင်းရန် မျှော်မှန်းတယ်။ ၂၀၀၇ မှာ သီးသန့်အာဖရိက စစ်ဦးစီးဌာန (U.S. Africa Command) (အီဂျစ်မှအပ) ကို ဖွဲ့စည်းတယ်။ အာဖရိက ရေနံအပေါ် အမေရိကန်ဟာ ပီကင်းနဲ့ စီးပွားရေးသက်သက်မဟုတ် စစ်ရေးမဟာဗျူဟာအရပါ သွယ်ဝိုက်ပြိုင်ဆိုင်နေရတယ်။

အမေရိကန်ဟာ စစ်အင်အားအလုံးအရင်းနဲ့ ဝင်ရောက်ပြီး ကိုလံဘီယာစစ်တပ်ကို ကျောထောက်နောက်ခံပေးတယ်။ ကိုလံဘီယာစစ်တပ်က အိမ်နီးနားချင်းနိုင်ငံများသို့ ကျူးကျော်ဝင်ရောက်တယ်။ ၂၀၀၆ မှာ အမေရိကန်တောင်ပိုင်း စစ်ဦးစီးဌာန (U.S  Southern Command) မှ ဗင်နီဇွဲလား ဘိုလီးဗီးယား အီကွေဒေါ (မက်ဆီကိုလည်း ပါတယ်) တို့ဟာ အမေရိကန်စွမ်းအင်လုံခြုံရေးအတွက် ဆိုးဆိုးဝါးဝါး အန္တရာယ်ရှိနေတယ်လို့ ကြေညာတယ်။

အမေရိကန်စွမ်းအင်နယ်ချဲ့စနစ်သစ်က ကမ္ဘာနဲ့အဝန်းဖြစ်လာမည့် စစ်ပွဲတရပ်ကို တာစူနေတယ်။ တည်ဆဲအရင်းရှင်စီးပွားရေးကို ကာကွယ်ထိန်းသိမ်းဖို့၊ လျှောကျလာနေတဲ့ ပိုလ်ကျ စိုးမိုး

ရေးအနေအထားကို ပြန်မတ်လာနိုင်ဖို့ ဖြစ်တယ်။ Matthew R. Simmons က “ရွှေမဲရဲ့ အနာဂတ်ကို ပြန်စဉ်းစားခြင်း”စာအုပ်မှာ ယ ခုလို သတိပေးထားတယ်။ “အကယ်၍ ကျွန်တော်တို့သည် နောင်လိုအပ်မည့် စွမ်းအင်လိုအပ်ချက်နဲ့ ရနိုင်ဖွယ်ရှိသည့် စွမ်းအင်ပမာဏအကြား ကြီးမားသောကွာဟချက်ကို ပြေလည်အောင် မလုပ်နိုင်ခဲ့သော် ကျွန်တော်တို့ တိုက်ခဲ့သမျှ စစ်တကာတို့တွင် အဆိုးဝါးဆုံးနဲ့ နောက်ဆုံးစစ်ပွဲကို တိုက်ရဖို့ ကိန်းရှိသည်။ ကျွန်တော်ဆိုလို သည်မှာ မုချဖြစ်တော့မည့် အပ်ချမတ်ချ စစ်ပွဲဖြစ်သည်”။

သခွတ်ပင်က မီးတကျည်ကျည်ဆိုသလို ချမ်းသာတဲ့အရင်းရှင် နိုင်ငံများရှိ လက်ဝဲလစ်ဘရယ်စာစောင်များက စာဖတ်သူများရဲ့ အာဃာတ (ဓာတ်ဆီဈေးကြီးမြင့်မှုကြောင့် ဒေါမာန်ပွားမှု) ပေါ်မှာ ကစားကွက်ထွင်နေကြတယ်။ အနောက်အရင်းရှင်စနစ်ကို ကာကွယ်ဖို့ ရေနံနယ်ချဲ့စနစ်ကို ထောက်ခံဖို့ အားပေးအားမြှောက်ပြုကြတယ်။

၂၀၀၆ ဇန်နဝါရီ ၄ လန်ဒန် ‘ဂါးဒီးယန်း’မှာ David Litvin ရဲ့ “ရေနံဓာတ်ငွေ့နဲ့ အရင်းရှင်စနစ်” ဆောင်းပါးက “ခေတ်ပေါ်စွမ်းအင်နယ်ချဲ့စနစ်ရဲ့ မလွဲမသွေ လိုအပ်မှုကို အသိအမှတ်ပြုရမယ်။ အမေရိကန်က အီရတ်ကို သိမ်းမှုဟာ တစိတ်တပိုင်းအရ ရေနံလုံခြုံရေးကြောင့်ဖြစ်တယ်။ စွမ်းအင်နယ်ချဲ့စနစ်ဟာ ရေနံသုံးစွဲသူနိုင်ငံများရဲ့ ရေနံထောက်ပံ့မှုလုံခြုံရေးအတွက် နိုင်ငံရေးစစ်ရေးစွက်ဖက်ခြင်းဖြစ်တယ်။ ဒါကြောင့် ကရုဏာဖက်တဲ့ လုပ်ဆောင်ချက်အဖြစ် ကြည့်မြင်ရမယ်”လို့ရေးတယ်။

အလားတူ ၂၀၀၈ မေ – ဇွန် Mother Jones စာစောင်တွင် Jasnua Kurlantziz က ရေးသားရာမှာ “ရေနံကို နိုင်ငံစုံကော်ပိုရေးရှင်းကြီးများလက်ထဲ ထည့်ထားခြင်းဟာ ပိုမိုလုံခြုံမှုရှိတယ်။ အကယ်၍ စာဖတ်သူများက ကျားသနားမှ နွားချမ်းသာမည် ဆိုပြောအံ့၊ သူတို့ (နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ) ဟာ အနည်းဆုံးအားဖြင့် လူထုဝေဖန်မှုကို တာဝန်သိသိ တုံ့ပြန်တယ် (ဘာတာဝန်လည်း မသိ)၊ အရင်းအမြစ် နိုင်ငံပိုင်ပြုထားတဲ့ ဗင်နီဇွဲလားမှသည် ဗမာပြည်နဲ့ ရုရှားအထိဟာ အာဏာရှင်စနစ်နဲ့ အကျင့်ပျက်လာဘ်စားမှုတွေ ထုပြောတယ်” တခြားရေနံ နိုင်ငံတွေဖြစ်တဲ့ ဘိုလီဗီးယား၊ အီကွေဒေါ၊ အီရန်၊ ကာဇက်စတန်၊ နိုင်ဂျီးရီးယားနဲ့ လစ်ဗျားတို့ကိုလည်း ပြင်းပြင်းထန်ထန် ဝေဖန်တယ်။ တရုတ်နိုင်ငံပိုင် ရေနံကော်ပိုရေးရှင်းများရဲ့ ကမ္ဘာတဝန်း ရေနံလောဘနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပျက်ကွက်မှုများကို ပစ်မှတ်ထား တိုက်ခိုက်တယ်။

သို့ဖြင့် အမေရိကန်စွမ်းအင်နယ်ချဲ့စနစ်ဟာ တရားမျှတပြီး နိုင်ငံစုံကော်ပို ရေးရှင်းကြီးများနဲ့ ပင်တဂွန် အပေါ် ယုံကြည်အားထားကာ ကယ်တင်ရှင်မျှော်ကြဖို့ပဲဖြစ်တယ်။

**အောင်ငြိမ်း**

**(စာတည်းအဖွဲ့ရဲ့မှတ်ချက်။                    ။ ဒီဆောင်းပါး ထွက်ပြီးတာနဲ့ အမေရိကန်ဘဏ္ဍာရေး အကျပ်အတည်းပေါ်၊ တကမ္ဘာလုံး ရိုက်ခတ်၊ နောက်ဆက်အနေနဲ့ ရေနံဈေးနှုန်းတွေကျ၊ အမေရိကန်ဒေါ်လာဈေးတက်၊ ပထဝီနိုင်ငံရေး၊ အရင်းရှင်စနစ်ယိုင်နဲ့လာမှု၊ ကမ္ဘာ့စနစ်သစ်အတွက် မေးခွန်းများ၊ တွက်ဆမှုများ ပေါ်ခဲ့။ ပြဿနာတွေ မဖြေရှင်းနိုင်ကြသေး၊ လက်တွေ့နဲ့ယှဉ်ကြည့်နိုင်ရန်)**

စာတည်းအဖွဲ့ရဲ့

## သတင်းနဲ့ မှတ်ချက် ကဏ္ဍ




အိုဘားမား ကတိသစ္စာလိုက်ပြီးရွတ်တဲ့ကိစ္စမှာ ထစ်ထစ်ငေါ့ငေါ့ကလေး ဖြစ်သွားတယ်။ အိုဘားမား စိတ်လှုပ်ရှားနေလို့လည်း ဖြစ်နိုင်သလို သူထမ်းဆောင်ရမယ့် မနိုင်ဝန်ကြီးကိုတွေးပြီး ပူနေတာကြောင့်လည်း ဖြစ်နိုင်တယ်။ ကာကွယ်ရေးဝန်ကြီးကို သူအသစ်မခန့်ဝံ့ကတည်းက သူဟာ ပင်တာဂွန်(Pentagon) နဲ့ဆက်ဆံရမှာကို လန့်နေတယ်ဆိုတာ ထင်ရှားပြီးသားပဲ။ အခုဖြစ်နေတဲ့ အမေရိကန်စီးပွားပျက်ကပ်မှာ ပင်တာဂွန်က မွေးမြူထားတဲ့ ကုမ္ပဏီကြီးတွေတခုမှ ဒေဝါလီမခံရပါဘူး။ ဂျူး (၃) ယောက်သေလို့ ပါလက်စတိုင်း ၁၃၀၀ ကျော်ကို သတ်တဲ့စစ်ပွဲမှာ အစ္စရေးလ်အစိုးရသုံးတဲ့ စစ်လက်နက်ပစ္စည်းတွေအားလုံးဟာ အဲဒီကုမ္ပဏီကြီးတွေက ထုတ်လုပ်ရောင်းချထားတာတွေပဲ။ ကမ္ဘာမှာ စစ်တွေဖြစ်နေသမျှ ဒီကုမ္ပဏီကြီးတွေ ဒေဝါလီ ဘယ်တော့မှ ခံရမှာမဟုတ်ပါဘူး။

ဟစ်တလာ၊ မူဆိုလိုနီ၊ တိုဂျိုတို့ကို မွေးမြူမြေတောင်မြှောက်ပေးခဲ့တာလည်း အဲဒီလို စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေပါပဲ။

'နီယိုကွန်' တွေ လက်မြှောက်အရှုံးပေးသွားကြတာ မဟုတ်ပါဘူး။ ဒါကို အိုဘားမား သိပါတယ်။ အိုဘားမား ခန့်ထားတဲ့ နိုင်ငံခြားရေးဝန်ကြီးသစ် ကလင်တန်ကလည်း 'ပါဝါအမာ' နဲ့ 'ပါဝါအပျော့' ကို လိုသလို တပြန်စီသုံးသွားမယ့် "ကျော့ကျော့မော့မော့ပါဝါ" (smart power) ဆိုတာကို တီထွင်လိုက်တယ်။ ပင်တာဂွန်ကျေနပ်အောင်လို့ လုပ်တာပဲ ထင်ပါတယ်။

အိုဘားမားအတွက် ရှေ့မှာ အခွင့်အလမ်းတွေထက် စိန်ခေါ်မှုတွေက များမှာပါ။ အမေရိကန်သာမန်ပြည်သူတွေနဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ ပျက်ပြယ်မသွားစေဖို့ လိုပါလိမ့်မယ်။ ဗီယက်နမ်စစ်ပြီးစက တက်လာတဲ့ အမေရိကန်သမ္မတကာတာလို မဖြစ်အောင် သူ့ရွေးကောက်ပွဲဝင်ကတိတွေကို တည်ကြည်ကြံ့ခိုင်စွာ လုပ်တတ်ဖို့ လိုပါလိမ့်မယ်။




## ဘက်မလိုက်ဘူးဆိုတဲ့ ဘီဘီစီ

ဂါဇာမှာ အစ္စရေးလ်ရဲ့ ရက်စက်တဲ့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဒုက္ခ ရောက်နေတဲ့သူတွေကို ကူညီဖို့အတွက် ဗြိတိသျှနိုင်ငံ အရေးပေါ်ဘေးဒုက္ခများဆိုင်ရာ ကော်မတီအဖွဲ့ကြီးက (Disasters Emergency Committee of the United Kingdom) ရန်ပုံငွေရှာတဲ့အစီအစဉ်တရပ်ကို မီဒီယာတွေကနေ ထုတ်လွှင့်ဖို့ လုပ်ခဲ့ပါတယ်။ အဲဒီအဖွဲ့ဟာ ဗြိတိသျှနိုင်ငံရှိ ရှေ့တန်းရောက် ကယ်ဆယ်ကူညီရေးအဖွဲ့ (၁၃) ဖွဲ့ပါဝင်တဲ့ ထီးရိပ်အဖွဲ့ကြီး ဖြစ်ပါတယ်။ ဗြိတိသျှကြက်ခြေနီအဖွဲ့ (British Red Cross)/ ကလေးသူငယ်များ ကယ်တင်ရေးအဖွဲ့ (Save the Children)၊နိုင်ငံတကာစောင့်ရှောက်ရေးအဖွဲ့(Care International) နဲ့ အောက်စ်ဖမ်အဖွဲ့ (Oxfam) စတာတွေ ပါတဲ့အဖွဲ့ကြီးပါ။ အဲဒီအဖွဲ့ကြီးရဲ့ ရန်ပုံငွေရှာတဲ့ပန်ကြားလွှာအစီအစဉ်ကို ထုတ်လွှင့်ပေးဖို့ ဘီဘီစီက အကြောင်းပြချက် (၂) ခုနဲ့ ငြင်းဆိုပါတယ်။ ဒီလိုထုတ်လွှင့်ပေးရင် ဘီဘီစီရဲ့ ဘက်မလိုက်တဲ့ကြားနေရေးမူဝါဒကို ထိခိုက်မှာစိုးလို့ဆိုတာရယ်နဲ့ ကောက်ခံရရှိတဲ့အလှူငွေတွေ မှန်ကန်သင့်တော်တဲ့လူတွေဆီရောက်မရောက် ဘီဘီစီက မသိနိုင်လို့ ဆိုတာတွေပါပဲ။

ဒီဆုံးဖြတ်ချက်နဲ့ အကြောင်းပြချက်တွေကြောင့် ဗြိတိန်အပါအဝင် ကမ္ဘာပေါ်ရှိလူထုအများအပြားက ဒေါသထွက်ကြပါတယ်။ လန်ဒန်မှာဆိုရင် ဒေါသတကြီးနဲ့ကန့်ကွက်ဆန္ဒပြပွဲတွေ ဖြစ်ပါတယ်။ ဘီဘီစီရဲ့အကြောင်းပြချက်ထဲက ကောက်ခံရရှိတဲ့ငွေတွေ ‘မှန်ကန်သင့်တော်တဲ့လူတွေ’ ဆီ ရောက်မရောက်ဆိုတာကို မေးချင်တာရှိပါတယ်။ ဂါဇာမှာ ပါလက်စတိုင်းတွေ ဒုက္ခဘေး ကျရောက်မနေဘူးလို့ ဆိုချင်တာလား။ ဘေးဒုက္ခရောက်နေတယ်ဆိုရင် တောင်မှ အခုဘေးဒုက္ခတွေ့နေတဲ့ ပါလက်စတိုင်းတွေဆီ အဲဒီကောက်ခံရရှိတဲ့ငွေတွေ မရောက်ဘဲ ဟားမတ်စ်အဖွဲ့ဆီ ရောက်သွားမှာကို စိုးရိမ်တာလား။ ဒါဆိုရင် ဟားမတ်စ်အဖွဲ့ဟာ အကြမ်းဖက်အဖွဲ့ဆိုပြီး အစ္စရေးလ်က သတ်မှတ်ထားသလို ဘီဘီစီကလည်း သတ်မှတ်ထားလို့လား။ ဒါကိုက ဘက်လိုက်မလိုက် ဆိုတာနဲ့ မပတ်သက်နေဘူးလား။

နောက်အကြောင်းပြချက်ဖြစ်တဲ့ ဘက်မလိုက်ဘူးဆိုတာကတော့ ပြောစရာများပါတယ်။

ဂါဇာကိစ္စမို့ ဂါဇာနဲ့ဆိုင်တာပဲ ပြောပါမယ်။ ဘီဘီစီအပါအဝင် အနောက်တိုင်းမီဒီယာတွေရဲ့ အသံလွှင့်ချက်တွေက ဂါဇာစစ်ပွဲဟာ အင်အားတူချင်းတိုက်နေတဲ့ စစ်ပွဲလို ဖြစ်နေပါတယ်။ တကယ်က အင်အားချင်းမမျှတဲ့ စစ်ပွဲပါ။ ပိတ်ဆို့မှုကြောင့်ငတ်ပြတ်ဒုက္ခရောက်နေတဲ့ လူတွေကို တိုက်ခိုက်နေသူဟာ ကမ္ဘာပေါ်မှာ စတုတ္ထစစ်အင်အားအကြီးဆုံးနိုင်ငံ ဖြစ်ပါတယ်။ ဆားဗီးယားနဲ့အာဂျင်တီးနားမှာတုန်းကဆိုရင် ဘီဘီစီဟာ သတင်းလွှင့်တဲ့အခါမှာ သူတို့သတင်းထောက်တွေဟာ ပြင်ပအစိုးရတွေရဲ့ ထိန်းချုပ်မှုကိုခံနေရတဲ့ကြောင်း ထည့်ထည့်လွှင့်ပါတယ်။ အခုအခါမှာတော့ ဘီဘီစီဟာ ဒီလို ထည့်မလွှင့်ပါဘူး။ ဒါပေမဲ့ ပြသတဲ့သတင်းတွေက ဂါဇာ ပြင်ပဘက်က ရိုက်ထားတဲ့ပုံတွေ ဖြစ်နေပါတယ်။ အစ္စရေးလ်က ပိတ်ဆို့ထားလို့ ဂါဇာထဲ ဝင်မရ ဖြစ်နေတာကို မပြောပါဘူး။ ဂါဇာအတွင်းကပုံတွေကိုတော့ အယ်လ်ဂျာဇီးယားက ထုတ်လွှင့်တဲ့ ပြကွက်တွေထဲက အနည်းအကျဉ်း ဖြတ်ယူပြသတာပဲ ရှိပါတယ်။

နောက်ပြီး ပါလက်စတိုင်းတွေဟာ အစ္စရေးလ်ကို ဒုံးကျည်တွေ ထောင်ပေါင်းများစွာ ပစ်လွှတ်တိုက်ခိုက်နေတယ် ဆိုတာကိုလည်း ချောက်ချားဖွယ်ဖြစ်အောင် နေရာတကာမှာ ကြားနေရပါတယ်။ တကယ်က ပထမဆုံး အိမ်တွင်းဖြစ်ဒုံးကာဆမ် (Qassam) ကို ၂၀၀၁ ခုနှစ် အောက်တိုဘာလမှာ ပစ်ခတ်ခဲ့တာပါ။ ၂၀၀၄ ခုနှစ် ဂျွန်လမှာ ပထမဆုံးသေဆုံးတာ ဖြစ်တယ်။ အခုချိန်အထိဆိုရင် ဂျူးစုစုပေါင်း ၂၄ ဦးပဲ ဒုံးကျည်ကြောင့် သေဆုံးတယ်။ ပါလက်စတိုင်းတွေကတော့ ၅၀၀၀ ကျော်သေဆုံးရပြီ ဖြစ်တယ်။ တဝက်ကျော်က ဂါဇာကဖြစ်ပြီး အနည်းဆုံး သုံးပုံတပုံက ကလေးငယ်တွေ ဖြစ်တယ်။

သတင်းလွှင့်ရာမှာသုံးတဲ့ အသုံးအနှုန်းတွေကိုကြည့်ရင်လည်း ဘယ်ဘက်ကလိုက်နေသလဲဆိုတာ သိနိုင်ပါတယ်။ ပါလက်စတိုင်းတွေကို ပြောပြီဆိုရင် 'စစ်သွေးကြွ' တွေဆိုပြီး ညွှန်းပါတယ်။ ကျူးကျော်တိုက်ခိုက်မှုတွေကို ခုခံတွန်းလှန်သူဆိုတဲ့ အသုံးအနှုန်းမျိုး မကြားရပါဘူး။ ကိုယ့်အမျိုးကို ရက်ရက်စက်စက်သတ်ဖြတ်နေသူတွေကို ရတဲ့နည်းလမ်းနဲ့ တုံ့ပြန်တိုက်ပွဲဝင်တဲ့ သူရဲကောင်းတွေဆိုတဲ့ အသုံးအနှုန်းကတော့ ဝေလာဝေးပါ။

အစ္စရေးလ်ရဲ့ ရက်စက်ယုတ်မာမှုတွေကတော့ ကမ်းကုန်ပါတယ်။ ဥပမာ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ အယ်လ်ကွတ်ဆေးရုံကို ထပ်မံဗုံးကြဲတိုက်ခိုက်လို့ လူနာ ၅၀ လောက် ဟာ အသက်လုပြီး ပြေးရပါတယ်။ တချို့ဟာဆိုရင် တွန်းလှည်းတွေနဲ့ ဆွဲထုတ်လာရတာ ပါ။ ဆေးရုံကတော့ မီးလောင်ပျက်စီးသွားတယ်။ အစ္စရေးလ်စစ်တပ်က ဖော်စဖရပ်စ်အဖြူဗုံးတွေကိုလည်း သုံးတယ်။ ဖော်စဖရပ်စ်အဖြူဗုံးဟာ နေရာအကျယ်ကြီးကို ပြန့်သွားနိုင်တယ်။

လူကိုလောင်ရင် အရိုးထိလောင်စေတာ ဖြစ်တယ်။ ဒီဖော်စဖရပ်စ်အဖြူဗုံးကို ဆေးရုံနဲ့ ကုလသမဂ္ဂအဆောက်အဦးတွေအပါအဝင် အရပ်ဘက်ပစ်မှတ်တွေ အပေါ်မှာ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီး ဂါဇာက ဆရာဝန်တွေက ထူးဆန်းတဲ့ဝေဒနာရှင်အများအပြားကို တွေ့ရတယ်လို့ ဆိုပါတယ်။ သူတို့ တွေ့ရတဲ့ဝေဒနာရှင်တွေဟာ ခြေနှစ်ဖက်လုံး ပြတ်သွားသူတွေ ဖြစ်ပါတယ်တဲ့။ ဒါက အစ္စရေးလ်ဟာ ဒိုင်းဆိုတဲ့ [Dense Inert Metal Explosive (Dime)] စမ်းသပ်ဆဲလက်နက်ကို သုံးသလားဆိုတဲ့သံသယကို ဖြစ်စေပါတယ်။ ဒီလက်နက်က အနုစိတ်ဗုံးစလေးတွေ (micro-shrapnel) ထွက်လာပြီး လေးမီတာ အဝန်းအတွင်း ရှိသမျှကို လောင်ကျွမ်းပျက်စီးစေတာ ဖြစ်ပါတယ်။ နော်ဝေး ဆရာဝန် အီရစ်ခ်ဖော်စီက "အစ္စရေးလ်တွေ ဒိုင်း (Dime) လက်နက် သုံးတယ်လို့ ကျွန်တော်သံသယရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ခြေနှစ်ဖက်လုံးပြတ်သွားတာ ဒါမှမဟုတ် ကိုယ်ခန္ဓာအောက်ပိုင်းက အသားစတွေ အကြီးအကျယ်ပြတ်ထွက် ပျက်စီးသွားတာတွေ အများကြီးတွေ့ရလို့ပါပဲ။ ဒိုင်းလက်နက်က ထွက်လာတဲ့ ဖိအားလှိုင်းဟာ မြေပြင်ကနေ အထက်ကို တက်တာ ဖြစ်ပါတယ်။ ဒါကြောင့် လူနာအများစုဟာ ခန္ဓာကိုယ်ဝမ်းဗိုက် အောက်ပိုင်းမှာ အကြီးအကျယ်ထိခိုက်ပျက်စီးကြတာပါ။ ပြဿနာက ကျွန်တော် တွေ့ရတဲ့လူနာ အများစုက ကလေးတွေ ဖြစ်နေတာပါပဲ။ သူတို့ (အစ္စရေးလ်တွေ) ဟာ တိကျသေချာအောင် ကြိုးစားနေပါတယ်ဆိုရင် ဒီလက်နက်တွေဟာ ကလေးသူငယ်တွေကို တမင်ရည်ရွယ်ပစ်နေတယ်ဆိုတာ ရှင်းပါတယ်" လို့ ပြောပါတယ်။

ဘီဘီစီအပါအဝင် အနောက်အုပ်စုမီဒီယာတွေ ဘက်လိုက် မလိုက်ဆိုတာ သူတို့ထုတ်လွှင့်တဲ့သတင်းတွေကို ယှဉ်ကြည့်ရင် သိသာပါတယ်။ ကိုဆိုဗိုကိစ္စက အလှမ်းဝေးတယ်ဆိုရင် ဖြစ်သွားတာ မကြာသေးတဲ့ ရုရှားရဲ့ ဂျော်ဂျီယာစစ်ပွဲနဲ့ အခု အစ္စရေးလ်ရဲ့ ဂါဇာစစ်ပွဲသတင်းတွေကို ယှဉ်ကြည့်နိုင်ပါတယ်။




**အမေရိကန်သမ္မတရဲ့ လွတ်လပ်ရေးဆုတံဆိပ်**

ဇန်နဝါရီ ၁၃ ရက်နေ့မှာ အမေရိကန်သမ္မတဘုရှ်ဟာ "လွတ်လပ်ရေးဆုတံဆိပ်" (medals of freedom) တွေ ချီးမြှင့်ခဲ့တယ်။ ဒီဆုဟာ 'လွတ်လပ်မှုနဲ့ ငြိမ်းချမ်းရေး

**အရေးကြီးတာက အမေရိကန်အင်ပါယာရဲ့ အမှုတော်ကို သစ္စာရှိရှိထမ်းဖို့ပဲ။ အရေးကြီးတာက ကိုယ့်လူ ဖြစ်ဖို့ပဲ မဟုတ်လား။ ဒါကြောင့် အခုလို အမေရိကန်ရဲ့ အမှုတော်ထမ်းကောင်းဆု တံဆိပ်တွေရတာပါပဲ။**

အတွက်’ တကယ်နှစ်မြှုပ်ကြိုးပမ်းလုပ်ဆောင်သူတွေကို ပေးတဲ့အမေရိကန်ရဲ့ အမြင့်ဆုံးဆုတံဆိပ်လို့ ဆိုပါတယ်။ ဆုရရှိသူတွေထဲမှာ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ၊ ဩစတြေးလျဝန်ကြီးချုပ်ဟောင်း ဂျွန်ဟောင်းဝပ်နဲ့ ကိုလံဘီယာ သမ္မတ အယ်လ်ဗာရိုယူရီဘီတို့ ပါတယ်။

တိုနီဘလဲဟာဆိုရင် ဘုရှ်နဲ့အတူ အီရတ်တနိုင်ငံလုံးရဲ့ ရုပ်ဘဝ၊ လူမှု ရေးနဲ့ ယဉ်ကျေးမှုတွေ တစုံလုံးပျက်စီးသွားအောင် လုပ်ရာမှာ ဘုရှ်နဲ့အတူ တာဝန်ယူရမယ့်လူ ဖြစ်တယ်။ ဂျွန်ဟောင်းဝပ်ကတော့ အမေရိကန်ရဲ့ ဂျူနီယာ ပါတနာပါလို့ ပြောနေသူပါ။ ကိုလံဘီယာနိုင်ငံဟာ လူသတ်မှုတွေအတော်များ များ ဖြစ်နေတာပါ။ မကြာသေးခင်က ကောက်ခံတဲ့စစ်တမ်းတခုအရဆိုရင် အဲဒီသတ်ဖြတ်မှုတွေရဲ့ ၉၀ ရာခိုင်နှုန်း ဟာ အစိုးရပယောဂလို့ ဆိုပါတယ်။ ဒါပေမဲ့ ဒါတွေက အရေးမကြီးပါဘူး။ အရေးကြီးတာက အမေရိကန်အင်ပါယာရဲ့ အမှုတော်ကို သစ္စာရှိရှိထမ်းဖို့ပဲ။ အရေးကြီးတာက ကိုယ့်လူ ဖြစ်ဖို့ပဲ မဟုတ်လား။ ဒါကြောင့် အခုလို အမေရိကန်ရဲ့ အမှုတော်ထမ်းကောင်းဆု တံဆိပ်တွေရတာ ပါပဲ။

ဘုရှ်က သူတို့ကိုဆုတံဆိပ်ပေးတာမှာ သူတို့အမှုထမ်းကောင်းလို့ ပေးတာတင်သက်သက်မဟုတ်ပါဘူး။ သူ့ကိုယ်သူပြန်ပြီး သိဒ္ဓိတင်တဲ့သဘော လည်းပါဟန်တူပါတယ်။ အာဖဂန်နဲ့ အီရတ်စစ်ပွဲအတွက် သူနာမည်ပျက်နေ ပါတယ်။ အာဖဂန်ကို ဝင်တိုက်တုန်းက ကုလသမဂ္ဂကသဘောမတူလို့ နေတိုးရဲ့ သဘော တူညီချက်နဲ့ ဝင်တိုက်ခဲ့တယ်။ အီရတ်ကျတော့ နေတိုးရဲ့ သဘောတူညီချက်တောင် မရတော့လို့ ဆန္ဒတူသူများရဲ့ မဟာမိတ်အဖွဲ့ဆိုပြီး ဝင်တိုက်ခဲ့ရတာပါ။ အဲဒီအထဲမှာ ဗြိတိန်နဲ့ဩစတြေးလျတို့ ပါပါတယ်။ အဲဒီလို သူ့နောက်က ထက်ကြပ်မကွာလိုက်ပါ တိုက်ပွဲဝင်သူကိုတောင် ဒီလိုဆုတံဆိပ်ပေးနိုင်တယ်ဆိုတော့ သူလိုရှေ့ကခေါင်း ဆောင်သူကတော့ ဆိုဖွယ်ရာမရှိတော့ဘူး မဟုတ်လား။

ဒါကြောင့်လည်း သူသမ္မတရာထူးလွှဲပေးပြီး အိမ်ပြန်ရောက်တဲ့အချိန်မှာ အိမ်ဖြူတော်ကိုသွားတဲ့အချိန်တုန်းကလိုပဲ အခုပြန်လာတော့လည်း စိတ်ဓာတ်က တသမတ်တည်းပါပဲ။ အပြောင်းအလဲမရှိဘူး။ ဝက်သစ်ချပင်ကြီးတွေလို ခိုင်ကျည် နေ တာပဲ။ ဘာကြောင့်လဲဆိုတော့ သူမှန်တယ်ထင်တာကို လုပ်ခဲ့တာမို့ စိတ်မ ကောင်းဖြစ်စရာမရှိပါဘူးလို့ ပြောနေတာ ဖြစ်ပါတယ်။

Ref: A criminal’s medal by John Pilger




### ကျူးဘားအပေါ်အီးယူ့စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းတော့မယ်

၂၀၀၈ ဖေဖော်ဝါရီလမှာ ရာအူးကက်စထရို ရာထူးယူပြီးကတည်းက စီးပွားရေးပိတ်ဆို့မှု မလုပ်တော့ဘူးလို့ အီးယူက ပြောလာတယ်။

အမေရိကန်ကတော့ ၁၉၆၂ ခုကတည်းက စီးပွားရေး ပိတ်ဆို့ထားတာပါ။ သမ္မတကနေဒီကနေ ဘုရှ် (အငယ်) အထိ သမ္မတအဆက်ဆက်ရှိခဲ့ပြီ။

အီးယူကြေညာချက်ကို ဘုရှ်အစိုးရက မကျေနပ်ပါဘူး။ ပိတ်ဆို့ထားတာ ဖွင့်မပေးဖို့ တိုက်တွန်းပါသေးတယ်။ အီးယူက လိုက်နာမယ့်ပုံမပေါ်။ (Ref: BBC ၂၀ – ၆ – ၀၈)

ရာစုနှစ်ဝက်နီးပါး ကျူးဘားက ဘာကြောင့်တောင့်ခံနိုင်ခဲ့သလဲ။ သူ့မှာ နိုင်ငံအချို့နဲ့ ဆက်သွယ်လုပ်ကိုင်နိုင်ဖို့ ကြံ၊ နီကယ်၊ ဆေးပြင်းလိပ်လောက်သာ ရှိတယ်။ ဒါပေမဲ့ လူသားရင်းမြစ် တောင့်တယ်။ ဆရာဝန်အပါအတတ်ပညာသည်တွေ အများကြီး ရှိတယ်။ အဓိကက ပြည်သူတွေထောက်ခံမှုရအောင် စည်းရုံးထားနိုင်တာပါ။

ပြည်သူကို ဝအောင်ကျွေးတယ်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အာမခံချက်တွေ ပေးထားနိုင်တယ်။ အနှစ် ၁၀၀ ပိတ်ထားလည်း ဖြုန်မယ့်နိုင်ငံမဟုတ်။

ဗမာပြည်မှာက ဘုရားပေးတဲ့ဓာတ်ငွေ့ (Gas) သာမတွေ့လိုက်ရင် ဘာဖြစ်နေမလဲ။ ကျူးဘားမှာ အဆင့်မြင့် အတတ်ပညာသည်တွေ ရှိတယ်။ ဗမာပြည်မှာ အလုပ်ကြမ်းသမားတွေပဲ ရှိတယ်။

ဗမာပြည်အနေနဲ့ ဆိုင်ရှင် (sanction) အလုပ်ခံရတာ ဘာမှ

မကြာသေးဘူး။ ‘ဗျစ် ဗျစ်’ မြည်နေပြီ။ ကျူးဘားအစိုးရလို ပြည်သူကို စည်းရုံး ထားနိုင်ဖို့ဆိုတာကတော့ ဝေးလာဝေး။

ကမ္ဘာ့စီပွားရေးအကျပ်အတည်းနဲ့တော့ တွေ့နေပြီ။ IMF က ကြေညာလိုက်တာက တကမ္ဘာလုံး စီးပွားရေးတိုးတက်နှုန်းဟာ နှစ်ပေါင်း ၆၀ အတွင်း အဆိုးဆုံးဖြစ်လိမ့်မယ်။

၂၀၀၉ ဟာ အာရှတိုက်အတွက် ကံကောင်းမယ့်နှစ် မဟုတ်ဘူး လို့လည်း ဟောချက်ထုတ်လိုက်သေးတယ်။

၂၀၀၉ ခုနှစ်တွင် ဗမာပြည်က လူ ၅ သန်းကျော် ၆ သန်း အငတ် ဘေးနဲ့ ကြုံနိုင်တယ်လို့ ပြောနေကြပြီ။

ဒီတော့ အာဏာလေးကိုင်ပြီး ‘ငြိမ့်’ နေတဲ့ ဘုန်းရှင်ကံရှင်တွေ ဘာလုပ်ကြမလဲ။

**စာတည်းအဖွဲ့**

**၂၀၀၉ ဟာ အာရှတိုက်အတွက် ကံကောင်းမယ့်နှစ် မဟုတ်ဘူးလို့လည်း ဟောချက်ထုတ်လိုက်သေးတယ်။**

**၂၀၀၉ ခုနှစ်တွင် ဗမာပြည်က လူ ၅ သန်းကျော် ၆ သန်း အငတ်ဘေးနဲ့ကြုံနိုင်တယ်လို့ ပြောနေကြပြီ။**

**ဒီတော့ အာဏာလေးကိုင်ပြီး ငြိမ့်နေတဲ့ ဘုန်းရှင်ကံရှင်တွေ ဘာလုပ်ကြမလဲ။**

# ၂၁ ရာစုမှာ ပိုလ်ကျလွှမ်းမိုးရေးအာဏာ အပြောင်းအလဲဖြစ်သွားမလား ဒါမှမဟုတ် အဆုံးသတ်သွားမှာလား

**ရဲဘော်အောင်လွင်**

အနီးခေတ် အနောက်တိုင်းနိုင်ငံတွေ တဟုန်ထိုး ဖြစ်ထွန်းတိုးတက် ထိပ်တန်းရောက်လာပြီးကတည်းက နိုင်ငံကြီးတွေ ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်မှုနဲ့ ၎င်းတို့ ပိုလ်ကျလွှမ်းမိုးရေးအာဏာသို့ ပြောင်းလဲအစားထိုးသွားမှု ဒါမှမဟုတ် တောက်လျှောက် ပြောင်းလဲသွားမှုတွေဟာ အနောက်တိုင်း နိုင်ငံတကာ့နိုင်ငံရေးရဲ့ ဗဟိုချက်မ ပြဿနာဖြစ်ခဲ့တယ်။ အနောက်ကမ္ဘာက အချို့ထူးချွန်တဲ့ နိုင်ငံရေးပညာရှင်တွေ၊ တွေးခေါ်ပညာရှင်တွေ၊ သံတမန်ရေး ရာပညာရှင်တွေဟာ ဒါတွေကို အာရုံစိုက်မှု မရှိခဲ့ပါဘူး။ ၂၁ ရာစုထဲ ဝင်ရောက်လာပြီးနောက် တရုတ်ပြည်ဟာ "ကမ္ဘာ့ကုန်ထုတ်လုပ်မှုနိုင်ငံကြီး"၊ အိန္ဒိယဟာ "ကမ္ဘာ့အပျော့ထည်နိုင်ငံကြီး"များအဖြစ်နဲ့ ငြိမ်းချမ်းစွာ ဖြစ်ထွန်း တိုးတက် ထိပ်တန်းရောက်လာတာနဲ့အမျှ အမေရိကန်ဟာ အထူးသဖြင့် အီရတ်စစ်ပွဲ၊ ဒေါ်လာတန်ဖိုး ကျဆင်းသွားခြင်း၊ အရည်အသွေးမမီတဲ့ကုန်စည် (substandard goods) တွေ အကျပ်ဆိုက်သွားပြီးနောက်မှာ ဝင်ရိုးတခုတည်း ပိုလ်ကျလွှမ်းမိုးမှုအာဏာဟာ အဆုံးစွန် အကန့်အသတ် ပေါ်ထွက်လာတယ်။ ဒါကြောင့် ၎င်းရဲ့ အင်အားတောင့်တင်းတဲ့ ခေါင်းဆောင်မှုစွမ်းအား စတင်ဆုံးရှုံး မှုဖြစ်စဉ်ဟာ ပေါ်လွင်လာတယ်။ အဲဒီဖြစ်စဉ်အတွင်း တချို့ အမေရိကန်ရဲ့ ဝင်ရိုးတခုတည်း ပိုလ်ကျလွှမ်းမိုးမှုအာဏာကို အလေးထားကြသူတွေနဲ့ အနောက်အုပ်စုရဲ့ ပိုလ်ကျလွှမ်းမိုးမှုအာဏာအပေါ် စိုးရိမ်ကြသူ အနောက်တိုင်းသားများအတွင်း "တရုတ်ပြည်ရဲ့ ခြိမ်းခြောက်ရေး သဘောတရား""ရုရှားရဲ့ ခြိမ်းခြောက်ရေးသဘောတရား""အီရန်ရဲ့ ခြိမ်းခြောက်ရေး သဘောတရား"နဲ့ "အိန္ဒိယရဲ့ ခြိမ်းခြောက် ရေးသဘောတရား"စတာတွေဟာ အနောက်အုပ်စု အထူးသဖြင့် အမေရိကန်ရဲ့ ပိုလ်ကျလွှမ်းမိုးမှုအပေါ် သူတို့ရဲ့အလေးထား ဂရုစိုက်မှုနဲ့ သောကတွေကို ဖော်ပြလိုက်တာသာ ဖြစ်တယ်။ "ဗဟုဝင်ရိုး" "ဝင်ရိုးမဲ့" "အုပ်စုဝင်ရိုး" "ဒီမိုကရေစီ တန်ဖိုးဆိုင်ရာ မဟာမိတ်အဖွဲ့""အတ္တလန္တိတ်သမုဒ္ဒရာဆိုင်ရာ မဟာမိတ်အဖွဲ့" ဒ့ါအပြင် "တရုတ်–အမေရိကန် ပူးတွဲစီမံအုပ်ချုပ်ရေး သဘောတရား"စတာတွေကို အစမ်းသဘောအဖြစ် တင်ပြလာတယ်။ ဒါဟာ

၂၁ ရာစု နိုင်ငံကြီးတွေရဲ့ ဆက်ဆံမှုနဲ့ ၎င်းတို့ရဲ့ "ဗိုလ်ကျလွှမ်းမိုးမှုအစီအစဉ်သစ်" ဒီဇိုင်းအဖြစ် ကံဆချက်တွေကို ပြောဆို တင်ပြလာတာပါ။

အထက်မှာ ဖော်ပြခဲ့တဲ့ အမြင်အမျိုးမျိုးရဲ့ အနှစ်သာရကတော့ အမေရိကန်နဲ့ ၎င်းတို့ရဲ့ အနောက်အုပ်စုက ဗိုလ်ကျလွှမ်းမိုးမှုအသစ်ကို ပုံတူကူးပြီး ဆက် လက်တည်ရှိနေရေးဖြစ်တယ်။ သူတို့ဟာ "တရုတ်-အမေရိကန် ပူးတွဲစီမံအုပ်ချုပ်ရေး သဘောတရား"ကို တင်ပြထားပေမယ့်လည်း ဗိုလ်ကျလွှမ်းမိုးရေးအသစ်က ဗိုလ်ကျလွှမ်းမိုးရေးအဟောင်းကို မူလအတိုင်း လက်ခံထားရေးကို အဆိုပြုခြင်း ဒါမှမဟုတ် လိုက်လျောခြင်းသာ ဖြစ်တယ်။ ဒါဟာ အမေရိကန်နဲ့ ၎င်းတို့ရဲ့ အနောက်အုပ်စု ဗိုလ်ကျလွှမ်းမိုးရေးကို လုံးဝ မတို့မထိတဲ့ ရှေးဦးလိုအပ်ချက်အောက်မှာ တရုတ်စတဲ့ သူတို့ အသိအမှတ်ပြုထားတဲ့ "ထွန်းသစ်စ နိုင်ငံတွေရဲ့ ဗိုလ်ကျ လွှမ်းမိုးမှု" ဒါမှမဟုတ် "စိန်ခေါ်နိုင်ငံများရဲ့ ဗိုလ်ကျလွှမ်းမိုးမှု"တွေကို အလျှော့ပေးရေးတမျိုးနဲ့ လက်နက်ချအညံ့ခံရန် တိုက်တွန်းလိုက်တာပဲဖြစ်တယ်။ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ဒီအကြံအစည်ဟာ ၎င်းတို့ဖန်တီးထားတဲ့ ၎င်းတို့ ရှေ့ဆောင်တဲ့ "ဗိုလ်ကျလွှမ်းမိုးရေးအာဏာ ဖွဲ့စည်းပုံစနစ်"က "ထွန်းသစ်စ စိန်ခေါ် နိုင်ငံတွေရဲ့ ဗိုလ်ကျ လွှမ်းမိုးမှုအာဏာ"အပေါ် "စနစ်ဖြစ်ပေါ်ရေး ပြုပြင် ပြောင်းလဲမှု" တရပ်ကို ၎င်းတို့ ဗိုလ်ကျလွှမ်းမိုးမှုအာဏာရဲ့အသက်ကာလပတ် ရှည်ကြာရေးအဖြစ် ကျင့်သုံးလိုက်မှုပါပဲ။

ဒါပေမဲ့ ရာစုသစ်ထဲကို စတင်ဝင်လိုက်တာနဲ့တပြိုင်နက် အခြင်းအရာ သစ်တွေနဲ့ ၎င်းအခြင်းအရာသစ်တွေအပါအဝင် အခြေအနေသစ်တွေက ၂၁ ရာစု မှာ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ဗိုလ်ကျလွှမ်းမိုးရေးအာဏာတွေ ဆက်လက် ရှင်သန်တော့မှာ မဟုတ်တော့သလို ဗိုလ်ကျလွှမ်းမိုးမှုအာဏာအပေါ် စိန်ခေါ်မှုတွေ၊ ပြောင်းလဲအစားထိုးမှုတွေ၊ လှည့်ပြောင်းမှုဆိုတာမျိုးတွေ ပေါ်လာလိမ့်မယ်မဟုတ်ဘဲ ၂၁ ရာစုဟာ ဗိုလ်ကျလွှမ်းမိုးမှုအာဏာ အဆုံးသတ်သွားမယ့် ရာစုနှစ်တခု ဖြစ်လိမ့်မယ်။ ဆိုပါစို့၊ အမေရိကန်ဟာ ဗိုလ်ကျလွှမ်းမိုးမှုအာဏာနိုင်ငံကြီးဖြစ်ပြီး "အနောက်တိုင်း"ဟာ ယဉ်ကျေးမှုအရ ဗိုလ်ကျလွှမ်းမိုးရေးအာဏာ ဖြစ်ခဲ့ရင် ၂၁ ရာစုဟာ အမေရိကန်ရဲ့ ဗိုလ်ကျလွှမ်းမိုးမှုအာဏာ အဆုံးသတ်သာမက အနီးခေတ်ကာလအတွင်း ဗိုလ်ကျလွှမ်းမိုးမှုအာဏာနိုင်ငံကြီးနဲ့ ယဉ်ကျေးမှုအရ ဗိုလ်ကျလွှမ်းမိုးမှု အာဏာတခုလုံး အဆုံးသတ်သွားတာ ဖြစ်ပါလိမ့်မယ်။ ပိုအရေးကြီးတာက အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ဗိုလ်ကျလွှမ်းမိုးမှုဟာ တရုတ်ပြည် "ဗိုလ်ကျလွှမ်းမိုးရေး အာဏာအသစ်"အတွက် အဆုံးသတ်သွားတာမဟုတ်ဘဲ ဗိုလ်ကျလွှမ်းမိုးမှုအာဏာ မရှိတော့ရေးအတွက် အဆုံးသတ်သွားမှုဖြစ်တယ်။ ခေါ်ဆိုလေ့ရှိတဲ့ "ဗိုလ်ကျလွှမ်းမိုး မှုအသစ်" စိန်ခေါ်မှု ၂ ရပ်အတွက် အဆုံးသတ်မဟုတ်ဘဲ "ဗိုလ်ကျလွှမ်းမိုးမှု အာဏာ မဖြစ်ပေါ်ရေး"အတွက် "ဗိုလ်ကျလွှမ်းမိုးမှု အာဏာဖြစ်ထွန်းရေး" ခေတ်ကာလရဲ့ စိန်ခေါ်မှု အဆုံးသတ်သွားတာ ဖြစ်လိမ့်မယ်။ ၂၁ ရာစု အမေရိကန်ရဲ့ ဗိုလ်ကျလွှမ်းမိုးရေးအာဏာနဲ့ အနောက်အုပ်စုရဲ့ ယဉ်ကျေးမှုအရ ဗိုလ်ကျလွှမ်းမိုးမှုအာဏာတို့ အဆုံးသတ်သွားပြီးနောက်မှာ ဗိုလ်ကျလွှမ်းမိုးမှုအာဏာအသစ်နိုင်ငံကြီးနဲ့ ယဉ်ကျေးမှုအရ ဗိုလ်ကျလွှမ်းမိုးမှုအာဏာအသစ်တို့ ထပ်မံမရှိတော့ဘဲ နိုင်ငံကြီးတွေက စံနမူနာအဖြစ် လုပ်ဆောင်တဲ့၊ ဝတ္တရားကျေပွန်တဲ့၊ တာဝန်ဝတ္တရားတွေကို အလေးထားဂရုစိုက်တဲ့၊ နိုင်ငံငယ်လေးတွေကို တန်းတူခံစားခွင့်ရှိတဲ့၊ ဒီမိုကရေစီရှိတဲ့၊ အကူအညီတွေရရှိတဲ့ အဆင်ပြေသင့်မြတ်ပြီး ဗိုလ်ကျလွှမ်းမိုးမှုအာဏာ တကယ်မရှိတော့တဲ့ ကမ္ဘာ တခုသို့ တဖြည်းဖြည်းချင်း စတင်လှမ်းဝင်သွားပါလိမ့်မယ်။

## ၂၁ စာစဉ်

**၁။ ၂၁ ရာစုရဲ့ အမေရိကန်ဟာ "ဝင်ရိုးတခုတည်း ဗိုလ်ကျလွှမ်း မိုးသွားရေး" ထိုမှတဆင့်တက်ကာ "ဗိုလ်ကျလွှမ်းမိုးမှု ဖြစ်ထွန်းရေး" ဖြစ်စဉ် အတွင်းမှာ ရိုးရိုးသာမန် ကမ္ဘာ့နိုင်ငံကြီးတနိုင်ငံ ဖြစ်လာလိမ့်မယ်**

စစ်အေးခေတ် အဆုံးသတ်သွားပြီးနောက် အထူးသဖြင့် "ရီဂင်ရဲ့ စည်ပင်သာယာရေး" အခြေခံအုတ်မြစ်ပေါ်မှာ ကလင်တန် အာဏာရလာတော့ အမေရိကန်ဟာ အရှိန်အဟုန် လျင်မြန်စွား တိုးတက်လာခဲ့တယ်။ အဲဒီနောက် ဘွတ်ရှ် (အငယ်) သမ္မတအဖြစ် ထမ်းဆောင်တဲ့ ပထမသက်တမ်းကာလမှ စတင်ကာ နိုင်ငံတော်ရဲ့ အထွေထွေအင်အားဟာ အထွတ်အထိပ်သို့ အမှန်တကယ်ပဲ ရောက်ရှိခဲ့တယ်။ ဗိုလ်ကျလွှမ်းမိုးမှုအာဏာ နိုင်ငံကြီးတနိုင်ငံအနေနဲ့ အရင်ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လုံးဝသာလွန်မှု အနေအထားကိုလည်း ရောက်ရှိသွားတော့တယ်။ ဟိုတုန်းက ဂျပန်ဟာ ၁၉၈၅ မှာ သဘောတူစာချုပ်တခုချုပ်ပြီးနောက်မှာ ဥရောပနဲ့ အမေရိကန်ရဲ့ အတူတကွ ဖိနှိပ်မှုတွေကို ခံရပြီး "၁၀ နှစ်တာ တိုးပွားမှုအပိုင်းအစ" တွေရဲ့ ပူဖောင်းပေါက်ကွဲသွားတဲ့ ကာလကို ရောက်သွားရတော့တယ်။ ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲသွားပြီးတဲ့နောက် ယယ်လဆင်လက်ထက် ရုရှားမှာ ပြည်တွင်းဆူပူမှုတွေ၊ ပြည်တွင်းစစ်တွေ၊ ပြိုကွဲမှုတွေနဲ့ ဆုတ်ယုတ်မှုတွေ ပေါ်ပေါက်မလာသေးခင်ကာလ၊ ဥရောပမှာတော့ လူမှုဖူလုံရေး စနစ်မြင့်မားတဲ့ နိုင်ငံတွေရဲ့ အကုရခက်တဲ့ နာတာရှည်ရောဂါတွေ စုပုံလာပြီး ၁ ရာခိုင်နှုန်းလောက်သာရှိတဲ့ တိုးတက်မှုအရှိန်နဲ့ ဒယီးဒယိုင် တွားသွားနေရုံမက တခါတလေ တိုးတက်မှုနှုန်းဟာ အနုတ်လက္ခဏာ ပေါ်နေတဲ့ ကာလဖြစ်တယ်။ တရုတ်ပြည်မှာတော့ ၁၉၉၂ ခုနှစ် တိန့်ရှောင်ဖင်က တောင်ပိုင်းမှာ ပြောဆိုခဲ့ပြီးနောက် ဒုတိယအကြိမ် ဖွံ့ဖြိုးတိုးတက်မှုဒီရေမြင့်သို့ လှမ်းဝင်လိုက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လျင်မြန်နေပေမယ့် အတိုင်းအတာ ပမာဏကတော့ ဘီလီယံ ၁၀၀၀ ကျော်သာ ရှိသေးတယ်။ ဒါပေမဲ့ ဒီလိုအခြေအနေအောက်မှာပဲ ရာစုနှစ်အကူးအပြောင်းကိုရောက်တော့ နိုင်ငံတော်ရဲ့ စွမ်းအား အလွန့်အလွန်စည်ပင်နေတဲ့ အမေရိကန်ဟာလည်း အာဖဂန်စစ်ပွဲ၊ အီရတ်စစ်ပွဲ၊ ဒီစစ်ပွဲနှစ်ပွဲကြောင့် ဖြုန်းတီးမှုတွေနဲ့ ပင်ပန်းရမှုတွေကို ခံနိုင်ရည်မရှိတော့ရုံမက မိမိရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးသွားစေခဲ့တယ်။ ပြောင်းပြန်အားဖြင့် အခြားနိုင်ငံတွေကလည်း အခွင့်အရေးကို ကောင်းကောင်းဆုပ်ကိုင်ပြီး ငြိမ်းချမ်းစွာ ဖြစ်ထွန်းတိုးတက်ရေးရဲ့ အခွင့်သာမှုကို အပြည့်အဝ ဖြစ်ထွန်းစေသလို အင်အားနှိုင်းယှဉ်မှုအရ "နိုင်ငံကြီးများအတွင်း အင်အားချိန်ခွင်လျှာညှိမှု" ကို အကြီးအကျယ် တွန်းဆော်ပေးခဲ့တယ်။ အခု လက်ငင်းကာလအထိ အမေရိကန်ရဲ့ စစ်သုံးစရိတ်ဟာ အခြားနိုင်ငံတွေရဲ့ စုစုပေါင်း ဖြစ်မြဲဖြစ်နေရုံမက မျက်မှောက်ဈေးကွက်ကို အခြေခံပြီး တွက်ကြည့်ရင်လည်း တိုတောင်းလှတဲ့ ကာလလေးအတွင်းမှာ အမေရိကန်ရဲ့ GDP ဟာ တကမ္ဘာလုံးရဲ့ GDP နဲ့ အချိုးချကြည့်ရင် အမြင့်ဆုံးအချိန်မှာ ၃၄ ရာခိုင်နှုန်း လောက် ရှိခဲ့ပြီး အခု ကျသွားတဲ့အချိန်မှာ ၂၃ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ကမ္ဘာ့နိုင်ငံကြီးများအကြား ဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ ထွန်းသစ်စနိုင်ငံများအကြား အပြန်အလှန်မှီခိုမှုကို တနေ့တခြား ပိုမိုနက်ရှိုင်းလာစေလိုက်တာနဲ့အမျှ အီရတ်စစ်ပွဲပေါ်လာပြီးတဲ့နောက် ဒီလို "နိုင်ငံကြီးများအတွင်း အင်အားချိန်ခွင်လျှာညှိမှု" က အမေရိကန်နဲ့ ၎င်းရဲ့မဟာမိတ်များကို အာဖဂန်ပြဿနာ၊ အီရတ်ပြဿနာတို့ကို သီးခြားမဖြေရှင်းနိုင်ရုံမက အီရန်၊ မြောက်ကိုးရီးယားပြဿနာတို့ကိုလည်း မဖြေရှင်းနိုင်ခဲ့ပါဘူး။ စွမ်းအင်ဈေးနှုန်း မြင့်တက်မှု၊ ရိက္ခာအကျပ်အတည်းတို့လို "တကမ္ဘာလုံးနဲ့ဆိုင်တဲ့ စီမံခန့်ခွဲရေး"

ပြဿနာတို့ကို မကိုင်တွယ်နိုင်ဘူးဆိုတာ ဖော်ပြနေတယ်။ ဒါ့အပြင် အမေရိကန်ဒေါ်လာ တန်ဖိုးကျဆင်းသွားမှုနဲ့ အဆင့်အတန်းမမီတဲ့ ကုန်စည်များ အကျပ်ဆိုက်သွားမှုတို့လို "အမေရိကန်သက်သက်" ပြဿနာတွေကိုလည်း မဖြေရှင်းနိုင်ပါဘူး။ ဒါတွေဟာ အရင်းခံအားဖြင့် အမေရိကန်ရဲ့ "ဝင်ရိုးတခုတည်းဗိုလ်ကျလွှမ်းမိုးသွားရေး"နဲ့ အနောက်အုပ်စုတခုလုံးက "ဗိုလ်ကျလွှမ်းမိုးမှုဖြစ်ထွန်းသွားရေး"တို့ကြောင့် ဆိုးဆိုးရွားရွားဖြစ်လာနေတဲ့ သမိုင်းဖြစ်စဉ်ကို လှည့် ပြောင်းမပစ်နိုင်လို့ပါပဲ။ အမေရိကန်ဟာ အရင်က ဝင်ရိုးတခုတည်း ဗိုလ်ကျလွှမ်းမိုးမှုနဲ့ မဟာမိတ်များရဲ့ ထောက်ခံမှုကြောင့် အားလုံးကို ဖြေရှင်းနိုင်ခဲ့တယ်လို့ ဆိုပါစို့။ ဒါဖြင့် အမေရိကန်ဟာ အခုကမ္ဘာလုံးဆိုင်ရာ ပြဿနာတွေကို တကယ့်တကယ်ဖြေရှင်းရေးမှာ မဟာမိတ်နိုင်ငံတွေရဲ့ အကျိုးဆောင်ပေးမှု၊ မိန့်မှာချက်အတိုင်းဆောင်ရွက်မှုနဲ့ မြောက်ထိုးပင့်ကော်လုပ်ပေးမှုတို့ရှိဖို့ လိုအပ်ရုံမက ကမ္ဘာ့တခြားနိုင်ငံကြီးတွေအပြင် ဒေသဆိုင်ရာ နိုင်ငံကြီးတွေရဲ့ နားလည်မှု၊ ထောက်ခံမှု၊ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့ လိုအပ်ကြောင်းကို ထည့်သွင်း စဉ်းစားရပါလိမ့်မယ်။ အမေရိကန်က ဆန္ဒရှိရှိ မရှိရှိ၊ လက်ဦးမှုရှိရှိ မရှိရှိ၊ ခံစားမှု ရှိရှိ မရှိရှိ တကယ်တော့ အမေရိကန်ရဲ့ "ဝင်ရိုးတခုတည်း ဗိုလ်ကျလွှမ်းမိုးသွားရေး"ဖြစ်စဉ်ဟာ ပျက်သုဉ်းမှု စတင်နေရုံမက ဒီဖြစ်စဉ်ဟာ တစတစ အရှိန်မြန်လာကာ တဖြည်းဖြည်းချင်းနဲ့ တစုံတခုသော အခြေပြောင်းအမှတ်သို့ မလွှဲမရှောင်သာ နီးကပ်လာနေပါပြီ။

တင်ပြဖို့ လိုတာကတော့ အမေရိကန်ရဲ့ "ဝင်ရိုးတခုတည်း ဗိုလ်ကျလွှမ်းမိုးသွားရေး" "ဗိုလ်ကျလွှမ်းမိုးမှု ဖြစ်ထွန်းသွားရေး"တို့ဟာ အမေရိကန်ရဲ့ ယိုယွင်းပျက်သုဉ်းသွားမှုသဘော မဆောင်ပေမယ့် အနည်းဆုံး ၂၀၅၀ ခုနှစ်မတိုင်မီနဲ့ အဲဒါကျော်လွန်သွားပြီးကာလတွေရဲ့ အနာဂတ်ကိုတော့ ကြိုမြင်နိုင်တာပေါ့။ ဒါ့အပြင် ၂၁ ရာစုတခုလုံး အမေရိကန်ဟာ အရေးပါတဲ့ နိုင်ငံကြီးများအတွင်း ရှေ့ဆောင်ပြေးနေတဲ့နိုင်ငံ၊ အထွေထွေ တကယ့်အင်အား ကမ္ဘာ့နံပါတ် ၁ ဖြစ်မြဲဖြစ်နေပြီး အမေရိကန်ရဲ့ လုံးဝသာလွန်တဲ့ အနေအထားမျိုးသာ ပြန်လည်မတည်ရှိနိုင်တော့တာ ဖြစ်ပါလိမ့်မယ်။ အနိမ့်ဆုံး အမေရိကန်ရဲ့ ဝင်ရိုးတခုတည်း ဗိုလ်ကျလွှမ်းမိုးမှုနဲ့ ဂါတကော ကောရေး ဆန္ဒတွေကိုလည်း ထောက်ခံနိုင်ကြတော့မှာ မဟုတ်ပါဘူး။ အမေရိကန်ဟာ ရာစုသစ်စလိုက်တာနဲ့ တခုတည်းသော အင်အားလွန်နိုင်ငံကြီးတနိုင်ငံ ဘဝကနေ ကမ္ဘာ့အဓိက နိုင်ငံကြီးတွေနဲ့ အပြန်အလှန် ကန့်သတ်တုပ်နှောင်ထားတဲ့ ရိုးရိုးသာမန် ကမ္ဘာ့နိုင်ငံကြီးတနိုင်ငံအဖြစ် တဖြည်းဖြည်း ပြောင်းလဲသွားပါလိမ့်မယ်။

**၂။ ၂၁ ရာစုရဲ့ ဥရောပအတွင်းပိုင်းမှာ ဆက်လက်ပြီး "ဗိုလ်ကျလွှမ်း မိုးမှု ဖြစ်ထွန်းမလာရေး"နဲ့ ပြည်ပမှာ "ဗိုလ်ကျလွှမ်းမိုးမှု ဖြစ်ထွန်းသွားရေး" ကို မလွှဲမရှောင်သာ စတင်ရှေ့ဆောင်သွားရေး**

၂၀ ရာစုရဲ့ ဥရောပဟာ ပြည်ပမှာ အနောက်ဥရောပနိုင်ငံကြီးတွေကို ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ကမ္ဘာ့ကြီးကို ဗိုလ်ကျလွှမ်းမိုးနေတဲ့ နိုင်ငံကြီး အဆင့်နေရာနဲ့ ဆိုဗီယက်ပြည်ထောင်စုအပေါ် အတိုက်အခံပြုမှုကို အစွမ်းကုန် ထိန်းသိမ်းသွားရေး ဒါမှမဟုတ် ဆက်လက်ရှင်သန်သွားရေး ဖြစ်တယ်။ တချိန်တည်းမှာ အမေရိကန်ရဲ့ ဗိုလ်ကျလွှမ်းမိုးမှုအာဏာအတွက် ရေရှည်အညံ့မခံလိုတဲ့ အမေရိကန်ရဲ့ လုပ်ဖော်ကိုင်ဖက်ကလေးအဖြစ် လုပ်ခဲ့တယ်။ ဒါအတွက် အင်အားတောင့်တင်းတဲ့ ဆိုဗီယက်နဲ့ အမေရိကန်ကို အနောက်ဥရောပက ဘယ်နိုင်ငံပဲဖြစ်ဖြစ် အားလုံးဟာ တနိုင်ငံချင်း အနေဖြင့် ရင်ဆိုင်ဖို့ အစွမ်းအစမရှိတော့ မဟာမိတ်အဖွဲ့အနေနဲ့ "ဥရောပပြည်ထောင်စု" အဖြစ်

လုပ်ပြီး အထူးသဖြင့် အနောက်ဥရောပနိုင်ငံကြီးတွေက ကမ္ဘာ့နိုင်ငံကြီးတွေအဖြစ် ဗိုလ်ကျလွှမ်းမိုး နေရမှုလောကကိုပဲ အာသာပြေ ကျေနပ်နေခဲ့ရတာပါ။

ဥရောပက ပြည်ပသို့ ဗိုလ်ကျလွှမ်းမိုးမှုစစ်ပွဲကို ရှေ့ဆောင်တဲ့ အရင်းခံတွန်းအားနဲ့ ၎င်းတို့အား မဲဆန္ဒရှင် ပြည်သူတွေရဲ့ထောက်ခံမှုကို ရရှိစေတဲ့ အရင်းခံဖြစ်နိုင်မှုတွေဟာ ၂၁ ရာစု ထဲဝင်လာပြီးနောက် တဖက်မှာ ဥရောပပြည်သူတွေအတွင်း အားကောင်းစွာ ပေါ်ထွန်းလာတဲ့ ငြိမ်းချမ်းရေးစိတ်ဓာတ်နဲ့ ၎င်းတို့ရဲ့ ဒီမိုကရေစီစနစ်က ချုပ်ချယ်ကန့်သတ်ချက်တွေကြောင့် ပကတိဘာဝအရ အမှန်တကယ်ပဲ ပျက်သုဉ်းသွားစေခဲ့တယ်။ အခြားတဖက်မှာတော့ စစ်အေး ခေတ် အဆုံးသတ်သွားပြီးနောက် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ကမ္ဘာ့ဈေးကွက် ဖြစ်ထွန်းလာ ရေးဖြစ်စဉ်တို့ နက်နက်ရှိုင်းရှိုင်း ဖြစ်ထွန်းတိုးတက်လာခြင်း၊ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိက တို့မှ ကျယ်ပြောလှတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ထွန်းသစ်စ ဖြစ်ပေါ်တိုးပွားမှုနဲ့ ကြီးမြတ်တဲ့နိုးကြားလာမှု တွေ ထက်မြက်ပြင်းထန်လာခြင်း၊ အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဘရာဇီး၊ မက်ဆီကို၊ တောင်အာဖရိကစတဲ့ အဆက်မပြတ် တိုးပွားလာနေတဲ့ ထွန်းသစ်စနိုင်ငံအုပ်စုတွေရဲ့ ငြိမ်းချမ်းစွာ တဟုန်ထိုး ထိပ်တန်း ရောက်လာခြင်းဟာ ဥရောပအား အနောက်အုပ်စုအတွင်း အင်အားအချည့် နဲ့ဆုံး ကွင်းဆက်ဖြစ်သွားစေခဲ့တယ်။ အသိရှိရှိ မရှိရှိ၊ "ဗိုလ်ကျလွှမ်းမိုးမှုဖြစ်ထွန်းသွား ရေး"ဖြစ်စဉ်ကို စတင်ရှေ့ဆောင်လိုက်ခြင်းက ဖွံ့ဖြိုးစနိုင်ငံတွေအနေနဲ့ အချင်းချင်း အကြား ပိုမိုလေးစားသွားရေး၊ ပိုမိုတန်းတူမှုရှိလာရေး၊ ပိုမိုစေ့စပ်အလျှော့ပေးသွားရေးစိတ်ဓာတ်များကို ချမှတ်ကျင့်သုံးလာရ တော့တယ်။ ဒါဟာ ဥရောပအတွင်းမှာ "ဗိုလ်ကျလွှမ်းမိုးမှု ဖြစ်ထွန်းမလာရေး"နဲ့ ပြည်ပမှာ "ဗိုလ်ကျလွှမ်းမိုးမှုဖြစ်ထွန်းရေး" ဖြစ်စဉ်တို့က တချိန်တည်း လှုပ်နှိုးလိုက်မှုကြောင့် ၂၁ ရာစု နိုင်ငံတကာ နိုင်ငံရေးရဲ့ အရေးကြီးတဲ့ အခြင်းအရာသစ်တရပ်ဖြစ်လာနေမှုကို ထက်မြက်တဲ့လူတွေ တွေ့မြင် နေကြပါပြီ။

အနောက်ဥရောပဟာ အနီးခေတ် ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ ဗိုလ်ကျလွှမ်းမိုး ရေးအာဏာ လုယက်မှု မြစ်ဖျားခံရာဒေသ ဖြစ်တယ်။ စပိန်နဲ့ ဟော်လန်ရဲ့ ဗိုလ်ကျ လွှမ်းမိုးရေးဗိုလ်လုပွဲမှ ဗြိတိန်– စပိန် ဗိုလ်ကျလွှမ်းမိုးရေး ဗိုလ်လုပွဲသို့ ပြောင်းသွားပြီး၊ ဗြိတိန်နဲ့ ပြင်သစ်ဗိုလ်ကျလွှမ်းမိုးရေးစစ်ပွဲမှတဖန် ဂျာမဏီနဲ့ ဗြိတိန်တို့ရဲ့ ဗိုလ်ကျလွှမ်း မိုးရေးစိန်ခေါ်မှုနဲ့ အမေရိကန်– ဗြိတိန်တို့ရဲ့ ဗိုလ်ကျလွှမ်းမိုးမှုသို့ ပြောင်းသွားခဲ့မှုတွေဟာ လူတိုင်းသိတဲ့ အနီးခေတ် ဗိုလ်ကျလွှမ်းမိုးရေး နိုင်ငံတကာ နိုင်ငံရေးရဲ့ ဂန္ထဝင်ဖြစ်ရပ်တွေ ဖြစ်တယ်။ ဒါဟာ အနောက်တိုင်းယဉ်ကျေးမှု တဟုန်ထိုး နိုးထလာမှုရဲ့ သမိုင်း တစိတ်တဒေသဖြစ်သလို အနောက်တိုင်းအင်အားကြီးတွေရဲ့ ကျူးကျော်မှု၊ သွေးစုပ်မှု၊ လုယက်မှု၊ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိက နိုင်ငံအသီးသီးကို ချိုးနှိမ်မှု သမိုင်းလည်း ဖြစ်တယ်။ အနောက်အုပ်စု အင်အားကြီးနိုင်ငံတွေအကြား အလှည့်ကျဗိုလ်ကျလွှမ်းမိုးမှု အာဏာလုပွဲရဲ့ သွေးညှီနံ့ဟောင်လွန်းလှတဲ့ သမိုင်းလို့လည်း ပြောနိုင်ပါတယ်။ စစ်ပွဲက ပြည်သူတွေကို ပညာ ရစေလိုက်ပါတယ်။ ဥရောပ ပြည်သူတွေဟာ နှစ် ၃၀၀ နီးပါး အဆက်မပြတ် စစ်ပွဲဖြစ်ပေါ်စေတဲ့ ရေသောက်မြစ်ကို အကုန်အစင် ဖျက်သိမ်းနိုင်ရေးအတွက် ကမ္ဘာစစ်ကြီး ၂ ခု ပြီးသွားတဲ့နောက် နာကြည်းမှု ပြေပျောက်သွားကြတော့မှ နာကြည်းမှုဖြစ်ခဲ့ရတဲ့ အကြောင်းရင်းတွေကို ပြန်လည် စဉ်းစားသုံးသပ်တယ်။ ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာပိုင်မှုနဲ့ တန်းတူမှု စတဲ့ အလံတွေကို မြင့်မြင့်မားမား လွှင့်ထူရေးကို ရှေ့ဆောင်ခဲ့ကြတယ်။ နိုင်ငံတနိုင်ငံ မဲတပြားဆိုတဲ့ လုံး၀ "အချုပ်

အခြားအာဏာပိုင်မှု တန်းတူရေး" မှု၊ အချုပ်အခြာ အာဏာလွှဲပြောင်းမှု၊ အချုပ်အခြာ ထိန်းညှိမှု၊ "အချုပ်အခြာအာဏာ လက္ခဏာချင်း မတူမှုများ ဖြစ်ထွန်းရေး" ဖြစ်စဉ်ကို စတင်ခဲ့ရုံမက ဒီအခြေခံပေါ်မှာ ဥရောပ တပေါင်းတစည်းတည်းဖြစ်ရေးဖြစ်စဉ်ကို တက်တက်ကြွကြွတွန်းဆော်ခဲ့တယ်။ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ဥရောပသမဂ္ဂရဲ့ အဓိက ကမ္ဘာ့နိုင်ငံအဆင့်နေရာ ပြန်လည် ရှင်သန်ရေးနဲ့ ခိုင်မာစွာအာမခံပေးရေးတို့ကို ပြည်ပမှာ ကြံစည်အားထုတ်သွားရေးနဲ့ ပြည်တွင်းမှာ အနောက်ဥရောပနိုင်ငံအချင်းချင်း ဥရောပ ပိုလ်ကျလွှမ်းမိုးရေး အာဏာလုယက်နေမှုရဲ့ ရေသောက်မြစ်ကို အကုန်အစင် ဖျက်သိမ်းသွားရေးဖြစ်တယ်။ ဒါဟာ ဥရောပနိုင်ငံရေးရဲ့ ကြီးမြတ်တဲ့ တိုးတက်မှုတရပ်ဖြစ်တယ်။ ဥရောပ ပြည်သူတွေရဲ့ ကြီးမြတ်တဲ့ နိုင်ငံရေး တီထွင်ဖန်တီးမှုတရပ်လည်း ဖြစ်တယ်။ ဥရောပ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ရဲ့ ကြီးမြတ်တဲ့ သမိုင်းအလှည့်အပြောင်းတရပ်လည်း ဖြစ်ပါ တယ်။

ဒါပေမဲ့ တချိန်တည်းမှာ ဥရောပနိုင်ငံကြီးတွေဟာ အနောက်တိုင်း ယဉ် ကျေးမှုတခုလုံးရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတရပ်အနေနဲ့ သူတို့ရဲ့ ပြည်ပသို့ ပိုလ်ကျလွှမ်းမိုးရေးအာဏာကိုတော့ အရင်းခံအားဖြင့် ဘာမှ ပြောင်းလဲမှု မရှိပါဘူး။ ပြင်သစ်ဟာ အာဖရိက၊ ဗြိတိန်က ဗြိတိန်ပြည်ထောင်စု အဝန်းအဝိုင်းအတွင်း၊ စပိန်က တောင်အမေရိက နိုင်ငံများ၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမဏီတို့က အရှေ့အလယ်ပိုင်း၊ အနောက်အုပ်စု ဖွံ့ဖြိုးပြီးနိုင်ငံအားလုံးက တတိယနိုင်ငံအများအပြားမှာ ပိုလ်ကျလွှမ်းမိုးရေးလှုပ်ရှားမှုတွေ ပျားပန်းခတ်နေသလိုပါပဲ။ ဒါ့အပြင် သူတို့ဟာ အမေရိကန်နဲ့ ဆိုဗီယက်ပြည်ထောင်စု အင်အားလွန်နိုင်ငံကြီး ၂ ခု ပိုလ်ကျလွှမ်းမိုးရေးအာဏာ လုယက်မှုတွေကို တိုက်ရိုက်ပံ့ပိုးကူညီပါဝင်ခဲ့သေးတယ်။ တရုတ်နဲ့ အိန္ဒိယ အရှေ့တိုင်းရဲ့ ငြိမ်းချမ်းစွာ တဟုန်းထိုး ဖြစ်ထွန်းတိုးတက်လာမှုဟာ တရုတ်၊ အန္ဒိယ အပါ အဝင် ၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံအသီးသီးမှာ ငြိမ်းချမ်းစွာ ဖြစ်ထွန်း တိုးတက်ရေး၊ တန်းတူပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်အကျိုးအမြတ်ရရှိရေးဖြစ်တဲ့ နိုင်ငံခြားဆက်ဆံရေးတို့က အာဖရိက၊ အာရှနဲ့ လက်တင်အမေရိကရှိ အလတ်စားနဲ့အသေးစား နိုင်ငံအသီးသီးကို ဖွံ့ဖြိုးတိုးတက်ပြီး နိုးကြားလာစေတာနဲ့အမျှ ဥရောပသမဂ္ဂနဲ့ ၎င်းတို့ရဲ့ ဗြိတိန်၊ ပြင်သစ်၊ ဂျာမဏီစတဲ့ ဥရောပရဲ့ အဓိကနိုင်ငံကြီးတွေဟာ တချို့ဒေသ၊ တချို့အချိန်မှာ၊ တချို့သော ပြဿနာတွေမှာ "ပိုလ်ကျလွှမ်းမိုးမှုဖြစ်ထွန်းသွားရေး"ဖြစ်စဉ်ကို သူတို့ရဲ့ တစုံတခုသော နည်းနာအဖြစ် စတင်ကြရတော့တယ်။ ဂျာမဏီက မာကယ်။ ပြင်သစ်က စာကိုဆီ၊ ဗြိတိန်က ဂေါ်ဒင်ဘရောင်းတို့ ကိုယ်စားပြုတဲ့ ဥရောပ အဓိကနိုင်ငံကြီးတွေရဲ့ ခေါင်းဆောင်မျိုးဆက်သစ်တစုဟာ "တန်ဖိုးသဘောတရားအမြင် နိုင်ငံခြားဆက်ဆံရေး" "ဒီမိုကရေစီတန်ဖိုးအရ မဟာမိတ်"နဲ့ "အတ္တလန္တိတ် မဟာမိတ်အသစ်"စတဲ့ အမေရိကန်ကို ဆက်လက်ကြည်ညိုရေး၊ အနောက်အုပ်စုရဲ့ စုပေါင်းပိုလ်ကျလွှမ်းမိုးမှု ဒါမှမဟုတ် အနောက်တိုင်းယဉ်ကျေးမှုရဲ့ ပိုလ်ကျလွှမ်းမိုးမှုကို ကာကွယ်ရေးအတွက် အရင်က အချိန်ကြာမြင့်စွာ ဘေးချိတ်ထားတဲ့ "အတ္တလန္တိတ် မဟာမိတ်"ကို ပြန်လည်ပွဲထုတ်လာပြီး အမေရိကန်ရဲ့ အနောက်အုပ်စုက ပိုလ်ကျလွှမ်းမိုးမှုရဲ့ အဓိကအဆင့်နေရာကို အတူတကွ ကာကွယ်သွားဖို့ ကြံစည်နေတယ်။ ဒါပေမဲ့ ဒီပြုမှုဆောင်ရွက် ချက်တွေကို မလျှော့မဖြစ်လို့ လျှော့ချပစ်နေရတယ်။ ၎င်းတို့ရဲ့ "ပိုလ်ကျလွှမ်းမိုးမှု ဖြစ်ထွန်းသွားရေး" ဟာ မလွှဲသာမရှောင်သာ အကျပ်ဆိုက်နေမှုကြောင့် အထူးသဖြင့် တရုတ်၊ အိန္ဒိယတို့ ကိုယ်စားပြုတဲ့ အရှေ့တိုင်းနိုင်ငံကြီးတွေ တဟုန်ထိုးတိုးတက်လာမှုနဲ့ အာဖရိက၊ လက်တင်အမေရိက နိုင်ငံ အသီးသီးရဲ့ ကောင်းမွန်တဲ့ ဖွံ့ဖြိုးတိုးတက်မှု အလားအလာရဲ့နောက်မှာ ဖွံ့ဖြိုးစနိုင်ငံတွေရဲ့ သဘာဝခေတ်

ငွေ့ စတဲ့ သယံဇာတအရင်းအမြစ်တွေ သာလွန်မှုရှိနေတာကို ပြန်လည်တွေ့ မြင်လာပြီး ကတည်းက "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ချိန်ခွင်လျှာညှိမှု" အခြေအနေဟာ မျက်မှောက်ကမ္ဘာရဲ့ "ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး ချိန်ခွင်လျှာညှိမှု"ကို လိုက်ပါ လာအောင် ဆွဲဆောင်တော့တယ်။ ဥရောပရဲ့ အဓိက နိုင်ငံကြီးတွေက အနောက်အုပ်စုရဲ့ စုပေါင်း ဗိုလ်ကျလွှမ်းမိုးမှုအာဏာ ဒါမှမဟုတ် အနောက် တိုင်းယဉ်ကျေးမှုရဲ့ ဗိုလ်ကျလွှမ်းမိုးမှုအာဏာ ကာကွယ်ထိန်းသိမ်းရေးကို ကျိတ်ကြံစည် ကြိုးစား နေမှုတွေဟာ အရာထင်မှာ မဟုတ်တော့ပါဘူး။

**၃။ ၂၁ ရာစု တရုတ်၊ အိန္ဒိယတို့ ကိုယ်စားပြုတဲ့ "ဗိုလ်ကျ လွှမ်းမိုးမှု ဖြစ်ထွန်း မလာရေး" နိုင်ငံကြီးအုပ်စုရဲ့ ငြိမ်းချမ်းစွာ တဟုန်ထိုး ထိပ်တန်းရောက်မှုဟာ တားဆီး လို့မရနိုင်တဲ့ သမိုင်းရေးစီးကြောင်း ဖြစ်လာခြင်း**

တရုတ်နဲ့ အိန္ဒိယတို့ ကိုယ်စားပြုတဲ့ "ဗိုလ်ကျလွှမ်းမိုးမှုဖြစ်ထွန်းမလာရေးနိုင်ငံကြီး"နဲ့ "ဗိုလ်ကျလွှမ်းမိုးမှုမဟုတ်တဲ့ယဉ်ကျေးမှု" တို့ တဟုန်ထိုးဖြစ်ထွန်းလာခြင်းဟာ အရင်းခံအားဖြင့် ၂၁ ရာစုမှာ ဗိုလ်ကျလွှမ်းမိုးမှု ဖြစ်ထွန်းမလာရေးက "ဗိုလ်ကျလွှမ်းမိုးမှုဖြစ်ထွန်းသွားရေး" ခေတ် ကာလရဲ့ စိတ်ဓာတ်နဲ့ သမိုင်းရေစီးကြောင်းကို ကိုယ်စားပြုပြီး ၂၁ ရာစုမှာ "ဗိုလ်ကျလွှမ်းမိုးမှု အဆုံးသတ်သွားရေး" အခြေခံအုတ်မြစ်ကို ချလိုက်တာဖြစ်တယ်။

တရုတ်နဲ့ အိန္ဒိယတို့ ကိုယ်စားပြုတဲ့ အရှေ့တိုင်းယဉ်ကျေးမှုရဲ့ ကြီးမြတ်တဲ့ နိုင်ငံကြီး ၂ နိုင်ငံဟာ ရှည်ကြာလေးမြင့် ထွန်းပြောင်တဲ့ သမိုင်းယဉ်ကျေးမှုကို မိမိတို့ ဘာသာ ဖန်တီးခဲ့ကြတယ်။ ဒါပေမဲ့ အနီးခေတ်ကာလအတွင်း ကိုလိုနီ၊ ကိုလိုနီ တပိုင်းဘဝရဲ့ ကြေကွဲဖွယ် ရင်နင့်ဖွယ်ကံကြမ္မာကို အသီးသီး ကြုံတွေ့ခဲ့ကြရတယ်။ ၂၀ ရာစု အလယ်လောက်ရောက်မှ ရှေ့စဉ်နောက်ဆက်ဆိုသလို ပြန်လည် မွေးဖွား လာခဲ့ပြန်တယ်။ ၂၁ ရာစုသို့ ဝင်ရောက်သွားပြီးနောက်တော့ အမျိုးသား ဖွံ့ဖြိုး တိုးတက်ရေးခရီးစဉ်သစ်ကို စတင်ခဲ့ကြပြန်တယ်။

တရုတ်ပညာရှင်တဦး ပြောဆိုချက်အရဆိုရင် အိန္ဒိယဟာ ဘာသာရေးနဲ့ ဘာသာရေး စိတ်ဓာတ်တွေ ရှုပ်ထွေးတဲ့ နိုင်ငံတနိုင်ငံဖြစ်တယ်တဲ့။ အိန္ဒိယ ဘာသာရေးစိတ်ဓာတ် ရေစီးကြောင်း ဟာ တရုတ်ပြည်သို့ စီးဝင်ခဲ့ပြီး အရှေ့အာရှတခုလုံး လွှမ်းမိုးသွားခဲ့ရာက ကနေ့အထိ အရှေ့အာရှ နိုင်ငံတကာအစီအစဉ် အတွေးအခေါ် နဲ့ စိတ်ဓာတ်အခြေခံအုတ်မြစ်တခု ဖြစ်နေဆဲပါပဲတဲ့။ တရုတ်၊ အိန္ဒိယ အရှေ့တိုင်း ယဉ်ကျေးတဲ့ နိုင်ငံကြီး ၂ နိုင်ငံဟာ ယဉ်ကျေးမှုအရ အဆက်အစပ်ရှိပြီး သူတို့ဟာ ထူးခြားတဲ့ အရှေ့တိုင်းရဲ့ ပြေပြစ်၊ သဟဇာတဖြစ်တဲ့ ယဉ်ကျေးမှုစိတ်ဓာတ်ကို အုတ်မြစ်ချခဲ့သူတွေ လည်း ဖြစ်တယ်လို့ ဆိုပါတယ်။

အိန္ဒိယဘာသာရေးအတွေးအခေါ်ဟာ ချစ်ခင်ယုယမှုဝါဒကို အလေးထားပါတယ်။ "သတ်ဖြတ်ခြင်းကို သတိတရားထားရေး"နဲ့ "မိမိကိုယ်ကိုယ် ချုပ်တည်း ရေး" သတ်ဖြတ်မှုနဲ့ စစ်ပွဲတွေကို ဆန့်ကျင်ရေး အယူဝါဒကို ဆုပ်ကိုင်ထားပါတယ်။ စိတ်ဓာတ် ပြင်းထန်ပေမယ့် ရုပ်ဝတ္ထုနဲ့ စည်းစိမ်ဥစ္စာ ဂုဏ်ပကာသနကို မလိုက်စားဘူး။ မျက်မှောက်ကမ္ဘာဟာမှုတွေကို ငုံ့မခံနိုင်တော့တာ ကြောင့်သာ နောင်အနာဂတ်အတွက် အစီအစဉ်သစ်တွေ တောင်းဆိုမှုကို အလေးထားလာရတာ ပါ။ အိန္ဒိယယဉ်ကျေးမှု တန်ဖိုးအတွင်းမှာ အကြမ်းမဖက် ငြိမ်းချမ်းရေး အတွေးအခေါ်တွေက သူတော် စင်ဂန္ဒီရဲ့ မတရားမှုတွေကို ဆန့်ကျင်တဲ့ အကြမ်းမဖက်ရေးလှုပ်ရှားမှုများနဲ့ နောင်မှာ နေရူးက အဆို တင်သွင်းခဲ့တဲ့ ဘက်မလိုက်လှုပ်ရှားမှုတို့ကို သန္ဓေတည်စေခဲ့တယ်။ အထူးသဖြင့် နေရူးရဲ့ ဘက်မလိုက်

လုပ်ရှားမှု အယူအဆဟာ နိုင်ငံတကာမှာ ဗိုလ်ကျမှုနိုင်ငံရေး (power politics) ကို ဆန့်ကျင်ပြီး လွတ်လပ် အမှီခိုကင်းတဲ့ နိုင်ငံခြားရေးပေါ်လစီကို ရောင်ပြန်ဟပ်ခဲ့တယ်။ ကမ္ဘာကြီးကို ဝင်ရိုး အများအပြားရှိရေး၊ ဒီမိုကရေစီဖြစ်ထွန်းတိုးတက်မှု တွန်းဆော်ရေးဘက်တို့မှာ အပြု သဘော ဆောင်တဲ့အခန်းက ပါဝင်ခဲ့တယ်။

အိန္ဒိယဟာ ပြင်းထန်တဲ့ နိုင်ငံကြီးအတွေးအခေါ်အယူအဆနဲ့ နိုင်ငံကြီးက ပေးအပ် လိုက်တဲ့ တာဝန်ဝတ္တရားဆိုတဲ့ တွေးခေါ်ခံစားမှု ရှိပါတယ်။ နေရူးက "အိန္ဒိယကို တွေ့ရှိခြင်း" ဆိုတဲ့ စာအုပ်မှာ "အိန္ဒိယဟာ ၎င်းရောက်ရှိနေတဲ့ အခု အဆင့်နေရာကနေ ကမ္ဘာပေါ်မှာ ဒုတိယတန်းစား ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်မဆောင်နိုင်ပါဘူး။ ကောင်းကောင်းသရုပ်ဆောင်နိုင်တဲ့ နိုင်ငံကြီး တနိုင်ငံ လုပ်ရင်လုပ်ရ၊ ကြက်ပျောက် ငှက်ပျောက် ပျောက်ရင်ပျောက်ရ၊ အလယ်အလတ်တန်းစား အဆင့်နေရာက ကျွန်တော့်ကို နိုးကြွလာအောင် မလုပ်နိုင်ပါဘူး။ ကျွန်တော်ကလည်း အလယ် အလတ်တန်းစား အဆင့်နေရာလောက်နဲ့ ကျေနပ်နိုင်မယ်လို့ မယုံကြည်ပါ ဘူး"လို့ အတိအလင်း ပြောခဲ့ဖူးတယ်။ သူက အိန္ဒိယနဲ့ ပါကစ္စတန်စတာတွေကို အမေရိကန်၊ ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်နိုင်ငံတို့နဲ့ တတန်းတည်း မထားနိုင်ဘူးလားလို့တောင် ပြောလိုက်သေးတယ်။ နေရူးရဲ့ မျှော်မှန်းချက်က အန္ဒိယကို အင်အားတောင့်တင်းကြီးထွားတဲ့၊ တပေါင်းတစည်းတည်းရှိတဲ့၊ နိုင်ငံ တကာ လူ့အဖွဲ့အစည်းက လေးစားမှုခံရပြီး အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်ရတဲ့ နိုင်ငံကြီး တနိုင်ငံအဖြစ် ထူထောင်သွားရေးဖြစ်တယ်။ အိန္ဒိယဟာ တောင်အာရှမှာ "သာလွန်မှု တခုသာ ရှိပြီး၊ ချည့်နဲ့မှုတွေ များပြားလှတဲ့" အနေအထားမှာ ရှိနေပေမယ့် ဒေသအတွင်း ဗိုလ်ကျလွှမ်းမိုးမှု ဘက် တိမ်းစောင်းမှုတွေလည်း အတော်အတန် ရှိနေတယ်။ ဒါပေမဲ့ တခုလုံးအရ ခြုံငုံပြောရရင် အိန္ဒိယဟာ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်ခဲ့တယ်။ ၎င်းဟာ တဖက်မှာ မျက်မှောက်ကမ္ဘာကြီးအား ဗဟုဝင်ရိုးစနစ်ကို အစစအရာရာ ချောမောအောင်မြင်ရေးကို အစွမ်း ကုန် အားထုတ်ကြိုးပမ်းရင်း အိန္ဒိယအတွက် အကျိုးစီးပွားများ အစွမ်းကုန်ဖြစ်ထွန်းရေး၊ အမေရိကန် နဲ့ အနောက်အုပ်စုကို လုံးဝဖြိုဖျက်ပစ်ရေးမဟုတ်ဘဲ ကမ္ဘာကြီးအား ဗဟုဝင်ရိုးဖြစ်ထွန်းသွားရေး၊ ဒီမိုကရေစီဖြစ်ထွန်းရေးကို တွန်းဆော်ပေးရာမှာ အရေးပါတဲ့ တွန်းအားဖြစ်လိုတယ်။ အခြားတဖက် မှာ မိမိက ဘက်မလိုက်လှုပ်ရှားမှုကို စတင်ခဲ့တဲ့နိုင်ငံနဲ့ ရှေ့ဆောင်ခဲ့တဲ့ နိုင်ငံဖြစ်မှုကို အာရုံစိုက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို အိန္ဒိယရဲ့ နိုင်ငံခြားဆက်ဆံရေးမှာ အရေးပါတဲ့ အခြေချမှုပြုရန် နေရာအဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများကို ကိုယ်စားပြု ပြောကြားသူအဖြစ်လည်းကောင်း၊ မျှတမှုမရှိတဲ့၊ ဆီလျော်မှုမရှိတဲ့ နိုင်ငံတကာ့ နိုင်ငံရေး၊ စီးပွားရေး အစီအစဉ်ဟောင်းကို ပြုပြင်ပြောင်းလဲပစ်ရန် တောင်းဆိုသွားရေး၊ "ဗိုလ်ကျလွှမ်းမိုးမှုမဖြစ်ပေါ်ရေး"၊ ထွန်းသစ်စနိုင်ငံကြီးတွေရဲ့ ကိုယ်စားပြုမှု အခန်းကို တလျှောက်လုံး ဂရုစိုက်ရေးတို့ဖြစ်တယ်။

တရုတ်ပြည်ဟာ ပိုပြီး စံနမူနာတင်လောက်တဲ့ "ဗိုလ်ကျလွှမ်းမိုးမှု မဖြစ်ထွန်းရေး" ထွန်းသစ် စနိုင်ငံကြီး တနိုင်ငံဖြစ်တယ်။ တရုတ်အမျိုးသားများရဲ့ ယဉ်ကျေးမှုဟာ "မိုးအောက်မြေပြင်က လူသား အားလုံး သင့်မြတ်ရေး"ဖြစ်တဲ့ ငြိမ်းချမ်းရေးသင့်မြတ်ရေးကို အလေးထားတဲ့ "ငြိမ်းချမ်းရေးကို မြတ်နိုးဖွယ်အဖြစ်" ရပ်ခံ ပြောဆိုတယ်။ ၂၀ ရာစု ၈၀ ခုနှစ်များ နှောင်းပိုင်းမှာ တံခါးဖွင့် ပြုပြင် ပြောင်းလဲရေးကို ကျင့်သုံးလိုက်ပြီးနောက် တရုတ်ပြည်ဟာ မော်စီတုန်းခေတ်ရဲ့ အမှီခိုကင်းရေး၊ လွတ်လပ်ရေး၊ ဗိုလ်ကျ လွှမ်းမိုးမှု ဆန့်ကျင်သွားရေး၊ ဗိုလ်ကျလွှမ်းမိုးမှုမလုပ်ရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့

တလျှောက်လုံး ကံကြမ္မာအတူတကွရှိရေး၊ ရှေ့တိုးနောက်ဆုတ် ဖြစ်နေတဲ့ နိုင်ငံတကာ့နိုင်ငံရေးနဲ့ နိုင်ငံခြားဆက်ဆံရေးရဲ့ တန်ဖိုးတရားများကို အတူတကွ ခံယူသွားရေးဆိုတာတွေကို ဆက်ခံလိုက်တယ်။ နောက်ထပ် ပေါ်လွင်တာကတော့ တိန့်ရှောင်ဖင်က ၂၀ ရာစု ဆိုဗီယက်ပြည်ထောင်စုရဲ့ ဆိုရှယ်လစ်စနစ်ပုံစံအား ပြုပြင်ပြောင်းလဲပစ်ရေး အဆိုပြုချက်၊ "ကမ္ဘာ့တော်လှန်ရေး ဗဟိုချက်မ" "ဆိုရှယ်လစ် မိသားစု"နဲ့ "ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်စနစ် ဆိုတဲ့ အတိုက်အခံအုပ်စု ၂ ခု ဖြစ်ပေါ်စေတဲ့ တော်လှန်ရေးနဲ့ စစ်ပွဲရဲ့ အတိုက်အခံဖြစ်မှု နိုင်ငံခြားဆက်ဆံရေး အတွေးအခေါ်တို့ကို ဆန်းစစ်သုံးသပ်ပြီး စွန့်လွှတ်လိုက်မှုပါပဲ။ ဒါ့အပြင် ငြိမ်းချမ်းရေး၊ သင့်မြတ်ရေး၊ သဟ ဇာတစိတ်ဓာတ်ဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှုရဲ့ ပင်ကိုယ်အရည်အသွေး၊ ကုန်ထုတ်စွမ်းအားစု ဖွံ့ဖြိုးတိုးတက်ရေးကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားတဲ့ ဆိုရှယ်လစ်စနစ်၊ ငြိမ်းချမ်းတဲ့ ဆိုရှယ်လစ်စနစ်အယူဝါဒ၊ တိုင်းပြည်အတွင်းမှာ သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်း တည်ဆောက်ရေးကို တီထွင်ဖန်တီးမှုရှိရှိ တင်ပြခဲ့တယ်။ ပြည်ပမှာ သဟဇာတဖြစ်တဲ့ ကမ္ဘာကြီးကို အစွမ်းကုန်လုံးပန်းတည်ဆောက်သွားရေး အယူဝါဒသစ်ကိုလည်း အလေးထားတင်ပြခဲ့တယ်။ တရုတ်ပြည် ဟာ ငြိမ်းချမ်းစွာ တဟုန်ထိုးတိုးတက်ရေး၊ သဟဇာတဖြစ်တဲ့ ကမ္ဘာတည်ဆောက်ရေးအလံတို့ကို မယိမ်းမယိုင် ပြတ်ပြတ်သားသား လွှင့်ထူပြီး ဗိုလ်ကျလွှမ်းမိုးမှုကို ကြံ့ကြံ့ခိုင်ခိုင်ဆန့်ကျင်သွားပြီး ဗိုလ်ကျလွှမ်းမိုးမှု မလုပ်ရေးမူကို ရပ်ခံကာ တတိယကမ္ဘာနဲ့ ကံကြမ္မာအတူတကွရှိတဲ့ ၂၀ ရာစု ဆို ရှယ်လစ်စနစ်ရဲ့ အစဉ်အလာ တန်ဖိုးသဘောတရားများကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားမယ်။ ဒါ့အပြင် မဆီလျော်တာကို ရှေ့ဆောင် အကောင်အထည်မဖော်ဘူး။ အလံ မထမ်းဘူး။ စစ်အေးမလုပ်ဘူး။ ကမ္ဘာ့တော်လှန်ရေးနဲ့ ပြည်ပသို့ တော်လှန်ရေး တန်ဖိုးတရားတွေ တင်ပို့တဲ့ နိုင်ငံခြားဆက်ဆံရေးနဲ့ အတွေးအခေါ်အယူအဆကို အတိုက်အခံပြုတာတွေ မလုပ်ဘူး။ တချိန်တည်းမှာ အပြုသဘောပါတဲ့၊ တာဝန်ခံမှု ရှိတဲ့ ကမ္ဘာ့နိုင်ငံကြီးအဖြစ် မိမိကိုယ်မိမိ ပြန်လည် နေရာသတ်မှတ်ပြီး၊ အမေရိကန်နဲ့ အနောက်တိုင်းတခုလုံးကို တရုတ်ပြည်ရဲ့ "အကျိုးစီးပွားနဲ့ ပတ်သက်သူတွေ"အဖြစ် အခြေခံအားဖြင့် မျှော်လင့်ခံယူတယ်။ သူတပါးနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက်ရေးကို စွဲစွဲမြဲမြဲကျင့်သုံးသွားမယ်။ နိုင်ငံကြီးက နိုင်ငံငယ်ကလေးကို လေးစားရေးသာမက ကြီးတဲ့အမှုကို ငယ်အောင်လုပ်ရေး၊ နိုင်ငံကြီးက နိုင်ငံကလေးတွေကို ရှေ့ဆောင်ရေး၊ နိုင်ငံကြီးက နိုင်ငံငယ်လေးတွေကို ကူညီရေး၊ ချမ်းသာကြွယ်ဝတဲ့နိုင်ငံကြီးက ဆင်းရဲတဲ့နိုင်ငံငယ်ကလေးတွေကို ကူညီရေးဖြစ်တဲ့ နိုင်ငံကြီး စိတ်ဓာတ်သစ်ကို စွဲစွဲမြဲမြဲ ကျင့်သုံးသွားမယ်။ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အတွင်း ဉဇဘက်ကစ္စတန်၊ တာဂျီကစ္စတန်၊ ကာဇက်စတန်စတဲ့နိုင်ငံတွေရဲ့ အဆင့်နေရာ၊ အခန်းကဏ္ဍနဲ့ အခွင့်အရေးတွေကို လေးစားသွားမယ်။ တရုတ်နဲ့ အာဆီယံရဲ့ (၁၀ + 1) စနစ်အတွင်း အာဆီယံကို အာရှတပေါင်းတစည်းတည်း ဖြစ်ရေးဖြစ်စဉ်အတွင်း တစုံတရာသော ရှေ့ဆောင်၊ စွမ်းဆောင်နိုင်မှုစတာတွေကို အသိအမှတ်ပြုပြီး "ဗိုလ်ကျလွှမ်းမိုးမှုမဖြစ်ပေါ်ရေးနိုင်ငံကြီးတွေ" ကိုယ်စားပြုတဲ့ တဟုန်ထိုးတိုးတက်လာတဲ့ ခေတ်ရဲ့ စိတ်ဓာတ်နဲ့ သမိုင်းရေစီးကြောင်းကို ထောက်ခံအားပေးသွားမယ်။ ဒီလို "ဗိုလ်ကျ လွှမ်းမိုးမှုဖြစ်ပေါ်မလာရေး"နိုင်ငံကြီးတွေရဲ့ ပုံစံသစ် ပြည်တွင်းပြည်ပ ဆက်ဆံရေးနဲ့ အာဖရိက၊ အာရှ၊ လက်တင်အမေရိက နိုင်ငံအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နီးကြားပြီး အပြန်အလှန်ဆက်စပ် အတိုင်အဖောက်ပြုမှု လှိုင်းဂယက်သစ်ဟာ ဗိုလ်ကျလွှမ်းမိုးရေးနိုင်ငံကြီးတွေရဲ့ "ဗိုလ်ကျ လွှမ်းမိုးမှုဖြစ်ထွန်းသွားရေး"အတွက် ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံခြားဆက်ဆံရေးတို့ဟာ လောကပါလ

တရားတွေရဲ့ ဖိအားဖြစ်လာပါလိမ့်မယ်။ ကျယ် ပြောလှတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ နိုင်ငံတကာ အဆင့် နေရာကို မြှင့်တင်ပေးလိုက်ပြီး "ထွန်းသစ်စကမ္ဘာ့နိုင်ငံကြီးတွေ"ရဲ့ "ဗိုလ်ကျလွှမ်းမိုးမှု ဖြစ်ပေါ် မလာရေး" လမ်းကြောင်းကိုလည်း အားပေးအားမြှောက် ပြုလိုက်တာလည်း ဖြစ်တယ်။ အစဉ် အလာ ဗိုလ်ကျလွှမ်းမိုးမှုနိုင်ငံကြီးတွေဟာလည်း မလွဲမရှောင်သာ ဒါမှမဟုတ် တစုံတရာ မလွဲ မရှောင် သာဖြစ်ကာ "ဗိုလ်ကျလွှမ်းမိုးမှုမဖြစ်ထွန်းရေး" လမ်းကြောင်းအတိုင်းသွားရေးကို တွန်းဆော် ပေးပါတယ်။ ဒါဟာ တရုတ်ပြည်သူတွေရော ကမ္ဘာ့ပြည်သူ တွေရောရဲ့ အရင်းခံအကျိုးစီးပွားနဲ့ ကိုက်ညီသလို အမေရိကန်ရော၊ အနောက်နိုင်ငံအသီးသီးက ပြည်သူတွေရဲ့ အရင်းခံအကျိုးစီးပွား များနဲ့လည်း ကိုက်ညီပါတယ်။ ဒါဟာ ရာစုသစ်ကမ္ဘာ့လူသားတွေရဲ့ သဟဇာတဖြစ်တဲ့ကမ္ဘာကြီး တည်ဆောက်ရေး မျှော်လင့်ချက်နောက်ခံရဲ့ အဓိကတွန်းဆော်ပေးတဲ့ အင်အားဖြစ်ပါတယ်။ ။

**ကိုးကား။ ။ ၂၀ တကြိမ်ထုတ် 'မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ' ဂျာနယ်၊ ၂၀၀၇ ခု၊ အမှတ် ၅။**

**ရဲဘော်အောင်လွင်**
**၂၀၀၈ ဒီဇင်ဘာ ၂၅။**

အိန္ဒိယဟာ ပြင်းထန်တဲ့ နိုင်ငံကြီးအတွေးအခေါ်အယူအဆနဲ့ နိုင်ငံကြီးက ပေးအပ်လိုက်တဲ့ တာဝန်ဝတ္တရားဆိုတဲ့ တွေးခေါ်ခံစားမှု ရှိပါတယ်။ နေရူးက "အိန္ဒိယကို တွေ့ရှိခြင်း" ဆိုတဲ့ စာအုပ်မှာ "အိန္ဒိယဟာ ၎င်းရောက်ရှိနေတဲ့ အခု အဆင့်နေရာကနေ ကမ္ဘာပေါ်မှာ ဒုတိယတန်းစား ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်မဆောင်နိုင်ပါဘူး။ ကောင်းကောင်းသရုပ်ဆောင်နိုင်တဲ့ နိုင်ငံကြီး တနိုင်ငံ လုပ်ရင်လုပ်ရ၊ ကြက်ပျောက် ငှက်ပျောက် ပျောက်ရင်ပျောက်ရ၊ အလယ်အလတ်တန်းစား အဆင့်နေရာက ကျွန်တော့်ကို နိုးကြွလာအောင် မလုပ်နိုင်ပါဘူး။ ကျွန်တော်ကလည်း အလယ်အလတ်တန်းစား အဆင့်နေရာ လောက်နဲ့ ကျေနပ်နိုင်မယ်လို့ မယုံကြည်ပါဘူး"လို့ အတိအလင်း ပြောခဲ့ ဖူးတယ်။

# SHAYKH YASSIN

## သို့မဟုတ်

## လက်တွန်းလှည်းပေါ်က

## မီးတောင်

ငြိမ်းချမ်းသူ

**(ဟားမတ်စ်တွေ အစိုးရဖွဲ့နိုင်ခဲ့ကြပြီ။ ၂၀၀၈ နှစ်ဟောင်းကုန်ပြီ။ နှစ်သစ်ကူး ချိန်မှာ အစ္စရေးလ်တပ်တွေ ဂါဇာဒေသကို ကျူးကျော်ဝင်ရောက်ပြီး ဟားမတ်စ်ရော အရပ် သားတွေကိုပါ ရာချီပြီး ပြောင်ပြောင်တင်းတင်း သတ်ဖြတ်နေပါ တယ်။**

**တရုတ်ပြည် သတင်းစားတချို့က တတိယကမ္ဘာစစ်ဆီဦးတည်နေတယ်လို့ ဖော် ပြတာ တွေ့ရတယ်။**

**နိုင်ငံတကာအရေး လေ့လာလိုသူများအတွက် ဟားမတ်စ်နောက်ခံကို မိတ်ဆက် ပေးလိုရင်း ဖြစ်ပါတယ်။)**

### (က)

သူ့ကို ၁၉၃၆ ခုနှစ်မှာ မွေးပါတယ်။ ၁၆ နှစ်အရွယ်မှာ မမျှော်လင့်တဲ့ ထိခိုက် ဒဏ်ရာကြောင့် ကိုယ်တပိုင်းသေကာ မလှုပ်ရှားနိုင်တော့ပါ။ တဘဝလုံး လူကောင်းတဦးလို မတ် တတ်ရပ်ပြီး လမ်းမသွားနိုင်တော့ပါ။ သူဟာ ၁၂ အရွယ် ၁၉၄၈ ခုနှစ်မှစပြီး ဂါဇာဒေသရဲ့ ဒုက္ခ သည်စခန်းတခုမှာ မှီခိုနေထိုင်ရပါတယ်။

၁၉၆၄ ခုနှစ်မှာ သူကိုင်ရိုက အင်္ဂလိပ်စာသင်တန်း တက်ရောက်တဲ့အခါ မွတ်စလင် ညီအစ်ကိုများအဖွဲ့နဲ့ သိကျွမ်းဆက်သွယ်မိပါတယ်။ ၁၉၆၆ ခုနှစ်မှာ သူ အီဂျစ်မှာ ပထမအကြိမ် အဖမ်းခံရပါတယ်။ အချိန်သိပ်မကြာဘဲ လွတ်လာပါတယ်။ ၁၉၇၃ ခုနှစ်မှာ သူဟာ သက်သာ ချောင်ချိရေး ကုသိုလ်ဖြစ်အဖွဲ့တဖွဲ့ကို တည်ထောင်ပါတယ်။ ၁၉၈၃ ခုနှစ်မှာ လက်နက်ခဲယမ်း သိုလှောင်ထားရှိမှု၊ ဂျူးဆန့်ကျင်မှုစွဲချက်နဲ့ သူ ထောင် ၁၃ နှစ် ကျပါတယ်။ ၁၉၈၅ ခုနှစ်မှာ အစ္စရေးလ်နဲ့ ပါလက်စတိုင်း သုံ့ပန်းလဲလှယ်တဲ့အခါ သူလွတ်လာပြန်ပါတယ်။ ၁၉၈၇

ခုနှစ်မှာ ဟားမတ်စ်အဖွဲ့ကို အခြားတိုက်ဖော်လုပ်ဖော်နှစ်ဦးနဲ့ သူတရားဝင် ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာ ဟားမတ်စ် (အစ္စလမ် ခုခံရေးလှုပ်ရှားမှု) အဖွဲ့ကို စည်းရုံးဖွဲ့စည်းမှု၊ အစ္စရေးစစ်သားများကို ပြန်ပေးဆွဲ သတ်ဖြတ်မှုစတဲ့ ပြစ်ဒဏ်တို့နဲ့ သူ ထောင်တသက်ကျခဲ့ပါတယ်။

၁၉၉၄ ခုနှစ်မှာ အစ္စရေးတပ်တွေသာ ပါလက်စတိုင်းသိမ်းပိုက်နယ်မြေက ပြန်ဆုတ်ခွာ သွားမယ်ဆိုရင်၊ ကျူးကျော်နယ်ထဲ အိမ်ရာတိုးချဲ့မှုကို ရပ်ဆိုင်းကာ ဖမ်းဆီးထားသူများ လွှတ်ပေးမယ်ဆိုရင် ဟားမတ်စ်ဟာ အပစ်အခတ်ရပ်ရေးကို အကောင်အထည်ဖော်နိုင်တယ်လို့ သူကြေညာခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ အစ္စရေးလ်–ဂျော်ဒန် အပြန်အလှန် တရားခံနဲ့ နိုင်ငံရေး သမားများ လဲလှယ်တဲ့အခါ သူလွှတ်မြောက်လာပါတယ်။ ကိုယ့်ဟာကိုယ်တောင် အနိုင်နိုင်ဖြစ်နေတဲ့ ဒုက္ခိတဦးဟာ ထောင်တွင်းရဲ့နေ့ရက်တွေကို ဘယ်လိုဖြတ်သန်း ကျော်နင်းနေမလဲ။ သူ့စိတ်ဓာတ် သတ္တိ၊ သူ့ယုံကြည်ချက်နဲ့ သူ့ဇွဲလုံ့လစွန့်လွှတ်မှုကို ပါလက်စတိုင်းပြည်သူတွေက စံပြုခဲ့ရပါတယ်။

၂၀၀၁ ခုနှစ်မှာ ပါလက်စတိုင်းအာဏာပိုင်တို့က သူ့ကို ကန့်သတ်ဖို့ အိမ်တွင်း အကျယ်ချုပ်ထားနိုင်ဖို့ ကြိုးပမ်းရာမှ အစပြုပြီး ပြင်းထန်တဲ့ လူထုမကျေနပ်မှု၊ ဆန္ဒပြဆူပူမှုကြီး ပေါ် ပေါက်ခဲ့ပါတယ်။ ၂၀၀၂ နဲ့ ၂၀၀၃ ခုနှစ်မှာ သူ့နေအိမ်ကို အစ္စရေးတို့က ဒုံးကျည်နဲ့ ပစ်ခတ်ခဲ့ ပါတယ်။ အသက်မသေ လွှတ်မြောက်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် မတ်လ ၂၂ ရက်နေ့မှာ တတိယအကြိမ် အစ္စရေးလ်ရဲ့ ဒုံးကျည်ပစ်ခတ်မှုနဲ့ သူ့အမိမြေပေါ်မှာ သူ အသက်ပေးကျဆုံးခဲ့ပါတယ်။ Yassin ...... လက်တွန်းလှည်းနဲ့ တပည့်သားရင်းတို့က ထူမကူမပြီး သွားလာနေတဲ့ သက်ကြီးရွယ်အို အဘိုးအို။ ဘာကြောင့် သူ့ရန်သူက သူ့ကို ဒီလောက်တောင် ကြောက်၊ ဒီလောက်တောင်မုန်းပြီး၊ အငြိုးကြီး နေရတာလဲ။ အစ္စရေးလ်အတွက်ပြောရင် သူဟာ လက်တွန်းလှည်းပေါ်က မီးတောင်။ ပါလက် စတိုင်းပြည်သူတို့အတွက် ပြောရင် သူဟာ ရေပင်လယ်ထက်က ကျောက်ဆောင်။

Yassin ကို မကွယ်လွန်မီက ဂါဇာမှာ တရုတ်စာရေးဆရာ၊ သတင်းစာဆရာ ၃ ဦး တွေ့ဆုံခွင့် ရခဲ့ပါတယ်။ သူတို့ ၃ ဦးဟာ ADVENTURE OF THE IDEA ဆိုတဲ့အမည်နဲ့ ၂၀၀၅ ခုနှစ် နှစ်ဦးမှာ စုပေါင်းရေးသား ထုတ်ဝေခဲ့ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ လူချင်းတွေ့ဆုံခဲ့ရတဲ့ နိုင်ငံတကာက စီးပွားရေးပညာရှင်၊ ဒဿနပညာရှင်၊ ကုမ္ပဏီအဖွဲ့အစည်းဥက္ကဋ္ဌ၊ နိုင်ငံရေးသမား ကြီးများနဲ့ နိုင်ငံအကြီးအကဲဟောင်းများစတဲ့ လူသိထင်ရှားပုဂ္ဂိုလ်များအပါ၊ Yassin နဲ့ တွေ့ဆုံ မေးမြန်းခန်းကိုလည်းထည့်သွင်းဖော်ပြထားပါတယ်။ မတူတဲ့လုပ်ငန်း၊ နယ်ပယ်၊ အတွေ့အကြုံ၊ အကြောင်းကိစ္စ၊ နိုင်ငံအမျိုးသားတို့ရဲ့ (တခါတခါ လုံးဝ ဆန့်ကျင်ဘက်၊ ထိပ်တိုက်ဖြစ် တဲ့) မတူတဲ့ တွေးခေါ်ယူဆမှုတွေ ပါဝင်ရေးသားထားတဲ့ အတွက်တန်ဖိုးရှိတဲ့ စာအုပ်တအုပ်ဖြစ်ပါတယ်။

Yassin ဟာ ပါလက်စတိုင်းတဦးပါ။ Yassin ရဲ့ ပါလက်စတိုင်း ငြိမ်းချမ်းရေး။ Yassin ရဲ့ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး။ Yassin ရဲ့ အစ္စရေးလ်နဲ့ အာရပ်တို့ရဲ့ ငြိမ်းချမ်းရေး ...။ အဲဒီငြိမ်းချမ်းရေးဟာ ကနေ့အထိ သွေးချောင်းထဲမှာ မျောနေပါတယ်။ ပါလက်စတိုင်းသားများ မဟုတ်တဲ့ အပြင်ပက ကျွန်တော်တို့ဟာ ခုလို နားလည် ထားဖို့လည်း လိုလိမ့်ဦးမယ်ထင်ပါတယ်။ Yassin ပြောတဲ့ "ငြိမ်းချမ်းရေး"နဲ့ ဟားမာ့စ်ပြောတဲ့ "ငြိမ်းချမ်းရေး" ဟာ ပါလက်စတိုင်းတို့ရဲ့ "လွတ်လပ်ရေး"ဆိုတဲ့ အတွင်းသဘောအနှစ်တွေ ပါရှိနေပါတယ်။ ကျွန်တော်တို့ ယေဘုယျ သိနားလည်ထားတဲ့ ငြိမ်းချမ်းရေးမျိုးမဟုတ်ပါဘူး။ သူတို့ရဲ့ ငြိမ်းချမ်းရေးဟာ ဒီထက်ပိုမို နက်ရှိုင်းတဲ့ အဓိပ္ပာယ်တွေ ပါကောင်း ပါနေပါလိမ့်ဦးမယ်။ ဒါဟာ "အစ္စရေးလ်တို့ရဲ့ ကြေပြုန်းပျက်သုဉ်းရေး"

ဖြစ်ချင်လည်း ဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် အလွန်ကို စိတ်ဝင်စားကောင်းတဲ့၊ ရှုပ်ထွေးခက်ခဲတဲ့ ငြိမ်းချမ်းရေးဖြစ်ပါတယ်။ အစွန်းရောက်အဖွဲ့များရဲ့ ရုံးဌာနမှာလိုပါပဲ။ Yassin ရဲ့ ဧည့်ခန်းမှာ ချိတ်ဆွဲထားတဲ့ ပါလက်စတိုင်းမြေပုံဟာ အနောက်ခြမ်းနဲ့ ဂါဇာဒေသကွက်ကွက်ရဲ့ မြေပုံမဟုတ်ပါဘူး။ ဟို ၁၉၂၀ ခုနှစ်က အစ္စရေးလ်နိုင်ငံမရှိတဲ့၊ အမည် မပါတဲ့ မြေပုံကားချပ် ဖြစ်နေပါတယ်။ Yassin ဟာ ပါလက်စတိုင်းရဲ့ အမှတ်သင်္ကေတတခုပါပဲ။

## (ခ)
## Yassin နဲ့ **အမေးအဖြေ**

**(မေး)** လူတိုင်း အပစ်ရပ်ရေးကိုပဲ ပြောဆိုနေကြတယ်။ ဒီနေ့ဒီအချိန်မှာ အပစ်ခတ်ရပ်ရေးဟာ မရှောင်လွှဲနိုင်တဲ့ အခြင်းအရာလား။

**(ဖြေ)** ပါလက်စတိုင်းရှိ အဖွဲ့အစည်းအသီးသီးဟာ ပါလက်စတိုင်းအစိုးရ အာဏာပိုင် အဖွဲ့အပါအဝင်၊ လက်ရှိဖြစ်တည်နေတဲ့ အခြေအနေအရပ်ရပ်ကို ဆွေးနွေးနေကြတယ်။ သဘောတူညီမှု တခု ရရှိဖို့အတွက်ပါ။ ဒါပေမဲ့ အစ္စရေးဘက်က လုပ်ကြံသတ်ဖြတ်မှုနဲ့ ကျူးကျော်ဝင်ရောက်မှုကို အသုံးပြုပြီး အတားအဆီးတွေကို လုပ်ဆောင် ဖန်တီးနေတယ်။ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေကို သူတို့ တားဆီးပိတ်ဆို့နေကြတယ်။

ဒီနေ့ ဒီချိန်မှာ ဟားမတ်စ်ရဲ့ စစ်ရေးဆိုင်ရာအဖွဲ့အစည်းက ပါလက်စတိုင်းပြည်သူများနဲ့ ဆွေးနွေးတဲ့ အတားအဆီး အပိတ်အဆို့ကို ဖြေရှင်းနေတယ်။

**(မေး)** ဟားမာ့စ်ဟာ အပြင်းအထန်ဆုံးလည်းဖြစ်၊ ပထမဆုံးလည်းဖြစ်တဲ့ တိုက်ခိုက်မှုကြောင့် ဂုဏ်သတင်းကြီးခဲ့တယ်။ တကယ်လို့သာ ဟားမတ်စ်အဖွဲ့ဟာ အပစ်ခတ်ရပ်ရေးကို သဘောတူ လက်ခံလိုက်မယ်ဆိုရင် ဘယ်လိုဖြစ်လာမလဲ။

**(ဖြေ)** အရင်ဦးဆုံးပြောရရင် အပစ်အခတ်ရပ်တာဟာ ခုခံမှုကို ရပ်ပစ်လိုက်တာမဟုတ်ပါဘူး။ ဒီ အဓိပ္ပာယ်မျိုး မသက်ရောက်ပါဘူး။ အချိန်ကာလတခုမှာ ခုခံရေးကို တင်ပြလိုက်တဲ့အခါ ငြိမ်းချမ်းရေးကို ဆန့်ကျင်တာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးကို ဆန့်ကျင်တာ အစ္စရေးလ်ပါ။ ပါလက်စတိုင်းပြည်သူတွေကို ကျွန်တော်တို့ တင်ပြတဲ့အခါ ကျွန်တော်တို့ဟာ အမျိုးသားတရပ်လုံး စည်းလုံးညီညွတ်ပြီး မိမိတို့ပြည်သူကို မိမိတို့ ကြည့်ရှုစောင့်ရှောက်ရေးကို ဆိုညွှန်းနေ တာပါ။

**(မေး)** အပစ်ခတ်ရပ်ရေးဟာ ဟားမာ့စ်နဲ့ ပါလက်စတိုင်းအာဏာအဖွဲ့အစည်းကြားက အရေးကိစ္စပဲ ဖြစ်တယ်။ ဟားမတ်စ်နဲ့ အစ္စရေးလ်ကြားက အရေးကိစ္စမဟုတ်ဘူးလို့ ခင်ဗျားထင်ပါသလား။ တကယ်လို့ အစ္စရေးလ်ဘက်က ဆက်လက်ပြီး ဟားမတ်စ်အဖွဲ့အဝင်တွေကို လိုက်လံသတ်ဖြတ်နေဦးမယ်ဆိုရင် အပစ်ခတ်ရပ်ရေးဟာ ထိရောက်မှု ရှိနိုင်ပါ့မလား။

**(ဖြေ)** အရင်ဦးဆုံးပြောချင်တာက ဟားမတ်စ်ရဲ့ ကတိကဝတ်ပေးမှုမှန်သမျှဟာ အစ္စရေးလ်ရဲ့ ပထမနဲ့အရင်ပေးတဲ့ ကတိကဝတ် အခြေခံပေါ်မှာ လုပ်ဆောင်သွားသင့်တာ ဖြစ်တယ်။ တကယ်လို့ အပစ်အခတ်ရပ်ရေးပြဿနာကို ဦးတည်တဲ့ ဆွေးနွေးပွဲမှာ အစ္စရေးလ်ဟာ ဟားမတ်စ်အတွက် ကောင်းမွန်တဲ့ လှည့်ပြောင်းမှုကို ဖြစ်စေမယ့် တိုးတက်မှုကို ဘာတစုံတရာမှ မလုပ်ကိုင်ပြဘဲ ရှိနေမယ်ဆိုရင် ကျွန်တော်တို့ဟာ အပစ်အခတ်ရပ်ရေးနဲ့ ပတ်သက်တဲ့ အရာမှန်သမျှကို မေ့ထားပစ်

လိုက်မှာပဲ။ ပါလက်စတိုင်းအာဏာပိုင် အဖွဲ့အစည်းကိုပေးတဲ့ ကတိကဝတ်တွေကိုလည်း မေ့ပစ်လိုက်မှာပါပဲ။

**(မေး)** ပါလက်စတိုင်းအစိုးရအဖွဲ့ထဲကို ဟားမတ်စ်ပါဝင်ပူးပေါင်းတဲ့ အခွင့်အလမ်းဟာ ဘယ်လောက်ရှိပါသလဲ။ အစိုးရထဲ ပါဝင်ပူးပေါင်းနိုင်ခဲ့ရင် ဟားမတ်စ်ဟာ ဘယ်အခန်းဘယ်ကဏ္ဍက ပါဝင်နိုင်ဖို့ ခင်ဗျားမျှော်မှန်းထားသလဲ။

**(ဖြေ)** "အော်စလိုသဘောတူစာချုပ်"ကို ဟားမတ်စ်ဟာ ဦးဆုံးဆန့်ကျင်ပါတယ်။ ဟားမတ်စ်ဟာ အဲဒီစာချုပ်ရဲ့ အစိတ်အပိုင်းတခုအဖြစ်၊ မဖြစ်တည်နိုင်ပါဘူး။ အလားတူ ပါလက်စတိုင်းအာဏာပိုင် အဖွဲ့အစည်းဟာ ငြိမ်းချမ်းရေးကို ဆန့်ကျင်တဲ့အခါမျိုးမှာ ဟားမတ်စ်ဟာလည်း အာဏာပိုင် အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတခု မဖြစ်နိုင်ပါဘူး။ ပါလက်စတိုင်းဟာ လွတ်လပ်ရေးရမှ၊ ပါလက် စတိုင်းဟာ မိမိဘာသာ မိမိတို့ရဲ့ ကံကြမ္မာကို ဆုံးဖြတ်နိုင်မှ ဟားမတ်စ်ဟာ အာဏာပိုင်အဖွဲ့အစည်း ထဲ ပါဝင်ပူးပေါင်းနိုင်လိမ့်မယ်။

**(မေး)** ခင်ဗျားအမြင်အရ ဘယ်လို အစိုးရမျိုးမှ စိတ်ကူးဆန္ဒနဲ့ ကိုက်ညီမယ့် ပါလက်စတိုင်းအစိုးရ ဖြစ်မလဲ။

**(ဖြေ)** အကောင်းဆုံးအစိုးရဟာ လွတ်မြောက်တဲ့ ပါလက်စတိုင်းနိုင်ငံပေါ်မှာ တည်ထောင်ထားတဲ့ အစိုးရပဲ။

**(မေး)** ပါလက်စတိုင်းအရေး လေ့လာသူတချို့ထံက ကျွန်တော် ကြားသိရပါတယ်။ တနေ့တခြား များပြားတဲ့ ပါလက်စတိုင်းသားတို့ဟာ "တနိုင်ငံမူ"ကို လက်ခံလာနေကြတယ်လို့ ဆိုပါတယ်။ ပါလက်စတိုင်းရဲ့ လွတ်လပ်ရေးတိုက်ပွဲကို စွန့်ကာ၊ တန်းတူတဲ့ နိုင်ငံသားအခွင့်အရေးနဲ့ အစ္စရေးလ် နိုင်ငံသားအဖြစ် ဝင်ရောက်နိုင်ဖို့ ဆန္ဒရှိနေကြတယ်လို့ ဆိုတယ်။ ဒါနဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့ အမြင် ကို သိပါရစေ။

**(ဖြေ)** ပါလက်စတိုင်းနိုင်ငံဟာ မွတ်စလင်များ၊ ခရစ်ယာန်များနဲ့ ဂျူးများတို့ရဲ့ အတူတကွ ဆက်ဆံ မှီတင်းနေထိုင်တဲ့ နိုင်ငံတနိုင်ငံဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ပါလက်စတိုင်းနိုင်ငံဟာ မြေပုံကားချပ်ပေါ်မှ အနုတ်ပယ်အထုတ်ပစ်မခံရဆို တဲ့အချက်အလက်အောက်မှာပဲ ဖြစ်ရပါမယ်။

**(မေး)** အစ္စရေးရဲ့ ချောင်းမြောင်းသတ်ဖြတ်ရေးပေါ်လစီဟာ ဘယ်လိုအခြေအနေမျိုးမှာ ဟားမာ့စ် ကို ဂယက်ရိုက်နိုင်မလဲ။

**(ဖြေ)** ဂယက်ရိုက်ခတ်မှု အကြီးဆုံးကို ဖြစ်စေနိုင်တာဟာ ကျွန်တော်တို့က ရန်သူကို ပိုင်ပိုင်နိုင်နိုင် ထိထိရောက်ရောက်မှတ်လောက်အောင် ပညာပေးရပါမယ်။ ပါလက်စတိုင်းပြည်သူကို ကျူးလွန်တဲ့ ပြစ်မှုတိုင်းမှာ ထိပ်တိုက်ဆန့်ကျင်တိုက်ပွဲ ဝင်ရပါမယ်။

**(မေး)** ခင်ဗျားရဲ့ ရန်သူပညာပေးရေးသင်တန်းဟာ မှန်းချက်နဲ့ နှမ်းထွက်ကိုက်ပါသလား။

**(ဖြေ)** ကျွန်တော်တို့ဟာ မိမိကိုယ်မိမိ ကာကွယ်နေကြတယ်။ အစ္စရေးလ်တို့ သိမ်းပိုက်ထားတဲ့ နယ်မြေမှာ ကျွန်တော်တို့ နေထိုင်ကြရတယ်။ သူတို့ကအိမ်တွေကို ဖြိုလှဲ ဖျက်ဆီးပစ်တယ်။ ချောင်းမြောင်း သတ်ဖြတ်ကြတယ်။ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ဖို့ ကျွန်တော်တို့မှာ အခွင့်ရေး ရှိတယ်။ အသိမ်းအပိုက်ခံထားရတဲ့ မြေကြီးပေါ်မှာ ဘယ်သူမှ သက်ရှင်နေထိုင်မသွားနိုင်ပါဘူး။ ကျူးကျော်သိမ်းပိုက်ရေးသမားတွေ မုချရှုံးနိမ့်ရမှာပါ။ ပါလက်စတိုင်းကို ကမ္ဘာက အာရုံစူးစိုက် နေပါ

တယ်။ ပါလက်စတိုင်းကိုလည်း စာနာနားလည်မှုတွေ ရှိကြတယ်။ တခါတလေ ပါလက်စတိုင်းပြည်သူနဲ့အတူ စည်းလုံးညီညွတ်နေကြတယ်။

**(မေး)** တဦးချင်း အသေခံဖောက်ခွဲမှုဟာ အဓိကလက်နက်ဖြစ်နေတုန်းပဲလို့ ခင်ဗျားပြောချင်နေသေးလား။

**(ဖြေ)** ဒီလိုပဲပြောချင်ပါတယ်။ ပါလက်စတိုင်းပြည်သူတွေမှာ သံချပ်ကာကား မရှိဘူး။ အဝေးပစ်ဒုံးပျံမရှိဘူး။ ဝေးလံတဲ့ ခရီးနဲ့အရပ်မှ ရန်သူကို ထိရောက်အောင် တိုက်ခိုက်ချင်လို့ မရနိုင်ဘူး။ ဒီလူပ်ရှားမှု (တဦးချင်းအသေခံ ဖောက်ခွဲမှု) ဟာ ပါလက်စတိုင်းပြည်သူတို့ရဲ့ ခွန်အားအရှိဆုံးနဲ့ နောက်ဆုံးလက်နက်ပဲ။ ဒါကြောင့် ဒီလို အားရှိတဲ့ လက်နက်မျိုးကို ဘယ်သူမှ ဟန့်တားလို့ ရနိုင်မှာမဟုတ်ဘူး။

**(မေး)** ဒီနယ်မြေဒေသကို ကျွန်တော်ရောက်တာ ရက်တပတ်ရှိပါပြီ။ ဒီကာလအတောအတွင်းမှာ ကျွန်တော်ဟာ လမ်းကြောင်းအမျိုးမျိုးကနေ သတင်းတွေ ရရှိကြားသိနေရပါတယ်။ ဟားမတ်စ်အဖွဲ့ဟာ တချိန်တခါတုန်းက အာရာဖတ်ကို ဆန့်ကျင်နိုင်ဖို့နဲ့ အာဏာချိန်ခွင် ထိန်းညှိနိုင်ဖို့ အစ္စရေးရဲ့ ထောက်ခံမှုကို ရရှိခဲ့တယ်လို့ ဆိုပါ တယ်။ ဒီအချက်မှန်ကန်ကြောင်း ခင်ဗျားထံမှ ကျနော်သက်သေအထောက်အထားများ ရရှိနိုင်မလား။

**(ဖြေ)** ၁၉၈၇ ခုနှစ်မှာ ဟားမတ်စ်အဖွဲ့ကို စတင်ဖွဲ့စည်းတည်ထောင်ပါတယ်။ ပြည်သူလူထုကို သူ့ရဲ့ ပထမဆုံးသော လက်ကမ်းစာရွက်ကို ဖြန့်ဝေခဲ့ပါတယ်။ အစ္စရေးလ်က သူ့ကို ဆန့်ကျင်တိုက်ခိုက်တဲ့ အဖွဲ့အစည်းတရပ်ကို အားပေးထောက်ခံလိမ့်မယ်လို့ ခင်ဗျားဘယ်လိုများ တွေးတောစဉ်းစားမိလည်း မသိဘူးဗျာ။ အလွန့်ကို အံ့သြစရာ။ ဒီလို ပြောဆိုမှုမျိုးကို ဘယ်သူကမှ လက်ခံမှာမဟုတ်ပါဘူး။

**(ဖြေ)** ဆီးရီးယား၊ အီဂျစ်နဲ့ တိုင်းပြည်တချို့ဟာ ဟားမတ်စ်အဖွဲ့အစည်းဆီ ကူညီပေးကမ်းတဲ့ ငွေကြေးလမ်းကြောင်းကို တင်းတင်းကျပ်ကျပ် လုပ်နေတယ်။ ဒါနဲ့ပတ်သက်ပြီး ဖိအားပေးခံနေရတယ်လို့ ခင်ဗျား ခံစားတွေးထင်မိပါသလား။

**(ဖြေ)** ဘယ်အစိုးရကိုမှ ကျွန်တော်တို့ လက်ဖြန့် ငွေမတောင်းခဲ့ပါဘူး။ ကျွန်တော်တို့ကို လိုလားသူမှန်သမျှနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ဆန္ဒရှိပါတယ်။ ဒါဟာ ကျွန်တော်တို့နဲ့ အခြားသော လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့ရဲ့ ရင်းနှီးခင်မင်တဲ့ ဆက်ဆံရေးကို မထိခိုက်ပါဘူး။ ထိခိုက်လိမ့်မယ်လို့လည်း မယူဆပါဘူး။

အဲဒီဆက်ဆံရေးဟာလည်း ကျွန်တော်တို့အတွင်းပိုင်းရဲ့ အရေးကိစ္စတွေကို မထိခိုက်သင့်၊ ဂယက်မရိုက်သင့်ပါဘူး။ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို အခြားတဦးဦးက ဝင်ရောက်စွက်ဖက်တာမျိုး ကျွန်တော်တို့ မဖြစ်စေချင်ပါဘူး။ ပါလက်စတိုင်းပြည်သူတို့ဟာ မိမိအရေးကိစ္စကို မိမိဘာသာ ရွေးချယ်ဆုံးဖြတ်ရပါမယ်။

ဇွန်၊ ၂၀၀၃ ခုနှစ်။ ပါလက်စတိုင်း ဂါဇာ။

**ငြိမ်းချမ်းသူ**

# ပြောင်းလဲခြင်း၌
# တည်ဆောက်ခြင်း

အောင်ပင်လယ်

အရာကိစ္စတို့သည် ပဋိပက္ခနှင့် တည်ရှိနေသည်။

အသစ်နှင့်အဟောင်း၊ အပေါင်းနှင့်အနုတ်၊ အကောင်းနှင့်အဆိုး၊ နေ့နှင့်ည၊ နီးခြင်းနှင့် ဝေးခြင်း၊ နှေးခြင်းနှင့် မြန်ခြင်း၊ အလင်းနှင့်အမှောင်၊ အနိုင်နှင့်အရှုံး... စသည်စသည်။

ဆန့်ကျင်ဘက်တို့၏ ညီညွတ်မှု၊ အနုပဋိလောမအမြင်ဖြင့် ကြည့်မြင်နိုင်ကြလျှင်၊ ထောင့်ပြောင်း နေရာပြောင်း ကြည့်ရှုတတ်လျှင် အထူးသဖြင့် ဘဝနှင့်တော်လှန်ရေးခရီး တဖြောင့်တည်း မရှိသည့် အကွေ့အကောက်၊ အတက်အကျ၊ အနုအကြမ်းလမ်း၌ ကျွန်တော်တို့အတွက် စိမ်းလန်းသောလွင်ပြင်၊ ကျယ်ပြောသော မိုး ကောင်းကင်ကို တွေ့မြင်နိုင်ပါသည်။

အရာရာသည် ပြောင်းလဲနေသည်။ ပြောင်းလဲခြင်းသည် မပြောင်းလဲသည့် အမှန်တရားဖြစ်သည်။ ပြောင်းလဲခြင်းနဲ့အတူ ပြောင်းလဲခြင်း၌ ကျွန်တော်တို့ တည်ဆောက်နေရပါမည်။ ကျွန်တော်တို့၏သဘောထား၊ ရပ်တည်မှု၊ အမြင်နည်းနာသည် တွက်ရှိရရှိသော"အဖြေ"နှင့် ဆက်နွယ်နေပါသည်။

တလောက စာအုပ်စင်လေးမှာ ကျွန်တော်ဖြတ်ညှပ်သိမ်းယူထားသော ၂၀-၂-၂၀၀၃ ခုနှစ် မက်ဆီကို နိုင်ငံထုတ် "အဖြေ" အပတ်စဉ်ဂျာနယ်က "ရှုံးနိမ့် ခြင်းဆိုတာဘာလဲ"ဆိုသည့် စာညှနို့လေးတပုဒ်ကို ပြန်လည်တွေ့ရှိ ဖတ်မိပါသည်။ ထိုစာကြောင်းတွေထဲမှ ကျွန်တော်တို့ တွေးတောစဉ်းစားစရာများ ရကောင်း ရနိုင်ပါလိမ့်မည်။ အများသူငါတို့နှင့် မျှဝေခံစားကြည့်ချင်ပါသည်။ အကောင်းမြင်သော စိတ်ခာတ်သည် ပြဿနာတွေကို အခွင့်အလမ်းအဖြစ် ပြောင်းလဲကြည့်မြင်သည့်၊ ပြောင်းလဲပစ်မည့် စိတ်ဓာတ်ပဲ ဖြစ်ပါသည်။ ကျွန်တော် ဒီအတိုင်းပဲ ယုံမှတ်နေပါသည်။

- ရှုံးနိမ့်ခြင်းကား ကျွန်တော်တို့သည် အရှုံးသမားများ ဖြစ်ကြပြီဟု အဓိ ပ္ပာယ် မသက်ရောက်။ ကျွန်တော်တို့သည် အောင်မြင်ရေးပန်းတိုင်ဆီသို့ မလျှောက်လှမ်းနိုင်သေးကြောင်းကိုသာ  အဓိပ္ပာယ်သက်ရောက်ပေသည်။
- ရှုံးနိမ့်ခြင်းကား ကျွန်တော်တို့သည် ဘာတခုမှ မရရှိလိုက်ဟု အဓိပ္ပာယ် မသက်ရောက်။ ကျွန်တော်တို့သည် သင်ခန်းစာပဲ ရရှိလေသည်ဟုသာ အဓိပ္ပာယ်သက်ရောက်ပေသည်။
- ရှုံးနိမ့်ခြင်းကား ကျွန်တော်တို့သည် နုံအကြသည်ဟု အဓိပ္ပာယ်မသက်ရောက်။ ကျွန်တော်တို့သည် ပညာဗဟုသုတ အသိအလိမ္မာများကို ထပ်မံဖြည့်ဆည်းမြှင့်တင်ရဦးမည် ဖြစ်ကြောင်းကိုသာ အဓိပ္ပာယ်သက်ရောက်ပေသည်။
- ရှုံးနိမ့်ခြင်းကား ကျွန်တော်တို့၏ဂုဏ်အမည်နာမ လျော့ကျခြင်းဟု အဓိပ္ပာယ်မသက်ရောက်။ ကျွန်တော်တို့သည် စိန်ခေါ်မှုအသစ်နှင့် ရင်ဆိုင်တွေ့ရှိခြင်းဟုသာ အဓိပ္ပာယ်သက်ရောက်ပေသည်။
- ရှုံးနိမ့်ခြင်းကား ကျွန်တော်တို့သည် အစွမ်းအစမဲ့သည်ဟု အဓိပ္ပာယ်မသက်ရောက်။ ကျွန်တော်တို့သည် လုပ်နည်းကိုင်နည်း စဉ်းစားနည်းများကို သတိပြုအပ်သည်ဟု အဓိပ္ပာယ် သက်ရောက်ပေသည်။
- ရှုံးနိမ့်ခြင်းကား ကျွန်တော်တို့သည် ညံ့ဖျင်းသူများဖြစ်ကြသည်ဟု အဓိပ္ပာယ်မသက်ရောက်။ ကျွန်တော်တို့သည် ပြည့်ဝလုံလောက်မှု သိပ်မရှိသေးကြောင်းကိုသာ အဓိပ္ပာယ်သက်ရောက်ပေသည်။
- ရှုံးနိမ့်ခြင်းကား ကျွန်တော်တို့သည် နောက်ဆုတ်ပြေးရမည်ဟု အဓိပ္ပာယ်မသက်ရောက်။ ကျွန်တော်တို့သည် ပိုမိုခိုင်မြဲသော သန္နိဋ္ဌာန်ရှိရန်ကိုသာ အဓိပ္ပာယ်သက်ရောက်ပေသည်။
- ရှုံးနိမ့်ခြင်းကား ကျွန်တော်တို့သည် ရည်မှန်းချက်ပန်းတိုင်သို့ မရောက်နိုင်တော့ဟု အဓိပ္ပာယ် မသက်ရောက်။ ကျွန်တော်တို့သည် ပိုမိုများပြားသော အချိန်ဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ လှမ်းရလိမ့်မည် ဖြစ်ကြောင်းကို အဓိပ္ပာယ်သက်ရောက်ပေသည်။ ။

**အောင်ပင်လယ်**

# နေတိုး

# အရှေ့ တိုးရေး ပြဿနာ

ရဲဘော်ရှယ်

၂၀၀၈ ခုနှစ် ဩဂုတ်လမှာ ကျင်းပတဲ့ ပီကင်းအိုလံပစ်ပွဲနဲ့တချိန်တည်းမှာပဲ ချိန်ကိုက်ပေါ်လာတဲ့ ဂျော်ဂျီယာ– ရုရှား စစ်ပွဲအပြီးမှာ စီစီညံညံဖြစ်လာတဲ့ နေတိုးအဖွဲ့ဝင်များ တိုးချဲ့ရေး အစီအစဉ်ဟာ ရက်မကြာခင်မှာပဲ နိဋ္ဌိတံသွားပါတယ်။

ဘာကြောင့်ပါလိမ့်။

နေတိုးအဖွဲ့ဟာ အဖွဲ့ဝင်အားလုံး သဘောတူညီမှု (concensus) ရမှ ဘာအလုပ်ကိုမဆို လုပ်နိုင်တာပါ။ အဖွဲ့ဝင်နိုင်ငံတနိုင်ငံက သဘောမတူဘူး၊ ပိတ်ဆို့လိုက်ပြီဆိုရင် ဘာစီမံကိန်း ကြီးပဲ ဖြစ်ဖြစ် ရေထဲမျောသွားတာပါ။

ဒီပွဲမှာ မထင်မှတ်ဘဲ ပေါ်လာတဲ့မျက်မြင်ကတော့ ဂျာမဏီက အမျိုးသမီးဝန်ကြီးချုပ် အန်ဂျလာမာကဲလ်ပါပဲ။ ဂျာမဏီရဲ့နိုင်ငံရေးသမိုင်းမှာ အမေရိကန် အလိုလားဆုံး ဝန်ကြီးချုပ်အဖြစ် သတ်မှတ်ခံထားရသူ၊ မိမိကိုယ်တိုင်လည်း အရှေ့ဂျာမဏီမှာ မွေးဖွားကြီးပြင်းခဲ့သူပီပီ၊ ရုရှားအပေါ် လည်း တစုံတရာ အမြင်မကြည်လင်သူလို့ သူမကို သိထားကြတာပါ။ ဒါပေမဲ့ သူမဟာ ဂျော်ဂျီယာ ပြဿနာအပြီး နောက်တပတ်အကြာမှာပဲ စိန့်ပီတာစဘတ်သွားကာ၊ ရုရှားသမ္မတမက်ဒီဒက်ဗ်နဲ့ တွေ့ပြီး ပြတ်ပြတ်သားသား ပြောဆိုခဲ့တာကတော့ ဂျာမဏီအနေနဲ့ နေတိုးအဖွဲ့ဝင်သစ်များတိုးချဲ့ ရေး (ယူကရိန်းနဲ့ ဂျော်ဂျီယာနိုင်ငံများအတွက် ရည်ရွယ်) ကို သဘောမတူကြောင်း ဆိုတာပါပဲ။

ဂျာမဏီနိုင်ငံ ဝန်ကြီးချုပ်က သူမစိတ်နေစိတ်ထားနဲ့ ဆန့်ကျင်စွာ ဒီလမ်းရွေးချယ်လိုက် တာဟာ ထူးခြားမှုတွေရှိပါတယ်။ အမေရိကန်ရဲ့ ရည်ရွယ်ချက်ကို ကောင်းကောင်းသိနေတဲ့ မာကဲလ် ဟာ အမေရိကန်ရဲ့ဖိအားကို ရင်ဆိုင်ဖို့ အသင့်ပြင်ပြီးမှ ဒီခြေလှမ်းကို လှမ်းတာပါ။ တကယ်တော့ ဘယ်နိုင်ငံရေးသမားမဆို၊ မိမိနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး လက်တွေ့ကျစွာ စဉ်းစားလုပ်ဆောင် ကြတာပါပဲ။

အလွယ်ဆုံးစကားပြောရရင် ရုရှားရဲ့သဘာဝဓာတ်ငွေ့များအပေါ် အပြည့်အဝ အလေးထားမှီခိုနေရတဲ့ ဂျာမဏီအဖို့ နေတိုးထဲ ယူကရိန်းနဲ့ ဂျော်ဂျီယာဝင်ရောက်လာရေးနဲ့ မိမိ

နိုင်ငံအကျိုးစီးပွားကို မလဲနိုင်မှုပါပဲ။

ဒီသဘာဝ ခေတ်ငွေ့ကိစ္စတခုထဲတင် မဟုတ်ပါဘူး။ အမေရိကန်ရဲ့ နေတိုးတိုးချဲ့ရေး စိတ်ကူးစံဟာ ဂျာမဏီရဲ့ အကျိုးစီးပွားနဲ့ ဘာမှမဆိုင်တာလည်း ပါပါတယ်။ ဂျာမဏီရဲ့စဉ်းစားချက်ကတော့ နေတိုးမှာရော၊ အမေရိကန်မှာရော ယူကရိန်းနဲ့ ဂျော်ဂျီယာကို စစ်ရေးအရ မကာကွယ်နိုင်ပါဘူး။ တကယ်ပဲ နေတိုးက စစ်ရေးအရ ကာကွယ်ချင်တယ်ဆိုရင် ဂျာမဏီအပါ တခြားနေတိုးအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ စစ်ရေးအသုံးစရိတ်တွေ မြှင့်တင်ရပါလိမ့်မယ်။ ဒါတွေကို သူတို့က မလိုလားပါ ဘူး။ နိုင်ငံရေးအရကြည့်ရင်လည်း ဘာရည်ရွယ်ချက်မှမရှိဘဲ ရုရှားနားရွက် တံတွေးဆွတ်တာပဲလို့ မြင်ပါတယ်။

ဒ့ါအပြင် ပိုအရေးကြီးတာက ဂျာမဏီဟာ (၁၉၄၅–၁၉၉၂) အထိ စစ်အေးစစ်ပွဲရဲ့ စစ်မြေပြင်ဖြစ်နိုးနိုး ဘဝကြီးကို ဖြတ်သန်းခဲ့ရတာပါ။ (၁၉၉၂–၂၀၀၈) ခုနှစ်မှာတော့ အဲဒီကြောက်လန့်မှုကြီးနဲ့ ကင်းဝေးတဲ့ဘဝမှာ နေလိုက်ရပါတယ်။ ဒါကြောင့် ဒီအရသာကို သိသွားတဲ့ ဂျာမဏီအဖို့ နောက်ထပ်စစ်အေးစစ်ပွဲ အခြေအနေတရပ်ထဲကို မဝင်တော့ဖို့ ဆုံးဖြတ်လိုက်တာပါ။ ဒါဟာ နေတိုးရဲ့ အနာဂတ်ကိုရော အမေရိကန်– ဂျာမဏီ နှစ်နိုင်ငံ ဆက်ဆံရေးအပေါ်မှာရော ကြီးမားစွာ ဂယက်ရိုက်စေလိုက်ပါတယ်။

ဒီအခြေအနေအောက်မှာ ဂျာမဏီဟာ သေနင်္ဗျူဟာ ဆုံးဖြတ်ချက်ကို ချလိုက်ရတာပါ။ သူတို့ရဲ့ ဒီဆုံးဖြတ်ချက်ချရပုံကို နားလည်ဖို့ကတော့ ဂျာမဏီရဲ့ ပထဝီနိုင်ငံရေးပြဿနာတွေကိုပါ သိမြင်ဖို့လိုပါတယ်။

၁၈၇၁ ခုနှစ်အထိ ဂျာမန်စကားပြောကမ္ဘာဟာ အတွင်းပိုင်းမညီညွတ်မှုများကြောင့်ရော၊ နိုင်ငံခြားအင်အားများရဲ့ စွက်ဖက်မှုကြောင့်ရော အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေရတာပါ။ အနောက်ဘက်က ပြင်သစ်၊ အရှေ့ဘက်က ရုရှား၊ အင် အားကြီးနိုင်ငံ ၂ ခုအကြား ညီညွတ်တဲ့ဂျာမဏီနိုင်ငံကို စစ်ပွဲတွေ အကြိမ်ကြိမ်ဆင်နွှဲပြီးမှ ၁၈၇၁ ခုနှစ်မှာမှ တည်ထောင်နိုင်ခဲ့ပါတယ်။

ဂျာမဏီရဲ့ သေနင်္ဗျူဟာပြဿနာက ပြင်သစ်နဲ့ရုရှားက တပြိုင်နက် တိုက်ပြီး ဗြိတိသျှကလည်း သူ့ဆိပ်ကမ်းတွေကို ပိတ်ဆို့လိုက်ရင် ၁၈၇၁ ခုနှစ် အရင်ဘဝမျိုး ပြန်ရောက်သွားနိုင်ခြင်းပါပဲ။ ဂျာမဏီပြိုလဲရေးကို စိတ်ဝင်စားမှုရှိတဲ့ ပြင်သစ်၊ ရုရှားနဲ့ ဗြိတိသျှတို့ရဲ့တိုက်ခိုက်မှုကို ဂျာမဏီက အမြဲစိုးရိမ်နေခဲ့ရတာပါ။ ဒါကြောင့်ပဲ ဂျာမန်တွေဟာ စစ်မျက်နှာ ၂ ဘက် မတိုက်နိုင်မှုအောက်မှာ မိမိက ကြိုတင်ပြီး ပြင်သစ်ကိုသော်လည်းကောင်း၊ ရုရှားကိုသော်လည်းကောင်း၊ အရင်ဦးအောင် တိုက်ပြီးနောက် မြန်မြန်အောင်ပွဲခံကာ နောက်စစ်တမျက်နှာကို အင်အားစုတိုက်ဖို့သာ ဖြစ်ပါတယ်။ မြန်မြန်အောင်ပွဲခံနိုင်မှသာ ရေတပ်အားသာတဲ့ ဗြိတိသျှတို့က ပိတ်ဆို့ရေးကို မလုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဂျာမဏီရဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးဟာ အဆင့်နှစ်ဆင့်ရှိတဲ့ ထိုးစစ်သာဖြစ်ပြီး အလွန်ရှုပ်ထွေးလှပါတယ်။ အန္တရာယ်လည်းကြီးပါတယ်။

ဒီအမြင်တွေနဲ့ ကမ္ဘာစစ်ကြီးနှစ်ပွဲလုံးမှာ ဂျာမန်က ကပြခဲ့ပြီး ၂ ပွဲစလုံးမှာပဲ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒုတိယကမ္ဘာစစ်ပွဲအပြီးမှာတော့ ပိုအကျနာပါတယ်။ ဂျာမဏီဟာ သုံးပိုင်းကွဲသွားပါတယ်။ လွတ်လပ်တဲ့ဩစတြီးယား၊ အနောက်တိုင်းနိုင်ငံတွေသိမ်းပိုက်လိုက်တဲ့ အနောက်ဂျာမဏီနဲ့ ဆိုဗီယက်တွေ လွှမ်းမိုးလိုက်တဲ့ အရှေ့ဂျာမဏီဆိုပြီး ၃ ပိုင်းကွဲသွားတာပါ။ ဂျာမန်တွေအဖို့ စစ်အေးတိုက်ပွဲဟာ အရင်စစ်ပွဲကြီးတွေထက် အန္တရာယ်ကြီးပါတယ်။ ရန်တစောင်စောင် ဖြစ်နေတဲ့

အနောက်နိုင်ငံများနဲ့ ဆိုဗီယက်တို့အကြား တစုံတရာဖြစ်ပွားလာပါက (အနု မြူလက်နက်များ လည်း ရှိလို့) ဂျာမဏီ ကမ္ဘာ့မြေပြင်ပေါ်က ပျောက်သွားနိုင်ပါတယ်။

အကောင်းဘက်ကကြည့်ရင်တော့ စစ်အေးတိုက်ပွဲဟာ ဂျာမဏီရဲ့ သေနင်္ဖျူဟာပြဿနာ တဝက်ဖြစ်တဲ့ ပြင်သစ်နဲ့ ဂျာမန်တင်းမာမှုကို ဖြေရှင်းလိုက်နိုင်မှုပါပဲ။ စစ်အေးတိုက်ပွဲနဲ့ ကွဲကူးရေပါ ရလဒ်တခုဖြစ်တဲ့ ဥရောပသမဂ္ဂပေါ်လာလို့ပါပဲ။ ဒါ က ဂျာမဏီနဲ့ပြင်သစ်အကြား စီးပွားရေးအရ ပူးပေါင်းမှုကို ဖြစ်စေလိုက်ပြီး စစ်ရေးအရလည်း နေတိုးစာချုပ်အဖွဲ့ဝင် နိုင်ငံများဖြစ်သွားလို့ ဂျာမဏီအတွက် အနောက်ဘက်မျက်နှာဟာ ငြိမ်းချမ်းသွားတော့တယ်။ နှစ်ရာစုနှစ်များစွာအတွင်း ဂျာမဏီအတွက် ခြိမ်းခြောက်မှုအန္တရာယ်ကြီးတခု ချုပ်ငြိမ်းသွားတာပါ။ တခါ ဆိုဗီယက် ယူနီယံ ကြီးပြိုကွဲသွားပြန်တော့ အရှေ့ကရန်လည်း အေးသွားပြန်ပါတယ်။

ဒါပေမဲ့ ဂျာမဏီက သတိကြီးပါတယ်။ ရုရှားကို အထင်မသေးပါ။ ဂျာမဏီကိုယ်တိုင်လည်း ပထမကမ္ဘာစစ်အပြီးမှာ ဖြုကြာပြာကာကျသွားပေမယ့် ၁၉၃၈ ခုနှစ်မှာတော့ ဥရောပရဲ့ အဓိကအင်အားကြီး နိုင်ငံတနိုင်ငံအဖြစ် ပြန်ပေါ်ခဲ့သေးတာပဲ။ ဒါကြောင့် ရုရှားရဲ့ ပြန်နာလန်ထလာနိုင်မှုအပေါ် သူတို့က အမြဲထည့် တွက်ချက်ခဲ့တာပါ။

ဩဂုတ်လမှာ ဖြစ်ပွားခဲ့တဲ့ ဂျော်ဂျီယာ၊ ရုရှားစစ်ပွဲကို ဂျာမဏီက ကြည့်မြင်ရာမှာ အဲဒီအမြင်ပေါ်က ကြည့်မြင်တာပါ။

ပြင်သစ်နဲ့ ရုရှားအကြားမှာ ဂျာမဏီနဲ့ ပိုလန်ရှိပါတယ်။ ဗြိတိသျှကျတော့ ဒီနိုင်ငံတွေ အပြင် အင်္ဂလိပ်ရေလက်ကြားရှိသေးတယ်။ အမေရိကန်ကျတော့ ဒါတွေအားလုံးအပြင် အတ္တလန္တိတ်သမုဒ္ဒရာကြီးပါ ခြားနေပါသေးတယ်။ ရုရှားနဲ့ ဝေးရာမှာနေလေ၊ ရုရှားကို ကျယ်ကျယ် လောင်လောင် စိန်ခေါ်နိုင်လေလေပါပဲ။ ဒါပေမဲ့ ဂျာမဏီမှာတော့ ကြားမှာ ပိုလန်တနိုင်ငံပဲရှိလို့၊ သူ့အနေနဲ့ တခြားလူတွေ မိုက်တိုင်း လိုက်မမိုက်နိုင်ပါဘူး။

ရုရှား ပြန်လည် အင်အားကြီးမားလာတာကို ကာဆီးဖို့ဆိုရင် ဘောလ်တစ်နိုင်ငံတွေကို ရုရှားရန်က ကာကွယ်ပေးဖို့လိုပါတယ်။ ပိုလန်ပါ အပါပေါ့။ နေတိုး တပ်တွေနဲ့ ကာကွယ်ရာမှာ ဘယ် က တပ်ရမလဲ။ ဂျာမဏီက ဒါမလုပ်နိုင်ပါ။

ဒါကြောင့် နေတိုးတိုးချဲ့ရေးကို ဂျာမဏီက စိတ်မဝင်စားတာပါ။ အမေရိကန်က ပါးစပ်နဲ့ပဲ တိုးချဲ့နေပြီး လူအင်အားကို ဂျာမဏီကို စိုက်ခိုင်းနေတာပါ။ ဒါဟာ ဂျာမန်အမျိုးသားအကျိုးစီးပွားနဲ့ မကိုက်ညီပါဘူး။

ဒီတွက်ချက်မှုတွေက အန်ဂျလာမာကဲလ်ကို ရုရှားသမ္မတထံသွားပြီး နေတိုးတိုးချဲ့ရေး သူမအနေနဲ့ သဘောမတူဘူးဆိုတာ ပြောကြားခဲ့ဖို့ ဖြစ်လာရတာပါပဲ။ ဒါ့အပြင် ရုရှားတွေအနေနဲ့ အရင်ဆိုဗီယက်ယူနီယံဟောင်းနိုင်ငံတွေအပေါ် လွတ်လွတ်လပ်လပ် သဘောထား လုပ်ဆောင်နိုင် ကြောင်းကိုပါ ပြောဆိုခဲ့ပါတယ်။ မာကဲလ်ပေးလိုက်တဲ့သတင်းစကားကတော့ ဂျာမဏီဟာ အနောက်တိုင်းနိုင်ငံများရဲ့ရည်မှန်းချက်နဲ့ ရုရှားရဲ့အင်အားချိန်ခွင်လျှာအကြား ကြားညှပ်မခံလို တော့ဘူး ဆိုတာပါပဲ။ သဘောကတော့ ဂျာမဏီဟာ ပြင်သစ်နဲ့ စီးပွားရေးအရ ပူးတွဲလုပ် ဆောင်မှာ ဖြစ်သလို ရုရှားနဲ့လည်း သင့်တင့်အောင် ဆက်ဆံသွားမယ်ဆိုတာပါပဲ။

ဒီဂျာမန်တွေရဲ့ လုပ်ရပ်ဟာ နေတိုးရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ပိတ်ဆို့လိုက်ပြီး အနောက် တိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများအတွင်း အက်ကြောင်း ထသွားပါတော့တယ်။

တကယ်တော့ ဒီအကြောင်းဟာ စတင်ပေါ်နေတာ ကြာပြီဖြစ်ပေမယ့် ရုရှား– ဂျော်ဂျီယာ စစ်ပွဲက ဒီအကွဲကို ပိုရှင်းသွားစေတာသာ ဖြစ်ပါတယ်။

နေတိုးမှာ အရှေ့ကိုတိုးနိုင်တဲ့ တကယ့်စစ်ရေးအင်အား မရှိပါဘူး။ ဂျာမဏီရဲ့ စိတ်ပါလက်ပါ ပူးပေါင်းခြင်းမရှိရင် ပိုခက်မှာပါ။ အမေရိကန်ကလည်း သဏ္ဌာန်အရသာ စစ်အင်အား သုံးနိုင်ပေမယ့် အခိုင်အမာ ဘာမှပါမလာနိုင်ပါဘူး။ ဒါကြောင့် နေတိုးရှေ့တိုးရေးတို့၊ တိုးချဲ့ရေးတို့ဆိုတာ (အာဖဂန်နစ္စတန်မှာ နေတိုးတပ်စွဲထားပေမယ့်) သကြိန်အမြောက်သာ ဖြစ်နေပါတယ်။

ဂျာမဏီရဲ့ သမိုင်းက ဒီလိုမျိုးဆုံးဖြတ်ချက်ကို ချမှတ်စေလိုက်တာပါ။ တိုင်းပြည်ဟာ စည်းလုံးညီညွတ်နေပြီး အေးချမ်းစွာလည်း နေချင်နေပါပြီ။ စစ်အေးကာလတုန်းက ဘဝကိုပဲဖြစ်ဖြစ်၊ ကမ္ဘာစစ်ကြီး ၂ ခုအတွင်းက ဘဝကိုပဲဖြစ်ဖြစ်၊ ဘယ်တော့မှ ပြန်မသွားလိုတော့ပါဘူး။

ဒါကြောင့်ပဲ နေတိုးဟာ သိသာထင်ရှားစွာပဲ ပုံပျက်ပန်းပျက် ဖြစ်သွားခဲ့ရတာပါ။

ဒီလိုဆိုတော့ ဂျာမန်ဝန်ကြီးချုပ် အန်ဂျလာမာကဲလ်ဟာ အလွန်လက်တွေ့ကျစွာ စဉ်းစားနိုင်တဲ့ နိုင်ငံရေးသမားတဦးဆိုတာ ပေါ်လွင်သွားပါတော့တယ်။

**ကိုးကား။ ။ The Russian Resurgence by George Freidman.**

**ရဲဘော်ရှုယဉ်**

**ဒါပေမဲ့ ဂျာမဏီက သတိကြီးပါတယ်။ ရုရှားကို အထင်မသေးပါ။ ဂျာမဏီကိုယ်တိုင်လည်း ပထမကမ္ဘာစစ်အပြီးမှာ ဖြုကာပြာကာကျသွားပေမယ့် ၁၉၃၈ ခုနှစ်မှာတော့ ဥရောပရဲ့ အဓိကအင်အားကြီး နိုင်ငံတနိုင်ငံအဖြစ် ပြန်ပေါ်ခဲ့သေးတာပဲ။ ဒါကြောင့် ရုရှားရဲ့ ပြန်နာလန်ထလာနိုင်မှုအပေါ် သူတို့က အမြဲထည့် တွက်ချက်ခဲ့တာပါ။**

# သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး

## အောင်ဇေမိုး

ကုလသမဂ္ဂအဖွဲ့ကြီးကအစ ကမ္ဘာကြီးပိုပြီး ပူနွေးလာတာကို စိုးရိမ်တကြီး ပြောလာဆိုလာနေကြပါတယ်။ နိုင်ငံတော်တော်များများနဲ့ ပညာရှင်တော်တော်များများက လူတွေရဲ့ မဆင်မခြင်လုပ်နေတာကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာပြီး ကမ္ဘာကြီး ပူနွေးလာတာဖြစ်တယ်။ စက်မှုထွန်းကားတဲ့နိုင်ငံတွေကြောင့် သဘာဝဝန်းကျင် ညစ်ညမ်းတာဖြစ်တယ်။ စက်မှုထွန်းကားတဲ့နိုင်ငံတွေ အချင်းချင်းကလည်း သူ့နိုင်ငံက ငါ့နိုင်ငံထက် သဘာဝဝန်းကျင်ကို ပိုညစ်ညမ်းစေတယ် စသည်ဖြင့် ပြောဆိုဆွေးနွေး ငြင်းခုံနေကြပါတယ်။

တချို့ကလည်း သဘာဝဝန်းကျင်ကို မပျက်ယွင်းအောင် ဘယ်လိုထိန်းသိမ်းမလဲဆိုပြီး နည်းလမ်းရှာကြပါတယ်။ တချို့က ပျက်စီးသွားတဲ့ ပတ်ဝန်းကျင်ကို ဘယ်လိုပြုပြင်ရမလဲဆိုပြီး နည်းလမ်းတွေ ရှာနေကြပါတယ်။

ဒီကိစ္စဟာ သဘာဝလောကကြီးနဲ့သက်ရှိလောက(အပင်၊ တိရစ္ဆာန်၊ လူသတ္တဝါ) ရဲ့ ဂေဟစနစ် ဖြစ်စဉ်ကြီး ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဂေဟစနစ်ဟာ အမြဲတမ်း လှုပ်ရှားပြောင်းလဲနေတာ ဖြစ်ပါတယ်။ ဂေဟစနစ်တခု ပျက်သွားပြီး အသစ်တခု ဖြစ်ပေါ်တာဟာ ကမ္ဘာပေါ်မှာ သက်ရှိတွေ စတင်ဖြစ်ပေါ်လာကတည်းက ဖြစ်ပါတယ်။

ကမ္ဘာကြီးရဲ့ ရေ၊ မြေ၊ မျက်နှာသွင်ပြင်၊ ရာသီဥတုတွေဟာလည်း ကမ္ဘာ့ သက်တမ်းနဲ့အမျှ အဆက်မပြတ် လှုပ်ရှားပြောင်းလဲနေတာ ဖြစ်ပါတယ်။ ကမ္ဘာ့သက်တမ်းဟာ နှစ်သန်းပေါင်း ၄၅၀၀ ရှိပြီလို့ သိရပါတယ်။ ကမ္ဘာမှာ သက်ရှိတွေ စတင်ဖြစ်ပေါ်တာက လွန်ခဲ့တဲ့ နှစ်သန်း ၁၀၀၀ လောက်က လို့ ဆိုတယ်။ တချို့က သန်း ၃၀၀၀ လောက်က စတင်မယ်လို့ ခန့်မှန်းကြပါတယ်။ ဘာပဲဖြစ်ဖြစ် ဂေဟစနစ်ဟာ လွန်ခဲ့တဲ့ အနှစ်သန်း ၁၀၀၀ ကျော်ကတည်းက စတင်လာပြီး အမြဲမပြတ် ပြောင်းလဲဖြစ်ပေါ်နေတာလည်း တွေ့ရပါလိမ့်မယ်။ အဲဒီလို မပြတ်ဖြစ်ပေါ်ပြောင်းလဲလို့လည်း ကနေ့လက်ရှိ

ဂေဟာစနစ်မျိုးတွေကို တွေ့နေရပြီး၊ ဒီလက်ရှိ ဂေဟာစနစ်ဟာလည်း ဆက်လက်ဖြစ်ပေါ် ပြောင်းလဲနေမှာပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးဟာ လွန်ခဲ့တဲ့အနှစ် ၁, ၀၀၀,၀၀၀ (တသန်း) ကစပြီးကြည့်ရင် ရေခဲခေတ်နဲ့ ပူနွေးတဲ့ကာလ တလှည့်စီဖြစ်ပေါ်ခဲ့တာ ၄ ကြိမ်ရှိခဲ့ပြီ ဖြစ်တယ်။ ရေခဲခေတ် (glacial period) ကို မိုးများကာလလို့လည်း ခေါ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ်တသန်းက လွန်ခဲ့တဲ့အနှစ် ၅၅၀,၀၀၀ အထိ ကာလမှာ ပထမရေခဲခေတ်နဲ့ ပထမ ပူနွေးတဲ့ခေတ် တလှည့်စီဖြစ်ခဲ့တယ်။ လွန်ခဲ့တဲ့ နှစ် ၅၅၀,၀၀၀ က လွန်ခဲ့တဲ့ နှစ် ၃၃၀,၀၀၀ ထိဟာ ဒုတိယ ရေခဲခေတ် ဖြစ်ခဲ့တယ်။ လွန်ခဲ့တဲ့ အနှစ် ၃၃၀,၀၀၀ က လွန်ခဲ့တဲ့ ၂၈၀,၀၀၀ အထိဟာ ဒုတိယ ပူနွေးတဲ့ကာလဖြစ်တယ်။ လွန်ခဲ့တဲ့ နှစ် ၂၈၀,၀၀၀ ကနေ လွန်ခဲ့တဲ့ နှစ် ၁၂၅,၀၀၀ ကြား ကာလဟာ တတိယရေခဲခေတ်ဖြစ် တယ်။ လွန်ခဲ့တဲ့ ၁၂၅,၀၀၀ က လွန်ခဲ့တဲ့အနှစ် ၇၅,၀၀၀ ကြားကာလဟာ တတိယ ပူနွေးတဲ့ ကာလဖြစ်ခဲ့တယ်။ လွန်ခဲ့တဲ့ အနှစ် ၇၅,၀၀၀ က လွန်ခဲ့တဲ့ အနှစ် ၁၀,၀၀၀ အထိဟာ စတုတ္ထရေခဲခေတ်ကာလဖြစ်ခဲ့တယ်။ လွန်ခဲ့တဲ့ အနှစ် ၁၀,၀၀၀ ကနေပြီး ကနေ့အထိဟာ စတုတ္ထပူနွေးတဲ့ ကာလဖြစ်ပါတယ်။

ဒုတိယရေခဲခေတ်က စပြီးကြည့်ရင် ဒုတိယရေခဲခေတ်ဟာ ၂၂၀,၀၀၀ ကြာခဲ့တယ်။ တတိယရေခဲခေတ်သက်တမ်းဟာ နှစ် ၁၅၅,၀၀၀ ကြာခဲ့တယ်။ စတုတ္ထရေခဲခေတ်သက်တမ်းဟာ ၆၅,၀၀၀ ရှိခဲ့တယ်။ ဒုတိယ ပူနွေးတဲ့ခေတ်ဟာ နှစ် ၅၀,၀၀၀ ရှိခဲ့တယ်။ တတိယ ပူနွေးတဲ့ခေတ်ဟာ နှစ် ၅၀,၀၀၀ ဖြစ်တာ တွေ့ရမယ်။ ဒီနှစ်ကာလတွေဟာ နောက်ထပ် သုတေသနပြုချက်တွေ့ရှိမှုအသစ်တွေ ရှိလာရင် အပြောင်းအလဲတချို့ ရှိနိုင်ပါတယ်။ နှစ် ရာဂဏန်းအထိ အပြောင်းအလဲရှိရင် တောင် အခြေခံအပြောင်းအလဲ မဖြစ်နိုင်တာကြောင့် အခုတွေ့ရှိထားချက်တွေဟာ အခိုင်အမာအချက်အလက်တွေပဲလို့ ဆိုနိုင်ပါတယ်။

ဒီတွေ့ရှိချက်အရ ရေခဲခေတ်တွေဟာ တကြိမ်ထက်တကြိမ် သက်တမ်းတို တိုလာတာ တွေ့ရပြီး ပူနွေးတဲ့ကာလ ၂ ခုဟာ သက်တမ်းအတူတူပဲဆိုတာ တွေ့ရပါမယ်။ ဒါပေမဲ့ ရေခဲခေတ်တွေရဲ့ အအေးဆုံးဟာ ဘယ်လောက်အထိ အေးခဲ့တယ်။ ပူနွေးတဲ့ကာလရဲ့ အပူပြင်းဆုံးအပူချိန်ဟာ ဘယ်လောက်အထိ ရှိခဲ့တယ်ဆိုတာ မသိနိုင်ခဲ့ပါ။ အခု စတုတ္ထပူနွေးတဲ့ကာလဟာ အနှစ် ၁၀,၀၀၀ ပဲ ရှိသေးတာ ဖြစ်နေသေးတယ်။ ဒုတိယနဲ့ တတိယ ပူနွေးကာလရဲ့ သက်တမ်းဟာ ၅၀,၀၀၀ စီ ရှိတာ တွေ့ရတာကြောင့် အကယ်၍ စတုတ္ထအကြိမ် ပူနွေးတဲ့သက်တမ်းဟာ နှစ် ၅၀,၀၀၀ ဖြစ်မယ်လို့ ယူဆမယ်ဆိုရင် ကမ္ဘာကြီးဟာ လာမယ့် နှစ် ၄၀,၀၀၀ အထိ ပူ နွေးနေဦးမယ်ဆိုတာ ခန့်မှန်းလို့ရနိုင်ပါတယ်။

ဒီလို ရေခဲခေတ်ဖြစ်လိုက်၊ ပူနွေးလိုက်ဖြစ်စဉ်မှာ သက်ရှိသစ်ပင်နဲ့ သတ္တဝါ တွေဟာ တချို့မျိုးရိုးပျောက်ကွယ်သွားပြီး တချို့ ဆင့်ကဲဖြစ်စဉ်အရ အသစ်ဖြစ်ပေါ်တိုးပွားသွားတာ တွေ့ရတယ်။ (Homo) ဟိုမိုလို့ခေါ်တဲ့ ရှေးဦးလူသားလို့ ဆိုရမယ့် သတ္တဝါတွေဟာ ရေခဲခေတ်မတိုင်မီ လွန်ခဲ့တဲ့ အနှစ် ၂ သန်းကျော်လောက် ကတည်းက ပေါ်ပေါက်ခဲ့ပါတယ်။ ဟိုမို အမျိုးပေါင်းများစွာ ရှိတဲ့အနက် ခေတ်လူ သားဖြစ်တဲ့ (Homo sapiene) ဟိုမိုဆက်ပီယံဟာ ဒုတိယရေခဲခေတ်အလွန် ဒုတိယ ပူနွေးတဲ့ကာလ လွန်ခဲ့တဲ့ အနှစ် ၃၀၀,၀၀၀ လောက်က စပြီးပေါ်ထွန်းလာပါတယ်။ တချို့က ဟိုမိုဆက်ပီယံ (ခေတ်လူသား) ဟာ လွန်ခဲ့တဲ့ နှစ် ၁၀၀,၀၀၀ လောက်မှာ ပေါ်ထွန်းလာတယ်လို့ ယူဆပါတယ်။ သေချာတာတခုကတော့ ဟိုမိုတွေဟာ ရေခဲခေတ်၊ ပူနွေးတဲ့ခေတ်တွေ ဖြတ်သန်းရင်း မျိုးတုံး

သွားတာ၊ မျိုးတုံး ဆင့်ကဲဖြစ်ပေါ်တိုးပွားသွားတာတွေက ဆက်လက်ဖြစ်ပေါ်တိုးပွားသွားတာ တွေ့ရပါတယ်။ စတုတ္ထရေခဲခေတ် အကုန်ပိုင်းကာလမှာတော့ Homo spien လို့ခေါ်တဲ့ ခေတ်လူသား ကလွဲပြီး တခြား ဟိုမိုအားလုံး မျိုးတုံးပျောက်ကွယ်သွားတော့တယ်။

ဒါကိုကြည့်ရင် ခေတ်လူသားဟာ ရေခဲခေတ်တခုနဲ့ ပူနွေးတဲ့ခေတ်တခုကို ဖြတ်သန်းကျော် လွှား ရှင်သန်ခဲ့ပြီး စတုတ္ထပူနွေးတဲ့ခေတ်ထဲမှာ ဆက်လက်ရှင်သန်နေတာ တွေ့ရပါတယ်။ ခေတ်လူသားဟာ သဘာဝပတ်ဝန်းကျင်မှာ သဘာဝအလျောက် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရှင်သန်တတ်ရုံမက သူ့ကိုယ်သူလည်း ပြုပြင်ပြောင်းလဲပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ပြောင်းလဲစေတဲ့နည်း တွေနဲ့ ဆက်လက်ရှင်သန်နေတဲ့ တခုတည်းသော သတ္တဝါဖြစ်နေပြန်တယ်။

ခေတ်လူသားဟာ အလုပ်လုပ်ခြင်းဖြင့် အလုပ်အတွက် ကိရိယာတန်ဆာပလာတွေ တီထွင်ခြင်းဖြင့် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာကိုပါ ပြောင်းလဲစေခဲ့ တယ်။ လူအဖွဲ့အစည်းအတွင်း လူအချင်းချင်း ဆက်ဆံရေးကိုလည်း ပြောင်းလဲစေခဲ့တယ်။ တချိန်တည်းမှာ သဘာဝဝန်းကျင် ပြောင်းလဲနေတာကိုလည်း သက်ရောက် ဂယက်ရိုက်ခတ်စေလိုက်တယ်။

လူတွေ စိုက်ပျိုးတတ်လာတာကြောင့် စိုက်ပျိုးဖို့ သစ်ပင်တွေ ခုတ်ထွင်ရှင်းလင်းရာမှာ သေကြေပျက်စီးတဲ့အပင်နဲ့ သက်ရှိသတ္တဝါတွေဟာ သဘာဝအလျောက် သေကြေပျက်စီးတဲ့နှုန်းထက် များပြားစေခဲ့ပါတယ်။ တဖက်မှာ သီးနှံ အထွက်တိုးစေခဲ့ပြီး လူတွေဟာ ရှာဖွေစားသောက်တဲ့အဆင့်ထက် ပိုပြီးဝလင်အောင်နဲ့ ပုံမှန်ကျအောင် စားသောက်နိုင်လာတယ်။ နေမှုထိုင်မှု ပြောင်းလဲလာတယ်။ ပိုမိုယဉ်ကျေးလာတယ်။ အပိုအလျှံရှိလာတော့ ပုဂ္ဂလိကပိုင်ဆိုင်တဲ့စနစ် ဖြစ်လာတယ်။ လူတန်းစားကွဲပြားလာတယ်။ အုပ်စိုးသူလူတန်းစား ပေါ်လာပြီး နိုင်ငံရေးအာဏာ၊ အစိုးရဆိုတာတွေ ပေါ်လာတယ်။ စသည်စသည်ဖြင့် လူ့အဖွဲ့အစည်းအတွင်းမှာလည်း မပြတ်ပြောင်းလဲ လှုပ်ရှားတဲ့ ဖြစ်စဉ်တွေဟာ ဆက်တိုက်ဆိုသလို ပေါ်လာတာ ကနေ့အထိပါပဲ။

လူ့အဖွဲ့အစည်းအတွင်း လှုပ်ရှားပြောင်းလဲမှုဟာ သဘာဝဝန်းကျင် ပြောင်းလဲမှုနဲ့စာရင် ပြောင်းလဲမှု သိပ်မြန်ဆန်ပြီး ရှုပ်ထွေးပါတယ်။ လူ့ယဉ်ကျေးမှုဟာ အနှစ် ၁၀,၀၀၀ လောက်မှာ စတင်ခဲ့တာဖြစ်ပေမယ့် လွန်ခဲ့တဲ့ အနှစ် ၁၀,၀၀၀ လူသားနဲ့ ကနေ့လူသားတွေဟာ ထုတ်လုပ်ရေးအရ၊ နေမှုထိုင်မှုအရ၊ ယဉ်ကျေးမှုအနုပညာအရ၊ အသိပညာ၊ အတတ်ပညာအရ တခြားစီ ဖြစ်ကုန်ပြီဖြစ်ပါတယ်။ သိပ္ပံ ပညာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာနေတယ်။ ဒီလိုဖြစ်တော့ ထုတ်လုပ်ရေး ဆက်ဆံမှုမှာ လူတန်းစားကွာဟမှု၊ ဒါမှမဟုတ် ဆင်းရဲချမ်းသာကွာဟမှု သိပ်ကြီးသွားတယ်။ လူတန်းစားတိုက်ပွဲဟာလည်း သွေးစုပ်တဲ့စနစ်တခုက နောက်သွေးစုပ်တဲ့စနစ်တခုကို ပြောင်းတဲ့ တိုက်ပွဲအခြေအနေ မဟုတ်တော့ဘဲ၊ သွေးစုပ်တဲ့စနစ်ကို ဖျက်သိမ်းတဲ့တိုက်ပွဲ ဒါမှမဟုတ် အရင်းအနှီး ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းပြီး သွေးစုပ်မှုမရှိတော့တဲ့ လူ့အဖွဲ့အစည်း ဒါမှမဟုတ် လူတန်းစား ကွဲပြားမှု မရှိတော့တဲ့ လူ့အဖွဲ့အစည်းကို ထူထောင်မယ့် ဦးတည်ချက်ရှိတဲ့ တိုက်ပွဲကို ရောက်နေပြီဖြစ်တယ်။ လူတန်းစားတိုက်ပွဲသမိုင်းမှာ နောက်ဆုံးတိုက်ပွဲ ဖြစ်နေပြီဖြစ်တယ်။

ဒီလို သဘာဝလောကကြီးနဲ့ ဆက်စပ်ပြီး လူ့အဖွဲ့အစည်းကြီး လှုပ်ရှား ပြောင်းလဲနေတာကို လူတွေဟာသိမှုရှိရှိနဲ့ လှုပ်ရှားပြောင်းလဲစေခဲ့တာ မဟုတ်ပါ။ အမှုမဲ့ အမှတ်မဲ့ပဲ လှုပ်ရှားပြောင်းလဲစေခဲ့တာဖြစ်တယ်။ ဒါပေမဲ့ လူရဲ့ စူးစမ်းချင်စိတ်ဟာလည်း စောစွာကတည်းက သန္ဓေတည်ခဲ့ပြီးဖြစ်ပါတယ်။ လူ့ယဉ်ကျေးမှု စကတည်းက ဖြစ်ပါတယ်။ ဒီလို စူးစမ်းချင်စိတ် ဆင်ခြင်စဉ်းစားတတ်

မှုဟာ နောက်မှာ လူတွေ သိမှုရှိရှိနဲ့ ပြောင်းလဲလုပ်ရှားဖို့ သိသာတာဟာ သိပ္ပံပညာထွန်းကား လာပြီးနောက်မှ ဖြစ်ပါတယ်။

သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ သို့မဟုတ် မာ့က်စ်ဝါဒ ပေါ်ပေါက်လာတဲ့ အခါမှသာ လူတွေဟာ သိမှုရှိရှိနဲ့ လှုပ်ရှားတတ်လာတာဖြစ်တယ်။ ဒါတောင် လူတန်းစားကွဲပြားနေတဲ့ လူ့အဖွဲ့အစည်း ဖြစ်တော့ မာ့က်စ်ဝါဒကို တချို့ပဲ လက်ခံတာဖြစ်ပြီး လူတချို့က မာ့က်စ်ဝါဒကို အပြင်းအထန် ဆန့်ကျင်နေကြတုန်းပဲဖြစ်ပါတယ်။

မာက်စ်ဝါဒ ပေါ်လာမှပဲ သဘာဝလောကကြီးတခုလုံး အမှန်တကယ် ဖြစ်ပျက်လှုပ်ရှားနေတဲ့ တရားသဘောတွေကို လူသားတွေ သိရှိလာတာဖြစ်တယ်။ တနည်းအားဖြင့် မာ့က်စ်ဝါဒဟာ သဘာဝလောကကြီးကို အမှန်အတိုင်း ရှုမြင် အဓိပ္ပာယ်ဖွင့်ဆို နိုင်တယ်။ လူ့အဖွဲ့အစည်းရဲ့ ပကတိလှုပ်ရှားမှုတရားသဘော အခြေခံအချက်အလက်တွေကို အဓိပ္ပာယ်ဖွင့်ဆို ရှင်းပြနိုင်ပြီး လူ့အဖွဲ့အစည်းရဲ့ အနာဂတ်လားရာကိုလည်း ညွှန်ပြလိုက်နိုင်ပါတယ်။ လူ့ယဉ်ကျေးမှုဟာ လူတန်းစားပဋိပက္ခ၊ လူတန်းစားတိုက်ပွဲတွေနဲ့ ဖွံ့ဖြိုးတိုးတက် ဖြစ်ပေါ်တိုးပွားလာပြီး လူတန်း စားတိုက်ပွဲနဲ့ပဲ လူတွေရဲ့ ပုဂ္ဂလိကပိုင်ဆိုင်တဲ့စနစ်ကို ဖျက်သိမ်းသွားမှာ ဖြစ်တယ်ဆိုတာ သိလာတယ်။ ပုဂ္ဂလိကပိုင်စနစ်ကို ဖျက်သိမ်းတာဟာ လူတန်းစားကွဲပြားမှုကို ပပျောက်သွားစေမှာဖြစ်ပြီး လူ့ယဉ်ကျေးမှုဟာ နောက်အဆင့်မြင့်တခုကို ခုန်ကူးတိုးပွားသွားမှာ ဖြစ်တယ်ဆိုတာ သိလာတယ်။ အဲဒီလူ့ယဉ်ကျေးမှုမှာ ပုဂ္ဂလိကပိုင်ဆိုင်တာ မရှိသလို လူတန်းစားကွဲပြားတာ မရှိတော့ လူတန်းစားဖိနှိပ်ရေး ကိရိယာဖြစ်တဲ့ နိုင်ငံရေးအာဏာနဲ့ နိုင်ငံတော်အစိုးရဆိုတဲ့ ယန္တရားဟာလည်း ပျက်သွားပါလိမ့်မယ်ဆိုတာ သိလာပါတယ်။ လီနင်ကတော့ နိုင်ငံတော်အစိုးရ တစတစ ညှိုးလျော်ခြောက်သွေ့သွားမယ်လို့ သုံးနှုန်းပါတယ်။ ဒီလိုသိမြင်ပြီး သိမှုရှိရှိ လှုပ်ရှားလာနိုင်တဲ့အတွက် တော်လှန်ရေးတွေဆိုတာ ပေါက်ကွဲလာတယ်။ တော်လှန်ရေးရဲ့ သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်ဆိုတာတွေလည်း ပေါ်ပေါက်လာတာပဲ ဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းအတွင်းမှာ ဒီလိုသိမှုရှိရှိ လှုပ်ရှားသလို လူသားအပါအဝင် သက်ရှိလောကနဲ့ သဘာဝလောက အပြန်အလှန်ဆက်ဆံရေးဖြစ်တဲ့ ဂေဟစနစ်မှာလည်း သိမှုရှိရှိနဲ့ ပြောင်းလဲလှုပ်ရှားဖို့ သတိပြုလာကြပါတယ်။ အိန်ဂယ်က လူတွေရဲ့ သဘာဝလောကကို ထုတ်လုပ်ရေးအတွက် ပြုပြင်ရာက သဘာဝလောကကြီးက လူသားတွေကို ပြန်ဒဏ်ခတ်တတ်တယ်ဆိုတာဟာ ဂေဟစနစ်ပြောင်းလဲမှုမှာ လူသားတွေဟာ သိမှုရှိရှိနဲ့ ပြောင်းလဲလှုပ်ရှားဖို့ ပြောတာဖြစ်ပါတယ်။

ကနေ့ လူတွေ သဘာဝလောကကြီးရဲ့ ဖြစ်ပေါ်ပြောင်းလဲတာတွေကို ပိုမိုစူး စမ်းလေ့လာပြီး လူ့လောကကြီးကို ဘယ်လို သက်ရောက်စေမလဲဆိုတာကို ဆွေးနွေး ငြင်းခုံနေကြတယ်။ လူ့လှုပ်ရှားမှုက သဘာဝလောကကြီးကို ဘယ်လိုထိခိုက် သက်ရောက်စေမလဲဆိုတာ ငြင်းခုံနေကြပါတယ်။ ဒီလို ငြင်းခုံဆွေးနွေးရာမှာ ဂေဟစနစ်တခု ဘယ်လို ပျက်ယွင်းနေတယ်ဆိုတာ စူးစမ်းသလို ဒီပျက်ယွင်းမှုကို ဘယ်လိုထိန်းသိမ်း ကြမလဲဆိုတာပဲ အလေးတင်းဆွေးနွေးနေကြတာ ဖြစ်နေပါတယ်။ တကယ်တော့ လူ့ပယောဂကြောင့် ဂေဟစနစ်ပျက်ယွင်းမှု မြန်ဆန်နေတာကို ဘယ်လိုအရှိန် လျှော့ချမလဲဆိုတာလောက်ပဲ ဆွေးနွေးနေကြတာ ဖြစ်နေသေးတယ်။ ဒါဟာ လူတွေရဲ့ သိမှုရှိရှိ လှုပ်ရှားတာရဲ့ တစိတ်တဒေသပဲ ဖြစ်လိမ့်မယ်။

သဘာဝလောကကြီးမှာ ကမ္ဘာကြီးဟာ ပူနွေးလာတဲ့ စတုတ္ထခေတ်ထဲကို ဝင်ရောက်လာ

တာ နှစ်ပေါင်း ၁၀,၀၀၀ ရှိနေပြီ၊ ဒီပူနွေးမှုဟာ ဆက်လက်ဖြစ်ပေါ်နေတယ်ဆိုတာကိုလည်း စူးစမ်းရမယ်၊ ထည့်သွင်းစဉ်းစားရမယ်။ လူ့ပယောဂကြောင့် သဘာဝလောကကြီး ဘယ်လိုထိခိုက်ပြောင်းလဲနေတာကိုလည်း ထည့်သွင်း စဉ်းစားရပါလိမ့်မယ်။ ဒါတွေကို အဘက်ဘက်က ထည့်သွင်းစဉ်းစားရင် ဂေဟာစနစ်တခုကို မပြောင်းလဲအောင် ထိန်းသိမ်းထားလို့မရဘူးဆိုတာ တွေ့ရမှာပဲ ဖြစ်တယ်။ လူ့အဖွဲ့အစည်းမှာ လူ့အဖွဲ့အစည်းအသစ်၊ လူ့ယဉ်ကျေးမှုအသစ်တခုအတွက် သိမှုရှိရှိ ဦးတည်ပြောင်းလဲသလို ဂေဟာစနစ်အသစ်တခု ပေါ်လာနိုင်တာတွေကို သိမှုရှိရှိ မှန်းဆထားပြီး လူသားဟာ ဂေဟာစနစ်အသစ်မှာ ဘယ်လိုဆက်လက် ရှင်သန်နေထိုင်သွားရမလဲဆိုတဲ့ လမ်းညွှန်ရဲ့အဖြေကို ရှာရင်း ဖန်တီးမှုတွေ လုပ်သွားရမှာပဲ ဖြစ်တယ်။

ဒီနေ့ကမ္ဘာကြီး ပူနွေးလာမှုအတွက် စိုးရိမ်ပူပန်နေကြတာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတွေလုပ်နေတာတွေ အားလုံးဟာ ဂေဟာစနစ်ပျက်ယွင်းမှု နှေးကွေးအောင်လုပ်ရေး ဆွေးနွေးနေသလို ဂေဟာစနစ်သစ်မှာ ဘယ်လိုရှင်သန်နေထိုင်ဖို့ ပြင် ဆင်မှုတွေ လုပ်သွားကြရမှာဖြစ်ပါတယ်။ အဲဒါမှ တကယ်ထိရောက်တဲ့ သဘာဝပတ် ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သဘာဝလောကကြီးနဲ့ လူသားတွေ လိုက်လျောညီထွေ နေထိုင်နိုင်တဲ့ အခြေအနေကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းမှာ တကယ်တမ်း ငြိမ်းချမ်းရေးဆိုတာ လူတန်းစားကွဲပြားမှု မရှိတော့တဲ့ အချိန်မှ ရှိပါလိမ့်မယ်။ လူအချင်းချင်း ထိပ်တိုက်ပဋိပက္ခတွေ ဖြစ်နေလို့ မငြိမ်းမချမ်းဖြစ်တာဖြစ်ပါမယ်။ လူတန်းစားကွဲပြားနေလို့လည်း ထိပ်တိုက်ပဋိပက္ခ ဖြစ်နေတာပါ။ ထိပ်တိုက်ပဋိပက္ခ မရှိတော့တဲ့ အခါမှာ ငြိမ်းချမ်းမှုဟာ တကယ်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ လူအချင်းချင်းမှာ ပဋိပက္ခမရှိတော့တာ မဟုတ်ဘဲ ရှိတဲ့ပဋိပက္ခကို ပူးပေါင်းဆောင်ရွက်တဲ့နည်းနဲ့ ဖြေရှင်းသွားရင် ယဉ်ကျေးမှုကြီးမားတဲ့ စာရိတ္တမြင့်မားတဲ့၊ လူ့အဖွဲ့အစည်းထုတ်လုပ်ရေး ပိုမိုမြင့်မား၊ ပိုမိုထွေပြားပြီး လူသားတရပ်လုံးကို အကျိုးပြုတဲ့၊ ထုတ်လုပ်ဆက်ဆံရေးမျိုးတွေ ဖြစ်တည်သွားမှာ ဖြစ်ပါတယ်။ ။

လူ့အဖွဲ့အစည်းပြောင်းလဲမှုဟာ မြန်ဆန်ပါတယ်။ သဘာဝလောကကြီးကတော့ သူ့ပင်ကိုယ်ပြောင်းလဲမှုဟာ လူ့အဖွဲ့အစည်းပြောင်းလဲမှုနဲ့ နှိုင်းစာရင် နှေးကွေးပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၁၀,၀၀၀ လောက်က ကမ္ဘာကြီးပူနွေးလာတာဟာ ဘယ်လောက်မှ သိသာတာမဟုတ်ပါ။ လွန်ခဲ့တဲ့ အနှစ် ၁၀,၀၀၀ ကစပြီး ကနေ့အထိ လူသားတွေရဲ့ ပြောင်းလဲတိုးတက်မှုကတော့ အံ့မခန်းပါပဲ။ အထူးသဖြင့် လူ့အဖွဲ့အစည်းမှာ စက်မှုတော်လှန်ရေးဖြစ်တဲ့အချိန်၊ အရင်းရှင်စနစ်က ပဒေသရာဇ်စနစ်ကို အလဲထိုးပြီး အားကောင်းမောင်းသန်ဖြစ်တဲ့အချိန်မှာ လူ့အဖွဲ့အစည်းရဲ့ ပြောင်းလဲမှုဟာ သိပ်မြန်လာပါတယ်။ ဒီလို လူ့အဖွဲ့အစည်းပြောင်းလဲလာတာနဲ့အမျှ လူ့လိုအပ်မှုအတွက် ထုတ်ယူသုံးစွဲတာ များပြားလာတဲ့ သဘာဝလောကကြီး ထိခိုက်မှုများပြားလာပြီး ကမ္ဘာကြီးပူနွေးမှုကို မြန်ဆန်စေလာပါတယ်။ ၂၀ ရာစု နှစ်ဦးပိုင်းမှာ ပေါက်ကွဲခဲ့တဲ့ ဆိုရှယ်လစ်တော်လှန်ရေးကြောင့် လူ့အဖွဲ့အစည်းမှာ အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်ဆိုတာ တည်ရှိလာပါတယ်။ ဒီစနစ် ၂ ခုရဲ့ ပဋိပက္ခကြောင့်ပဲ လူ့အဖွဲ့အစည်းဟာ ခုန်ပျံတိုးတက်လာပါတယ်။ ဒါပေမဲ့ တကယ့် ငြိမ်းချမ်းရေးကတော့ မရှိသေးပါ။ ထုတ်လုပ်ရေးတွေလည်း တိုးလာတယ်။ အတတ်ပညာ နည်းပညာတွေ တိုးတက်လာတယ်။ သိပ္ပံပညာ ပေါက်ကွဲမှုဖြစ်လာတယ်။ သဘာဝပတ်ဝန်းကျင် ပိုထိခိုက်လာတယ်။ ဂေဟာစနစ်တွေ တခုပြီးတခု ပြောင်းသွားပါမယ်။

လူ့အဖွဲ့အစည်းမှာ လူတန်းစားမရှိတော့ဘဲ တကယ့်ငြိမ်းချမ်းရေး ရှိသွားရင် လူ့အဖွဲ့

အစည်း ဖွံ့ဖြိုးတိုးတက်မှုဟာ ဒီထက်ပိုမြန်ဆန်သွားမှာ ဖြစ်တယ်။ ဂေဟစနစ်တွေလည်း ပိုမို ပြောင်းလဲသွားပါလိမ့်မယ်။

ဒါကြောင့် ဂေဟစနစ်မပြောင်းအောင် ထိန်းထားလို့ မရပါ။ လူ့အဖွဲ့အစည်းလည်း မပြောင်းလဲသွားအောင် ထိန်းထားလို့ မရပါ။ လူ့ပယောဂကြောင့် ဂေဟစနစ် ပျက်ယွင်းတဲ့နှုန်း နှေးကွေးသွားအောင် ထိန်းသိမ်းနိုင်သလောက် ထိန်းသိမ်းရင် ဂေဟစနစ် အသစ်တခု ဘယ်လိုပေါ် ပေါက်နိုင်ခြေရှိတယ်ဆိုတာ စူးစမ်းကာ အဲဒီဂေဟစနစ်သစ်မှာ လူသားဟာ လိုက်လျောညီထွေ ရှင်သန်နိုင်အောင် ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့ ပြင်ဆင်မှုတွေ လုပ်သွားရမှာ ဖြစ်ပါတယ်။

အဲဒါသာလျှင် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားရေးနဲ့ ဂေဟစနစ်တွေနဲ့ လူသားတွေ လိုက်လျောညီထွေရှင်သန်နိုင်ရေး ဖြစ်ပါမယ်။ ။

**အောင်စေမိုး**

လူ့အဖွဲ့အစည်းမှာ တကယ်တမ်း ငြိမ်းချမ်းရေးဆိုတာ လူ တန်းစားကွဲပြားမှု မရှိတော့တဲ့အချိန်မှ ရှိပါလိမ့်မယ်။ လူ အချင်းချင်း ထိပ်တိုက်ပဋိပက္ခတွေ ဖြစ်နေလို့ မငြိမ်းမချမ်း ဖြစ်တာဖြစ်ပါမယ်။ လူတန်းစားကွဲပြားနေလို့လည်း ထိပ် တိုက်ပဋိပက္ခ ဖြစ်နေတာပါ။ ထိပ်တိုက်ပဋိပက္ခ မရှိတော့တဲ့ အခါမှာ ငြိမ်းချမ်းမှုဟာ တကယ်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ လူအချင်းချင်းမှာ ပဋိပက္ခ မရှိတော့တာ မဟုတ်ဘဲ ရှိတဲ့ပဋိပက္ခကို ပူးပေါင်းဆောင်ရွက်တဲ့နည်း နဲ့ ဖြေရှင်းသွားရင် ယဉ်ကျေးမှုကြီးမားတဲ့ စာရိတ္တ မြင့်မား တဲ့၊ လူ့အဖွဲ့အစည်းထုတ်လုပ်ရေး ပိုမိုမြင့်မား၊ ပိုမို ထွေ ပြားပြီး လူသားတရပ်လုံးကို အကျိုးပြုတဲ့၊ ထုတ်လုပ် ဆက် ဆံရေးမျိုးတွေ ဖြစ်တည်သွားမှာ ဖြစ်ပါတယ်။ ။

## လူတန်းစားမျက်သိထားရေးတိုက်ပွဲရဲ့

# နိဒါန်း

**မိုးအောင်စည်**

၂၀ ရာစုအကုန်ပိုင်းနှစ်တွေဖြစ်တဲ့ အထူးသဖြင့် စစ်အေးကာလ ကုန်ဆုံးသွားတဲ့ အချိန်က စပြီး မာ့က်စ် ဝါဒဟာ ခေတ်ကုန်သွားပြီလို့ ပြောသံဆိုသံတွေ ထွက်လာတယ်။ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားတဲ့အခါမှာ မာ့က်စ် ဝါဒဟာ ပြိုကွဲသွားပြီလို့ ယူဆသူတွေလည်း ပေါ်လာတယ်။ မာ့က်စ် ဝါဒဟာ သဘောတရားအစုတ်အပြတ်ဆိုပြီး ချိုးဖဲ့ပြောဆိုသူတွေလည်း ပေါ်လာတယ်။ သမိုင်းရုပ်ဝါဒ နိဂုံးချုပ်ပြီလို့ ပြောသူတွေလည်း ရှိလာတယ်။ လူသမိုင်းဟာ လစ်ဘရယ်ဒီမိုကရေစီမှာ နိဂုံးချုပ်သွားပြီလို့ ယူဆသူတွေလည်း ပေါ်လာတယ်။ လစ်ဘရယ်ဒီမိုကရေစီသာလျှင် လူသားတွေရဲ့ ထွက်ပေါက်လို့ပြောသူတွေလည်း အသံကျယ်လောင်လာတယ်။

ဒီလိုယူဆသူတွေဟာ ကမ္ဘာကြီးမှာရှိနေတဲ့ လူ့အဖွဲ့အစည်းမှာ အရင်းရှင်စနစ်သာလျှင် မပြောင်းမလဲ ထာဝရတည်ရှိလိမ့်မယ်လို့ နားလည်သူတွေ ဖြစ်တယ်။ လူနေမှုစနစ်၊ လူနေမှုပုံစံ၊ လူ့သမိုင်းခေတ်တွေဟာ မပြတ် ပြောင်းလဲဖြစ်ပေါ်တိုးပွားနေတယ်ဆိုတာကို နားမလည်သူတွေ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေသူတွေ ဖြစ်ပါတယ်။ ပုပ်သိုးဆွေးမြေ့နေတဲ့ အရင်းရှင်စနစ်ရဲ့ အတွင်းသဘောကို မမြင်ဘဲ သိပ္ပံပညာနည်းပညာ အကူအညီ နဲ့ အရင်းရှင်စနစ်ရဲ့ သွေးစုပ်မှုကို ဆက်လက်ရှင်သန်နိုင်အောင် လုပ်ထားနိုင်တဲ့ ဘက်ကိုသာကြည့်ပြီး အရင်းရှင်စနစ်သာ လူ့အဖွဲ့အစည်းတိုးတက်မှုကို ဖြစ်စေတယ်လို့ အပေါ်ယံရုပ်ပြီး အပေါစားကောက်ချက်ချထားသူတွေသာ ဖြစ်ပါတယ်။ ၂၀ ရာစုအစပိုင်း မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးကြီး အောင်ပွဲခံပြီး ကတည်းက ကမ္ဘာပေါ်မှာ အရင်းရှင်စနစ်အပြင် သစ်လွင်တဲ့ဆိုရှယ်လစ်စနစ်ပါ တည်ရှိနေတယ်ဆိုတဲ့ အမှန်တရားကို မျက်ကွယ်ပြုနေကြသူတွေ ဖြစ်တယ်။ အိုဟောင်းသွားတဲ့စနစ်တခုဟာ သူ့အလိုလို အသာလေး နေရာဖယ်ပေးလိမ့်မယ်လို့ နားလည်တဲ့ လူအလူနတွေ ဖြစ်ပါတယ်။ သစ်လွင်တဲ့ လူမှုစနစ်တခုဟာ အခက်အခဲမရှိ၊ အဆုတ်အတက်၊ အကွေ့အကောက်မရှိ တသမတ်တည်း ဖွံ့ဖြိုးတိုးတက်သွားမယ်လို့ နားလည်တဲ့ သမိုင်းဗဟုသုတ နုံချာသူတွေ ဖြစ်ပါတယ်။ လူ့သမိုင်းမှာ အိုဟောင်းတဲ့စနစ်နဲ့ သစ်လွင်တိုးတက်တဲ့စနစ်တို့ဟာ တိုက်ပွဲမပြတ်ဆင်ကြရင်း နှစ်ဖက်လုံးမှာ အတက်အဆုတ် အကွေ့အကောက်တွေ ဖြတ်သန်းကြရတယ်။ အဲဒီလို ဖြတ်သန်းကြရင်း နောက်ဆုံးမှာ အိုဟောင်းတဲ့

စနစ်ဟာ ကြေပြုန်းသွားပြီး သစ်လွင်တဲ့စနစ်က အောင်ပွဲခံသွားပါတယ်။ အဲဒီလို အောင်ပွဲခံလိုက်တာဟာ ဖြစ်စဉ်တခုပြီးဆုံးသွားသလို ဖြစ်စဉ်အသစ်တခုကို ဆက်လက်တိုးပွားသွားတာဖြစ်နေတယ်။ ကမ္ဘာပေါ်မှာ တကယ့်မာ့က်စ်ဝါဒီတွေသာ ဒီလို ကြည့်မြင်တတ်ကြပါတယ်။ ဒီလို ယုံကြည်ကြပါတယ်။ ဒီလို လှုပ်ရှားကြပါတယ်။

စကြာဝဠာနဲ့အမျှ သဘာဝလောကကြီးတခုလုံး (သက်ရှိသက်မဲ့လောကအပါအဝင်) တို့ဟာ ရုပ်ဒြပ်တွေဖြစ်ပြီး မပြတ်လှုပ်ရှားပြောင်းလဲကာ အဲဒီလှုပ်ရှားပြောင်းလဲရာမှာ အနုပဋိလောမနည်းအရပဲ ဖြစ်တယ်။ လူ့လောကဟာလည်း အဲဒီသဘောအတိုင်းပဲ လှုပ်ရှားဖြစ်ပေါ် တိုးပွားနေတယ်ဆိုတာ မာ့က်စ်က တွေ့မြင်တယ်။ ဖော်ထုတ်တင်ပြနိုင်ခဲ့တယ်။ ဒါဟာ သဘာဝလောကကြီး၊ လူ့အဖွဲ့အစည်းတခုလုံးရဲ့ တည်ရှိဖြစ်ပေါ်လှုပ်ရှားနေတဲ့ ပကတိအမှန်တရားကို မာ့က်စ်က ဖော်ထုတ်လိုက်နိုင်တာ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ ပုဂ္ဂလိကပိုင်ဆိုင်တဲ့စနစ် ပေါ်ပေါက်လာကတည်းက ဖိနှိပ်သွေးစုပ်သူ လူတန်းစားနဲ့ ဖိနှိပ်ခံသွေးစုပ်ခံ လူတန်းစားပေါ်ပေါက်လာတယ်။ အဲဒါဟာ လူတန်းစားတိုက်ပွဲဖြစ်ပေါ်စေတာဖြစ်ပြီး၊ လူ့သမိုင်းဟာ လူတန်းစားတိုက်ပွဲသမိုင်းပဲ ဖြစ်သွားတယ်။ ဒီလူတန်းစားတိုက်ပွဲသမိုင်းဟာ သွေးစုပ်တဲ့စနစ်တွေအားလုံးကို ဖျက်သိမ်းပစ်တဲ့အချိန် တနည်းအားဖြင့် လူတန်းစားအားလုံး ဖျက်သိမ်းပြီးချိန်မှာ ပြီးဆုံးသွားမှာဖြစ်ပြီး၊ လူတန်းစားမဲ့ လူလောကကြီးရဲ့သမိုင်းကို လူတွေ ဆက်ရေးသွားလိမ့်မယ်။ အဲဒါဟာ မာ့က်စ်တင်ပြတဲ့ သမိုင်းရုပ်ဝါဒ တစုံလုံးရဲ့ အနှစ်ချုပ်ပဲ။ မာ့က်စ်ရဲ့ မနုပဋိ လောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒအမြင်တွေဟာ သိပ္ပံပညာထွန်းကားလာတာနဲ့အမျှ မှန်ကန်ကြောင်းသက်သေပြ ချက်တွေ ပိုမိုထွက်ပေါ်လာနေပါတယ်။ မာ့က်စ်ဝါဒ မတိုင်ခင်ကရှိခဲ့တဲ့ အဘိဓမ္မာ (ကမ္ဘာ့အမြင်) နဲ့ သမိုင်းအမြင်တွေကို မာ့က်စ်က အခြေအမြစ်ကနေ ရှင်းထုတ်လိုက်နိုင်ပြီး အမှန်တရားကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ကနေ့ မာ့က်စ်ဝါဒကို ဆန့်ကျင်တိုက်ခိုက်နေသူတွေဟာ မာ့က်စ်ရဲ့အနုပဋိလောမကို၊ ရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒ အမှန်တရားကို နည်းနည်းကလေးတောင် ကိုင်လှုပ်နိုင်စွမ်းမရှိကြပါ။ တနည်းပြောရင် မာ့က်စ်တင်ပြတဲ့ အမှန်တရားတွေကို သူတို့ဘယ်လိုမှ ချေဖျက်နိုင်စွမ်း၊ လွန်ဆန်နိုင်စွမ်း မရှိကြပါ။ ကနေ့မာ့က်စ်ဝါဒကို ရှုတ်ချပြစ်တင်နေသူတွေဟာ မာ့က်စ်ပြောခဲ့တဲ့အဆိုအမိန့် တစွန်းတစကို ဆွဲထုတ်ပြီး ကနေ့ခေတ်အခြေအနေနဲ့ ပုံစံချ စွပ်ကြည့်လိုက်ကြတယ်။ မကိုက်ညီတာတွေကို ပုံကြီးချဲ့ လိုရာဆွဲတွေးပြီး ကပေါက်တိကပေါက်ချာ ပြောဆို ဝေဖန်ရေးသားနေကြတာဖြစ်တယ်။ မာ့က်စ်ဝါဒကို အခြေအမြစ်ကျကျ ဝေဖန်ပယ်လှန်နိုင်စွမ်းသူ တယောက်မှ မရှိပါ။ မာ့က်စ်ဝါဒမှ အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါ’ဟာ အဲဒီလောက်ခိုင်မာကြည်လင်ပြတ်သားပါတယ်။

မာ့က်စ်ဝါဒကို လမ်းညွှန်အဖြစ် ဆုပ်ကိုင်ပြီး လူ့မှုပကတိဘာဝကို အကဲဖြတ်ကာ လူတန်းစားတိုက်ပွဲလမ်းကြောင်းကို ချမှတ်ရတာဖြစ်ပါတယ်။ တနည်းအားဖြင့် နိုင်ငံရေးလမ်းစဉ်ကို ချမှတ်ကြရတာဖြစ်ပါတယ်။ ဒီလို လုပ်တာမှာ ပကတိဘာဝကို အမှန်တကယ်ထင်ဟပ်နိုင်ရင် မှန်ကန်တဲ့ နိုင်ငံရေးလမ်းစဉ်နဲ့ နည်းနာတွေ၊ ပေါ်လစီတွေ ချမှတ်နိုင်ပါတယ်။ မှန်ကန်တဲ့ ကြိုတင်တွက်ချက်မှုတွေ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ပကတိဘာဝမှာ အပေါ်ယံအခြင်းအရာနဲ့ အတွင်းသဘောဆိုပြီး အမြဲတမ်းရှိတတ်တာကြောင့် လူတွေရဲ့ သိမြင်မှုမှာ ဒီကိစ္စတွေကို ရာနှုန်း ပြည့်ထင်ဟပ်နိုင်ဖို့ အတော်ခက်ပါတယ်။ ဒါကြောင့်ပဲ မာ့က်စ်ဝါဒ လှုပ်ရှားမှုအတွင်းမှာ အမြင်ကွဲလွဲမှုတွေ ပေါ်တာပါပဲ။ ဒီလို အမြင်ကွဲလွဲမှုတွေကို မာ့က်စ်တို့ ကိုယ်တိုင်လည်း ကြုံတွေ့ခဲ့ကြရတာပါပဲ။ ဒီလို အမြင်ကွဲလွဲလာရင် လက်တွေ့ဖြတ်

သန်းပြီး ဖြေရှင်းကြရပြန်ပါတယ်။

မာ့က်စ်တို့ အိန်ဂယ်တို့ အသက်ထင်ရှားရှိစဉ်က အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်ရဲ့ သွင်ပြင်ဟာ တမျိုးဖြစ်ပါတယ်။ ဒါကြောင့် မာ့က်စ်တို့က တကမ္ဘာလုံးနဲ့ချီပြီး ပစ္စည်းမဲ့တော်လှန်ရေး ဒါမှမဟုတ် ဆိုရှယ်လစ်တော်လှန်ရေးကို လုပ်ရမယ်လို့ပဲ မြင်ပါတယ်။ ဒါပေမဲ့ မာ့က်စ်တို့ အိန်ဂယ်တို့ ကွယ်လွန်ပြီးတဲ့နောက် ဖြစ်ပေါ်တိုးပွားလာ တဲ့ အရင်းရှင်နယ်ချဲ့စနစ်ရဲ့ ပုပ်သိုးဆွေးမြေ့မှုနဲ့ ချည့်နဲ့မှုကို တွေ့ရှိသွားတဲ့ လီနင်က နယ်ချဲ့အင်အား သံကြိုးကွင်း ဆက်အပျော့ဆုံးနေရာမှာ ရိုက်ချိုးနိုင်တယ်။ တိုင်းပြည်တခုချင်းမှာလည်း ဆိုရှယ်လစ်တော်လှန်ရေး လုပ်နိုင်တယ် လို့ သုံးသပ်ပြီး လက်တွေ့လုပ်ဆောင်လိုက်ပါတယ်။ ပကတိအခြေအနေကို လီနင် တကယ်ထင်ဟပ်လိုက်နိုင်တဲ့အခါမှာ ရုရှားနိုင်ငံမှာ မဟာဆိုရှယ်လစ်တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပါတယ်။ ရုရှားနိုင်ငံမှာတော့ ဘုရင်သွေးစုပ်ဖိနှိပ်အုပ်ချုပ်တဲ့စနစ်ကို အဆုံးသတ်စေလိုက်နိုင်ပါတယ်။

ဒီလို အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အောင်မြင်တဲ့အခါမှာ နိုင်ငံတကာက အုပ်စိုးသူ အရင်းရှင်လူတန်းစားအစိုးရ (အထူးသဖြင့် ဥရောပနိုင်ငံများ) က လီနင် ဦးဆောင်တဲ့ ဆိုဗီယက်အစိုးရ (အလုပ်သမား လယ်သမားအာဏာ) ကို ဖြုတ်ချဖို့ လုံးပန်းကြပါတယ်။ ရုရှားပြည်တွင်းက သွေးစုပ်သူလူတန်းစားကလည်း လုံးပန်းပါတယ်။ ဒါကြောင့် ပြည်တွင်းစစ် ဖြစ်လိုက်ပါသေးတယ်။ လီနင်ကလည်း တော်လှန်ရေး အောင်သီးအောင်နှံ ထိန်းသိမ်းနိုင်ဖို့နဲ့ တော်လှန်ရေးတိုးချဲ့နိုင်ဖို့ ကိုလိုနီနိုင်ငံတွေက လယ်သမားလူတန်းစား အဖိနှိပ်ခံပြည်သူတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွေနဲ့ ပေါင်းကူးမိအောင် လုပ်နိုင်ခဲ့ပါတယ်။

ဒါကြောင့်ကမ္ဘာမှာ အရင်းရှင်နယ်ချဲ့စနစ်နဲ့ ဆိုရှယ်လစ်စနစ်တိုက်ပွဲဟာ သိသိသာသာကြီး ဖြစ်ပေါ်လာတယ်။ အဖိနှိပ်ခံပြည်သူတွေ အမျိုးသားတွေဟာ မိမိတို့ဘဝ လွတ်မြောက်ဖို့အတွက်ဆိုရင် အရင်းရှင်နယ်ချဲ့စနစ်ကို ဆန့်ကျင်ပြီး ဆိုရှယ်လစ်စနစ်ကို ထောက်ခံရမယ်ဆိုတာ သိလာကြတယ်။ အဲဒါဟာ ကမ္ဘာပေါ်မှာ လူတန်းစားတိုက်ပွဲအသွင်အပြင် တမျိုးတဖုံ ပြောင်းသွားတာပဲဖြစ်ပါတယ်။ ဒီအပြင် လူတန်းစားတိုက်ပွဲဟာ လူတန်းစားရှိတဲ့  လူ့အဖွဲ့အစည်းမှာ ဆင်နွှဲတဲ့ နောက်ဆုံးတိုက်ပွဲလည်းဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ လူတန်းစားတွေ ကွဲပြားလာပြီး လူတန်းစားတိုက်ပွဲ ဆင်နွှဲလာတာမှာ သွေးစုပ်မှုစနစ်တခုကနေ နောက်သွေးစုပ်မှုစနစ်တခုကို ပြောင်းသွားစေခဲ့တာသာ ဖြစ်ပါတယ်။ ကနေ့အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်ဖြစ်နေတဲ့ လူတန်းစားတိုက်ပွဲကတော့ သွေးစုပ်တဲ့စနစ်ဖျက်သိမ်းရေး၊ လူတန်းစားတွေဖျက်သိမ်းရေး တိုက်ပွဲဖြစ်ပါတယ်။ ကမ္ဘာ့လူသားတရပ်လုံးဟာ ၂၀ ရာစုအစပိုင်း ဒါမှမဟုတ် ၁၉၁၇ ခုနှစ် ရုရှား မဟာအောက်တိုဘာတော်လှန်ရေး အောင်ပွဲခံတဲ့ အချိန်က စပြီး ဒီသမိုင်းခေတ်ကြီးထဲမှာ ဖြတ်သန်းကျင်လည်ရတာ ဖြစ်သွားပါတယ်။ အရင်းရှင်စနစ်က လူတန်းစားကွဲပြားမှုနဲ့ သွေးစုပ်တဲ့စနစ်ကို ထိန်းသိမ်းရေးဖြစ်ပြီး ဆိုရှယ်လစ်စနစ်ကတော့ လူတန်းစားကွဲပြားမှုနဲ့ သွေးစုပ်စနစ်ကို ဖျက်သိမ်းရေးဖြစ်ပါတယ်။ ဒီတိုက်ပွဲဟာ နှစ်ကာလအားဖြင့် ရာစုနှစ်နဲ့ချီပြီး ကြာနိုင်ပါတယ်။ ဒါပေမဲ့ ရာစုနှစ် ပေါင်းများစွာ ကြာစရာအကြောင်းမရှိပါ။

အရင်းရှင်စနစ်ဟာ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်အထိ ဖွံ့ဖြိုးသွားတဲ့ အခါမှာ အရင်းရှင်လက်ဝါးကြီးအုပ် နယ်ချဲ့သူအချင်းချင်း ဈေးကွက်လုရာက ကမ္ဘာကြီးကို ပြန်လည်ခွဲဝေယူကြရမယ့်အခြေအနေကို  ရောက်လာတယ်။ လက်ဝါးကြီးအုပ်အရင်းရှင် နယ်ချဲ့စနစ်ဟာ ကပ်ပါးစနစ်ဖြစ်တယ်။ သူ သွေးစုပ်စရာနယ်ပယ်၊ သွေးစုပ်စရာနေရာ မရှိရင် သူ့အသက်ရှင်ရပ်တည်

ရေး မဖြစ်နိုင်တော့ပါ။ ဒါကြောင့် ကမ္ဘာကြီးမှာ ဈေးကွက်နယ်ပယ်တွေ ပြန်လည် ခွဲဝေယူရမယ့်အထိ လက်ဝါးကြီးအုပ်အရင်းရှင် နယ်ချဲ့သမားအချင်းချင်းမှာ ပဋိပက္ခ သည်းသန်ပြင်းထန်ပါတယ်။ ဒီပဋိပက္ခကို စစ်ပွဲနည်းနဲ့ ဖြေရှင်းကြတယ်။ ဒါကြောင့် ပထမကမ္ဘာစစ်ကြီးဖြစ်လာတယ်။ (၁၉၁၄ – ၁၉၁၈)။ ဒီလို နယ်ချဲ့အရင်းရှင်အချင်းချင်း အသေအကြေတိုက်ကြတဲ့ အခြေအနေကို အခွင့်ကောင်း ယူပြီး လီနင်ဦးဆောင်တဲ့ ဘော်လ်ရှီဗစ်ပါတီ (နောင်မှာ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ) က ရုရှား မဟာအောက် တိုဘာဆိုရှယ်လစ်တော်လှန်ရေးကို ၁၉၁၇ မှာ အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပါတယ်။

အရင်းရှင်နယ်ချဲ့သမားတွေဟာ ပထမကမ္ဘာစစ်ပွဲနဲ့ သူတို့ရဲ့ ပဋိပက္ခတွေကို ဖြေရှင်းလိုက် ပြီးတဲ့နောက် ပြန်လည်နေရာချ အားမွေးကြပြန်တယ်။ စစ်နိုင် နိုင်ငံတွေက စစ်ရှုံးနိုင်ငံတွေ နာလန်မထူ နိုင်အောင် အစီအစဉ်တွေချ လုပ်ဆောင်ကြပါတယ်။ စစ်ရှုံးနိုင်ငံတွေကလည်း မကြေပွဲနွှဲဖို့ ပြင်ဆင်မှုတွေ လုပ်ကြပါတယ်။ တဖက်မှာ အသစ်ပေါ်လာတဲ့ ဆိုရှယ်လစ်စနစ်ကို ပုခက်တွင်းမှာပင် လည်မျိုညှစ်သတ်ဖို့ ကြိုးစားကြပါတယ်။ အရင်းရှင်နယ်ချဲ့သမားတွေဟာ ကွန်မြူနစ်ဆန့်ကျင်ရေးမှာ တူညီကြပြီး လည်ပင်းဖက် လက်တွဲနိုင်ကြပေမယ့် သူတို့အချင်း ချင်းဖြစ်တဲ့ ပဋိပက္ခမှာကျတော့ အပြန်အလှန် လည်မျိုညှစ်ကြပါတယ်။ ဒါကြောင့် အရင်းရှင်နယ်ချဲ့သမားတွေမှာ ဖက်ဆစ်အုပ်စုနဲ့ ဖက်ဆစ်မဟုတ်တဲ့ အရင်းရှင်ဒီမိုကရေစီအုပ်စုဆိုပြီး ဒီ ၂ ခု သိသိသာသာ ကွဲပြဲသွားပါတယ်။

လီနင်စတာလင်တို့ ခေါင်းဆောင်တဲ့ ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီဟာ အရင်းရှင် နယ်ချဲ့စနစ်ရဲ့ သဘောသဘာဝကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာလေ့လာပြီး နယ်ချဲ့သမားတွေရဲ့ ပဋိပက္ခကို ကမ္ဘာ့တော်လှန်ရေးအတွက် အသုံးချနိုင်ခဲ့ပါတယ်။ ဒီလိုလုပ်နိုင်တာဟာ လီနင်တို့ စတာလင်တို့ဟာ မာ့က်စ်ရဲ့ ကမ္ဘာ့အမြင်ကို ဆုပ်ကိုင် ပြီး မာ့က်စ်ရဲ့ နည်းနာတွေအရ အရင်းရှင်နယ်ချဲ့စနစ်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်နိုင်ခဲ့လို့ ဖြစ်ပါတယ်။ တ နည်းအားဖြင့် မာ့က်စ်ဝါဒကို လမ်းညွှန်အဖြစ် ခံယူကျင့်သုံးနိုင်ခဲ့လို့ ဖြစ်ပါတယ်။ ဒါကြောင့် လီနင်စတာလင်တို့ ဟာ မာ့က်စ်ဝါဒ လှုပ်ရှားမှုအတွင်းမှာ ပေါ်ပေါက်လာတဲ့ မှားယွင်းတဲ့အယူအဆကိုလည်း ဖြေရှင်းပစ်လိုက်နိုင်တယ်။ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်ဖြစ်တဲ့ တတိယအင်တာနေရှင်နယ်ကိုလည်း ထူထောင်လိုက်နိုင်တယ်။ ကမ္ဘာ့ နေရာအသီးသီးကို မာ့က်စ်ဝါဒ ပြန့်ပွားသွားအောင် လုပ်လိုက်နိုင်ခဲ့တယ်။ နယ်ချဲ့စနစ်ကို ဆန့်ကျင်နေတဲ့ ကိုလိုနီ ကိုလိုနီတပိုင်းနိုင်ငံက အမျိုးသားလွတ်လပ်ရေးနဲ့ လွတ်မြောက်ရေးတိုက်ပွဲတွေကိုလည်း လမ်းညွှန်အားဖြည့်ပေးနိုင်ခဲ့တယ်။ ဆိုရှယ်လစ်လှုပ်ရှားမှု ဒါမှမဟုတ် မာ့က်စ်ဝါဒလှုပ်ရှားမှုဟာ ဂုဏ်သိက္ခာ တက်ခဲ့တယ်။ အရှိန်မြင့်မားခဲ့တယ်။

အရင်းရှင်နယ်ချဲ့စနစ်ဘက်မှာတော့ သူတို့ပဋိပက္ခကို ပြေလည်အောင် မဖြေရှင်းနိုင်ဘဲ တနေ့ထက်တနေ့ ရန်စောင်လာကြတာကြောင့် ၁၉၃၉ ခုနှစ်ရောက်တဲ့အခါမှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တဲ့အထိ ပဋိပက္ခဟာ ပြင်းထန်ခဲ့တယ်။ တကယ်တော့ အင်္ဂလိပ်နယ်ချဲ့သမားခေါင်းဆောင်တဲ့ အုပ်စုနဲ့ ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံတွေဖြစ်တဲ့ အီတလီ၊ ဂျာမဏီ၊ ဂျပန်ဆိုတဲ့ အရင်းရှင်နယ်ချဲ့အုပ်စု ၂ ခု တိုက်တဲ့ စစ်ပွဲပဲဖြစ်တယ်။ ဒီ နယ်ချဲ့သမားအချင်းချင်း ဖြစ်တဲ့စစ်ပွဲကို အသုံးချပြီး ကိုလိုနီ နိုင်ငံတွေရဲ့ အမျိုးသားလွတ်လပ်ရေးနဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုတွေဟာလည်း အရှိန်အဟုန် မြင့်တက်လာခဲ့တယ်။ ဂျာမဏီက ဆိုဗီယက်ယူနီယံကို ဝင်တိုက်လိုက်တဲ့အခါမှာတော့ ဒုတိယ ကမ္ဘာစစ်ပွဲရဲ့ နယ်ချဲ့အချင်းချင်းခင်းတဲ့ စစ်ပွဲလက္ခဏာကနေ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေးစစ်ပွဲလက္ခဏာကို ပြောင်းသွားပါတယ်။ တတိယအင်တာနေရှင်နယ်က ဖက်ဆစ်ဆန့်

ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးနဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုတွေ အင်တိုက်အားတိုက် လုပ်ဆောင်ကြအောင် လှုံ့ဆော်တာ ရှေ့ဆောင်လမ်းညွှန်တာတွေ လုပ်ပါတယ်။ စစ်ပွဲလက္ခဏာပြောင်းလဲသွားပြီး နိုင်ငံအသီးသီး နေရာယူမှုတွေ အပြောင်းအလဲတွေ သိပ်မြန်ဆန်တာကြောင့် တနေရာတည်းကနေ ဦးစီးလုပ်ဆောင်ဖို့ ခက်ခဲတာကြောင့် ကွန်မြူနစ်ပါတီများဟာ မိမိဆိုင်ရာလူ့အဖွဲ့အစည်းမှာ ထိထိရောက်ရောက် ခေါင်းဆောင်မှုပေးနိုင်ဖို့အတွက် တတိယ အင်တာနေရှင်နယ်ကို ကွန်မြူနစ်ပါတီများ သဘောတူညီချက်အရ ၁၉၄၃ မေလ ၁၅ ရက်နေ့မှာ အမှုဆောင်အဖွဲ့က တရားဝင်ဖျက်သိမ်းကြောင်း ကြေညာလိုက်ပါတယ်။ ကမ္ဘာ့ကွန်မြူနစ်ပါတီတွေဟာ အားကောင်းမောင်းသန်ပေါ်ထွက်လာတဲ့ မာ့က်စ်ဝါဒ ကမ္ဘာအနှံ့ အရှိန်ဩဇာကြီးကြီးနဲ့ ပျံ့နှံ့သွားတဲ့ သဘောဖြစ်ပါတယ်။ တဖက်မှာ အရင်းရှင်နယ်ချဲ့စနစ်ဟာ စစ်ပွဲဒဏ်ကြောင့် အားပျက်ညှိုးရော်သွားကာ ကိုလိုနီအများအပြားကို လက်လွှတ်ဆုံးရှုံးသွားရပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာ အရင်းရှင်နယ်ချဲ့အုပ်စုဘက်မှာ အမေရိကန်ဟာ ခေါင်းဆောင်မှုရလာတယ်။ အင်္ဂလိပ်နယ်ချဲ့သမားကတော့ အထည်ကြီးပျက် ဖြစ်သွားပါတယ်။ နယ်ချဲ့အချင်းချင်းဖြစ်တဲ့ ပဋိပက္ခကိုလည်း တနည်းတဖုံ ပြေလျော့အောင် ထိန်းညှိတာတွေ လုပ်ကြပါတယ်။ အရှေ့ဥရောပတခုလုံး ဆိုရှယ်လစ်နိုင်ငံတွေ ဖြစ်လာတယ်။ ဒုတိယကမ္ဘာစစ်မှာ နယ်ချဲ့ဖက်ဆစ်အုပ်စုကို အနိုင်တိုက်နိုင်တဲ့ အရင်းရှင်ဒီမိုကရေစီအုပ်စုနဲ့ ဆို ရှယ်လစ်အုပ်စုတို့ဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကို ထူထောင်လိုက်ကြတယ်။ ကမ္ဘာမှာ အရင်းရှင်ဒီမိုကရေစီနဲ့ ဆို ရှယ်လစ်ဒီမိုကရေစီအုပ်စု အပြင်လွတ်လပ်ခါစနိုင်ငံတွေ စုစည်းထူထောင်တဲ့ ဘက်မလိုက်အုပ်စုဆိုပြီး အင်အားစုတွေ ပေါ်လာတယ်။ စနစ်ချင်းမတူတဲ့နိုင်ငံတွေ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ ၅ ချက်ကို နိုင်ငံချင်းဆက်ဆံရာမှာ ကျင့်သုံးဖို့ ဘက်မလိုက်ကြားနေရေးအုပ်စုက စတင်တင်ပြရာက နောင်မှာ ကမ္ဘာ့ကုလသမဂ္ဂကြီးကပါ ဒီမူကို အတည်ပြုကျင့်သုံးတာ ဖြစ်လာတယ်။ အရင်းရှင်အုပ်စုကလည်း အရင်းရှင်စနစ်တည်တံ့ခိုင်မြဲရေး လုံးပန်းပါတယ်။ ဆိုရှယ်လစ်အုပ်စုကလည်း အရင်းရှင်စနစ်ဖျက်သိမ်းရေး၊ ဆို ရှယ်လစ်စနစ် ထူထောင်ရေးကို လုံးပန်းပါတယ်။ သဘောတရားအရ နိုင်ငံရေးအရ တိုက်ပွဲတွေ ဖြစ်ပေါ်လာပါ တယ်။ အရင်းရှင်နယ်ချဲ့သမားတွေက သူတို့ကျင့်သုံးတဲ့ နိုင်ငံရေးအာဏာဟာ အရင်းရှင်ဒီမိုကရေစီအာဏာရှင်စနစ် မဟုတ်ဘဲ ဒီမိုကရေစီစနစ် ဖြစ်တယ်ဆိုပြီးပြောတယ်။ ဆိုရှယ်လစ်အုပ်စုက ကျင့်သုံးတဲ့ နိုင်ငံရေးအာဏာဟာ ဆိုရှယ်လစ်ဒီမိုကရေစီ အာဏာရှင်စနစ်မဟုတ်ဘဲ အာဏာရှင်စနစ်ဖြစ်တယ်ဆိုပြီး တိုက်ခိုက်ပါတယ်။ အရင်းရှင်အုပ်စုဟာ ဒီမိုကရေစီအုပ်စု၊ ဆိုရှယ်လစ်အုပ်စုကို အာဏာရှင်အုပ်စုဆိုပြီး အရင်းရှင်နိုင်ငံရေးသမားတွေက မဟုတ်မတရား ပြောနေကြတာ ကနေ့အထိပဲ။

အဲဒီလို ဝါဒရေးရာ၊ နိုင်ငံရေးရာ၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံးမှာ ဒီအုပ်စု ၂ ခုဟာ အမြဲဆန့်ကျင်ဖက် ဖြစ်နေကြတယ်။ စစ်အုပ်စုတွေလည်း ဖွဲ့ကြတယ်။ စစ်ပွဲတွေ ခင်းတော့မယ့် အခြေအနေထိတောင် ဖြစ်လာတယ်။ အဲဒီလို ဖြစ်နေတာကို ကမ္ဘာမှာ စစ်အေးတိုက်ပွဲဖြစ်တယ်လို့ ခေါ်ကြပါတယ်။ တကယ်တော့ လူတန်းစားတိုက်ပွဲရဲ့ ဖော်ပြချက်တမျိုးဖြစ်ပါတယ်။ ဒီစစ်အေးကာလမှာ ဘက် ၂ ဖက်စလုံးမှာ အကြီးအကျယ် အပြောင်းအလဲတွေ ဖြစ်ပါတယ်။

အရင်းရှင်အုပ်စုဟာ အမေရိကန်လက်ဝါးကြီးအုပ် အရင်းရှင်နယ်ချဲ့သမားကို ဆရာတင်လိုက်ခြင်းဖြင့် အရင်းရှင်အုပ်စုချင်းဖြစ်ပွားတဲ့ ပဋိပက္ခကို တစုံတရာပြေလျော့စေလိုက်တယ်။ ထုတ်

လုပ်ရေးတွေမှာ၊ ဈေးကွက်တွေမှာ၊ စီမံခန့်ခွဲမှုတွေမှာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ခြင်းဖြင့် အရင်းရှင်စနစ်ရဲ့ ထုတ်လုပ်ရေး၊ ဈေးကွက်၊ သွေးစုပ်မှုတွေကို ဆက်လက်ထိန်းသိမ်းနိုင်လိုက်တယ်။ အရင်းအနှီးလက်ဝါးကြီးအုပ်မှု အတိုင်းအတာကို ပိုကြီးထွားအောင် လုပ်နိုင်ခဲ့တယ်။ အရင်းရှင်တွေဟာ သူတို့ဖိနှိပ်သွေးစုပ်ခံရတဲ့ လူတန်းစားတွေ အသက်ရှင်သန်နေနိုင်အောင် လုပ်ပေးတဲ့နည်းနဲ့ သူတို့ရဲ့ သွေးစုပ်မှု ရေရှည်တည်တံ့အောင် လုပ်နိုင်ခဲ့တယ်။ ဝယ်လိုအား မြှင့်တင်တဲ့နည်းကို သုံးပြီး သူ့ရဲ့ သွေးစုပ်မှုကို ထိန်းသိမ်းလိုက်နိုင်တယ်။ သိပ္ပံနည်းပညာတွေကို အရင်းရှင်တွေက လက်ဝါးကြီးအုပ်ထားလိုက်နိုင်တာဟာလည်း အရင်းရှင်စနစ်ကိုပိုပြီး သက်ဆိုးရှည်စေလိုက်နိုင်ပါတယ်။ ဗြိတိသျှနေသဟာယအဖွဲ့တို့လို၊ ဥရောပဘုံဈေးအဖွဲ့တို့လို အဖွဲ့တွေလည်း ဖွဲ့လာနိုင်ပါတယ်။ အခုတော့ အီးယူလိုဟာတွေ၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့လိုဟာတွေအထိ ဖွဲ့စည်းလာနိုင်တဲ့အထိ ဖြစ်လာပါတယ်။ ကိုလိုနီအသွင်သစ်ကို ဖန်တီးခြင်းအားဖြင့် နယ်ချဲ့စနစ်ကို ဆက်ပြီးထိန်းသိမ်းလိုက်နိုင်တယ်။ တဖက်မှာတော့ ကွန်မြူနစ်ဆန့်ကျင်ရေးကို အပြတ်သားဆုံး လုပ်ကိုင်ပါတယ်။

ဒီလို အရင်းရှင်အုပ်စုဖက်က ပြုပြင်ပြောင်းလဲရေးတွေလုပ်ပြီး သူတို့အတွင်းပဋိပက္ခကို တစုံတရာ ထိန်းညှိလာနိုင်တဲ့အချိန်မှာ ကွန်မြူနစ်အုပ်စုအတွင်းမှာ အရင်းရှင်စနစ်ကို အကဲဖြတ်တာမှာ ကွဲလွဲမှုတွေ ပေါ်ပေါက်လာတယ်။ တချို့က အရင်းရှင်စနစ် အသွင်ပြောင်းနေတာကို ကြည့်ပြီး ခေတ်သစ်အရင်းရှင်စနစ်ဟာ တိုးတက်တယ်လို့ မြင်လာတယ်။ တချို့က မာ့က်စ်တို့ရဲ့ ကမ္ဘာ့အရင်းရှင်စနစ်အပေါ် ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားချက်တွေဟာ လွဲချော်ကုန်ပြီလို့ ယူဆလာကြတယ်။ အဲဒီလို ယူဆလာကြသူတွေဟာ မာ့က်စ်ဝါဒ ဒါမှမဟုတ် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ၊ ဒါမှမဟုတ် ကွန်မြူနစ်ဝါဒရဲ့ အရင်းခံအမြင်၊ သဘောတရားတွေကို စွန့်ပယ်လိုက်ကြတယ်။ ဒါနဲ့ မာ့က်စ်ဝါဒ လှုပ်ရှားမှုထဲမှာ ပြန်လည်ပြင်ဆင်ရေးဝါဒ ပေါ်လာတယ်။

ပြန်လည်ပြင်ဆင်ရေးဝါဒဟာ မာ့က်စ်ဝါဒရဲ့ ကမ္ဘာ့အမြင်၊ လူတန်းစားတိုက်ပွဲ သဘောတရား၊ ပစ္စည်းမဲ့ အာဏာရှင်စနစ်အခြေခံမှုအားလုံးကို စွန့်ပယ်တဲ့ ကွန်မြူနစ်ဝါဒလှုပ်ရှားမှုအတွင်း ပေါ်ပေါက်ခဲ့တဲ့ မှားယွင်းတဲ့အယူအဆတမျိုး ဖြစ်ပါတယ်။ ကွန်မြူနစ်ဝါဒလှုပ်ရှားမှုအတွင်းမှာ လက်ဝဲသွေဖီရေး၊ လက်ယာသွေဖီရေး၊ ပြန်လည်ပြင်ဆင်ရေးဝါဒစသည်ဖြင့် မှားယွင်းတဲ့ အတွေးအခေါ် အယူအဆတွေ အမြဲပေါ်ခဲ့တယ်။ မာ့က်စ်တို့၊ အိန် ဂယ်တို့၊ လီနင်တို့၊ စတာလင်တို့၊ မော်စီတုန်းတို့ဟာ ဒီလိုမှားယွင်းတဲ့အယူအဆတွေကို တိုက်ပွဲဆင်ရင်း တကယ့်အမှန်တရားကို ဖော်ထုတ်ကျင့်သုံးနိုင်ခဲ့ကြတဲ့ ကွန်မြူနစ်ဝါဒ ခေါင်းဆောင်တွေ ဖြစ်ခဲ့ကြတယ်။ ဒါကြောင့် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ၊ ဒါမှမဟုတ် ကွန်မြူနစ်ဝါဒလို့ပြောရင် အဲဒီလူပုဂ္ဂိုလ်တွေနဲ့ ခွဲလို့မရသလို ဖြစ်သွားပါတယ်။ မာ့က်စ်ဝါဒဟာ ကွန်မြူနစ်ဝါဒ၊ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒဟာ မာ့က်စ်ဝါဒ ဖြစ်နေတာပါပဲ။

ဒုတိယကမ္ဘာစစ်ပွဲအပြီး စစ်အေးကာလမှာ ပေါ်ပေါက်လာတဲ့ ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒဟာ လီနင်စတာလင်တို့ ထူထောင်ခဲ့တဲ့ ဆိုဗီယက်ကွန်မြူနစ်ပါတီအတွင်းမှာ ပေါ်ပေါက်ခဲ့ပါတယ်။ စတာလင် ကွယ်လွန်ပြီးနောက် ခရုးရှက်ဟာ ဆိုဗီယက်ကွန်မြူနစ်ပါတီအတွင်းမှာ ဒီအယူအဆ အသာစီးရအောင် လုပ်ဆောင်ခဲ့တယ်။ ဒီပြန်လည်ပြင်ဆင်ရေးဝါဒဟာ ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီကို ပစ္စည်းမဲ့လူတန်းစားရဲ့ နိုင်ငံရေးပါတီ ဘဝကနေ အရင်းရှင်လူတန်းစား နိုင်ငံရေးပါတီအဖြစ် ကျဆင်းသွားအောင် လုပ်ပစ်လိုက်ခဲ့တယ်။ ကမ္ဘာမှာ ပထမဦးဆုံးထူထောင်တဲ့ ဆိုရှယ်

လစ်ဒီမိုကရေစီနိုင်ငံဟာလည်း အရင်းရှင်ဒီမိုကရေစီနိုင်ငံအဖြစ် လျှောကျသွားခဲ့တယ်။ ပစ္စည်းမဲ့ ဒီမိုကရေစီအာဏာရှင်စနစ် နိုင်ငံဟာ အရင်းရှင် ဒီမိုကရေစီ အာဏာရှင်စနစ်နိုင်ငံအဖြစ် လျှောကျသွားတယ်။ အလုပ်သမား လယ်သမားအာဏာ ဒါမှမဟုတ် ပြည်သူ့အာဏာဟာ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်တဲ့ အရင်းရှင်လူတန်းစားရဲ့ အာဏာဖြစ်သွားတယ်။ ပစ္စည်းမဲ့ ဒီမိုကရေစီ အာဏာရှင်စနစ် ဒါမှမဟုတ် ဆိုဗီယက်အာဏာ ဒါမှမဟုတ် ပြည်သူ့အာဏာအရ တည်ဆောက်ထားတဲ့ ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စုကြီးဟာ အရင်းရှင်စနစ်၊ အရင်းရှင်အာဏာ၊ အရင်းရှင်ဒီမိုကရေစီစနစ်အောက်မျှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတယ်။ ကမ္ဘာ့မြေပုံမှာ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံကြီး ပျောက်ပြီး နိုင်ငံသစ်အများအပြား ပေါ်ထွက်လာခဲ့တယ်။

ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီမှာ ပြန်လည်ပြင်ဆင်ရေးဝါဒ ပေါ်ပေါက်လာတဲ့အခါမှာ ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုအတွင်းမှာ သဘောတရားရေးရာ ဆွေးနွေးငြင်းခုံမှုတွေ၊ ဝေဖန်မှုတွေ၊ ဖွင့်ချတိုက်ခိုက်မှုတွေ လုပ်ရာကနေ နောက်ဆုံးမှာ ဆိုဗီယက်အုပ်စုနဲ့ တရုတ်အုပ်စုဆိုပြီး ကွဲထွက်ကုန်ပြန်ပါတယ်။ ဒီလို လူသိရှင်ကြား မကွဲခင်မှာ ၈၁ နိုင်ငံကြေညာချက်လုပ်နိုင်တဲ့အထိ ကွန်မြူနစ်ပါတီတွေဟာ တွေ့ကြ ဆွေးနွေးကြ၊ အမြင်ဖလှယ်ကြ၊ ငြင်းခုံကြပါသေးတယ်။ ဒါပေမဲ့ ၈၁ နိုင်ငံကြေညာချက်ထွက်ပြီးနောက် အုပ်စုတွေကွဲသွားပြီးတဲ့အခါမှာတော့ ကမ္ဘာ့နိုင်ငံ အသီးသီးက ကွန်မြူနစ်ပါတီတွေဟာ မိမိသန်ရာအုပ်စုပါတီတွေနဲ့သာ ဆက်သွယ်တာ လုပ်လာကြတော့တယ်။ ဒီနည်းနဲ့ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုဟာ ကြဲကွဲသွားပါတယ်။

ဒီတချိကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုဟာ သဘောထားကွဲကြပြီး ကြဲကွဲသွားတော့ ဂယက်ဟာ သိပ်ကြီးမားပါတယ်။ ကွန်မြူနစ်ပါတီတခုချင်းမှာလည်း သဘောတရားရေးရာ အကြီးအကျယ် ကွဲလွဲမှုတွေ ဖြစ်ကုန်ပါတယ်။ ဒီလိုသဘောတရားရေးရာ ကွဲလွဲမှုတွေကို ဖြေရှင်းရာမှာ ဆီလျော် မှန်ကန်တဲ့နည်းနာတွေနဲ့ မကိုင်တွယ်နိုင်တဲ့အတွက် ထိခိုက်နစ်နာမှုတွေ အလွန်ကြီးမားပါတယ်။ ပါတီတခုချင်းမှာလည်း ထိခိုက်နစ်နာခဲ့ပါတယ်။ ဆိုရှယ်လစ် နိုင်ငံအချင်းချင်း စစ်ခင်းတဲ့အထိလည်း ပြဿနာရှုပ်ထွေးသွားကုန်ပါတယ်။ အာဏာလက်ရှိ ကွန်မြူနစ်ပါတီတ ချို့က ကွန်မြူနစ်ဝါဒ ပြိုကွဲသွားပြီး မာ့က်စ်ဝါဒ ကျဆုံးသွားပြီလို့ အမိုဟာယ်ဖွင့်ကြတာဖြစ်ပါတယ်။ တကယ်တော့ မာ့က်စ်ဝါဒဟာ ကမ္ဘာအနှံ့အပြားကို ပျံ့နှံ့သွားတာဖြစ်ပါတယ်။ အာဏာရကွန်မြူနစ်ပါတီတွေ အာဏာလက် လွှတ်သွားရမှု၊ ဆိုရှယ်လစ်နိုင်ငံတွေ အရင်းရှင်နိုင်ငံအဖြစ် ပြောင်းလဲသွားမှုဆိုတဲ့ဘက်က ကြည့်ရင်တော့ မာ့က်စ်ဝါဒ လှုပ်ရှားမှုဟာ အခိုက်အတန့် နောက်ဆုတ်လိုက်ရတာဖြစ်ပါတယ်။ တော်လှန်ရေးတွေ မပေါက်ကွဲတော့ပါ။ ဒါပေမဲ့ မာ့က်စ်ဝါဒကတော့ ဆက်လက်ဖြစ်ပေါ်တိုးပွားပါတယ်။

စစ်အေးလွန်ကာလဟာ မရေရာ မသေချာတဲ့ ကာလတခုဖြစ်လာပါတယ်။ အမေရိကန်နယ်ချဲ့သမားဟာ အရင်းရှင်အုပ်စုမှာ ဗိုလ်ဖြစ်လာပါတယ်။ တဦးတည်းသော အင်အားလွန် ဗိုလ်ဖြစ်လာပါတယ်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ အတတ်ပညာ ဘက်အသီးသီးမှာ ပြိုင်စံရှားတဲ့ တဦးတည်းသော အင်အားလွန်နိုင်ငံ ဖြစ်လာပါတယ်။ ပေါက်ကွဲထွက်လာတဲ့ သိပ္ပံပညာအသီးအပွင့်တွေကို လက်ဝါးကြီးအုပ်ထားလိုက်နိုင်ပါတယ်။ ၂၁ ရာစုကို အမေရိကန်ရာစုဖြစ်အောင် လုပ်ချင်နေပါတယ်။ ကမ္ဘာမှာ ဝင်ရိုးတခုတည်းစနစ်ဖြစ်အောင် လုံးပန်းနေပါတယ်။ ကမ္ဘာ့စည်းစနစ်သစ်ဟာ အမေရိကန်ရဲ့ စိတ်တိုင်းကျ စည်းစနစ်ဖြစ်စေချင်လာပါတယ်။ ဒါပေမဲ့ ဒီလို ဝင်ရိုးတခု တည်းစနစ်ကို လက်မခံဘဲ ဝင်ရိုးအများစနစ်နဲ့ ကမ္ဘာ့စည်းစနစ်သစ်ကို ပုံဖော်ချင်တဲ့အင်အားစုတွေကလည်း အများအပြား

ဖြစ်ပါတယ်။ စစ်အေးလွန်ကာလဟာ ဝင်ရိုးတခုစနစ်နဲ့ ဝင်ရိုးအများအပြားစနစ်ရဲ့ လွန်ဆွဲပွဲကာလကြီးပဲ ဖြစ်သွားပါတယ်။ ဒါကြောင့် မရေရာမသေချာတဲ့ကာလ ဖြစ်နေတာပါပဲ။ ကမ္ဘာ့စည်းစနစ်သစ် တခုမပေါ်သေးဘဲ ကမ္ဘာ့စနစ်ဟောင်းကလည်း ဖရိုဖရဲဖြစ်လာတဲ့ အခြေအနေ ဖြစ်နေပါတယ်။

စစ်အေးပြီးဆုံးသွားပြီး ကမ္ဘာမှာ အရင်းရှင်စနစ်သာလျှင် လူသားတွေအတွက် အကောင်းဆုံးစနစ်ဖြစ်တယ်လို့ ကြွေးကြော်ဆဲမှာပဲ ကမ္ဘာမှာ ဆင်းရဲချမ်းသာ ကွာဟမှုကြီးက ခြိမ်းခြောက်မှုတခု ဖြစ်လာပါတယ်။ ကမ္ဘာမှာ အချမ်းသာဆုံးနိုင်ငံဟာ အရင်းရှင်စနစ်နိုင်ငံတွေပဲ ဖြစ်နေပြီး ဆင်းရဲတဲ့နိုင်ငံအများစုကြီးကလည်း အရင်းရှင်စနစ်နိုင်ငံတွေပဲ ဖြစ်နေပါတယ်။ လူအနည်းတကာ့အနည်းစုလက်ထဲမှာ အရင်းအနှီးတွေ စုပုံသွားပြီး လူအများတကာ့အများစုကြီးဟာ အရင်းမဲ့တွေ ဖြစ်လာပါတယ်။ အရင်းရှင်စီးပွားရေးတခုလုံးမှာ မတည်မငြိမ်ဖြစ်လာတယ်။ ပြဿနာ သောင်းခြောက်ထောင်တက်နေတယ်။ ဒါပေမဲ့ လက်ဝါးကြီးအုပ် အရင်းရှင်အုပ်စုအချင်းချင်း တစုံတရာ ထိန်းညှိတာ လုပ်လာနိုင်တာကြောင့် ပြဿနာ အတော်များများ ဖြေရှင်းနိုင်သေးပြန်ပါတယ်။ ဒါပေမဲ့ အရင်းရှင်စနစ်မှာ သူဘယ်လိုမှ မဖြေရှင်းနိုင်တဲ့ ထုတ်လုပ်ရေး လူ့အဖွဲ့အစည်းလက္ခဏာဆောင်ပြီး ကုန်လုပ်ဆက်ဆံရေးမှာ ပုဂ္ဂလိကပိုင်ဆိုင်တဲ့စနစ်က ရှိမြဲရှိနေတယ်။ ဒီကိစ္စကို အရင်းရှင်စနစ်မှာ ပျောက်ကင်းအောင်ကုသနိုင်တဲ့ ဆေးမရှိပါ။ သက်သာနိုင်တဲ့ ဆေးမြီးတိုတွေတော့ ရှိပါတယ်။ သမဝါယမတို့ အလုပ်လက်မဲ့ထောက်ပံ့ကြေးတို့ လူမှုဖူလုံ ရေးတို့စသည့်စသည့် ဆေးမြီးတိုတွေတော့ ရှိပါလိမ့်မယ်။ ပုဂ္ဂလိကပိုင်ဆိုင်တဲ့ရောဂါ၊ သွေးစုပ်တဲ့စနစ်ရောဂါဟာ အရင်းရှင်စနစ်အတွက် မွေးရာပါရောဂါတွေဖြစ်ပြီး သေတွင်းကိုတွန်းပို့မယ့် ရောဂါတွေလည်းဖြစ်ပါတယ်။ အရင်းရှင်စနစ်မှာ ဒီလို မရေရာ မသေချာမှုတွေ ဖြစ်နေပါတယ်။ ကနေ့ကမ္ဘာကြီးကို လွှမ်းခြုံနေတာ အရင်းရှင်စနစ် ဖြစ်မြဲ ဖြစ်နေပါသေးတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာ ပေါ်ပေါက်နေတဲ့ ပြဿနာအရပ်ရပ်ရဲ့ ဇာစ်မြစ်ဟာ အရင်းရှင်စနစ်က လာတာချည်းပဲဖြစ်ပါတယ်။ အရင်းရှင်စနစ် မတည်မငြိမ်ဖြစ်လေ ကမ္ဘာကြီးမှာ မသေချာမရေရာမှုတွေ ဖြစ်လေပါပဲ။ မာ့က်စ်ဝါဒလှုပ်ရှားမှု နောက်ဆုတ်လိုက်ရတော့ တော်လှန်ရေးတွေ ပေါက်ကွဲဖို့ အခိုက်အတန့်မှာ မဖြစ်နိုင်တော့ပါ။ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးတွေ မိုးကောင်းလာပါတယ်။ အကြမ်းဖက်သတ် ဖြတ်ရေးတွေ၊ တော်လှန်ရေးဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေကို မွေးထုတ်တာ အရင်းရှင်စနစ်ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ အတိအကျပြောရရင် အရင်းရှင်အုပ်စုရဲ့ တဦးတည်းသောဗိုလ်ဖြစ်တဲ့ အမေရိကန်ပဲဖြစ်တယ်။ ကနေ့ ကမ္ဘာမှာ တော်လှန်ရေးဆန့်ကျင်ရေးလုပ်တဲ့ အင်အားစုတွေ (ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်တဲ့ အင်အားစုတွေ၊ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးလုပ်တဲ့ အင်အားစုအားလုံးဟာ အမေရိကန်နယ်ချဲ့သမားက တနည်းမဟုတ်တနည်းနဲ့ မွေးထုတ်လိုက်တာချည်းပဲ။ တချို့လည်း သူမွေးတဲ့မြောက် သူ့ပြန်ခြောက်တာ (အမေရိကန်နယ်ချဲ့သမား) ပြန်ခံနေရတာ ဖြစ်ပါတယ်။ အယ်လ်ကိုက်ဒါတို့ တာလီဘန်တို့ ဆိုတာတွေဟာ အဲဒီလို အမျိုးအစားတွေ ဖြစ်ပါတယ်။ အခုတော့ အမေရိကန်ဟာ ကိုယ်မွေးတဲ့မြောက် ကိုယ့်ကိုပြန်ခြောက်တာကို နှိမ်နင်းဖို့ အကြမ်းဖက်တိုက်ခိုက်မှု နှိမ်နင်းရေးဆိုတဲ့ မဟာဗျူဟာကြီးချပြီး လုပ်နေတယ်။ အဲဒီမဟာဗျူဟာအောက်မှာ အရှေ့အလယ်ပိုင်း ဒေသက ရေနံကိုလည်း လက်ဝါးကြီးအုပ်မယ်၊ ကမ္ဘာ့ကုန်သွယ်ရေးကိုလည်း လက်ဝါးကြီးအုပ်ဖို့ လုပ်မယ်၊ တကမ္ဘာလုံးကိုလည်း ဗိုလ်ကျစိုးမိုးဖို့ လုပ်နေတယ်။ အဲဒါဟာ ကမ္ဘာကြီး မသေချာမရေရာတဲ့၊ မတည်ငြိမ်တဲ့

အခြေအနေတွေ ဖြစ်ပေါ်နေတဲ့ အကြောင်းရင်းပဲ။

လက်ရှိ ဆိုရှယ်လစ်ထူထောင်တဲ့ နိုင်ငံဟာ ကမ္ဘာမှာ လက်ချိုးရေတွက်လို့ ရပါတယ်။ ဒီနိုင်ငံတွေဟာ အရင်းရှင်စနစ်နိုင်ငံဘဝတွေတုန်းက ဆင်းရဲတဲ့နိုင်ငံတွေချည်းပဲ။ အဲဒီလို ဆင်းရဲတဲ့နိုင်ငံ၊ ခေတ်နောက်ကျတဲ့ နိုင်ငံတွေဟာ ဆိုရှယ်လစ်စနစ်ကို ထူထောင်ရတာဖြစ်တော့ ဘယ်လိုမှ နှစ်အနည်းငယ်အတွင်း ဆိုရှယ်လစ်စနစ် ပီပြင်အောင် မလုပ်နိုင်သေးဘဲ အရင်းရှင်အစိတ်အပိုင်း ပြဿနာတွေကို ဖြေရှင်းနေရဆဲပဲရှိတယ်။ ဒါကြောင့် တရုတ်ပြည်ဆိုရင် ၁၉၄၉ ခုနှစ်ကတည်းက လွတ်မြောက်ပြီး တရုတ်ပြည်သစ်ကို ထူထောင်ပေမယ့် ကနေ့အထိ ဆိုရှယ်လစ်စနစ်ရဲ့ ပဏာမ အဆင့်ပဲ ရှိသေးတယ်လို့ ပြောနေဆဲပဲဖြစ်ပါတယ်။ ဆိုလိုတာက လူတိုင်းဟာ လုပ်နိုင်သလောက် လုပ်၊ လုပ်သလောက်ယူဆိုတဲ့အခြေအနေကို မရရှိသေးဘူး။ ဆိုလိုတာက သွေးစုပ်တဲ့ အစိတ်အပိုင်းတွေ ရှိနေသေးတယ်ဆိုတာဖြစ်ပါတယ်။ ဗီယက်နမ်၊ လော၊ မြောက်ကိုးရီးယား၊ ကျူးဘားတို့လို နိုင်ငံတွေက ဆင်းရဲ တွင်းနက်နေတဲ့ ကြားထဲက အမေရိကန်နယ်ချဲ့ သမားရဲ့ ကျူးကျော်စော်ကားမှု၊ ပိတ်ဆို့ တားဆီးမှုတွေနဲ့ နပမ်းလုံးနေရတော့ အခုမှပဲ နာလန်ထူဖို့ အားပျိုးရတဲ့အခြေအနေမှာပဲ ရှိသေးတယ်။ ဒီလိုဘက်က ကြည့်ရင် ဆိုရှယ်လစ်စနစ်ဖက်မှာလည်း မနည်းလှတဲ့ အခက်အခဲကြီးတွေ ရှိနေပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ဆိုရှယ်လစ်လှုပ်ရှားမှု အရှိန်မြင့်ပြီး ဆိုရှယ်လစ်နိုင်ငံတွေ အများအပြားပေါ်ထွက်လာပြီး အာရှနဲ့ ဥရောပ ကမ္ဘာနီကြီး ပေါ်ထွန်း လာတာနဲ့ နှိုင်းယှဉ်လိုက်ရင် ဆိုရှယ်လစ်စနစ်ဟာ နောက်ဆုတ်သွားတာ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့်ဆိုရှယ် လစ်စနစ် ကျဆုံးသွားပြီး မာ့က်စ်ဝါဒပြိုကွဲသွားပြီး ခေတ်ကုန်သွားပြီလို့ မပြောနိုင်ပါ။

ကမ္ဘာပေါ်မှာ မာ့က်စ်ဝါဒ မရောက်ရှိတဲ့နေရာရယ်လို့ သိပ်ရှားပါးသွားပါပြီ။ ကမ္ဘာပေါ်မှာ တိုင်းပြည်တိုင်းလိုလို ကွန်မြူနစ်ပါတီတွေ ရှိနေပါပြီ။ ပါတီမဖွဲ့စည်းဘဲ မာ့က်စ်ဝါဒ လေ့လာနေတဲ့ အစုအဖွဲ့တွေ၊ လူပုဂ္ဂိုလ်တွေလည်း ကမ္ဘာအနှံ့အပြားမှာ ရှိနေပါပြီ။ ကွန်မြူနစ်ပါတီတွေဟာ အချို့ဟာ အာဏာရပါတီတွေ၊ တချို့ဥပဒေတွင်း တိုက်ပွဲဝင်နေတဲ့ပါတီတွေ၊ တချို့ ဥပဒေပ တိုက်ပွဲဝင်နေရတဲ့ ပါတီတွေ၊ တချို့မြေအောက်ပါတီအဖြစ်နဲ့ တိုက်ပွဲဝင်နေရတဲ့ ပါတီတွေ စသည်ဖြင့် မတူတဲ့လူ့အဖွဲ့အစည်း၊ မတူတဲ့ နိုင်ငံတွေ အခြေအနေအရ ကွဲပြားစွာ လှုပ်ရှားနေကြရပါတယ်။ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားပြီးတဲ့နောက် ဆိုဗီယက်ကွန်မြူနစ်ပါတီဟာ အရင်းရှင်ပါတီအဖြစ် လျှောကျပျက်စီးသွားခဲ့တော့ ရုရှားကွန်မြူနစ်ပါတီမှာ အာဏာလက်ရှိက အာဏာလက်မဲ့ဖြစ်သွားတဲ့ အတွေ့ အကြုံ သင်ခန်းစာသစ်တခုတောင် ထပ်တိုးလာပါတယ်။ မာ့က်စ်ဝါဒ လှုပ်ရှားမှုမှာ အာဏာလက်မဲ့ကနေ အာဏာရရှိအောင် လုပ်တဲ့အတွေ့အကြုံပဲရှိရာက အာဏာလက်ရှိက အာဏာလက်မဲ့ဖြစ်တဲ့ အတွေ့အကြုံတခုပါ ထပ်ရလာတယ်လို့လည်း မြင်ချင်ပါတယ်။ အဲဒါက တော့ အခြေခံမှုတွေကို ဆုပ်ကိုင်ပြီး အရင်းရှင်စနစ်ကို မာ့က်စ် တို့ခွဲခြမ်းစိတ်ဖြာသုံးသပ်သလို လုပ်တတ်ရင် တော်လှန်ရေးအောင်မြင်ပြီး အာဏာရပါတီဖြစ်လာတယ်။ မာ့က်စ်ဝါဒ အခြေခံမှုတွေကို စွန့်လွှတ်လိုက်ရတော့ အရင်းရှင်စနစ်အောက်ပြန်ရောက်သွားပြီး အာဏာရပါတီဟာ အာဏာလက်မဲ့ပါတီဘဝ ရောက်တယ်။ တော်လှန်ရေးတွေလည်း ထိခိုက်နစ်နာတယ်ဆိုပါပဲ။

၂၀၀၀ ခုနှစ် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေ တွေ့ဆုံ ဆွေးနွေးကြ ပြီး ကွန်မြူနစ်ပါတီအချင်းချင်း အတွေ့အကြုံတွေ၊ အမြင်တွေဖလှယ်တာ လုပ်ခဲ့ပါတယ်။ တကယ့်ညီနောင်ပါတီ စိတ်ဓာတ်နဲ့ တွေ့ဆုံကြပါတယ်။ စစ်အေးကာလက ကွန်မြူနစ်လှုပ်ရှားမှု

အတွင်းမှာ ကွဲပြကြ၊ အပုတ်ချကြတဲ့ အခြေအနေကို အဆုံးသတ်လိုက်တဲ့သဘောဖြစ်ပါတယ်။ ဒီလို ကွန်မြူနစ်လှုပ်ရှားမှုအတွင်းမှာ သဘောထားကွဲ လွဲမှုတွေကို မဆီမလျော်၊ မမှန်ကန်တဲ့နည်းတွေနဲ့ ဖြေရှင်းကြတာကို အဆုံးသတ်လိုက်နိုင်တာဟာ မာ့က်စ်စ်ဝါဒ လှုပ်ရှားမှုကို တဆင့်တက်လှမ်းစေလိုက်တာဖြစ်ပါတယ်။ ဒီလို ကွန်မြူနစ်ပါတီအချင်းချင်း ညီနောင်ဆက်ဆံရေးတွေ မှန်တန်းဖြစ်အောင် ပြန်လုပ်နိုင်တာဟာ မာ့က်စ်စ်ဝါဒလှုပ်ရှားမှု၊ ကွန်မြူနစ်ဝါဒလှုပ်ရှားမှုကို ပြန်လည်လန်းဆန်းတက်ကြွစေပါတယ်။ ကွန်မြူနစ်ပါတီတိုင်းဟာ မိမိရဲ့ချို့ယွင်းချက် အားနည်းချက်ကို မိမိဘာသာတာဝန်ယူ ဝေဖန်သုံးသပ်ပြီး ရှေ့ကို ချီတက်တာ လုပ်နိုင်လာပါတယ်။ ဒီလို ကွန်မြူနစ်လှုပ်ရှားမှုမှာ ပြန်လည် လန်းဆန်းတက်ကြွလာတာကြောင့် ကွန်မြူနစ်ပါတီတွေဟာ မိမိသက်ဆိုင်ရာ လူ့အဖွဲ့အစည်းမှာ လူတန်းစားဖျက်သိမ်းရေးတိုက်ပွဲကို တက်ကြွစွာလုပ်ဆောင်ကြပါလိမ့်မယ်။ မိမိဆိုင်ရာ လူ့အဖွဲ့အစည်းက လူတန်းစားပဋိပက္ခတွေကို ထိထိမိမိ ခွဲခြမ်းစိတ်ဖြာပြီး နိုင်ငံရေးမှာ ပြည်သူ့ အာဏာ (အလုပ်သမား လယ်သမားအာဏာ ဒါမှမဟုတ် ပစ္စည်းမဲ့အာဏာ) ကို ထူထောင်ပြီး လူတန်းစား ဖျက်သိမ်းရေးလမ်းကြောင်းပေါ်အောင် လုပ်ကြပါလိမ့်မယ်။ အဲဒီ အာဏာအောက်မှာ သွေးစုပ်တဲ့စနစ်ကို တစတစ ဖျက်သိမ်းသွားပြီး နောက်ဆုံးမှာ ပုဂ္ဂလိကပိုင်ဆိုင်တဲ့စနစ်ကို ဖျက်သိမ်းသွားလိမ့်မယ်။

ဒီလို လုပ်ရာမှာ လွယ်ကူချောမွေ့မှာ မဟုတ်ပါဘူး။ အရင်းရှင်လူတန်းစား၊ သွေးစုပ်လူတန်းစားတွေရဲ့ အသေအကြေ ခုခံတွန်းလှန်မှုကို တဖက်မှာရင်ဆိုင်ရင်း၊ တဖက်မှာ အရင်းရှင်စနစ်ရဲ့ ဖြစ်ပေါ်တိုးပွားမှုတရားကို အပတ်တကုတ် စူးစမ်းခွဲခြမ်းစိတ်ဖြာရင်း တော်လှန်ရေးလှုပ်ရှားမှု ဒါမှမဟုတ် မာ့က်စ်စ်ဝါဒလှုပ်ရှားမှုကို လုပ်ရမှာ ဖြစ်ဖို့လိုပါတယ်။ မာ့က်စ်တို့ရဲ့ ကမ္ဘာ့အမြင် နည်းနာတွေကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး အနာဂတ်အပေါ် ယုံကြည်မှုအဖြစ်နဲ့ ကိုယ်ကျိုးစွန့် လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ အရင်းရှင်စနစ် မရေရာမသေချာဖြစ်လာပြီး မာ့က်စ်စ်ဝါဒ လှုပ်ရှားမှု ပြန်လည် လန်းဆန်းလာရင် တော်လှန်ရေးလှုပ်ရှားမှုတွေ ပြန်လည်မြင့်တက်လာပါလိမ့်မယ်။

ဗမာပြည်မှာ ဗမာပြည်လူ့အဖွဲ့အစည်းလက္ခဏာအရ ၁၃၀၀ ပြည်အရေးတော်ပုံက တင်ပြလိုက်တဲ့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်လမ်းကြောင်းကို အကောင်အထည်ဖော်ရာမှာ ဒီမိုကရေစီရေးတိုက်ပွဲဟာ ၁၉၄၈ ခုနှစ်က စရင် နှစ်ပေါင်း ၆၀ ရှိသွားပါပြီ။ ဒီမိုကရေစီ အောင်ပွဲပန်းတိုင် မရောက်သေးပါ။ ပြည်သူလူထုက နိုင်ငံရေးအာဏာမရသေးပါ။ တကယ်တော့ ဒီတိုက်ပွဲဟာ ဗမာပြည်လူ့အဖွဲ့အစည်းလက္ခဏာအရ လူတန်းစားတိုက်ပွဲတမျိုးဖြစ်ပြီး လူတန်းစားအားလုံး ဖျက်သိမ်းမယ့် နောက်ဆုံးပိတ်တိုက်ပွဲရဲ့ အစပြုချက်သာလျှင် ဖြစ်ပါတယ်။ ။

**မိုးအောင်စည်**

ရဲဘော်စိန်ထွန်း




# အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ)

**(ဤစာတမ်းမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုဘာသာပြန်နဲ့ တည်းဖြတ်ရေး ဌာနက တာဝန်ယူ စီမံခန့်ခွဲပြီး၊ ၎င်းဌာနနဲ့ ကမ္ဘာ့ဆိုရှယ်လစ်ဝါဒ သုတေသနဌာန၊ တရုတ်ပြည် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု သမိုင်းပညာရှင်များအသင်းတို့က ကမ ကထပြုကာ ၂ လ တကြိမ်ထုတ်ဝေတဲ့ "မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ ဂျာနယ်မှ ဖြစ်ပါတယ်။ သူတို့ ဒါမျိုး ထည့်လေ့မရှိပါ။ ဒီတခါ ဖော်ပြလာတာတွေ့လို့ ထုတ်နုတ် ဘာသာပြန်လိုက်ပါတယ်။)**

၂၀ ရာစု ၂၀ စုနှစ်များအတွင်း အိန္ဒိယပြည်ကွန်မြူနစ်လှုပ်ရှားမှုဟာ အကွေ့အကောက် အတက် အဆင်းများကို ကျော်ဖြတ်ပြီး ဖြစ်ထွန်းတိုးတက်လာခဲ့တယ်။ ရှေ့စဉ်နောက်ဆက်ဆိုသလို ကွန်မြူ နစ်ပါတီ ၄ ခု ထူထောင်လိုက်ပါတယ်။ ဒီနေ့အထိ ရင်ပေါင်တန်း အတူတကွ တည်ရှိပြီး အသီးသီး တိုက်ပွဲဝင်လျက်ရှိတယ်။ ဗြိတိသျှနယ်ချဲ့သမားရဲ့ ကိုလိုနီအုပ်စိုးမှုကို ဆန့်ကျင်ရေးအတွက် ၁၉၂၀ ခုမှာ အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (CPI) ကို ထူထောင်ခဲ့ကြတယ်။ အမျိုးသားလွတ်မြောက်ရေး အတွက် ရေရှည်တိုက်ပွဲဝင်ခဲ့ကြရတယ်။ ၁၉၆၄ ခုနှစ်မှာ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်းက လမ်းစဉ်နှစ်ရပ်တိုက်ပွဲရဲ့ ဂယက်ရိုက်ခတ်ခံရပြီး ပါတီတွင်းမှာ တချို့လူတွေက (CPI) ဟာ မာ့က်စ် ဝါဒကို ကျောခိုင်းသွားပြီ၊ ပြန်ပြင်ရေးဝါဒသို့ ပြောင်းသွားပြီလို့ ယူဆကာ ပါတီမှထွက်သွားကြတယ်။ သူတို့က သီးခြားပါတီတရပ်ဖြစ်တဲ့ အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) CPI (M) ကို ထူထောင် လိုက်ကြတယ်။ ၁၉၆၉ ခုနှစ်ရောက်တော့ ၎င်းပါတီအတွင်း ထပ်မံပြီး တချို့က ပါတီဟာ လီနင်ဝါဒနဲ့ မော်စီတုန်းဝါဒကို ကျောခိုင်းသွားပြီလို့ ယူဆကြပြန်တယ်။ ဒါကြောင့် အိန္ဒိယ ပြည် ကွန်မြူနစ်ပါတီ (မာ့က်စ်၊ လီနင်ဝါဒ) CPI (ML) ကို ထူထောင်ကြပြန်တယ်။ ၎င်းပါတီအတွင်းမှာ မော်စီတုန်း ဝါဒရဲ့သြဇာဟာ ကြာလေကြီးလေ ဖြစ်လာပြီး အိန္ဒိယပြည်မှာ မော်စီတုန်းဝါဒဂိုဏ်းအုပ်စုတွေ တဖွဲဖွဲ

ပေါ်လာတယ်။ ဆယ်အချို့ထိတောင် ရှိခဲ့တယ်။ ၎င်းတို့အနက် ၂၀၀၄ စက်တင်ဘာမှာ အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ) CPI (Mao) ကို ထူထောင်လိုက်တဲ့ မော်စီတုန်းဝါဒဂိုဏ်းအုပ်စုဟာ အိန္ဒိယပြည်က မော်စီတုန်းဝါဒ ဂိုဏ်းအုပ်စုတွေထဲမှာတော့ သူဟာ အကြီးဆုံးအုပ်စုဖြစ်တယ်။ ၎င်းပါတီကို ထူထောင်လိုက်ပြီးနောက် အင်အား အလျင်အမြန် ကြီးထွားခဲ့တယ်။ ဒီပါတီဟာ နီပေါလ်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ) နဲ့ တက်တက်ကြွကြွပူးပေါင်းပြီး ပြောက်ကျား လှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိတယ်။ အခုတလော သူတို့ဟာ နဝမအကြိမ်မြောက် ပြည်လုံးဆိုင်ရာ ကွန်ဂရက်ကို ခေါ်ဆိုကျင်းပခဲ့တယ်။ အိန္ဒိပြည်တွင်းပြည်ပ ပြည်သူများရဲ့ ဂရုစိုက်စောင့်ကြည့်မှုကို များစွာရရှိနေပါတယ်။

ဒီစာတမ်းမှာ CPI (Mao) တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များနဲ့ ၎င်းရဲ့ အခြေခံသဘောတရား၊ လုပ်ငန်းစဉ်နဲ့ ပေါ်လစီရပ်ခံချက်၊ စည်းရုံးရေးအခြေအနေနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အကျဉ်းချုပ် တင်ပြသွားမယ်။

### ၁။ CPI (Mao) ဖြစ်ထွန်းတိုးတက်လာမှု

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်၊ လီနင်ဝါဒ) ဂိုဏ်းဟာ ၁၉၆၇ ခုနှစ်လောက်က စတင်ပြီး ဒါဂျီလင်ခရိုင်နဲ့ ၎င်းနဲ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဒေသတွေမှာ လယ်သမားလက်နက်ကိုင်ပုန်ကန်မှုကို စတင်လိုက်တယ်။ ဒါကို ယေဘုယျအားဖြင့် နာဆာဘာရီ လှုပ်ရှား မှုလို့ ခေါ်တွင်တယ်။ ၁၉၆၉ ပြီမှာ CPI (ML) ကို သီးခြားထူထောင်ပြီးနောက် ၇၀ စုနှစ်များ အစောပိုင်းလောက်မှာ ၎င်းပါတီအတွင်း 'မော်စီတုန်းဝါဒ ကွန်မြူနစ်များရဲ့ စင်တာ' ဆိုတာ ဖြစ်တည်လာတယ်။ အဲဒီနောက် 'အိန္ဒိယကွန်မြူနစ်များ၏ တော်လှန်ရေးစင်တာ (မော်စီတုန်းဝါဒ)' ဆိုတာ ထွက်ပေါ်လာပြန်တယ်။ ၂၀၀၃ ခုနှစ်မှာ အဲဒီအဖွဲ့အစည်းနှစ်ခု ပူးပေါင်းပြီး 'အိန္ဒိယပြည်မော်စီတုန်းဝါဒ လှုပ်ရှားမှုစင်တာ' ကို ထူထောင်လိုက်ပါတယ်။ ဒ့ါအပြင် 'တောင်အာရှမော်စီတုန်းဝါဒနိုင်ငံရေးပါတီများ ထိန်းညှိရေးကော်မတီ' မှာ ပါဝင်ခဲ့ တယ်။ ၂၀၀၄ စက်တင်ဘာ ၂၁ ရက်မှာ အင်အားအကောင်းဆုံးမော်စီတုန်းဝါဒအဖွဲ့အစည်းနှစ်ခုဖြစ်တဲ့ 'အိန္ဒိယပြည် မော်စီတုန်း ဝါဒလှုပ်ရှားမှုစင်တာ' နဲ့ အိန္ဒိယပြည်ကွန်မြူနစ်ပါတီ [(မာ့က်စ်၊ လီနင်ဝါဒ) (ပြည်သူ့စစ်ပွဲ)] အဖွဲ့တို့ ပူးပေါင်းလိုက်ပြီး 'အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ) CPI (Mao) ကို ထူထောင်ပါတယ်။ ဒီနှစ်ဖွဲ့ဟာ နာဆာဘာရီလှုပ်ရှားမှုအတွင်းက အင်အား အကြီးဆုံးအဖွဲ့များ ဖြစ်တယ်။ သူတို့နှစ်ဖွဲ့ဟာ တကယ်တော့ ၂၀ ရာစု ၈၀ ခုနှစ်များကတည်းက စတင်ထိတွေ့စမ်းသပ်ဆက် ဆံနေကြပါပြီ။ ဒီလိုနည်းနဲ့ ပူးပေါင်းရေးကို ပြင်ဆင်ခဲ့ကြတာပါ။ ဒါပေမဲ့ ခေါင်းဆောင်အဆင့်အသီးသီးအကြား ကွဲပြားမှုတွေ ရှိနေခြင်းကြောင့် ပူးပေါင်းရေးဖြစ်စဉ်ဟာ အတားအဆီးတွေနဲ့ ကြုံနေရပါတယ်။

၎င်းတို့ရဲ့ ပူးပေါင်းမှုဖြစ်စဉ်ကို အကြမ်းအားဖြင့် ၃ ဆင့်ခွဲနိုင်တယ်။

ပထမအဆင့် – စမ်းသပ်မှုကာလ။ ၁၉၈၀ ခု၊ ဧပြီလ – အိန္ဒိယပြည်ကွန်မြူနစ်ပါတီ [(မာ့က်စ်၊ လီနင်ဝါဒ) (ပြည်သူ့စစ်ပွဲ)] ထူ ထောင်ပြီးစမှာ "အိန္ဒိယပြည် အစွန်းရောက်လက်ဝဲဂိုဏ်းအဖွဲ့အစည်းတွေ ပူးပေါင်းပြီး နယ်ချဲ့သမားနဲ့ အပြန်အလှန်ချိတ်ဆက်ထားတဲ့ လက်ဝေခံအရင်းရှင်လူတန်းစားနဲ့ မြေရှင်ကြီးလူတန်းစားရဲ့အုပ်စိုးမှု တွန်းလှန်ပစ်ရေးကို အတူတကွ လုံးပန်းအားထုတ်ကြဖို့" နဲ့ "ပစ္စည်းမဲ့လူတန်းစားရဲ့ တခုတည်းသောခေါင်းဆောင်မှုအောက်မှာ ဆိုရှယ်လစ်စနစ်နဲ့

ကွန်မြူနစ်စနစ် လက်တွေ့အကောင်အထည်ဖော်ရေးကို ရည်မှန်းချက်အဖြစ်ထားတဲ့ နိုင်ငံတော်သစ် အစိုးရထူထောင်ရေး”စဉ်းစားချက်ကို တင်ပြခဲ့တယ်။ ဒီတင်ပြချက်ဟာ ‘အိန္ဒိယပြည် မော်စီတုန်းဝါဒ လှုပ်ရှားမှုစင်တာ’ရဲ့ သဘောတူထောက်ခံမှုကို ရရှိပါတယ်။ ၁၉၈၁ ခုမှာ နှစ်ဦးနှစ်ဖက် ပထမဆုံးအကြိမ် ဆွေးနွေးမှုကို စတင်တယ်။ ဒီဆွေးနွေးပွဲကာလအတွင်း နှစ်ဘက်အမြင့်ဆုံး ခေါင်းဆောင်များအကြား အဖွဲ့အစည်းနှစ်ခု ပူးပေါင်းဆောင်ရွက်သွားရေးအခြေခံကို ကျယ်ကျယ်ပြန့်ပြန့် ရရှိပါတယ်။ နှစ်ဖက်စလုံးမှာ တူညီတဲ့ရည်မှန်းချက်ပန်းတိုင် ရှိနေတယ်လို့ ယူဆကြတယ်။ ဒါပေမဲ့ နှစ်ဖက်လုံးက ပူးပေါင်းဆောင်ရွက်သွားရေးအစီအစဉ်ဟာ မရင့်မှည့်သေးတဲ့အလျောက် သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်အရ ကွဲလွဲမှုတွေ တဖြည်းဖြည်း ပိုများလာတယ်။ တဦးချင်း အချင်း ပွားမှုတွေကလည်း နှစ်ဘက်ပဋိပက္ခတွေကို ပိုနက်ရှိုင်းလာစေတယ်။ ဒီကြားထဲ နှစ်ဘက်ခေါင်းဆောင်တွေ ကွယ်လွန် သွားပြန်တဲ့အတွက် ပူးပေါင်းရေးဖြစ်စဉ်ဟာ တဖြည်းဖြည်း ရပ်ဆိုင်းသွားပါတယ်။

ဒုတိယအဆင့် – တုံ့ဆိုင်းနေတဲ့ကာလ။ ၉၀ ခုနှစ်များအတွင်း ဝင်ရောက်လာတဲ့အခါ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးကို တဆင့်တက်ရေး စဉ်းစားချက် ထပ်မံပေါ်လာတယ်။ ၁၉၉၂ မှာ စတင် ဆွေးနွေးပြန်တယ်။ ၁၉၉၃ စက်တင်ဘာမှာ Madhya ပြည်နယ်နဲ့ ဘီ ဟာပြည်နယ်စတဲ့ တခြားဒေသတွေမှာ နာဆာဘာရီလှုပ်ရှားမှုကို ပူးပေါင်းအားဖြည့်လုပ်ဆောင်သွားဖို့ နှစ်ဦးနှစ်ဖက် ဆုံးဖြတ်ခဲ့တယ်။ ဒ့ါအပြင် အိန္ဒိယပြည်လုံးဆိုင်ရာ ပြည်သူတွေရဲ့ ခုခံဆန့်ကျင်ရေးအဖွဲ့အစည်းတခု ထူထောင်သွားရေး ဆွေးနွေးပွဲ ကျင်းပခဲ့တယ်။ အဲဒီဆွေးနွေးပွဲက ပဒေသရာဇ်စနစ်ဆန့်ကျင်ရေး၊ နယ်ချဲ့စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုကို တွန်းဆော်နိုင်ခဲ့တယ်။ ဒီတချီ တပေါင်းတစည်း တည်းဖြစ်ရေး ဖြစ်စဉ်ဟာ ဆက်တိုက် ၃ နှစ်ကြာပါတယ်။ ဒါပေမဲ့နောက်ဆုံးမှာ နိုင်ငံတကာလှုပ်ရှားမှု ပြဿနာ တချို့အပေါ် သဘောကွဲလွဲမှုများ ဖြစ်ပွားခဲ့ပြီး ယာယီရပ်ဆိုင်းသွားပြန်တယ်။ ၁၉၉၈ ခုနှစ်မှာ အိန္ဒိယ ပြည်ကွန်မြူနစ်ပါတီ [(မာ့က်စ်၊ လီနင်ဝါဒ)(ပြည်သူ့စစ်ပွဲ)] [CPI (ML) (ပြည်သူ့စစ်ပွဲ)]ဟာ တခြား ပါတီတခုဖြစ်တဲ့ အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (ညီညွတ်သော မာ့က်စ်၊ လီနင်ဝါဒ) CPI (UML) နဲ့ ပူးပေါင်းဆောင်ရွက်လိုက်လို့ နှစ်ဘက်ဆက်ဆံရေး တဆင့်တက်ဆိုးဝါးသွားပါတယ်။ လက်နက်ကိုင် အချင်းပွားမှုအထိ အဆက်မပြတ် ဖြစ်ပွားခဲ့လို့ နာဆာဘာရီလှုပ်ရှားမှုအတွင်း ပါဝင်သူနဲ့ ထောက်ခံသူ အများအပြား သေဆုံးသွားရပါတယ်။ နာဆာဘာရီလှုပ်ရှားမှုအတွက် အလွန်ကြီးမားတဲ့ ဆုံးရှုံးမှု ဖြစ်ခဲ့ရတယ်။ အဲဒီကာလကို မော်စီတုန်းဝါဒီတွေအတွက် ‘မည်းမှောင်နေတဲ့ကာလ’လို့တောင် ခေါ်ပါတယ်။

တတိယအဆင့်– အလျင်အမြန်တိုးပွားလာတဲ့ကာလ။ ထိတွေ့ဆက်ဆံမှုတွေများလာခြင်းနဲ့ နားလည်မှုတွေ နက်ရှိုင်းလာတာနဲ့အမျှ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ထပ်မံတင်ပြကြတယ်။ [CPI (ML) (ပြည်သူ့စစ်ပွဲ)]က နှစ်ဘက်ကွဲလွဲမှုများကို ဆွေးနွေးမှုအားဖြင့်သာ ဖြေရှင်းသင့်ပြီး၊ လက်နက်ကိုင်အင်အားဖြင့် မဖြေရှင်းသင့်ဘူးလို့ မိမိကိုယ်ကိုယ်ဝေဖန်ရေးကို ဦးစွာ လုပ်လိုက်ပါတယ်။ ၂၀၀၀ ခုနှစ်မှာ ‘အိန္ဒိယပြည်မော်စီတုန်းဝါဒလှုပ်ရှားမှုစင်တာ’က လက်ဦးမှုယူကာ တဖက်သတ်အပစ်အခတ်ရပ်စဲမှု ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်လိုက်တယ်။ [CPI (ML) (ပြည်သူ၏စစ်ပွဲ)] ကလည်း ထိုနည်းတူ တုံ့ပြန်ဆောင်ရွက်လိုက်တယ်။ တချိန်တည်းမှာ ‘အိန္ဒိယပြည်မော်စီတုန်းဝါဒလှုပ်ရှားမှုစင်တာ’ရဲ့ ပြန်လည်ဆန်းစစ်ချက်နဲ့ ပြည်တွင်းပြည်ပ တော်လှန်ရေး အင်အားမှုများကို မေတ္တာရပ်ခံချက် ထုတ်ပြန်ခဲ့တဲ့အလျောက် နှစ်ဦးနှစ်ဖက် ဆွေးနွေးရေးဟာ

၂၀၀၁ ဩဂုတ်လမှာ ပြန်လည်အသက်ဝင်လာပြန်တယ်။ ပထမအ ကြိမ်ဆွေးနွေးပွဲပြီးသွားတဲ့နောက် နှစ်ဘက်စလုံးက မိမိတို့ရဲ့အမှားများကို ပြည်နယ်အစိုးရဆန့်ကျင်တိုက်ခိုက်ရေးအခြေခံပေါ်မှာ တဆင့်တက်ပူးပေါင်းဆောင်ရွက်ရေး လုပ်ဆောင်သွားရန် ဆုံးဖြတ်ချက်ချလိုက်တယ်။

၂၀၀၁ ခု၊ ဒုတိယနှစ်ဝက်မှ ၂၀၀၂ စက်တင်ဘာလသို့ ရောက်တဲ့အခါ ဘီဟာပြည်နယ်နဲ့ Jharkhand ပြည်နယ်တို့မှာ နှစ်ဖက်ပူးပေါင်းရေးကို ဆောင်ရွက်ပါတယ်။ ၂၀၀၂ စက်တင်ဘာမှာ နှစ်ဘက်ပူးပေါင်းပြီး အစိုးရဆန့်ကျင်သွားရေးကို တင်ပြထုတ်ပြန်လိုက်တယ်။ အစိုးရရဲ့ မော်စီတုန်းဝါဒီများကို ဆန့်ကျင်တိုက်ခိုက်ရေး လှုပ်ရှားမှုစီမံကိန်းများကြောင့် နှစ်ဘက်မသင့်မမြတ်ဖြစ်နေမှုများကို တဆင့်တက် ပပျောက်သွားစေသလို ဆက်ဆံမှု ပိုမိုနီးကပ်သွားစေပါတယ်။ အဲဒီနောက် နှစ်ဦးနှစ်ဖက် တရားဝင်ပူးပေါင်းသွားရေးအတွက် ပြင်ဆင်မှုတွေကို လုပ်ဆောင်နိုင်စေခဲ့တယ်။ ၂၀၀၃ ဖေဖော်ဝါရီ အစည်းအဝေးမှာ အခိုင်အမာကျကျ ပူးပေါင်းရေးစီမံကိန်းကို ရေးဆွဲကြတယ်။ ‘မည်းမှောင်နေသောကာလ’က မိမိတို့ရဲ့ ပြုမူလုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ်ခြင်းနဲ့ စစ်ဆေးသုံးသပ်ခြင်းတို့ကို ဆောင်ရွက်တယ်။ ဘယ်လိုသဘောကွဲလွဲမှုမျိုးဖြစ်ဖြစ် မိမိတို့ လူတန်းစားတိုက်ဖော်တိုက်ဖက်များအချင်းချင်း အချင်းပွားမှုမဖြစ်ပွားနိုင်ရေး ဆုံးဖြတ်ချက်များချမှတ်ပြီးနောက် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းဝါဒ၊ ပါတီရဲ့လုပ်ငန်းစဉ်၊ ပြည်တွင်းပြည်ပပြုမူ ဆောင်ရွက်ရေးနဲ့ပတ်သက်တဲ့ နိုင်ငံရေးဆုံးဖြတ်ချက်များနဲ့ ပါတီရဲ့ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေ၊ ဆုံးဖြတ်ချက် ၅ ရပ်တို့ကို ရေးဆွဲအတည်ပြုကာ၊ နောင်မှာတရားဝင် ပူးပေါင်းရေးအတွက် အခြေခံအုတ်မြစ်ကို ချမှတ်လိုက်ပါတယ်။

တနှစ်ကြာပြီးနောက် နှစ်ဦးနှစ်ဖက် အမြင့်ဆုံးကိုယ်စားလှယ်အဖွဲ့နဲ့ အဓိကဗဟိုကော်မတီတို့ ထပ်မံတွေ့ဆုံပြီး တရားဝင်ပူးပေါင်းရေးကို ဆောင်ရွက်ပါတယ်။ အစည်းအဝေးမှာ အထက်ပါဆွေးနွေးပွဲက အတည်ပြုထားတဲ့ အရေးကြီးစာတမ်း ၅ စောင်ကို လက်ခံလိုက်ပြီး ဒေသ ဘာသာစကား ၁၀ မျိုးနဲ့ဘာသာပြန်ကာ ဒေသအသီးသီးကို ဖြန့်ခွဲပေးပို့လိုက်တယ်။ ကျယ်ကျယ်ပြန့်ပြန့်လည်း ဆွေးနွေးစေတယ်။ နောက်ဆုံးမှာ အစည်းအဝေးက နှစ်ပါတီပူးပေါင်းပြီး ယာယီဗဟိုကော်မတီအဖွဲ့ကို ကြေညာပါတယ်။ အဲဒီကစပြီး အိန္ဒိယပြည်ကွန်မြူနစ် ပါတီ (မော်စီတုန်းဝါဒ) CPI (Mao) ကို တရားဝင်ထူထောင်လိုက်ပါတယ်။

## ၂။ CPI (Mao) ရဲ့ အခြေခံသဘောတရားနဲ့ ပေါ်လစီများ

၎င်းပါတီရဲ့ လမ်းညွှန်အတွေးအခေါ်၊ နိုင်ငံရေးရည်မှန်းချက်၊ တော်လှန်ရေးလမ်းကြောင်းစတဲ့ အခြေခံသဘောတရားနဲ့ ပါတီရဲ့ အခိုင်အမာပေါ်လစီတွေနဲ့ပတ်သက်လို့ ၂၀၀၇ ဇန်နဝါရီလက ကျင်းပတဲ့ နဝမအကြိမ်မြောက်ကွန်ဂရက်က အတည်ပြုခဲ့တဲ့ “မာ့က်စ်၊ လီနင်၊ မော်စီတုန်းဝါဒကြီးမြတ်တဲ့အလံတော်ကို မြင့်မားမားလွှင့်ထူကြ” “ပါတီလုပ်ငန်းစဉ်” “ပါတီဖွဲ့စည်းပုံစည်းမျဉ်း ဥပဒေ” “အိန္ဒိယပြည် တော်လှန်ရေးရဲ့ သေနင်္ဗျူဟာနဲ့နည်းပရိယာယ်”နဲ့ “မျက်မှောက်ပြည်တွင်းပြည်ပအခြေအနေနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်” စာတမ်း ၅ စောင်နဲ့ အမျိုးမျိုးသော အခိုင်အမာဆုံးဖြတ်ချက်များအတွင်း အသေးစိတ်ဝေဖန်သုံးသပ်ဆွေးနွေးပြထားပါတယ်။

**က။ CPI (Mao) ရဲ့ လမ်းညွှန်အတွေးအခေါ်၊ နိုင်ငံရေး ရည်မှန်းချက်နဲ့ တော်လှန်ရေးလမ်းကြောင်း။** ။၎င်းပါတီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေမှာ CPI (Mao)

ဟာ မာ့က်စ်၊ လီနင်၊ မော်စီတုန်းဝါဒ တို့ကို မိမိတို့ရဲ့ လမ်းညွှန်အတွေးအခေါ်အဖြစ် ဆုံးဖြတ်ပြဋ္ဌာန်းထားတယ်။ ရည်မှန်း ချက်ပန်းတိုင်ကတော့ ဒီမိုကရေစီတော်လှန်ရေးဖြင့် နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်နဲ့ ဗျူရိုကရက် လက်ဝေခံ အရင်းရှင်စနစ်တို့ကို တိုက်ခိုက်ဖြိုဖျက်ပစ်ပြီး၊ ဒီမိုကရေစီသစ်လူ့အဖွဲ့အစည်းကို ထူထောင်ကာ နောက်ဆုံးမှာ ဆိုရှယ် လစ်စနစ်နဲ့ ကွန်မြူနစ်စနစ်ကို အကောင်အထည် ဖော် သွားရေးဖြစ်တယ်လို့ ဆုံးဖြတ်ဖော်ပြထားတယ်။ မော်စီတုန်းဝါဒဟာ နိုင်ငံတကာ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေး သဘောတရား ဖြစ်တည်လာမှုဖြစ်စဉ်အတွင်း မာ့က်စ်၊ လီနင်ဝါဒပြီးနောက် ကမ္ဘာ့တော်လှန်ရေး တတိယအဆင့် ဝင်ရောက်သွားမှုရဲ့ အထွက်ပစ္စည်းဖြစ်တယ်။ မာ့က်စ်၊ လီနင်ဝါဒ ဖွံ့ဖြိုးတိုးတက်မှုရဲ့ ပိုမိုမြင့်မားတဲ့ အဆင့်သစ်ရဲ့ မှတ်တိုင်ဖြစ်တယ်။ မျက်မှောက်ကမ္ဘာရဲ့ မာ့က်စ်၊ လီနင်ဝါဒဖြစ်တယ်လို့ သူတို့က ရှုမြင်တယ်။ ၎င်းပါတီက မာ့က်စ်၊ လီနင်ဝါဒ၊ မော်စီတုန်းဝါဒဟာ မျက်မှောက်နိုင်ငံတကာ ပစ္စည်းမဲ့လူတန်းစားတို့ ဆုပ်ကိုင်ထားရန်လိုအပ်တဲ့ အကျယ်အပြန့် အဓိပ္ပာယ်ဆောင်တဲ့၊ ပြီးပြည့်စုံတဲ့ အတွေးအခေါ်စနစ်ဖြစ်တယ်လို့ ခံယူတယ်။

ပါတီရဲ့ လောလောဆယ်ဆယ် ရည်မှန်းချက်မှာ အိန္ဒိယတွင်စတင်ဆင်နွှဲနေတဲ့ ဒီမို ကရေစီ သစ်တော်လှန်ရေးကို လက်တွေ့အကောင်အထည်ဖော်၊ ပြီးမြောက်အောင်မြင်ရေး ဖြစ်တယ်။ ဒီတော်လှန်ရေးရဲ့တာဝန်က ကိုလိုနီဝါဒလက်သစ်ရဲ့ အုပ်စိုးမှုအောက်က ကိုလိုနီတပိုင်း၊ ပဒေသရာဇ် တပိုင်းလူ့အဖွဲ့အစည်းကို တွန်းလှန်ပစ်ရေးဖြစ်တယ်။ ဒီတော်လှန်ရေးဟာ မြေယာတော်လှန်ရေး တိုက်ပွဲအခြေခံအုတ်မြစ်ပေါ်မှာ ကျေးလက်နဲ့ ပြည်သူလူထုစစ်မျက်နှာများကို ထူထောင်ရမယ် ဆိုတာဟာ မျက်မှောက်ပါတီလုပ်ငန်းရဲ့ အချက်အချာ ဖြစ်တယ်။ ပြည်သူ့စစ်ပွဲကို တိုးချဲ့ပြီး စစ်မျက်နှာတိုင်းမှာ တိုက်ပွဲဆင်နွှဲသွားရမယ်။ ပြောက်ကျားစစ်ပွဲများကို နှိုင်းယှဉ်ခြင်းအားဖြင့် ရှေ့တန်းရောက်တဲ့ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်စေရမယ်။ ပြောက်ကျားစစ်ကို လှုပ်ရှားစစ်အဆင့်သို့ မြှင့်တင်သွားရမယ်။ လက်နက်ကိုင် တိုက်ပွဲကို တခြားပြည်နယ်များသို့လည်း အစွမ်းကုန်တိုးချဲ့သွားရမယ်။

**ခ။ မျက်မှောက်တော်လှန်ရေးအခြေအနေနဲ့ ကျင့်သုံးရမယ့် နည်းပရိယာယ်**

"မျက်မှောက်ပြည်တွင်းပြည်ပအခြေအနေနဲ့ပတ်သက်တဲ့ဆုံးဖြတ်ချက်"မှာ မျက်မှောက် ကမ္ဘာကြီးဟာ ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ ဘယ်တုန်းကမှမရှိဘူးတဲ့ ဗရုတ်သုကစ္ဆ မတည်မငြိမ် အခြေအနေမျိုးအတွင်း ကျရောက်နေတယ်။ နယ်ချဲ့သမားရဲ့ ထိုးစစ်အင်အားဟာ တစတစ ပြင်းထန်လာနေတယ်။ အိန္ဒိယပြည်ဟာ ကိုလိုနီတပိုင်းပဒေသရာဇ်တပိုင်းလူ့အဖွဲ့အစည်းအဖြစ် ရှိမြဲရှိနေတုန်းပဲ။ ဒီလို ပကတိအခြေအနေအောက်မှာ CPI (Mao) က ပြည်တွင်းမှာ ဦးစွာ ပြည်သူ့ စစ်ပွဲဆင်နွှဲသွားရေးကို တွန်းဆော်တောင်းဆိုနေတယ်။ အထူးသဖြင့် ကျယ်ပြောလှတဲ့ ပြည်သူ လူထုကြီးအား ကျေးလက်မှာ မြေယာတော်လှန်ရေးနဲ့ ပြောက်ကျားစစ်ပွဲဆင်နွှဲသွားရေးကို စတင် စည်းရုံးရမယ်။ ပြည်သူ့တပ်မတော်နဲ့ အနီရောင်တော်လှန်ရေးအခြေခံဒေသများကို ထူထောင်ရ မယ်။ နောက်ဆုံးမှာ အိန္ဒိယပြည်အား ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်းလူ့အဖွဲ့အစည်းမှ အမှီခို ကင်းတဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲပစ်ရမယ်။ အဲဒီနောက် အိန္ဒိယပြည် ကွန်မြူနစ် ပါတီ CPI နဲ့ အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်) CPI (M) ရဲ့ ထောက်ခံမှုရရှိထားတဲ့ ပါလီမန် လွှတ်တော်က ပေါက်ဖွားလာတဲ့ ဗဟိုအစိုးရကို ပြတ်ပြတ်သားသား ဆန့်ကျင်သွားရမယ်။ နီပေါလ် ပြည်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ) CPN (Mao) နဲ့ နီးနီးကပ်ကပ်ဆက်ဆံရေးကို ထူထောင်ပြီး၊

တောင်အာရှနိုင်ငံများရှိ မော်စီတုန်းဝါဒ နိုင်ငံရေးပါတီများရဲ့ ထိန်းညှိရေးကော်မတီမှာ တက်တက်ကြွကြွပါဝင်သွားရမယ်။ ပီရူး၊ ဖိလစ်ပိုင်၊ တူရကီနဲ့ တခြားဒေသက တော်လှန်ရေးတွေကို ထောက်ခံသွားရမယ်လို့ ဖော်ပြထားတယ်။

### ၃။ CPI (Mao) ရဲ့ စည်းရုံးရေးအဆောက်အအုံ

CPI(Mao) ကို ၂၀၀၄ အောက်တိုဘာ ၁၄ ရက်မှာ တရားဝင် ထူထောင်လိုက်ပြီးနောက် မူလ CPI (ML) (ပြည်သူ့စစ်ပွဲ) ရဲ့ ဗဟိုကော်မတီဥက္ကဋ္ဌ ဂျနာဗာတီကို အသစ်ထူထောင်လိုက်တဲ့ CPI(Mao) ရဲ့ အတွင်းရေးမှူးအဖြစ် ရွေးချယ်လိုက်ကြတယ်။ ၂၀၀၇ ဇန်နဝါရီမှာ ပြည်လုံးဆိုင်ရာ နဝမအကြိမ်မြောက် ကွန်ဂရက်ကို လျှို့ဝှက်ကျင်းပခဲ့ရာ အဲဒီကွန်ဂရက်ကလည်း ဂျနာဗာတီကိုပဲ ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ထပ်မံရွေးချယ်လိုက်ပါတယ်။

ပါတီတွင်း စည်းရုံးဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး CPI (Mao) က ပြည်ပသို့ အခိုင်အမာ ထုတ်ဖော်ပြောကြားခြင်း မရှိပေမယ့် သတင်းစာကနေ ထုတ်ပြန်ကြေညာခဲ့တာ ရှိပါတယ်။ CPI (Mao) ဟာ မပူးပေါင်းမီက ပါတီနှစ်ရပ်ရဲ့ စည်းရုံးဖွဲ့စည်းမှုပုံစံအတိုင်း ခေါင်းဆောင်မှုကို ကျင့်သုံးဆောင်ရွက်မြဲ ဆောင်ရွက်လျက်ရှိပေမယ့်လည်း အထက်မှ အောက်အဆင့်အထိ ဗဟိုကော်မတီအပါ အဝင် ဒေသအဖွဲ့အစည်း၊ ပြည်နယ်ကော်မတီ၊ ဌာနဆိုင်ရာကော်မတီနဲ့ အစုအဖွဲ့ငယ်ကော်မတီတို့ကို သိပ်သည်းကျစ်လစ်စွာ ပြုမူဆောင်ရွက်ရေးမူအတိုင်း စည်းရုံးဖွဲ့စည်းမှုတစုံလုံးကို အခြေခံအားဖြင့် ဖွဲ့စည်းပြီးသွားပါပြီ။ ဒါဟာ CPI (Mao) ရဲ့ တပ်ဖွဲ့ကြံ့ခိုင်ကြီးထွားရေးအတွက် ကောင်းမွန်တဲ့ စည်းရုံးရေးအခြေခံအုတ်မြစ်ကို အထောက်အကူဖြစ်စေပါတယ်။

CPI (ML) (ပြည်သူ့စစ်ပွဲ)နဲ့ 'အိန္ဒိယပြည်မော်စီတုန်းဝါဒလှုပ်ရှားမှုစင်တာ' ရဲ့လက်အောက်မှာ အသီးသီးရှိနေတဲ့ ပြည်သူ့ပြောက်ကျားတပ်ဖွဲ့များနဲ့ ပြည်သူ့လွတ်မြောက်ရေးပြောက်ကျားတပ်ဖွဲ့တို့ကို ပူးပေါင်းလိုက်ပြီး CPI (Mao) ရဲ့ လက်အောက်ခံ 'ပြည်သူ့လွတ်မြောက်ရေးပြောက်ကျားတပ်မတော်' လို့ အမည်ပေးဖွဲ့စည်းလိုက်တယ်။ အစိုးရဘက်ရဲ့ ထုတ်ဖော်ပြောကြားချက်အရဆိုရင် ဒီတပ်မတော်မှာ လက်နက်ကိုင်အင်အား ၆၅၀၀ – ၇၀၀၀ ရှိတယ်လို့ ဆိုတယ်။ သေနတ်နဲ့အမြောက်စုစုပေါင်း ၅၅၀၀ ကျော်ရှိတယ်။ အများစုမှာ AK ရိုင်ဖယ်နဲ့ AK အော်တိုမက်တစ်ရိုင်ဖယ်များ၊ ကာဘိုင်များ၊ ခြောက်လုံးပူးသေနတ်များနဲ့ လက်ပစ်ဗုံး၊ မြေမြှုပ်ဗုံးစတာတွေဖြစ်တယ်။ နည်းပညာတပ်ဖွဲ့တခုလည်း ထူထောင်ထားပြီး အဲဒီတပ်ဖွဲ့က ၁၂ လုံးပူးပစ္စတိုနဲ့ ၎င်းရဲ့ ကျည်ဆန်ကိုလည်း ပြုလုပ်နိုင်နေပါပြီ။ ဒ့ါအပြင် သေနတ်အမျိုးမျိုးကိုလည်း ပြုပြင်နိုင်နေပါပြီ။ အစိုးရအဖွဲ့အစည်းများက CPI (Mao) ဟာ ထူထောင်ပြီးနောက် စစ်ရေးအင်အား အကြီးအကျယ်တိုးပွားလာလို့ ပြည်နယ်အစိုးရအဖွဲ့များကို အကြီးအကျယ်ခြိမ်းခြောက်လာနိုင်တယ်လို့ ဆိုနေကြပါပြီ။

### ၄။ CPI (Mao) ထူထောင်ပြီးနောက် အဓိကလှုပ်ရှားမှုအဝန်းအဝိုင်း

၎င်းပါတီ ထူထောင်ပြီးနောက် ၂ နှစ်တာအတွင်း အိန္ဒိယရဲ့ ပြည်နယ် ၂၈ ခုအနက် ၁၃ ပြည်နယ်၊ ဒေသ ၁၅၀ အထိ တမုဟုတ်ချင်း ကျယ်ပြန့်ခဲ့တယ်။ Andhra Pradesh ပြည်နယ်၊ Chhattisgarh ပြည်နယ်၊ Bihar ပြည်နယ်၊ Orissa ပြည်နယ်၊ West Bengal ပြည်နယ်၊ Karnataka ပြည်နယ်၊ Jharkhand ပြည်နယ်စတာတွေဖြစ်တယ်။ ယခုအခါ ဒေသ ၁၇၀ ကျော်

ဟာ အခြေခံအားဖြင့် မော်စီတုန်းဝါဒီတွေရဲ့ သြဇာခံဒေသတွေဖြစ်နေပါပြီ။ အဲဒီ သြဇာခံနယ်ပယ်တွေအနက် မြောက်ဘက် နီပေါလ်ပြည်နယ်စပ်မှ တောင်ဘက် Andhra Pradesh ပြည်တောင်ပိုင်း တောင်တန်းဒေသအထိ၊ ဒီတကြောဟာ အင်အားအကြီးဆုံးဖြစ်ပြီး ပျားပန်းခတ်မျှ လှုပ်ရှားနေသလိုဖြစ်လို့ 'အနီရောင်စင်္ကြံ' လို့တောင် ခေါ်နေပါပြီ။ CPI (Mao) ဟာ အဲဒီဒေသကို တော်လှန်ရေးညွန့်ပေါင်းဒေသတခု ဖြစ်အောင် ကြိုးစားတည်ဆောက်နေပြီး၊ မော်စီတုန်းဝါဒအဖွဲ့အစည်းများရဲ့ သြဇာနဲ့ အင်အားတဆင့်တက်တိုးချဲ့ရေးကို ကြိုးစားနေတယ်။ နောက်ဆုံးမှာ အဲဒီဒေသကို မိမိတို့ရဲ့အင်အားအလုံးအရင်းဖြင့် မြားဦးသဏ္ဍာန်ထိုးဝင်ပြီး အိန္ဒိယရဲ့အရေးကြီးဒေသအဖြစ်အကောင်အထည်ဖော်တာနဲ့တချိန်တည်းမှာ မဟာမိတ်များဖြစ်တဲ့ ဥပမာ နီပေါလ်ပြည်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ)၊ ဘူတန်ပြည်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ)နဲ့ တခြားတောင်အာရှမှ မော်စီတုန်းဝါဒအဖွဲ့အစည်းများရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ရေး ကြိုးပမ်းနေပါတယ်။

ပူးပေါင်းပြီးတဲ့နောက် CPI (Mao) ဟာ ပုံစံအမျိုးမျိုးသော ပြောက်ကျားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆင်နွှဲလျက်ရှိပါတယ်။ ပူးပေါင်းပြီးတဲ့နောက် ပထမနှစ်အတွင်းမှာပဲ ပြည်သူ့လွတ်မြောက်ရေးပြောက်ကျားတပ်မတော်ရဲ့ လင်နက်ကိုင်လှုပ်ရှားမှုဟာ တပြည်လုံးရှိဒေသအမြောက်အမြားသို့ ဖြစ်ထွန်းတိုးတက်သွားတယ်။ ပထမဦးဆုံး မြောက်ပိုင်းပြည်နယ်ရဲ့ ခရိုင်တခုအတွင်းမှာ ချုံခို တိုက်ပွဲဆင်နွှဲရာ ပုလိပ် ၁၉ ယောက်ကို ချေမှုန်းနိုင်ခဲ့တယ်။ ၂၀၀၅ ဇန်နဝါရီမှာ ဘီဟာပြည်နယ်၊ Jharkhand ပြည်နယ်တို့မှာ လွှတ်တော်ရွေးကောက်ပွဲကာလအတွင်း အိန္ဒိယအစိုးရတပ်မတော်ကို အလစ်အငိုက်ယူတိုက်ခိုက်ပြီး ရွေးကောက်ပွဲကို သပိတ်မှောက်ပါတယ်။

၂၀၀၅ ဧပြီနဲ့ဇွန်လတို့မှာ CPI (Mao) ဟာ ပိုမိုကြီးမားတဲ့ နည်းဗျူဟာအရ ပြန်လှန်ထိုးစစ်တိုက်ပွဲစဉ်များကို ဆင်နွှဲခဲ့တယ်။ Karataka ပြည်နယ်ရဲ့ တိုက်ပွဲတပွဲမှာ ဗဟိုပုလိပ်အဖွဲ့ရဲ့ အရံတပ်နဲ့ အထူးတပ်ဖွဲ့ဝင် ၃၈ ယောက်သေ၊ ၁၀၀ နီးပါး အကြီးအကျယ် ဒဏ် ရာရသွားတယ်။ အိန္ဒိယအစိုးရဟာ ဗဟိုပုလိပ်အရန်တပ်စတဲ့ လက်ရွေးစဉ်တပ်များကို စုစည်းတိုက်ခိုက်ခဲ့ပေမယ့် အကျိုးဆက်ကတော့ ဒါနဲ့ပြောင်းပြန်ဖြစ်သွားပြီး အရှုံးကြီးရှုံးသွားရတယ်။ အဲဒီနောက် နီပေါလ်နယ်စပ်ကို ချဉ်းကပ်ကာ မြောက်ဘီဟာ ပြည်နယ်၊ Madhuban ခရိုင်မှာ သမိုင်းတွင်လောက်တဲ့ အလစ်အငိုက်ဝင်တိုက်တဲ့ တိုက်ပွဲတပွဲ ဆင်နွှဲခဲ့တယ်။ CPI (Mao) ရဲ့ အဖွဲ့ဝင် ၁၅၀ လောက်က ပုလိပ်ဌာန၊ ဘဏ်၊ ဒေသအစိုးရရုံးတို့ကို အလစ်ဝင်တိုက်ခဲ့တာပါ။ ဒီတိုက်ပွဲတွေဟာ ဒေသတခုလုံးသာမက တပြည်လုံးကို တုန်လှုပ်ခြောက်ခြားသွားစေတယ်။

အဲဒီနောက် Karnataka ပြည်နယ်မှာ အထူးတပ်အမြောက်အမြားကို စုစည်းထားချိန်မှာ ၎င်းတို့ကို ပြည်သူ့လွတ်မြောက်ရေးပြောက်ကျားတပ်များက ချုံခိုတိုက်ခိုက်လိုက်ရာ အိန္ဒိယအစိုးရတပ်ဖွဲ့ဝင် ၈ ယောက် အကြီးအကျယ် ဒဏ်ရာရသွားပါတယ်။ ဒါဟာ အနောက်ပိုင်း တောင်တန်းဒေသတွေမှာ ပထမဆုံးအကြိမ် အလစ်အငိုက်တိုက်ခိုက်လိုက်ခြင်းဖြစ်တယ်။

၂၀၀၇ခုနှစ်ထဲရောက်လာပြီးနောက် ပြည်သူ့လွတ်မြောက်ရေးပြောက်ကျားတပ်မတော်ဟာ လှုပ်ရှားမှုနယ်ပယ်အဝန်းအဝိုင်းကို တဆင့်တက်တိုးချဲ့လိုက်ရုံမက အလစ်အငိုက်ယူ တိုက်ခိုက်ရေး ပစ်မှတ်တွေကို ဒေသအသီးသီးမှ ခေါင်းဆောင်များသို့ ချမှတ်ပေးလိုက် တယ်။ ၂၀၀၇ မတ်လ ၄ ရက်မှာ မော်ဝါဒီပြောက်ကျားတွေဟာ Jharkhand ပြည်နယ်ရဲ့ ပါလီမန်လွှတ်တော်အမတ်များကို

တိုက်ခိုက်လိုက်ရာ ထိမှန်သေဆုံးကုန်တယ်။ ၅ ရက်နေ့မှာ Maharashtra ဒေသ လယ်မြေကြီး ဖောက်လုပ်ရေးစီမံကိန်းကို လာရောက်စစ်ဆေးတဲ့ ဒေသလွှတ်တော်ခေါင်းဆောင်ကို တိုက်ခိုက်သတ်ဖြတ်ပစ်လိုက်တယ်။ ၎င်းလ ၁၅ ရက်နေ့ကလည်း နှိုင်းယှဉ်ခြင်းအရ အင်အားတောင့်တင်းတဲ့ Chhattisgarsh ပြည်နယ်၊ CPI (Mao) ရဲ့ တပ်အင်အား ၃၀၀ ကျော်က ပြည်နယ်လက်နက်ကိုင်ပုလိပ် ၁၅ ယောက်အပါအဝင် ၄၀ ကျော်ကို တိုက်ခိုက်ချေမှုန်းပစ်လိုက်တယ်။

ချုပ်လိုက်ရင် CPI (Mao) ဟာ ၂၀၀၄ မှာ ထူထောင်ပြီးတဲ့နောက် အဆက်မပြတ် တိုးတက်လာနေတယ်။ တောင်အာရှ တခြားနိုင်ငံတွေက မော်ဝါဒီနိုင်ငံရေးပါတီများနဲ့ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်။ ယခုအခါ အိန္ဒိယပြည်ကွန်မြူနစ်ပါတီများဟာ ၂ ဂိုဏ်းကွဲလျက်ရှိတယ်။ CPI နဲ့ CPI (M) တို့မှာ ပါတီဝင် ၅ သိန်းနဲ့ ၈ သိန်းစီ အသီးသီးရှိတယ်။ လွှတ်တော်အတွင်း ဥပဒေတွင်းတိုက်ပွဲနည်းလမ်းဖြင့် နိုင်ငံရေးအာဏာရရှိပြီး ဆိုရှယ်လစ်စနစ်ကို တစတစ ကူးပြောင်းသွားရေးကို ရပ်ခံတယ်။ ဒီပါတီ ၂ ပါတီက လွှတ်တော်အတွင်း အမတ်နေရာ ၄၈ နေရာ ရရှိနေပြီး၊ CPI (M) က အနောက်ဘင်္ဂလားပြည်နယ်၊ Kerala ပြည်နယ်နဲ့ Tripura ပြည်နယ်တို့မှာ နိုင်ငံရေးအာဏာရရှိနေတာ နှစ်ပေါင်း ၃၀ ရှိနေပါပြီ။ CPI ရဲ့ ထောက်ခံကူညီမှုများလည်း ရပါတယ်။ ဒ့ါအပြင် CPI (ML) နဲ့ CPI (Mao) တို့မှာလည်း ပါတီဝင် သောင်းဂဏန်းအထက်မှာ အသီးသီး ရှိနေတယ်။ အကြမ်းဖက်တော်လှန်ရေးကို ရပ်ခံပြီး ကျေးလက်ပြောက်ကျားစစ်မှတဆင့် မြို့များကိုဝိုင်း၊ နောက်ဆုံးအာဏာသိမ်းရေးလမ်းစဉ်ကို ကျင့်သုံးနေပါတယ်။ ဒီပါတီမှာ သောင်းအချို့ရှိတဲ့ လက်နက်ကိုင်တပ်ရှိတယ်။ တပြည်လုံးမှာ ဒေသ ၁၅၀ ကျော်မှာ လက်နက်ကိုင်လှုပ်ရှားလျက်ရှိတယ်။ ဧရိယာအားဖြင့် တပြည်လုံးရဲ့ လေးပုံတပုံခန့်ရှိတယ်။ လူဦးရေအားဖြင့် သန်း ၁၇၀ ကျော်ဟာ ၎င်းတို့ရဲ့ဩဇာအောက်မှာ ရှိနေပြီ။ ဒီကွန်မြူနစ်ပါတီ ဂိုဏ်း ၂ ဂိုဏ်းဟာ ဘယ်သူက မှန်ပြီး ဘယ်သူကမှားသလဲဆိုတာကတော့ အနာဂတ်လက်တွေ့က အဖြေပေးပါလိမ့်မယ်။ ။

**ကိုးကား။ ။ မျက်မှောက်ကမ္ဘာနှင့် ဆိုရှယ်လစ်ဝါဒ ဂျာနယ် (တရုတ်ဘာသာ) ၂၀၀၇ – အမှတ် (၆)**

**ရဲဘော်စိန်ထွန်း**

> မော်စီတုန်းဝါဒဟာ နိုင်ငံတကာ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေး သဘောတရားဖြစ်တည်လာမှုဖြစ်စဉ်အတွင်း မာ့က်စ်၊ လီနင်ဝါဒပြီးနောက် ကမ္ဘာ့တော်လှန်ရေး တတိယအဆင့် ဝင်ရောက်သွားမှုရဲ့ အထွက်ပစ္စည်းဖြစ်တယ်။ မာ့က်စ်၊ လီနင်ဝါဒ ဖွံ့ဖြိုးတိုးတက်မှုရဲ့ ပိုမိုမြင့်မားတဲ့ အဆင့်သစ်ရဲ့ မှတ်တိုင်ဖြစ်တယ်။ မျက်မှောက်ကမ္ဘာရဲ့ မာ့က်စ်၊ လီနင်ဝါဒဖြစ်တယ်လို့ သူတို့က ရှုမြင်တယ်။ ၎င်းပါတီက မာ့က်စ်၊ လီနင်ဝါဒ၊ မော်စီတုန်းဝါဒဟာ မျက်မှောက်နိုင်ငံတကာ ပစ္စည်းမဲ့လူတန်းစားတို့ ဆုပ်ကိုင်ထားရန်လိုအပ်တဲ့ အကျယ်အပြန့် အဓိပ္ပာယ်ဆောင်တဲ့၊ ပြီးပြည့်စုံတဲ့ အတွေးအခေါ်စနစ်ဖြစ်တယ်လို့ ခံယူတယ်။

# ပေါ်ပြူလာ အမေရိကန်သမိုင်း ဆန်းစစ်ချက်

မောင်သန်းမြရွှေ

**နိဒါန်း**

**Charls A. Beard** နဲ့ **Marry Ritter Beard** တို့စုံတွဲဟာ အမေရိကန်သမိုင်းနဲ့ ပတ်သက်တဲ့ စာအုပ် အများအပြား ရေးခဲ့တယ်။ သူတို့ကို 'တိုးတက်တဲ့ ' သမိုင်းဆရာများအဖြစ် ညွှန်းဆိုသော်လည်း 'ပေါ်ပြူလာ' သမိုင်းဆရားများအဖြစ်သာ မာ့က်စ်ဝါဒီ သမိုင်းဆရာများက သတ်မှတ်တယ်။ **Charls Beard** က အမေရိကန်သမိုင်းကို အမေရိကန် အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှုကို မဏ္ဍိုင်ပြုပြီးသုံးသပ်တဲ့ ပထမဆုံး သမိုင်းဆရာ ဖြစ်တယ်။ သူတို့ဟာ ၁၉ ရာစုကုန်ပိုင်းနဲ့ ၂၀ ရာစုအစောပိုင်းမှာ ပျောက်ကွယ်သွားပြီဖြစ်တဲ့ ခေတ်ဟောင်းလူလတ်တန်းစား အသေးစားထုတ်လုပ်သူများရဲ့ ကိုယ်စားလှယ်အဖြစ် နီးထကာ ပေါ်ပြူလာ အမေရိကန်သမိုင်းကို စိတ်ဝင်စားလာကြတယ်။ သူတို့ရဲ့ ရေးသားချက်များကို **Daniel Gaido** က ရုပ်ဝါဒ ရှုဒေါင့်မှ ဝေဖန်သုံးသပ်သည့်စာတမ်းကို လိုရင်းတိုရှင်း ကောက်နုတ်တင်ပြပါတယ်။ **Gaido** ဟာ အစ္စရေးနိုင်ငံ ဟိုင်ဖာတက္ကသိုလ်မှ ကထိက တဦး ဖြစ်တယ်။

**ရည်ညွှန်း**

**Daniel Gaido's The Populist Interprepation of American History. Science & Society Voul. 65, no3. Fall 2001,**

## ပေါ်ပြူလာသမိုင်းနှင့် သမိုင်းရေးရုပ်ဝါဒ

၁၉၃၂ က ဂွန်ချိန်ဘာလိန်က တိုးတက်တဲ့အစဉ်အလာ အမေရိကန်သမိုင်းဟာ "အရင်းရှင်ငယ်များက အရင်းရှင်ကြီးများကို ဆန့်ကျင်ခြင်းဖြစ်ပြီး လက်ဝါးကြီးအုပ်ထရပ်စ်များကို ချိုးဖျက်ကာ ဈေးကွက်တွင်း အကောင်ငယ်များအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း" လို့ဆိုတယ်။ မှတ်သားဖို့ကောင်းတဲ့အချက်က ခေတ်ဟောင်းလူလတ်တန်းစားရဲ့ အခစား ကျေးကျွန်မဖြစ်လိုတဲ့ ခေါင်းမာမှုကို ထက်မြက်မှုအဖြစ် မှတ်ယူခြင်း ဖြစ်တယ်။

၁၉၃၅ မှာ Beard က ယခုလို ရေးခဲ့တယ်။ "သဘောတရားအရ အမေရိကားမှာ လူတန်းစားတရပ်ပဲ ရှိတယ်။ ခနရှင်ပေါက်စပဲ (အများစုဟာ ကျေးလက်နောက်ခံရှိ) ပစ္စည်းမဲ့နဲ့

အထက်လွှာလူကုံထံတွေက လူတန်းစားအဖြစ် ဖြစ်တည်မလာဘူး”။

ပေါ်ပြူလာသမိုင်းဆရာတွေ (သူတို့ကိုယ်သူတို့ တိုးတက်သူများလို့ ခေါ်တယ်)ဟာ အဲဒီ ကျောထောက်နောက်ခံအမြင်နဲ့ သမိုင်းကို သုံးသပ်ခဲ့ကြတယ်။ သူတို့ အဓိက အားကိုးပြုတဲ့ အချက်က စက်မှုတော်လှန်ရေးက မြေယာပိုင်ဆိုင်မှုကို ရှင်းလင်းပစ်တဲ့ (လယ်ပိုင်ရှင်ကလေးများရဲ့ မြေယာကို မြေရှင်နဲ့အရင်းရှင်များက သိမ်းယူခြင်း) အင်္ဂလန်နဲ့ မတူဘဲ၊ အမေရိကန်ပြည်ထောင်စုမှာ ၂၀ ရာစု အစပိုင်းအထိ အရင်းစုပုံမှု ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ခြင်းဟာ အသေးစားပိုင်ဆိုင်သူများ (အထူးသဖြင့် ကျေးလက်မှာ) တိုးပွားလာလို့ ဖြစ်တယ်လို့ ဆိုတယ်။ အထင်ကရ သမိုင်းဆရာတိုင်းဟာ ကျေးလက်ခနေရှင်ပေါက်စများဘက် တိမ်းညွှတ်တဲ့အမြင်နဲ့ အမေရိကန် လူမှုအဆောက်အအုံကို သုံးသပ်ခဲ့ကြတယ်။

အမေရိကန် တော်လှန်ရေးခေတ် (၁၇၇၆ လွတ်လပ်ရေး ကြေညာတဲ့ခေတ်) ဟာ ဂန္ထဝင် စီပွားရေးအခေါ်အရ လယ်ယာစိုက်ပျိုးရေးဝိသေသရှိတဲ့ ‘လယ်သမားပိုင်ဆိုင်မှုစနစ်’ဖြစ်တယ်။ အသေးစားပိုင်ဆိုင်မှုဖြစ်ပြီး လယ်ရှင်ကိုယ်တိုင် အရင်းအနှီးစိုက်ထုတ်ပြီး ကိုယ့်လယ် ကိုယ့်မိသားစုနဲ့ ကိုယ်တိုင်လုပ်တဲ့ လယ်ရှင်လည်းဖြစ် –အရင်းရှင်လည်းဖြစ်၊ လယ်သမားလည်းဖြစ် – အလုပ်သမား လည်းဖြစ်တဲ့စနစ် ဖြစ်တယ်လို့ ဆိုတယ်။

ဒီအချက်မှန်ကန်ကြောင်း အောက်ပါအချက်များနဲ့ ထောက်ပြတယ်။

အသက် ၂၁ အထက် လူလွတ် အမေရိကန်ယောကျ်ားထက်ဝက်ဟာ ၁၇၉၆ မှာ လယ်မြေ ပိုင်ဆိုင်မှု မရှိဘူး။ ၁၈၀၀ မှ ၁၈၅၀ အကြား ပိုင်ဆိုင်မှုအချိုးအစားဟာ ၀ . ၅၀ ရာခိုင်နှုန်းမှ ၀ . ၄၇ ရာခိုင်နှုန်းသို့ ကျသွားသော်လည်း ၁၈၇၀ မှာ လူဖြူ ၀ . ၄၃ ရာခိုင်နှုန်းနဲ့ လူမဲ + လူဖြူ ၀ . ၃၉ ရာခိုင်နှုန်းဖြစ်လာတယ် (Soltow) ။ ဆွီဒင် ၂၉ ရာခိုင်နှုန်း၊ ဒိန်းမတ် ၂၄ ရာခိုင်နှုန်း၊ အင်္ဂလန် ၁၀ ရာခိုင်နှုန်းနဲ့ စကော့တလန် ၃ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်လျှင် လယ်မြေပိုင်ဆိုင်မှုအချိုးအစားဟာ အမေရိကန်ရဲ့ ရှေ့တန်းရောက်တဲ့ အောင်မြင်မှုပဲ (Soltow) ။

ခနေရှင်ပေါက်စ မြေပိုင်ရှင်နိုင်ငံ အမေရိကားမှာ ၁၈၈၀ အထိ လုပ်သားအင်အား ၇၅ ရာခိုင်နှုန်းဟာ ကျေးလက်လယ်ယာမြေမှာ အခြေပြုပြီး ၁၈၉၀ အထိ လုပ်သားအင်အား ထက်ဝက် ကျော်ဟာ စိုက်ပျိုးရေးလုပ်ငန်းမှာ အခြေပြုတယ် (Lebergott) ။

ဖက်ဒရယ်သန်းခေါင်စာရင်အရ ၁၈၆၀ မှာ လယ်မြေကွက်ပေါင်း ၂ သန်းမှ ၁၉၀၀ မှာ ၅ . ၇ သန်းရှိလာတယ်။ နှစ် ၄၀ အတွင်း ယခင် ၁၆၀၇ မှ ၁၈၆၀ ကာလရှိခဲ့တဲ့ လယ်မြေရဲ့ ၂ ဆလောက် တိုးချဲ့ခဲ့တယ် (Carstensen) ။ နောက် အနှစ် ၂၀ လောက်အထိ လယ်မြေများ ဆက်လက် တိုးတုန်းပဲ။ ၁၉၁၀ မှာ ၆ . ၃၇ သန်း၊ ၁၉၂၀ မှာ ၆ . ၄၅ သန်း ဖြစ်လာတယ် (U. S Department of Commerce, 1975)

၁၉၀၀ မှာ အမေရိကားဟာ ရှေ့တန်းရောက် စက်မှုအင်အားကြီး နိုင်ငံဖြစ်လာသော် လည်း လူဦးရေ အများစု အခြေချ နေထိုင်မှုဟာ တနေရာမှာ လူ ၂၅၀၀ ထက်မပိုဘူး (Foner) UK ရှိ စိုက်ပျိုးရေးသမား ဦးရေဟာ ၁၈၄၀ မှာ ၁ . ၅၁ သန်း၊ ၁၉၁၀ မှာ ၁ . ၅၅ သန်း ပဲရှိတယ်။သိပ် မကွာဘူး။ စိုက်ပျိုးရေးလုပ်သား ဦးရေဟာ ဗြိတိသျှလုပ်သားအင်အားရဲ့ ၃၆ ရာခိုင်နှုန်း (၁၈၀၁) မှ ၁၁ ရာခိုင်နှုန်း (၁၈၉၁) သို့ ကျဆင်းသွားသော်လည်း US မှာ ၎င်းကာလ (၁၈၀၁ မှ ၁၈၉၁) အတွင်း ၃ . ၅၇ သန်း မှ ၁၁ . ၆၈ သန်း (၃၃၀ ရာခိုင်နှုန်း) တိုးလာတယ် (Lebergott; Thomas)။

အထက်ပါ ကိန်းဂဏန်းများကို ထောက်ပြပြီး ပေါ်ပြူလာသမိုင်းဆရာများက ၁၈၉၁ မှာ အမေရိကန် စက်မှုနဲ့စီးပွားရေးဟာ ဥရောပနိုင်ငံများနှင့် တန်းတူဖြစ်လာခဲ့ပြီး သွေးစုပ်သူနဲ့ သွေးစုပ်ခံ၊ ဘူဇွာနဲ့ ပစ္စည်းမဲ့အဖြစ် လူတန်းစားသိသိသာသာ ကွဲလာခဲ့သော်လည်း ခနရှင်ပေါက်စနဲ့ လယ်သမားကလေးများ (အထူးသဖြင့် လယ်သမားကလေးများ) အရေအတွက်ဟာ ဥရောပထက် ပိုမိုများပြားတယ်လို့ နိဂုံးချုပ်ကြတာဟာ အံ့သြစရာတော့ မဟုတ်ပါဘူး။

ဒီနေရာမှာ ပေါ်ပြူလာဝါဒီတွေဟာ ကျွန်ပိုင်ရှင်တွေ ခေါင်းဆောင်တဲ့ အလုပ်ကြမ်းသမားများရဲ့ လှုပ်ရှား မှုများ (အတတ်ပညာနဲ့ နိုင်ငံရေးလွတ်လပ်ခွင့်၊ စာတတ်မြောက်ခွင့်စသည့် ယေဘုယျလှုပ်ရှားမှုများ) ကို ခေတ်ဟောင်းလူတန်းစားများရဲ့ ကိုယ်ပိုင်နိုင်ငံရေးလှုပ်ရှားမှုများနဲ့ ဆက်စပ်ရောမွှေကာ မြေယာပုံစံခွက်ထဲက ခနရှင်ပေါက်စများအဖြစ် အရေအတွက်တိုးပွားအောင် ပြုလုပ်ထားကြတယ်။ အဲဒီလူတန်းစား (မြေယာပုံစံခွက်ထဲက ခေတ်ဟောင်းလူလတ်တန်းစား) ကို ကိုယ်စားပြုတဲ့ ထင်ရှားတဲ့ စာရေးဆရာက (Mark Twain (1835 - 1910) ပါပဲ။ သူ့အရေးအသားများဟာ အမေရိကန်ယဉ်ကျေးမှုကို များစွာ သြဇာသက်ရောက်တယ်။

ပေါ်ပြူလာဝါဒီတွေ အလိုအရ၊ ခနရှင်ပေါက်စ နိုင်ငံရေးစီးပွားရေးလှုပ်ရှားမှုဟာ အနောက်အလယ်ပိုင်းနဲ့ တောင်ပိုင်းလယ်သမားကလေးများအပေါ် အခြေခံတယ်။ မြို့နေလူလတ်တန်းစားနဲ့ ရယ်ဒီကယ်အလုပ်သမားအလွှာကို သူတို့နောက်ကို ပို့ထားတယ်။ နောက်ပိုင်းမှာ ကျေးလက်နေသူများရဲ့ အရေးပါမှု လျော့လာပြီး၊ ဒေသ ဖွား မြို့နေခနရှင်ပေါက်စများရဲ့ အဆင့်နေရာ မြင့်လာတယ်လို့ဆိုတယ်။ ၎င်းတို့က အမေရိကန်တော်လှန်ရေး (၁၇၇၆) မှ အမေရိကန် ပြည်တွင်းစစ် (၁၈၆၁ – ၆၅) နောက်ပိုင်းကာလအထိ ဖြစ်ပေါ်ခဲ့တဲ့ အဓိက နိုင်ငံရေးပဋိပက္ခများကို အရင်းရှင်နဲ့ မြေယာသမားတို့ရဲ့ အတိုက်အခံဖြစ်မှုအဖြစ် ပုံဖော်တယ်။ တခါတရံ 'ပုဂ္ဂိုလ်ရေး' နဲ့ 'ဖြစ်ရပ်မှန်အကြား' ပဋိပက္ခအဖြစ် ဖော်ပြတယ်။ ဥရောပ ပါတီစုံနဲ့ ကွဲပြားစွာ အမေရိကန် ၂ ပါတီ တည်ရှိရခြင်း အကြောင်းမှာ စိုက်ပျိုးရေးနဲ့ အရင်းရှင်စနစ်အကြား အတိုက်အခံဖြစ်မှုကြောင့်လို့ ဆိုတယ်။ ဒီအယူအဆရဲ့ ဇစ်မြစ်ဟာ အမေရိကန် ဒီမိုကရက် ဂျက်ဖာဆင် – ဂျက်ဆင်တို့မှ ဆင်းသက်လာခြင်းဖြစ်ပြီး တိုးတက်သူများလို့ ဆိုတဲ့ ပေါ်ပြူလာလှုပ်ရှားမှု (ပေါ်ပြူလာပါတီ ဒါမှမဟုတ် ပြည်သူ့ပါတီဆိုတာ ၁၈၉၁–၉၄ အတွင်း ပေါ်ပေါက်ခဲ့တဲ့ ခနရှင်ပေါက်စ လယ်သမားပါတီတရပ်ဖြစ်တယ်။) က အမွေဆက်ခံထားခြင်း ဖြစ်တယ်။ သူတို့က ဂျက်ဖာဆင် ရှင်းပြတဲ့ အမေရိကန် ၂ ပါတီစနစ်ကို သံသယမရှိ လက်ခံတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ဖခင်တွေထဲမှာ ဂျက်ဖာဆင်ဟာ အကြီးမြတ်ဆုံးလို့ ဆိုတယ်။

ပေါ်ပြူလာဝါဒီတွေက ကိုယ်ပိုင်လယ်လုပ်လယ်သမား စီးပွားရေးဖြစ်တဲ့ ရိုးရိုးကုန်စည်ထုတ်လုပ်ရေးဟာ အခစားလုပ်အားအပေါ် အခြေပြုတဲ့ အရင်းရှင်ကုန်စည်ထုတ်လုပ်ရေး ကြီးထွားစေတဲ့ ယုတ္တိကြောင်းနဲ့ သမိုင်းကြောင်းအရ ရှေးဦးလိုအပ်ချက်လို့ မြင်တယ်။ အဲဒီအမေရိကန် အရင်းရှင်စနစ်ကပဲ ခနရှင်ပေါက်စ လယ်ယာ စိုက်ပျိုးရေးအမေရိကားကို အငန်းမရ ဝါးမျို ကြီးထွားလာတဲ့ အရင်းရှင်စနစ်ဖြစ်နေပြန်တယ်။ အခုလို ပေါ်ပြူလာ ဝါဒီတွေရဲ့ ရှေ့နောက်မညီတဲ့ ရေးသားချက်များဟာ ခေတ်သစ်ကော်ပိုရိတ်အရင်းရှင်စနစ်က သမိုင်းမြင်ကွင်းက ဖယ်ရှားလိုက်ပြီးဖြစ်တဲ့ ခေတ်ဟောင်းလူလတ်တန်းစားအပေါ် တပ်မက်ဖက်တွယ်နေခြင်းပဲဖြစ်တယ်။

## လူတန်းစားတိုက်ပွဲ

Beard မြင်တဲ့ အမေရိကန် လူတန်းစားတိုက်ပွဲဟာ အောက်ပါအတိုင်းဖြစ်တယ်။

အမေရိကန်ပြည်ထောင်စု အမျိုးသားအစိုးရဟာ အဓိကပါတီကြီး ၂ ရပ်အပေါ် အခြေပြုတယ်။ အမည်တွေ ပြောင်းသွားသော်လည်း ပါတီ ၂ ရပ်ရဲ့ ဖွဲ့တည်မှုနဲ့ အနေအထားဟာ အနည်းအပါးသာ ပြောင်းတယ်။ တခုက ဟမ်မီလ်တန်၊ ဝတ်စတား၊ လင်ကွန်း၊ မက်ကင်းလေ၊ ကိုးလ်းရစ်နဲ့ ဟူးဗားတို့ ပါဝင်တဲ့ Fedrealist - Whig - Republican ပါတီ ဖြစ်တယ်။ (၁၇၈၉ အမေရိကန်ရဲ့ ပထမဆုံးသမ္မတ ဂျော့ဝါရှင်တန် လက်ထက်၊ ပထမဆုံး ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ ဟမ်မီလ်တန်နဲ့ ဒုတိယမြောက် အမေရိကန်သမ္မတ ဖြစ်လာသူ ဂျွန်အဒမ်တို့ က Federal ပါတီကို ဦးဆောင် ဖွဲ့စည်းခဲ့တယ်။) နောက်ပိုင်း Republican ပါတီလို့ အမည်ပြောင်းတယ်။ စက်မှုနဲ့ ဘဏ္ဍာကို ဗဟိုပြုတယ်။ ၁၈၆၀ မှာ လယ်သမားများ ပေါင်းစပ်ပါဝင်ခဲ့ပြီး ယခုတိုင် မြောက်ပိုင်းပြည်နယ်များတွင် အမာခံထားရှိသော်လည်း အဓိက စီးပွားရေးမဏ္ဍိုင်ဟာ နှစ်ပေါင်း ၁၅၀ လောက် မပြောင်းလဲဘူး။ ဒုတိယပါတီ က Republican - Democratic Organization (တတိယမြောက် အမေရိကန်သမ္မတနဲ့ အမေရိကန်လွတ်လပ်ရေး ကြေညာစာတမ်းရေးသားသူ Thomas Jefferson ဦးဆောင်၍ Republican ပါတီကို ဖွဲ့စည်းတယ်။ နောက်ပိုင်း Democrat ပါတီလို့ အမည်ပြောင်းတယ်) ဖြစ်ပြီး ဂျက်ဖာဆင်၊ ဂျက်ဆင်၊ ဘရိုင်ယန်နဲ့ ဖရန့်ကလင် ရုစဘဲလ်တို့ ကမကထပြုတယ်။ စိုက်ပျိုးရေး ဗဟိုပြုစီးပွားရေးကို အခြေခံတယ်။ ကုန်သည်တွေ မြို့ပြပညာတတ်တွေ အမြောက်အမြားကို ရေးကတည်းက လက်ခံပေါင်းစည်းခဲ့တယ်။

ပါတီ ၂ ရပ် ကွဲပြားခြင်းဟာ စက်မှုသမားအားလုံးကတဖက် မြေယာသမားအားလုံးက တဖက်လို့ အဓိပ္ပာယ်မရောက်ဘူး။ အမေရိကန်နိုင်ငံရေးကို စက်မှုနဲ့ လယ်ယာစိုက်ပျိုးရေးက ရှေးဦးလွှမ်းမိုးခဲ့သော်လည်း တခုလုံးအရ စည်းရုံးထားတဲ့ လုပ်အားတွေလည်း ပါဝင်တယ်။ ပါတီ ၂ ရပ်ရဲ့ ရန်လိုမှုကို စီးပွားရေးကွဲလွဲမှုအပေါ်မှာ တွေ့နိုင်တယ်။ ရီပတ်ဘလီကန်ပါတီက အမေရိကန် စက်မှုလုပ်ငန်းများအပေါ် ကိုယ်ကျိုးစီးပွားကာကွယ်ရေး အတားအဆီးများ၊ ဗဟိုစုစည်းတဲ့ ဘဏ်စနစ်၊ ရွှေအခြေခံငွေကြေး၊ ပို့ကုန်ပေါ်အထောက်အပံ့ အားကောင်းတဲ့ ရေတပ်၊ အတွင်းပိုင်းပြုပြင်ပြောင်းလဲမှု၊ ကူးသန်းရောင်းဝယ်မှုနဲ့ သက်သာတဲ့အမြတ်ခွန်တို့ကို ထောက်ခံတယ်။ ဒီမိုကရက်တစ်ပါတီက ၁၉ ရာစု တလျှောက်လုံး ဆန့်ကျင်ဘက်က ရပ်တယ်။ ခြွင်းချက်ရှိမှာ ဖြစ်သော်လည်း ၂၀ ရာစု အစပိုင်းအထိ အပြောင်းအလဲ အနည်းအပါးသာရှိတယ် လို့ဆိုတယ်။

ပေါ်ပြူလာသမိုင်းဆရာများအလိုအရ အမေရိကန်တော်လှန်ရေး (၁၇၇၆) က ကူးသန်းရောင်းဝယ်ရေး စက်မှုနဲ့ အခြေချနေထိုင်မှု ပင်လယ်ရေကြောင်းသွားလာမှု ပိတ်ပင်ဟန့်တားမှုများကို ဖယ်ရှားလိုက်ရုံမက ကိုလိုနီလူ့အဖွဲ့အစည်းရှိ အောက်ခြေလူတန်းစားများအပေါ် ဗြိတိသျှအင်ပိုင်ယာရဲ့ နိုင်ငံရေးပိတ်ပင်မှုတွေကိုလည်း ဖယ်ရှားလိုက်တယ်။ ၎င်းနောက်ပိုင်း ပေါ်ပေါက်လာတဲ့ ပေါ်ပြူလာ ပြုပြင်ပြောင်းလဲရေးများဟာ အမေရိကန်လူ့အဖွဲ့အစည်းအပေါ် ကြီးမားတဲ့ ဩဇာသက်ရောက်တယ်။ သားဦးအမွေခံစနစ်၊ အမွေခံပစ္စည်းမထုခွဲရစနစ်၊ ရွှေ့ပြောင်းနေထိုင်မှု အခွန်အခ စတာတွေကို ဖျက်သိမ်းခြင်း၊ ဘုရင့်မြေ အပိုင်စားမြေ သစ္စာခံမြေ စသည်တို့ကို သိမ်းယူခြင်း၊ နိုင်ငံရပ်ခြားကူးသန်းရောင်းဝယ်မှု ကန့်သတ်ချက်များ ဖယ်ရှားခြင်း Appalachian ဒေသကြီးကို စိုက်ပျိုးရေး ကိုလိုနီအဖြစ် တိုးချဲ့ခွင့်ပြုခြင်း စသဖြင့် ဖြစ်တယ်။

ဒီပြောင်းလဲမှုတွေဟာ အမေရိကန်လူမှုဘဝတွင်း ဒီမိုကရေစီ လက္ခဏာဆောင်တယ်။ မြေယာသမားထုကြီး (ပေါ်ပြူလာဝါဒီတွေက ကျွန်ပိုင်ရှင်တွေကိုလည်း ဒီထဲမှာ ထည့်တယ်) ကို ဥပဒေပြုခွင့် အာဏာထိန်းချုပ်ခွင့် ရစေတယ်။ ၎င်းတို့က အရင်းရှင် ဆန့်ကျင်ရေးဥပဒေများ (ဥပမာ – ငွေစက္ကူထုတ်ဝေမှု၊ ဆိုင်းငံ့ဥပဒေနဲ့ ဖက်ဒရယ် ကြွေးမြီလျှော်ပစ်မှုစသည်) ကို ပြဋ္ဌာန်းတယ်။

လွတ်လပ်ရေးရလာသည့်အခါ အရင်းရှင်တွေက မြေယာသမားတွေရဲ့ လုပ်ဆောင်ချက်တွေကို ဖျက်သိမ်းပစ်တယ်။ ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ (၁၇၈၇) ရေးဆွဲရာမှာ ဘုဇ္ဇာတွေက ရန်သူတော်မြေယာဝါဒီတွေရဲ့ ဥပဒေပြုခွင့်အာဏာနှင့် လွှတ်တော်တွင်း အများစုဖြစ်မှုကို ထိန်းချုပ်နိုင်ရေးအတွက် ခေါ်ဆိုလေ့ရှိတဲ့ အပြန်အလှန်ထိန်းချုပ်မှု (checks and balances) စနစ်ကို ကျင့်သုံးတယ်။ (သမ္မတနှင့် ဆီးနိတ်အမတ်များကို သွယ်ဝိုက်ရွေးချယ်တဲ့စနစ်၊ သမ္မတက ရွေးချယ်ပြီး ဆီးနိတ်ရဲ့ထောက်ခံမှုနဲ့ လွတ်လပ်တဲ့ တရားသူကြီး ခန့်ထားမှု စသည်)။

ချုပ်လိုက်ရင် ပေါ်ပြူလာဝါဒီတွေက အမေရိကန်တော်လှန်ရေးနဲ့ ဖက်ဒရယ် ပေါင်းစုခေတ်ကာလ (၁၇၇၆) ကို ကြည့်မြင်ရာမှာ အမေရိကန်ဓနရှင်ပေါက်စတွေက ဗြိတိသျှစိုးမိုးမှုကို ဖယ်ရှားပြီး အမေရိကန်အထက်လွှာလူတန်းစားရဲ့ တောင့်တင်းခိုင်မာတဲ့ ဗဟိုအစိုးရ ပေါ်ပေါက်လာတဲ့ အောင်ပွဲအမြင်ဖြစ်တယ်။ ဒါပေမဲ့ ကျွန်ပိုင်ရှင်တွေနဲ့ ကိုယ်လယ်ကိုယ်လုပ် လယ်သမားကလေးများကို ရောထွေးထားတာဟာ ရုပ်ပျက်ဆင်းပျက်နိုင်တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံမူချရာမှာ ကျွန်ပိုင်ရှင်တွေရဲ့ အခန်းကို မျက်စိလျှံသွားပုံရတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံတိုက်ပွဲ (၁၇၈၇) ကို ဖက်ဒရယ်ဝါဒီတွေနဲ့ ဖက်ဒရယ်ဆန့်ကျင်ရေးဝါဒီတွေရဲ့ တိုက်ပွဲအဖြစ်လည်း ကြည့်မြင်တယ်။ စီးပွားရေးဝါဒီတွေနဲ့ ပေါ်ပြူလာဝါဒီတွေရဲ့ တိုက်ပွဲအဖြစ်လည်း ကြည့်မြင်တယ်။ တကယ်လို့ ကျွန်ပိုင်ရှင်တွေက ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ဖက်ဒရယ်အစိုးရသစ်ကို ထောက်ခံတယ်ဆိုရင် ဖက်ဒရယ် ဆန့်ကျင်ရေးသမားတွေ (ကျွန်ပိုင်ရှင်တွေ ခွဲထွက်လိုသူတွေ) နဲ့ ဂျက်ဖာဆင်သမ္မတနိုင်ငံဝါဒီတွေ (မြေယာသမား ပေါ်ပြူလာဝါဒီတွေ) ကြား ရှည်လျားတဲ့ ဆက်သွယ်မှုရှိတယ်လို့ ပြောတာဟာ အလွဲလွဲအချော်ချော် ဖြစ်နေပါတယ်။

တကယ်က အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံဟာ အရင်းရှင်တွေနဲ့ ကျွန်ပိုင်ရှင်တွေ စေ့စပ်ထားတဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံဖြစ်တယ်။ ဖက်ဒရယ်ပေါင်းစု (confederation) ခေတ်ကာလအတွင်း တိုးပွားလာတဲ့ အလုပ်ကြမ်းသမားထုကြီးအပေါ် အထက်လွှာလူတန်းစားရဲ့ တုံ့ပြန်မှု အကျိုးဆက်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်တယ်။ မြို့နေအတတ်ပညာသည်များ နယ်စွန်နယ်ဖျား လယ်သမားကလေးများစတဲ့ အလုပ်ကြမ်းသမားအလွှာတို့က သူ့အကြောင်းနဲ့သူ ထောက်ခံမှုကြောင့်လည်း ဖြစ်တယ်။ ဥရောပအင်အားကြီးနိုင်ငံများနဲ့အပြိုင် ပြည်ထောင်စု ခိုင်မာတောင့်တင်းဖို့ လိုအပ်ချက်ကြောင့်လည်းဖြစ်တယ်။ ဒီညီညွတ်ရေးတပ်ပေါင်းစုဟာ ကျွန်ပိုင်ရှင်တွေဘက် ပြောင်းပြီး အတိုက်အခံအဖြစ် ကူးပြောင်းသွားတဲ့ ဝါရှင်တန်အစိုးရလက်ထက် (၁၇၈၈ – ၉၆) မှာ ပြိုကွဲသွားတယ်။ ခေတ်ပြိုင် သမိုင်းပညာရှင်အများစုက ဒီအမြင်ကို ကျေနပ်လက်ခံကြတယ်။

အမေရိကန် လူတန်းစားတိုက်ပွဲကို လေ့လာရာမှာ ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ (၁၇၈၇)၊ ဟယ်လ်မင်တန် စီးပွားရေးစီမံကိန်းနဲ့ အမေရိကန် အရင်းရှင်စနစ်ဖြစ်ပေါ်တိုးပွားမှုတို့ရဲ့ ဆက်စပ်မှုကို ရှာဖွေဖို့လိုတယ်။

၁၇၈၇ ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံဟာ ထူးခြားတိုးတက်မှုရှိကြောင်း သံသယပွားစရာ

မလိုပါ။ တစည်းတလုံးတည်းသော အမျိုးသားဈေးကွက်ကို ဖန်တီးနိုင်ပြီး အနောက်တိုင်းကိုလိုနီကျွန်ပြုမှုကို တွန်းအားပေးနိုင်ခြင်းကြောင့် အရင်းရှင်စနစ် ဖွံ့ဖြိုးစေရုံမက မြို့ပြအတတ်ပညာသည်များ ကိုယ်ပိုင်လယ်လုပ်အလုပ်သမားများရဲ့ ထောက်ခံမှုကိုလည်း ရရှိတယ်။

ဟမ်မီလ်တန် (ပထမဆုံး ဘဏ္ဍာရေးဝန်ကြီး) စီးပွားရေးစီမံကိန်းဟာ အရင်းရှင်တွေက မြေယာလူတန်းစားအပေါ် အဆုံးသတ် အောင်ပွဲခံခြင်းဖြစ်တယ်လို့ Beard က ဆိုတယ်။ ဖက်ဒရယ်ကြွေးမြီ ရန်ပုံငွေထူထောင်ခြင်းနဲ့ နိုင်ငံတော်ကြွေးမြီကို အမည်ခံလက်ခံခြင်း စသည်ကြောင့် အရင်းအနှီးအမြောက်အမြားဟာ ဘူဇွာတွေလက်ထဲ လွဲပြောင်းရောက်ရှိလာတယ်လို့ဆိုတယ်။ ဟမ်မီလ်တန်ရဲ့ ရည်ရွယ်ချက်က ဒေသခံအရင်းရှင်လူတန်းစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းဆော်ပေးတာ ထင်ရှားပါတယ်။ ဥရောပမှာ အများပြည်သူ ကြွေးမြီဟာ အရင်းရှင်စနစ် ဖွံ့ဖြိုးရေးအတွက် အရေးပါတယ်။ အကယ်၍ နိုင်ငံတော်ထံမှ ငွေချေးသူ (မြီစား) များဟာ ဒေသခံ အရင်းရှင်များဖြစ်ရင် မာ့က်စ်ရဲ့စကားအရ “ပြည်တွင်းကြွေးမြီဟာ ရှေးဦးအရင်းစုဆောင်းမှုရဲ့ အရေးပါဆုံး တွန်းအားတရပ်”ဖြစ်တယ်။ ဒါပေမဲ့ ပြည်တွင်းကြွေးမြီဟာ အမေရိကန်မှာ ဥရောပနဲ့မတူဘူး။ အကြောင်းက အမေရိကန်မှာ ပြည်တွင်းကြွေးမြီနဲ့ နိုင်ငံတော်အခွန် (ပြည်သူ့စစ်တပ်ဖွဲ့၊ ဘုရင့် အဆောင်အယောင် အဖွဲ့အစည်းများ၊ နိုင်ငံတော် ဘုရားကျောင်းစသည်) မရှိလို့ဖြစ်တယ်။

ဂျက်ဖာဆင် လုပ်ငန်းစဉ် (တတိယမြောက်သမ္မတ ၁၈၀၁ – ၁၈၀၉) ဟာ ဟမ်မီလ်တန်နဲ့ ပြောင်းပြန်ပဲလို့ Beard ကဆိုတယ်။ ပြည်သူ့ကြွေးမြီ မရှိရေး၊ အမြတ်ခွန်နိမ့်ရေး၊ အခွန်ကန့်သတ်ရေး၊ ဗဟိုဘဏ်မထားရေး၊ ငွေဖောင်းပွမှုထိန်းချုပ်ရေး၊ ကြွေးပိသူ ကယ်ဆယ်ရေး စသည်ဖြင့်ဖြစ်တယ်။ ဒ့ါအပြင် မြေယာတိုးချဲ့ရေး ပေါ်လစီရလဒ်အဖြစ် လူဝီစီယာနာနဲ့ ဖလော်ရီဒါကို ဝယ်ယူခြင်း (နပိုလီယံစစ်ပွဲများအတွင်း ၁၈၀၃ တွင် မူလ အမေရိကန်ပြည်ထောင်စု ၁၃ ပြည်နယ်လောက်ရှိသောမြေကို ပြင်သစ်ထံမှ ဝယ်ယူခြင်း) တက္ကဆက်နယ်တိုးချဲ့ခြင်းနဲ့ မက္ကဆီကိုစစ်ပွဲတို့ဖြစ်တယ်။ အနောက်ပိုင်း စိုက်ပျိုးရေး ပြည်နယ်သစ်များ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်လာခြင်းကြောင့် ရီပတ်ဘလစ်ကင်ပါတီ အင်အားတောင့်လာပြီး ဖက်ဒရယ်ဝါဒီတွေရဲ့ အတိုက်အခံပြုမှု တစတစ ပျောက်ကွယ်သွားတယ်လို့ ဆိုတယ်။

Beard က ဆက်လက် ရှင်းပြရာမှာ ကုန်သွယ်ရေး ပိတ်ဆို့မှုနဲ့ ၁၈၁၂ စစ်ပွဲ (ဝါတာလူးစစ်ပွဲ) ကြောင့် အမေရိကန်စက်မှုဖွံ့ဖြိုးရေး တွန်းအားဖြစ်စေကာ ပြည်သူ့ကြွေးမြီတိုးပွားလာတယ်။ ရီပတ်ဘလစ်ကင်ပါတီတွင်း အရင်းရှင်လူတန်းစား အင်အားကြီးထွားလာကာ ဟမ်မီလ်တန် စီမံကိန်းအတိုင်း (အခွန်တိုးကောက်၊ ဒုတိယ ဘဏ်ထူထောင်၊ အတွင်းပိုင်းပြုပြင်) ဝိုင်းလုပ်ဆောင်လာကြတယ်လို့ ဆိုတယ်။

Beard ဖော်ပြတဲ့ အရင်းရှင်နှင့် မြေယာဝါဒီတွေရဲ့ အတိုက်အခံဖြစ်မှုဆိုရာမှာ သူပြောချင်တဲ့ အကောင်အထည်မဲ့ ‘မြေယာဝါဒီ’ ဆိုတာ ကျွန်ပိုင်ရှင်တွေ ခေါင်းဆောင်မှုအောက်ရှိ ကိုယ်ပိုင်လယ်လုပ်လယ်သမား အများစုပါ ဝင်တဲ့ အလုပ်ကြမ်းသမားများကို ဆိုလိုတာဖြစ်တယ်။ Beard ရဲ့ ကျွန်ပိုင်ရှင်တွေကို ခေရှင်ပေါက်စ လယ်သမားအဖြစ် အသွင်ပြောင်းလိုမှုကို ဂျက်ဆင်ခေတ် (သတ္တမမြောက် အမေရိကန်သမ္မတ ၁၈၂၉ – ၃၇) မှာလည်း တွေ့ရတယ်။ Beard က ဂျက်ဆင်ရဲ့ အသွေးအရောင်စုံ ညွန့်ပေါင်းတပ်ဖွဲ့တွင် ကျွန်ပိုင်ရှင်တွေ၊ ခေရှင်ပေါက်စ ပြုပြင်ရေး သမားတွေ ပြီးဆေးရှာနေသူတွေနဲ့ ရိုးဖြောင့်တဲ့အလုပ်သမား ခေါင်းဆောင်တွေ ပါဝင်တယ်။ ၎င်းတို့ကို ဆွဲဆောင် စည်းရုံး

ထားတဲ့ လူလတ်တန်းစားစီမံကိန်းဟာ 'လယ်သမား – လေဘာပါတီရဲ့ အောင်ပွဲ'ဖြစ်တယ် (ဂျက်ဖာဆင် ရီပတ်ပလစ်ကန်ပါတီတွင်း ဘူဇွာတွေရဲ့လွှမ်းမိုးမှုကို ကျွန်ပိုင်ရှင်တွေ ခေါင်းဆောင်တဲ့ အလုပ်ကြမ်းသမားများရဲ့ တုံ့ပြန်မှုမဟုတ်) လို့ဆိုတယ်။ ဂျက်ဆင်ဟာ "မြေကမွေးတဲ့သား အကောင်းဆုံးသမ္မတအဖြစ် ဒီမိုကရေစီသစ်အတွက် လုပ်ဆောင်သူ...သူဟာ လယ်သမားတယောက်၊ ကျွန်ပိုင်ရှင်တယောက်၊ ဒါပေမဲ့ သံသယဖြစ်စရာမလိုအောင် လယ်သမားဖြစ်မြဲဖြစ်နေလို့ပါပဲ"လို့ Beard က ဆိုတယ်။

ဂျက်ဆင်ခေတ်မှာ လူဖြူတွေ မဲပေးတဲ့စနစ်၊ သမ္မတရွေးချယ်ရေးအဖွဲ့ကို တိုက်ရိုက်မဲပေးရွေးခြယ်တဲ့စနစ်၊ သမ္မတလောင်းအမည်တင်သွင်းတဲ့ ညီလာခံစနစ်နဲ့ အခြားပြုပြင်ပြောင်းလဲရေးများ လုပ်ခဲ့သော်လည်း ကျွန် ပိုင်ရှင်များ တိုးများလာမှုနဲ့ မြောက်ပိုင်းအရင်းရှင်များ ကြီးထွားလာမှုကို အဟန့်အတားမပြုခဲ့ပါ။ ဒ့ါအပြင် မစစ္စပီမြစ်အနောက်ခြမ်း ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများကို သုတ်သင်မှုတွေ လုပ်ခဲ့ပါတယ်။ သွေးစုပ်သူ လူတန်းစားနှစ်ရပ်က အင်အားကြီးထွားလာတဲ့ အလုပ်ကြမ်းသမားထုကြီးကို သွေးစုပ်ဖို့ ကျကျနန ပြင်ဆင်ထားမှုမျိုး ဘယ်သမိုင်းမှာမှ မရှိပါ။

တိုးတက်တဲ့အပိုင်းကော ဖောက်ပြန်တဲ့အပိုင်းပါ ရောထွေးနေတဲ့ အကြံအရင်းရှင် လူတန်းစားခေါင်းဆောင်တဲ့ အလုပ်ကြမ်းသမားညွန့်ပေါင်းအဖွဲ့မျိုးဟာ ဥရောပသမိုင်းမှာလည်း ရှိခဲ့ပါတယ်။ ဥပမာ – ကဒက်လို့ ခေါ်တဲ့ ရုရှားလစ်ဘရယ်ပါတီဟာ မြေရှင်ကြီးများကို အမြဲတေထားဖွဲ့စည်းတယ်။ သူတို့ဟာ အနောက်ဥရောပ လစ်ဘရယ်ဝါဒကို တိုက်ရိုက်မှုအဖြစ်ထားရှိခြင်းကို ဆန့်ကျင်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ အမေရိကန်ကျွန်ပိုင်ရှင်တွေလိုပဲ ပစ္စည်းမဲ့များနဲ့ တိုက်ရိုက်ပဋိပက္ခရှိလာကြလို့ ဖြစ်တယ်။ အင်္ဂလိပ်တိုရီတွေ၊ ပရပ်ရှား ဂျန်ကာတွေ စက်မှုလုပ်ငန်း အစပိုင်းမှာ သူတို့ရဲ့ လုပ်သားအင်အားစုနဲ့ ချစ်ခင်ရင်းနှီးတဲ့ လေထုရှိခဲ့သလိုပဲ၊ လယ်သမားတွေ ငြိမ်သက်နေသေးသမျှ လစ်ဘရယ်ဝါဒအပေါ် ယစ်မူးနေဦးမှာဖြစ်ပါတယ်။ အလားတူစွာ ကျွန်စနစ် ဖျက်သိမ်းရေးနဲ့ ကျွန်ပုန်ကန်မှုများ ငြိမ်သက်နေသေးသမျှ တောင်ပိုင်းကျွန်ပိုင်ရှင်များဟာ အနောက်ပိုင်း ကိုယ်ပိုင်လယ်လုပ်လယ်သမားများ မြောက်ပိုင်းမြို့ပြအလုပ်သမားများနဲ့ မိတ်ဖွဲ့နေမှာ ဖြစ်ပါ တယ်။

ပေါ်ပြူလာသမိုင်းဆရာများဟာ အစဉ်အလာ အမေရိကန်သမိုင်းကို အတတ်နိုင်ဆုံး ရှင်းပြသော်လည်း မအောင်မြင်ပါ။ ပြည်တွင်းစစ် (၁၈၆၁ – ၆၅) ဖြစ်ပွားရခြင်းဟာ Beard အဆိုအရ မြောက်ပိုင်းဘူဇွာများ စီးပွားရေးကြီးထွားလာခြင်းနဲ့ သန်းခေါင်စာရင်းအရ လူဦးရေတိုး ပွား လာခြင်းကြောင့်လို့ ဆိုတယ်။ ၎င်းတို့က "ပြည်တွင်းစစ် ဖြစ်ပွားရခြင်းဟာ ကျွန်ပိုင်ရှင်တွေက သူတို့ပိုင်သက်ရှိလူသားများ (ကျွန်များ) ကို စွန့်လွှတ်ရန် ငြင်းဆန်ခြင်းကြောင့် ပြုရီကန် တော်လှန်ရေး (အင်္ဂလန်) နဲ့ ပြင်သစ်တော်လှန်ရေးကဲ့သို့ လူမှုတော်လှန်ရေး ဖြစ်ပွားခြင်းဖြစ်တယ်"ဆိုတဲ့ တချို့ သမိုင်းဆရာများရဲ့အမြင်ကို ပစ်ပယ်တယ်။ ကျွန်စနစ်ဟာ ပြည်တွင်းစစ်ရဲ့ အခြေခံ အကြောင်းရင်း မဟုတ်ဘူး။ ဘာကြောင့်လည်းဆိုရင် ဘယ်နိုင်ငံရေးပါတီတွေကမှ ကျွန်စနစ် ဖျက်သိမ်းဖို့ မတောင်းဆို ဘူးလို့ ဆိုတယ်။ ဒါဟာ အလွန်ရယ်စရာကောင်းတဲ့ ဆင်ခြေပေးမှုဖြစ်တယ်။ ပြင်သစ် ဘူဇွာတော်လှန်ရေး (ဘုရင်စနစ်ဖျက်သိမ်းခြင်း မြေယာပြုပြင်ရေးလုပ်) နဲ့ အောက်တိုဘာ ဆိုရှယ် လစ်တော်လှန်ရေး (ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ် ဖျက်သိမ်း) အစပိုင်းမှာ လူအနည်းစုကစတင်ခဲ့ပြီး (ကြီးထွားလာတယ်) ဆိုတာ ဘယ်သမိုင်းပညာရှင်ကမှ မငြင်းဆိုကြပါဘူး။ Beard ရဲ့ ကျွန်စနစ်အပေါ် သုံးသပ်ဖို့ ပျက်ကွက်ရခြင်းဟာ အရာရာကို အရင်းရှင်များနဲ့ ဓနရှင်ပေါက်စ (လယ်သမား) များရဲ့

တိုက်ပွဲအဖြစ် သုံးသပ်နေလို့ပဲ ဖြစ်တယ်။ **Beard** က "ပြည်တွင်းစစ် နီးကပ်လာချိန်မှာ ရီပတ်ပလစ်ကန်တွေဟာ ဖက်ဒရယ်ဝါဒီတွေရဲ့ ဟမ်မီလ်တန်ခေတ် အနေအထားအတိုင်း အခြေခံပြဿနာအားလုံးနီးပါးအပေါ် တူညီမှုရှိတယ်"လို့ဆိုတယ်။

**Beard** က ပြည်တွင်းစစ်အတွင်း အမေရိကန်ဘူဇွာတွေရဲ့ တကယ့်ရည်မှန်းချက်ဟာ ဟမ်မီလ်တန်စီမံကိန်းကို ပြန်အလှဆင် ပွဲထုတ်ဖို့ပဲဖြစ်တယ်လို့ ဆိုတယ်။ အကယ်၍ တောင်ပိုင်းစိုက်ပျိုးရေးသမားများဟာ အခွန်အကောက်လျှော့မယ်၊ ရက်ရောမယ်၊ "ထောက်ပံ့မှုပြုမယ်ဆိုရင် သူတို့ရဲ့ မောက်ကြွားတဲ့ အချုပ်အခြာကို အစော်ကားခံရဖွယ် မရှိဘူး"လို့ဆိုတယ်။ သူ့ယုတ္တိနဲ့သူ ဟုတ်နေပါတယ်။ ဒါပေမဲ့ **Beard** ဟာ ခေတ်ကာလ လွဲချော်နေတယ်။

ကုန်ထုတ်စွမ်းအားစု ဖြစ်ပေါ်တိုးပွားလာမှုကြောင့် ၁၈၆၀ အမေရိကန်လူ့အဖွဲ့အစည်းအတွင်း လူတန်း စားဖွဲ့တည်မှု လုံးလုံးလျားလျား ပြောင်းလဲသွားပြီဖြစ်တယ်။ တောင်ပိုင်းကမ်းခြေဆေးရွက်ကြီးနဲ့ ဆန်စိုက် ကျွန်ပိုင်ရှင်များနေရာမှာ အနောက်တောင်ပိုင်း ဝါဂွမ်းနဲ့သကြားစိုက် ကျွန်ပိုင်ရှင်များက နေရာယူသွားပြီဖြစ်တယ်။ မြောက်ပိုင်းကုန်သည် ဘူဇွာဟောင်းများနေရာမှာ စက်မှုဘူဇွာသစ်များ ဝင်ရောက်နေပြီ ဖြစ်တယ်။ ၎င်းတို့ဟာ တူးမြောင်း ရထားလမ်းများမှတဆင့် အနောက်မြောက် လယ်သမားများနဲ့ စီးပွားရေးဆက်သွယ်မှု ရှိတယ်။ အနောက်ပိုင်း လယ်သမားများဟာ ကျွန်ပိုင်ရှင်ခေါင်းဆောင်မှုများအောက်မှာ လယ်မြေတိုးချဲ့ရေးဖြစ်စဉ် ပြီးဆုံးသွားပြီး လွတ်လပ်အိမ်ယာထူထောင်မှု အတွင်းပိုင်းပြုပြင်ပြောင်းလဲမှုတို့ကို ဥပဒေအရ တရားဝင်အောင် ကြိုးပမ်းနေတယ်။ နောက်ဆုံးအနေနဲ့ ကြီးထွားလာတဲ့ အခစားအလုပ်သမားလူတန်းစား (အများစုဟာ ပြည်ပမှဝင်လာ) ဟာ တော်လှန်ရေးကာလ (လွတ်လပ်ရေးကာလ) အတတ်ပညာသည်များ နေရာမှာ အစားထိုးပေါ်ပေါက်လာတယ်။ ၁၉ ရာစုအလယ်မှာ အခစားအလုပ်သမား အရေးအတွက်ဟာ ကျွန်အရေအတွက်ထက် ကျော်လွန်သွားပြီဖြစ်တယ်။ (အခစားအလုပ်သမားဟာ စုစုပေါင်းလုပ်သားအင်အားစုများရဲ့ ၁၈၀၀ မှာ ၁၀ ရာခိုင်နှုန်းမှ ၁၈၆၀ မှာ ၄၀ ရာခိုင်နှုန်းဖြစ်လာ)။ ပါတီတွေရဲ့ နေရာယူမှုအသစ်ဟာ လူမှုအင်အားစုများရဲ့ အသစ်ပေါ်ထွန်းလာတဲ့ လက္ခဏာများရဲ့ ထင်ဟပ်ချက်ဖြစ်တယ်။ တောင်ပိုင်းပြည်နယ်များတွင် ကျွန်စနစ်ဖျက်သိမ်းရေးနဲ့ မြေယာပြုပြင် ပြောင်းလဲရေးတို့ဟာ ပြဿနာသစ်များအဖြစ် အဓိကနေရာ ရောက်လာတယ်။

ပြည်တွင်းစစ်နဲ့ ပြန်လည်ထူထောင်ရေးခေတ်ကာလကို ရုပ်ဝါဒအမြင်အရ ယခုလို ကြည့်မြင်နိုင်တယ်။

ရီပတ်ဘလစ်ကင်ပါတီ ဘူဇွာလုပ်ငန်းစဉ် (ကိုယ်ကျိုးစီးပွားကာကွယ်ရေးအကောက်ခွန်၊ ပြည်သူကြွေး မြီရန်ပုံငွေ၊ လယ်မြေများအခမဲ့သိမ်း၊ ကော်ပိုရေးရှင်းများသို့ ထောက်ပံ့၊ လှည့်လည်ငွေချုံ့ခြင်းစသည်) ဟာ အနောက်ပိုင်းနဲ့ တောင်ပိုင်းပြည်နယ်များရှိ ကျေးလက်လူတန်းစား (လယ်သမားကလေးများ) နဲ့ အလုပ်ကြမ်းသမားကို ပစ်ပယ်လိုက်ခြင်းဖြစ်တယ်။ လူလတ်တန်းစားများဟာ ဘူဇွာတွေကို ဆန့်ကျင်ရာမှာ တောင်ပိုင်းပေါ်ပြူလာ ဒီမိုကရေစီနဲ့ အလုပ်သမားလူတန်းစားကို အခြေခံမဟာမိတ် မဖွဲ့နိုင်ရင် ကျွန်ပိုင်ရှင်ဟောင်း (လက်ယာ အလွန်အကျွံများ) နဲ့ ပေါင်းဖို့ပဲ ရှိတယ်။ ယှဉ်ပြိုင်လူတန်းစား ၂ ရပ်အကြား အင်အားထိန်းညှိရာမှာ လူလတ်တန်းစား (ခနရှင်ပေါက်စ) အဖို့ တဖက်မဟုတ် တဖက်နဲ့ပေါင်းရမယ်။ ဒါပေမဲ့ ဘယ်ဘက်ကပဲ နိုင်နိုင် ရှုံးရှုံး လူလတ်တန်းစားများအဖို့ မိမိနိုင်ငံရေးကို စွန့်လွှတ်ပြီး လက်နက်ချဖို့ပဲရှိပါတယ်။

ဒီလိုပြန်လည်တည်ဆောက်ရေးကာလမှာ ဂျွန်ဆင် (၁၇ ဦးမြောက် အမေရိကန် သမ္မတ ၁၈၆၅ – ၆၉) နဲ့ ဒီမိုကရက်တစ်ပါတီဟာ ကျွန်ပိုင်ရှင်ဟောင်းများရဲ့ တောင်းဆိုချက်များနဲ့ ပတ်သက် လို့ လူလတ်တန်းစားများနဲ့ အလုပ်သမားလူတန်းစား တစိတ်တပိုင်းရဲ့ ထောက်ခံမှုရတယ်။ တောင်ပိုင်းမှာ လူဖြူဆင်းရဲသားများနဲ့ မြေယာလူလတ်တတန်းစားအပေါ် စိုက်ပျိုးရေးသမားများက အခွန်အကောက်၊ ရထားလမ်းထောက်ပံ့ရေး၊ လူမျိုးရေးဝါဒနဲ့ အကြမ်းဖက်မှုများဖြင့် အနိုင်ယူတယ်။ ကျေးလက်နေရှင်ပေါက်စ လယ်သမား အပြန်အလှန် ကူညီ ရေးအဖွဲ့များ (The Granges) ဟာ မြေယာပြုပြင်ရေးနဲ့ တန်ပြန်တော်လှန်ရေးခေါင်းဆောင်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို ပေါင်းစပ်ပြီး ဂျွန်ဆင်ပြန်လည်ထူထောင်ရေးစီမံကိန်းကို ထောက်ခံလိုက်တယ်။ စိုက်ပျိုးရေးသမားများရဲ့ တန်ပြန်တော်လှန်ရေးအပြီး အနှစ် ၂၀ အကြာမှာ ကျေးလက်နေရှင်ပေါက်စများ ခေါင်းဆောင်တဲ့ ပြည်သူ့ပါတီဟာ သူ့ရဲ့ အကြီးဆုံးနိုင်ငံရေးစွမ်းဆောင်ချက်လုပ်ရှားမှုအဖြစ် တောင်ပိုင်းမှာ အခိုင်အမာ ခြေကုတ်ရထားတဲ့ ဒီမိုကရက်သမ္မတလောင်း ဘရိုင်ယမ်ကို ပံ့အောထောက်ခံလိုက်ပါတယ်။ ဒါဟာ သမိုင်းရဲ့ ပုံမှန်မဟုတ်တဲ့ အခြင်းအရာတရပ်ပါပဲ။ ၁၈၇၃ နောက်ပိုင်း မြောက်ပိုင်းနဲ့ အနောက်ပိုင်းပြည်နယ်များတွင် နိုင်ငံရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများလုပ်ပြီး သကာလ အလုပ်သမားများကို ဖိနှိပ်ကျွန်ပြုဖို့ တောင်ပိုင်းလက်ဝါးကြီးအုပ် ဖောက်ပြန်ရေးသမားများနဲ့ လက်တွဲလာကြပါတယ်။

### နယ်ချဲ့စနစ်

နယ်ချဲ့စနစ်နဲ့ ပတ်သက်လို့ Beard ဟာ သူကိုးကားလေ့ရှိတဲ့ Hobson လိုပဲ ခေနရှင်ပေါက်စအမြင်ကနေ ဝေဖန်ပြီး စားသုံးမှုလျှော့ချရေး သဘောတရားကို တင်ပြတယ်။ (John A. Hobson ရဲ့ နယ်ချဲ့စနစ်ကျမ်းနဲ့ Rudolf Hilferding ရဲ့ ဘဏ္ဍာအရင်းကျမ်းဟာ လီနင်ရဲ့ “နယ်ချဲ့စနစ် အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့်”ကျမ်းအတွက် မကြာခဏ ကိုးကားပြုရတဲ့ ကျမ်းတွေဖြစ်တယ်)။ Beard ဟာ ပထမကမ္ဘာစစ်တွင် အမေရိကန်ပါဝင် ပတ်သက်မှုအပေါ် ထောက်ခံခဲ့သော်လည်း စစ်ကြီးက ဥရောပကို နင်းချေဖျက်ဆီးပစ်လိုက်တာကို မြင်တွေ့လိုက်ရတဲ့အတွက် ဒုတိယ ကမ္ဘာစစ်အတွင်း အမေရိကန်ရဲ့ ပါဝင်မှုကို ဆန့်ကျင်ခဲ့တယ်။ ၁၉၂၀ ခုနှစ်များမှာ စပိန် – အမေရိကန် စစ်ကို “ယဉ်ကျေးမှု အမည်တပ်ထားတဲ့ နယ်ချဲ့ခရူးဆိတ်စစ်ပွဲ”လို့ ခေါ်ခဲ့ပါတယ်။

Beard က (Hobson လိုပဲ) အမေရိကန် နယ်ချဲ့စနစ်ဟာ အမေရိကန်အရင်းအနှီးများကို တင်ပို့ခြင်းဖြစ်တယ်။ သို့ဖြင့် အမေရိကန်အရင်းရှင်များက အမေရိကန်အစိုးရကို ၎င်းတို့ကိုယ်စား ကျူးကျော်စွက်ဖက်ဖို့ ဖိအားပေးခြင်းဖြစ်တယ်လို့ ဆိုတယ်။ စက်မှုလူ့အဖွဲ့အစည်းအတွင်း ‘ထုတ်လုပ်ရေး ပိုလျှံမှု’ ကြောင့် ဖြစ်ပေါ်လာတဲ့ နာမကျန်းဖြစ်မှုကို ကုစားရာမှာ အရင်းအနှီးတင်ပို့မှုဟာ တခုတည်းသောနည်းနာ ဆိုသည်ကို ဆန့်ကျင်တယ်။ အရင်းစုပုံမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံပြီး ၎င်းငွေဖြင့် အမေရိကန် ပြည်သူ့လုပ်ငန်းများဖြစ်သော အဝေးပြေးလမ်းမများ အိုးအိမ် ကျောင်း ပြတိုက် စာကြည့်တိုက် စသည်တွေမှာ တိုးချဲ့သုံးစွဲခြင်းဖြင့် ပြည်သူ့ဝယ်လိုအားကို တိုးမြှင့်သင့်တယ်လို့တင်ပြတယ်။ Beard ရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ဟာ စိတ်ကူးယဉ်မှုပဲ ဖြစ်တယ်။ အစွန်းထွက် အမြတ်နဲ့ ပိုလျှံကုန်စည်များကို ကိုလိုနီနယ်များသို့ တင်ပို့ခြင်းဖြင့်သာလျှင် ပြည်တွင်းအလုပ်လက်မဲ့ တိုးပွားမှုနဲ့ ဆင်းရဲမွဲတေမှုကို ဖြေရှင်းနိုင်တာဖြစ်တဲ့အတွက် လူတန်းစားကွာဟမှုကို မဖျက်သိမ်းနိုင် လျှင် နယ်ချဲ့စနစ်ကို ဖျက်သိမ်းဖို့ မဖြစ်နိုင်ပါ။

အလားတူ Hobson နဲ့ Beard တို့က သိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးမှုက နိုင်ငံများအတွင်း အလုပ်ခွဲဝေမှုကို ဖြစ်စေတယ်။ စက်မှုနိုင်ငံများတွင် ကြီးမားတဲ့ စီးပွားရေး အမှီအခိုကင်းမှုဖြစ်စေတယ်။ သွင်းကုန်၊ စက်မှုထုတ်လုပ်ရေးနဲ့ ကုန်ကြမ်းတို့ကို တခြားနိုင်ငံများထံ မှီခိုရမှုလျော့ပါးစေတယ်လို့ ဆိုတယ်။ ဒါနဲ့ ဆန့်ကျင်စွာပဲ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနဲ့ ကုန်စည်ထုတ်လုပ်ရေး ကြီးထွားမှုက နိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုမှု ပိုမိုတိုးပွားလာတယ်။ "ကမ္ဘာ့မှုပြုခြင်း" (globalization) (နယ်ချဲ့စနစ်ဆိုတာရဲ့ သွယ်ဝိုက်အဓိပ္ပာယ်သက်ရောက်တဲ့ လောလောဆယ်ခေတ်စားနေတဲ့ စကားလုံး) က Hoboson နဲ့ Beard တို့ ပူပန်ကြသလို အားကြီးတဲ့နိုင်ငံက အားနည်းတဲ့ နိုင်ငံအပေါ်စစ်ရေး ကျူးကျော်စွက်ဖက်မှုမှုကို မတားဆီးနိုင်ပါ။ အရင်းရှင် ကုန်စည်ထုတ်လုပ်ရေးတရပ်လုံးကို ဖျက်သိမ်းပြီး ကမ္ဘာနဲ့အဝန်း ကြီးကြောင်းဆီလျော်တဲ့ စီးပွားရေးစနစ်နဲ့ အစားထိုးဖို့ လိုအပ်ပါတယ်။

**Beard အလွန်ဖြည့်စွက်ချက်**

Beard အလွန် သမိုင်းဆရာများရဲ့ ၂၀ ရာစု အမေရိကန်လူတန်းစားတိုက်ပွဲကားချပ်များအနက် 'လက်ဝဲသစ်' သမိုင်းဆရာ Staughton Lynd ရဲ့ သုံးသပ်ချက်အချို့ကို ဖြည့်စွက်ဖော်ပြလိုက်ပါတယ်။ Lynd အလိုအရ –အမေရိကန်တော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်။ သို့သော် အနောက် ဥရောပနိုင်ငံများတွင် ဘူဇွာ ဒီမိုကရေစီတော်လှန်ရေးခေတ်ကာလအတွင်း လယ်မြေအားလုံးကို သိမ်းခဲ့သော်လည်း အမေရိကန်တော်လှန်ရေးနဲ့ ပြည်တွင်းစစ်ကာလအတွင်း တစုံတရာ အတိုင်း အတာကြီးမားတဲ့ လယ်မြေများကိုသာ ပြည်သူပိုင်သိမ်းတယ်။ အမေရိကန်တော်လှန်ရေးနဲ့ ပြင်သစ် တော်လှန်ရေးအကြား တူညီချက်တွေရှိတယ်။ ပြင်သစ်တော်လှန်ရေးက အမေရိကန် တော်လှန်ရေး ထက် ၁၀ ဆလောက်ကြီးပြီး ပိုင်ဆိုင်ပစ္စည်းသိမ်းယူမှုက ၁၂ ဆလောက်များ တယ်။ လူတထောင်မှာ ပြည်ပသို့ ထွက်ပြေးသူ ပြင်သစ်မှာ ၅ ယောက်၊ အမေရိကန်မှာ ၂၅ ယောက် (Loyalist များ) ဖြစ်တယ်။

အမေရိကန်တော်လှန်ရေးက သိမ်းပိုက်တဲ့ မြေယာပမာဏဟာ တနိုင်ငံလုံး ပမာဏရဲ့ ၄ ရာခိုင်နှုန်း ပေါင်စတာလင် ၅ သန်းဖိုးလောက် ရှိပြီး၊ အမေရိကန် လူမှုအဆောက်အအုံကို ဒီမိုကရေစီနည်းကျစေပြီး ပဒေသရာဇ်မြေရှင်စနစ်ကို ဖျက်သိမ်းလိုက်တယ်။ ဥပမာ– ရွှေ့ပြောင်းအခွန်အခ။ သို့ရာတွင် တခုလုံးအရဆိုသော် ကိုလို နီပြုမှုဖြစ်စဉ်ဖြစ်တဲ့ (၁၈ ရာစု ပြင်သစ်တွင်မရှိတဲ့) Appalachians နဲ့ မစ္စစ္စပီဖြစ်အကြား ဒေသကြီးတွင်း မြေယာတိုးချဲ့မှုဖြစ်စဉ်ဟာ အမေရိကန် လူမှုအဆောက်အအုံအတွင်း ကြီးမားတဲ့သက်ရောက်မှုဖြစ်စေတယ်။ သို့ပင်ဖြစ်သော်ငြားလည်း ပြည်တွင်းစစ်ရဲ့ တော်လှန်တဲ့လက္ခဏာဟာ အကြိုအရင်းရှင်စနစ် ပုဂ္ဂလိကပိုင်ဆိုင်မှုအတွက် အစချီ ချက်ဖြစ်ခဲ့တယ်။ လျော်ကြေးမပေးဘဲ ကျွန်စနစ်ဖျက်သိမ်းခြင်းက ပိုင်ဆိုင်မှုတန်ဖိုးအားဖြင့် ဒေါ်လာ ၃ ဘီလျံဖိုးလောက် ရှိပြီး ၁၈၅၉ ဝါဂွမ်းစိုက် တောင်ပိုင်းပြည်နယ်များပိုင်ဆိုင်မှုပေါင်းရဲ့ ၄၄ ရာခိုင် နှုန်းလောက်ရှိတယ်။

အထက်ပါ လူမှုဖြစ်ပေါ်မှုများကြောင့် ကျေးလက်နေရှင်ပေါက်စများ အခြေခံအရ ပျောက်ကွယ်သွားတယ်။ အခစားအလုပ်သမားများ တဟုန်ထိုးတိုးပွားလာမှု လူမဲများပန်ကန်ထကြွမှု လူမျိုးစုများပေါင်းစပ်ပါဝင်မှုများကြောင့် အသွေးအရောင်စုံ အမေရိကန်ဖြစ်လာတယ်။ ။

**မောင်သန်းမြရွှေ**

၂၁ စာစဉ်

# ဖူကူယားမားရဲ့ သမိုင်းနိဂုံးချုပ်သွားပြီဆိုတဲ့ သဘောတရားကို ကဏ္ဍ ၃ ခုခွဲ၍ ဝေဖန် စိစစ်သုံးသပ်ကြည့်ခြင်း

ရဲအောင်သိန်းဝင်း

စစ်အေးခေတ် အဆုံးသတ်သွားတော့ အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်တို့ရဲ့ ကံကြမ္မာကို ဘယ်လို အကဲဖြတ်ကြမလဲဆိုတာဟာ အရှေ့အနောက် သဘောတရားနယ်ပယ်မှာ အကျယ်အပြန့်ဂရုစိုက် နေကြတဲ့ လက်တွေ့ပြဿနာ ဖြစ်လာတယ်။ ဒီနောက်ခံအောက်မှာ ဖရန်စစ်ဖူကူယားမားက 'သမိုင်းနိဂုံး' ဆိုတာကို ပစ်လွှတ်လိုက်တယ်။ သူက လူသားလူ့အဖွဲ့အစည်းရဲ့ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းကို "လစ်ဘရယ်ဒီမိုကရေစီစနစ်အား ဦးတည်ချက်အဖြစ်ထားတဲ့ လူသားတွေရဲ့ ကျယ် ပြောလှတဲ့သမိုင်း" သာ ဖြစ်တယ်လို့ ကြည့်မြင်တယ်။ လစ်ဘရယ် ဒီမိုကရေစီ ဆိုတာဟာ "လူသားတွေရဲ့ အတွေးအခေါ်အယူအဆများ ဖြစ်ထွန်းတိုးတက်မှုရဲ့ ဂိတ်ဆုံး" နဲ့ "လူသားတွေရဲ့ နောက်ဆုံး အုပ်ချုပ်ရေးပုံစံ" ဖြစ်တယ်။ အဲဒီနောက် သမိုင်းရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မူနဲ့ စနစ်တွေဟာ နောက်ထပ် တိုးတက်မှုမရှိတော့ဘူးတဲ့။ ဖူကူယားမားရဲ့ ဒီသဘောတရားဟာ အနှစ် သာရအရကိုက မှားနေတာကြီးပဲ။ သူ့ရဲ့ သဘောတရားအခြေခံတွေကလည်း သံသယဝင်စရာ တွေပါ။ ဒါကြောင့် ဖူကူယားမားရဲ့ 'သမိုင်းနိဂုံး' ဆိုတာကို မာ့က်စ်ဝါဒ ရပ်တည်ချက်နဲ့ အမြင်ပေါ် ကနေ ဝေဖန်သွားမယ်။ ဒီလိုဆိုရင် မာ့က်စ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒအပေါ် ယုံကြည်ချက် ရှိဖို့တော့ လိုပါလိမ့်မယ်။

## ၁။ မာ့က်စ်ဟာ "သမိုင်းနိဂုံးသဘောတရားသမား"လား

"သမိုင်းနိဂုံးသဘောတရား"ကို သဘောတရားရေးဘက်ကနေ ပြောဆိုရှင်းလင်းပြနိုင်ရေးအတွက် ဖူကူယားမားဟာ အထောက်အထားတွေကို သမိုင်းထဲမှာ ရှာဖွေခဲ့တယ်။ ဟီဂယ်နဲ့ မာ့က်စ်တို့ကို ရည်မှန်းချက်တူသူတွေအဖြစ် မှတ်ယူခဲ့ပြီး သူ့ကိုယ်သူလည်း ၎င်းပုဂ္ဂိုလ်နှစ်ဦးနဲ့ အတူတူပဲလို့ မှတ်ယူလိုက်ပြီး သူတို့အားလုံးဟာ သမိုင်းနိဂုံးကို ရှေ့ဆောင်တင်ပြသူများအဖြစ် မှတ်ယူလိုက်တော့တယ်။ ဖူကူယားမားက "ဟီဂယ်နဲ့ မာ့က်စ်တို့ဟာလည်း လူသားလူ့ အဖွဲ့အစည်းရဲ့ ဖြစ်ထွန်းတိုးတက်မှုဟာ ဂိတ်ဆုံးရှိတယ်လို့ ယုံကြည်ခဲ့ဖူးတယ်။ လူသားတွေဟာ မိမိတို့ရဲ့ အနက်ရှိုင်းဆုံး၊ အရင်းခံအကျဆုံးဖြစ်တဲ့ လူ့အဖွဲ့ အစည်းပုံသဏ္ဍာန်တရပ်ကို အကောင်အထည်ဖော်မှု ပြည့်စုံသွား၊ ကျေနပ်သွားပြီးရင် နောက်ထပ် ရှုပ်ထွေးမှုမရှိတော့ဘူး။ ဒီအတွေးအခေါ် ပညာရှင်ကြီးနှစ်ဦးက 'သမိုင်းနိဂုံး'အဆင့် ရှိလိမ့်မယ်လို့ ဒါကြောင့် အခိုင်အမာ ပြောဆိုခဲ့တယ်။ ဟီဂယ်က 'နိဂုံး'ဆိုတာကို လွတ်လပ်တဲ့ နိုင်ငံတော်သဏ္ဍာန်တခုအဖြစ် နေရာတိုင်းတာ သတ်မှတ်ထားပြီး၊ မာ့က်စ်ကတော့ ကွန်မြူနစ်ဝါဒ လူ့အဖွဲ့အစည်းအဖြစ် သတ် မှတ်ခဲ့တယ်"(ဖူကူယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နိဒါန်း နှာ ၂-၃) လို့ ဆိုတယ်။ ဒီလိုနဲ့ ဖူကူယားမားဟာ မိမိကိုယ်မိမိ ဟီဂယ်၊ မာ့က်စ်တို့နဲ့ တူညီတဲ့အုပ်စု တခုတည်းလို့ တွက်ထားလိုက်ပုံရပါတယ်။

ပကတိဘာဝကျကျ ပြောရရင် ဖူကူယားမားပြောနေတဲ့ "သမိုင်းနိဂုံး" ဆိုတာဟာ တကယ်ကျတော့ ဟီဂယ်နဲ့သာ သက်ဆိုင်ပါတယ်။ ဟီဂယ်ကြည့်တာကတော့ သမိုင်းဟာ ပကတိ (အကြွင်းမဲ့) စိတ်ဓာတ်ရဲ့ ပြင်ပပြောင်းလဲချက်သာ ဖြစ်တယ်။ ပကတိစိတ်ဓာတ်ကို မိမိရဲ့နည်းနာအဖြစ် အကောင်အထည် ဖော်လိုက်ခြင်းဖြစ်တယ်။ စိတ်ဓာတ်ရဲ့ အနှစ်သာရမှာ လွတ်လပ်မှုဖြစ်ပြီး၊ လွတ်လပ်မှုဟာ ကမ္ဘာ့သမိုင်းက ရရှိအောင် ကြိုးစားနေတဲ့ နောက်ဆုံးရည်မှန်း ချက်ပန်းတိုင်ဖြစ်တယ်။ သူက "ကမ္ဘာကြီးတခုလုံးက နောက်ဆုံးရည်မှန်းချက်ပန်းတိုင်အဖြစ် ကျွန်တော်တို့အားလုံး ဆောင်ရွက်နေတာဟာ 'စိတ်ဓာတ်'ဘက်မှာ ၎င်းရဲ့ လွတ်လပ်မှုနဲ့ ပတ်သက်တဲ့ လွတ်လပ်မှုရဲ့ တွေးခေါ်ယူဆမှုဖြစ်တယ်။ တကယ့် ဖြစ်ရပ်ကလည်း ဒီလိုလွတ်လပ်မှုကို ကျင့်သုံးဖော်ဆောင်တဲ့ လက်တွေ့ဖြစ်တယ်"(ဟီဂယ် သမိုင်းအဘိဓမ္မာ တရုတ်ဘာသာ နှာ ၂၀) လို့ဆိုပါတယ်။ အဲဒီကနေ ကမ္ဘာ့သမိုင်းဆိုတာဟာ လူသားတွေရဲ့ လွတ်လပ်မှုကို ရှေးရှုခြင်း ဖြစ်တယ်။ အဲဒီရည်မှန်းချက်ပန်းတိုင်သို့ ဖြစ်ထွန်းတိုးတက်သွားမှုဖြစ်စဉ် ဖြစ်တယ်။ တနေ့နေ့မှာ ကမ္ဘာ့သမိုင်းရဲ့ ဒီရည်မှန်းချက်ပန်းတိုင်သို့ အကောင်အထည်ဖော် ရောက်ရှိသွား ပါလိမ့်မယ်။ သမိုင်းရဲ့ဖြစ်စဉ်ဟာ ပိတ်ဆို့နေပြီဆိုရင် သမိုင်းဟာ အဲဒီကနေ နိဂုံးသို့ ဝင်ရောက်သွားပြီ"လို့ သူက တထစ်ချပြောထားခဲ့တယ်။ ဟီဂယ်က "ကမ္ဘာ့သမိုင်းဟာ ဂျာမန်အင်ပိုင်ယာမှာ အဆုံးသတ်သွားပြီ၊ ဒီမှာ ပကတိဘာဝကျတဲ့မှုကတော့ ကျွန်တော်တို့သမိုင်းရဲ့ နောက်ဆုံးအဆင့်ကို ရောက်သွားရင်တော့ ကျွန်တော်တို့ရဲ့ကမ္ဘာ၊ ကျွန်တော်တို့ရဲ့ခေတ်ကို ရောက်သွားပြီ"(ဟီဂယ် သမိုင်းအဘိဓမ္မာ တရုတ်ဘာသာ နှာ ၄၅၄) လို့ပဲ တဆင့်တက် ထောက်ပြထားပါတယ်။ ဒီအချိန်မှာ ကမ္ဘာ့သမိုင်းရဲ့ ရည်မှန်းချက်ပန်းတိုင်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လို့ ပြီးသွားပြီ။ လူသားတွေရဲ့ လိုအင်ဆန္ဒလည်း ပြည့်သွားပြီ။ သမိုင်းဟာ လွတ်လပ်တဲ့ တွေးခေါ်ယူဆမှုအောက်မှာ နိဂုံးသို့ ရောက်သွားပြီ။ ဖူကူယားမားဟာ ဟီဂယ်ကို သမိုင်းနိဂုံးသဘောတရားသမားအနေနဲ့ ရေးသားခဲ့တာ မမှားပါဘူး။ သူ့ရဲ့ အမှားက မာ့က်စ်ရဲ့သမိုင်းအမြင်ကို ဟီဂယ်ရဲ့သမိုင်းအမြင်နဲ့ အတူတူလို့ သဘော

ထားလိုက်ပြီး သူတို့နှစ်ဦးအကြားက အနှစ်သာရအရ မတူတဲ့ သမိုင်းအမြင်ကွာခြားချက်ကို ချေဖျက်ပစ်လိုက်မှုပါပဲ။ မာ့က်စ်ကို ဟီဂယ်နဲ့ တထပ်တည်း သမိုင်းနိဂုံးသဘောတရားကို ပြောကြားသူအဖြစ် ကြည့်မြင်ခြင်းတို့ပါပဲ။ မာ့က်စ်ရဲ့သမိုင်းအမြင်ကို အသေးစိတ်လေ့လာကြည့်ရင် မာ့က်စ်ဟာ လူသားတွေရဲ့ သမိုင်းမှာ လမ်းဆုံးတနေရာ တည်ရှိနေတယ်လို့ မယူဆခဲ့ဘူး။ ကွန်မြူနစ်ဝါဒလူ့အဖွဲ့အစည်း အကောင်အထည်ပေါ်လာခြင်းဟာ လူသားသမိုင်းရဲ့ နိဂုံးလို့လည်း မယူဆခဲ့ပါဘူး။

၁။ မာ့က်စ်က လူသားသမိုင်းဟာ နိမ့်ရာမှ မြင့်ရာသို့ အဆက်မပြတ် ဖြစ်ထွန်းတိုးတက်မှု ဖြစ်စဉ်တခုဖြစ်ပြီး နိဂုံးဆိုတာ မရှိဘူးလို့သာ ယူဆထားခဲ့တယ်။ မာ့က်စ်ရဲ့သမိုင်းအမြင်ဟာ ဟီဂယ်ရဲ့ စိတ်ဝါဒသမိုင်းအမြင်ကို ဝေဖန်တဲ့အခြေခံပေါ်မှာ ဖွံ့ဖြိုးတိုးတက်လာတာပါ။ သူဟာ ဟီဂယ်ရဲ့ သမိုင်းအမြင်အတွင်းမှ "ကုရာနတ္ထိ ဆေးမရှိတော့တဲ့ အတွင်းပိုင်းပဋိပက္ခများ ပါဝင်နေမှု" ကို နက်နက်ရှိုင်းရှိုင်း ထိုးထွင်းရှာဖွေသိမြင်ခဲ့တယ်။ ဆိုလိုတာက တဖက်မှာ အနုပဋိလောမ ရပ်တည်ချက်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး လူသားသမိုင်းဟာ ဖြစ်ထွန်းတိုးတက်မှုဖြစ်စဉ်တခုလို့ ယူဆခဲ့ခြင်းပါပဲ။ "ဒီဖြစ်စဉ်ဟာ ၎င်းရဲ့ အနှစ်သာရအရ ပြောရရင် ခေါ်ဆိုလေ့ရှိတဲ့ အကြွင်းမဲ့အမှန်တရားကို မတွေ့ရှိနိုင်ဘဲ ၎င်းရဲ့ ဉာဏ်ပညာ အထွတ်အထိပ်သို့ မရောက်ရှိနိုင်ပေ" လို့ ယူဆခဲ့တယ်။ အခြားတဖက်မှာလည်း သမိုင်းဖြစ်ထွန်းတိုးတက်မှုမှာ နိဂုံးရှိတယ်လို့ ယူဆပြီး အကြွင်းမဲ့အမှန်တရားအားလုံး လက်တွေ့ အကောင်အထည်ပေါ်လာတဲ့အခါမှာ သမိုင်းဟာ ၎င်းရဲ့နိဂုံးသို့ ဆိုက်ရောက်သွား လေပြီလို့ မှတ်ယူခဲ့ပါတယ်။ ဟီဂယ်ရဲ့သမိုင်းအမြင်အတွင်းက ဒီပဋိပက္ခဟာ အနုပဋိလောမနဲ့ စိတ်ဝါဒသမိုင်းအမြင်အကြားက ပဋိပက္ခဖြစ်တယ်။ သူ့ရဲ့ ဒီစိတ်ဝါဒသမိုင်းအမြင်ကြောင့် နောက်ဆုံးမှာ သူ့ရဲ့ အနုပဋိလောမတွေကိုတောင် တက္ကဗေဒဘောင်အတွင်းမှာ နစ်မြုပ်သွားစေခဲ့တယ်။ မာ့က်စ်ဟာ ဟီဂယ်ရဲ့ သမိုင်းအမြင်အတွင်းက အနုပဋိလောမအကြောင်းရင်းတွေကို ဆက်ခံလိုက်ပြီး ၎င်းအထဲ က စိတ်ဝါဒနဲ့ တက္ကိကဗေဒ အမှိုက်သရိုက်တွေကို စွန့်ပစ်လိုက်ပါတယ်။ သမိုင်းဆိုတာဟာ လူတွေရဲ့ လက်တွေ့ကျတဲ့ လှုပ်ရှားမှုတွေရဲ့ ရှည်ကြာကျယ်ပြန့်စွာ ဆောင် ရွက်ခဲ့မှုသာ ဖြစ်တယ်။ လူတွေသာ ရှိနေမယ်ဆိုရင် သမိုင်းဟာ ခေါ်ဆိုလေ့ရှိတဲ့ မျှော်မှန်းချက်အခြေအနေတခုကို နိဂုံးသို့ ထာဝရရောက်သွားလိမ့်မယ် မဟုတ်ပါဘူး။ မာ့က်စ်ရဲ့ ဒီအတွေးအခေါ်နဲ့ ပတ်သက်ပြီး အိန်ဂယ်က အနှစ်သာရပြည့်ဝစွာ ဝေဖေန်ဆွေးနွေးထားခဲ့ဖူးပါတယ်။ သူက တကယ်လို့သာ လူသားသမိုင်းမှာ နိဂုံးသာ ရှိနေတယ်ဆိုရင် ဒါဟာ သဘာဝရဲ့ အဓိပ္ပာယ်အရ ပြောဆိုခြင်းသာဖြစ်တယ်လို့ ဆိုပါတယ်။ ဆိုလိုတာက စကြာဝဠာကြီးကိုယ်တိုင် ချုပ်ငြိမ်းခြင်းသို့ ရောက်သွားရင် လူသားတွေဟာလည်း တပါတည်း ချုပ်ငြိမ်းသွားပါလိမ့်မယ်။ လူသားတွေ ရဲ့သမိုင်းဟာလည်း နိဂုံးသို့ ရောက်သွားတော့တယ်။ ဒါပေမဲ့ သမိုင်းအနုပဋိလောမ ထောင့်ကကြည့်ရင် ၎င်းဟာ ဘယ်လိုအဆုံးသတ်နိဂုံးမှ မတည်ရှိပါဘူးတဲ့။ သမိုင်းဟာ နိမ့်ရာမှ မြင့်ရာအဆင့်သို့ အဆက်မပြတ် ဖြစ်ထွန်းတိုးတက်နေခြင်းသာ ဖြစ်တယ်။ သမိုင်းကို သိမြင်နားလည်ထားမှုနဲ့ အတူတူပါပဲ၊ လူသားရဲ့ ပြီးပြည့်စုံတဲ့ မျှော်မှန်းချက်အခြေအနေတခုအတွင်းမှာ ဘယ်တော့မှ နောက်ဆုံးအဆုံးသတ် ရှိလိမ့်မယ်မဟုတ်ပါဘူး။ ပြီးပြည့်စုံတဲ့ လူ့အဖွဲ့အစည်း၊ ပြီးပြည့်စုံတဲ့ 'နိုင်ငံတော်' ဆိုတာတွေဟာ စိတ်ကူးယဉ်မှုအတွင်းမှာသာ ရှိနိုင်တဲ့အရာတွေဖြစ်တယ်။ ပြောင်း ပြန်အားဖြင့် အစီအစဉ်လိုက် ပြောင်းလဲအစားထိုးတဲ့ သမိုင်းအခြေအနေ အားလုံးသာ လူသားလူ့အဖွဲ့အစည်းကို အဆင့်နိမ့်ရာမှ အဆင့်မြင့်ရာသို့ မကုန်ဆုံးနိုင်တဲ့ ဖြစ်ထွန်းတိုးတက်မှုဖြစ်စဉ်အတွင်းက ယာယီအဆင့်မျှသာ ဖြစ်ပါတယ်။ အဆင့်တိုင်းဟာလည်း မလွဲမသွေ ဖြစ်

ပေါ်လာမှာဖြစ်တယ်။ ၎င်းကို ဖြစ်ပေါ်စေတဲ့ အဲဒီခေတ်နဲ့ အဲဒီအကြောင်းအချက်တွေအရပြောရရင် အားလုံးမှာ ၎င်းတည်ရှိစေတဲ့ အကြောင်းပြချက်တွေ ရှိပါတယ်။ ဒါပေမဲ့ ၎င်း ကိုယ်တိုင်ရဲ့ အတွင်းပိုင်းမှာ ဖြည်းဖြည်းချင်း ဖြစ်ထွန်းတိုးတက်လာတဲ့ သစ်လွင်တဲ့၊ ပိုမြင့်တဲ့ အကြောင်းအချက်တွေအရ ပြောရရင် ၎င်းဟာ ခေတ်မမီတော့တဲ့၊ မတည်ရှိတော့တဲ့ အကြောင်းပြချက်များအဖြစ်သို့ ပြောင်းလဲသွားတော့တယ်။ ၎င်းဟာ ပိုမိုမြင့်မားတဲ့ အဆင့်အား မဖြစ်မနေ ဖယ်ပေးလိုက်ရတော့တယ်။ အဲဒီ ပိုမိုမြင့်မားတဲ့ အဆင့်ဟာလည်း ယိုယွင်းဆုတ် ယုတ် ပျက်သုဉ်းသွားရပါလိမ့်မယ်။ လူသားသမိုင်းဟာ ထာဝရအားဖြင့် အဟောင်းတွေ ပျက်သုဉ်းပြီး အသစ်တွေပေါ်ထွန်းလာတဲ့ ဖြစ်စဉ်အတွင်းက ဘယ်တော့မှ အဆုံးသတ်နိဂုံးသို့ မရောက်နိုင်တဲ့ ဖြစ်စဉ်ပါပဲ။

၂။ ကွန်မြူနစ်လူ့အဖွဲ့အစည်းကို အကောင်အထည်ဖော်ဆောင်မှုဟာ လူသားသမိုင်းရဲ့ နိဂုံးသဘောမဆောင်ရုံမက တကယ့်လူသားသမိုင်းကို စတင်လိုက်မှုပါပဲ။ ကွန်မြူနစ်လူ့အဖွဲ့အစည်းဟာ "လူသားသမိုင်းရဲ့ နိဂုံး" လို့ ပြောမယ်ဆိုရင်လည်း ဒါဟာ လူတွေအနေနဲ့ သဘာဝနဲ့ဆက်ဆံမှုနဲ့ လူ့အဖွဲ့အစည်းဆက် ဆံမှုအတွင်း ကျွန်ပြုခံရတဲ့ သမိုင်းရဲ့နိဂုံးသာ ဖြစ်တယ်။ လူလူချင်း ဆက်ဆံမှုအတွင်း က ရက်စက်ကြမ်းကြုတ်တဲ့ အတိုက်အခံဖြစ်မှုတွေကို အခြေခံကြန်အင်အဖြစ် အမှတ်တံဆိပ် ရိုက်နှိပ်ထားတဲ့ "လူသားလူ့အဖွဲ့အစည်းရဲ့ သမိုင်းမတိုင်မီခေတ် နိဂုံးသာ ဖြစ်လိမ့်မယ်။ ကွန်မြူနစ်လူ့အဖွဲ့အစည်းမှာ လူတွေဟာ တိရစ္ဆာန်လောကမှ နောက်ဆုံး လွတ်မြောက်နိုင်မယ်။ တိရစ္ဆာန်တွေ အသက်တည်မြဲရေး အကြောင်းအချက်မှ စစ်မှန်တဲ့ လူရဲ့ အသက်တည်မြဲရေး အကြောင်းအချက်သို့ ဝင်ရောက်သွားရုံမက သဘာဝလောကရဲ့ တကယ့်အရှင်သခင် ဖြစ်လာပြီး လူ့အဖွဲ့အစည်းရဲ့ အရှင်သခင်နဲ့ မိမိကိုယ်မိမိရဲ့ အရှင်သခင် ဖြစ်လာမယ်။ လူဟာ သမိုင်းရဲ့ပစ်မှတ် မဟုတ်တော့ဘဲ သမိုင်းရဲ့မဏ္ဍိုင် ဖြစ်လာတယ်၊ လူသားလူ့အဖွဲ့အစည်းဟာ သမိုင်းကို အသိရှိရှိဖန်တီးတဲ့ ခေတ်သစ်ကာလသို့ အဲဒီအချိန်က စတင်ရောက် ရှိသွား တယ်လို့လည်း ပြောရပါတော့မယ်။ တနည်းအားဖြင့် "လူတွေဟာ ပထမဆုံး အကြိမ် သဘာဝလောကရဲ့ အသိရှိပြီး၊ တကယ့်စစ်မှန်တဲ့ အရှင်သခင် ဖြစ်လာတယ် .... .... ဒီအချိန်က စတင်ပြီး လူတွေဟာ လုံးဝအသိရှိရှိ မိမိရဲ့သမိုင်းကို မိမိဘာသာ ဖန်တီးကြတော့တယ်" လို့ မာ့က်စ်က ကြည့်မြင်ပါတယ်။ အမေရိကန်မှ မျက်မှောက် မာ့က်စ်ဝါဒ သုတေသီ ဂျိမ်းစ်ဆွန်းက ဖူကူယားမားရဲ့အမြင်ကို ရည်စူးပြီး ဝေဖန်ခဲ့ ပါတယ်။ "မာ့က်စ်ပြောတာက သမိုင်းနိဂုံးချုပ်သွားတာ မဟုတ်ဘဲ သမိုင်းမတိုင်မီခေတ် နိဂုံးချုပ်သွားတာ။ အဲဒီခေတ်ကာလအတွင်း ရောက်သွားတဲ့အခါ လူသားဟာ မိမိရဲ့စွမ်းအားဖြင့် မိမိရဲ့ကံကြမ္မာကို ထိန်းချုပ်ထားနိုင်ပြီး အဲဒီကာလမှာ သမိုင်းဟာ စုပေါင်းအကောင်အထည်ဖော်ဆောင်ရတဲ့ ပုံစံတမျိုးဖြစ်သွားတယ်။ ၎င်းက သဘာဝ၊ ချို့တဲ့မှု ဒါမှမဟုတ် ဈေးကွက်၊ ငွေကြေး ဒီလို လူချင်းမတူ သူချင်းမမျှတဲ့ ကံယုံဝါဒ အကြောင်းအရာတွေကို နောက်ထပ် မခုခံ အညံ့ခံတော့မှာ မဟုတ်ပါဘူး" လို့ ရှင်းပြခဲ့တယ်။ ဒီမှာ မာ့က်စ်က ကွန်မြူနစ်ဝါဒလူ့အဖွဲ့အစည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုဟာ လူသားသမိုင်းရဲ့ နောက်ဆုံး နိဂုံးသဘော မဆောင်ပါဘူး။ ကွန်မြူနစ်ဝါဒ လူ့အဖွဲ့အစည်းဟာလည်း ငြိမ်သက်ရပ်တန့်နေတဲ့ အဆုံးသတ်မဟုတ်ဘဲ လူသားသမိုင်းရဲ့ ပိုမိုမြင့်မားတဲ့အဆင့်သစ်တဆင့်ရဲ့ အစကနဦးဖြစ်တယ်။ လူသားသမိုင်းဟာ ဒီပိုမိုမြင့်မားတဲ့ အဆင့်တဆင့်မှာ ဆက်လက်ပြီး ရှေ့ကို ဖြစ်ထွန်းတိုးတက်သွားပါလိမ့်ဦးမယ်ဆိုတာ ရှင်းပြခဲ့တာကို တွေ့နိုင်တယ်။ အနောက်တိုင်းပညာရှင်တချို့ ပြောခဲ့တာကတော့ မာ့က်စ် က အဲဒီမှာ "ခရီးဆုံး (ဂိတ်ဆုံး) ဆိုတာဟာ ဒိုင်းနမစ်ပညာ ဖြစ်တယ်။

သမိုင်းရဲ့ အမြင့်ဆုံးနေရာတခုသို့ ရောက်နိုင်မှုတည်ရှိနေပေမယ့် ဒီအမြင့်ဆုံးနေရာဟာ အရှိန်အဟုန်မပျက် ဆက်လက်တည်ရှိနေတဲ့ ဖြစ်စဉ်တခုသာ ဖြစ်တယ်''လို့ ရှင်းပြခဲ့တယ်လို့ အတိအလင်း ထောက်ပြခဲ့တယ်။ ဖူကူးယားမားတင်ပြတဲ့ ကွန်မြူနစ်ဝါဒ လူ့အဖွဲ့အစည်းသို့ ရောက်ရှိသွားခြင်းဟာ လူသားသမိုင်းနိဂုံးသို့ ဆိုက်ရောက်သွားပြီဆိုတဲ့ အမြင်ဟာ မာ့က်စ်ရဲ့သမိုင်းရေး အမြင်ကို မှားယွင်းစွာ ဖတ်ရှုမိခြင်းနှင့် တလွဲတချော် အဓိပ္ပာယ် ကောက်ယူမိခြင်းသာဖြစ်တယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။

ဖူကူးယားမားဟာ မာ့က်စ်ကို "သမိုင်းနိဂုံးသဘောတရားသမား" တယောက် အဖြစ် ဘာကြောင့် ခြယ်မှုန်းနေတာလဲ။ အပေါ်ယံကကြည့်ရင် သူဟာ မာ့က်စ်ရဲ့ သဘောတရားရေး အရှိန်သြဇာကို အားကိုးအားထားပြုပြီး သူ့ရဲ့ သမိုင်းနိဂုံးသဘောတရားကို အထောက်အကူပြုရေး အတွက် ဆွေစဉ်မျိုးဆက် သဘောတရားအဖြစ် ကျားကန်လိုဟန်တူပါတယ်။ ဒါပေမဲ့ တကယ့် လက်တွေ့က သူ့မှာ ဒီထက်နက်ရှိုင်းတဲ့ ရည်ရွယ်ချက် ရှိပါတယ်။ ဆိုလိုတာက မာ့က်စ်ရဲ့ သမိုင်းရုပ်ဝါဒအမြင်နဲ့ သမိုင်းအနုပဋိလောမတို့ကို ကျော်လွှန်အောင် လုပ်ရေးအတွက် သူဟာ မာ့က်စ်ရဲ့ သမိုင်းအမြင်ကို ရှုပ်ထွေးအောင်လုပ်ခြင်းအားဖြင့် ဟီဂယ်စိတ်ဝါဒ သမိုင်းအမြင်နဲ့ တက္ကိကဗေဒသို့ ပြန်လည်ရောက်ရှိသွားရေးဖြစ်ပြီး သူ့ရဲ့သမိုင်းနိဂုံး သဘောတရားအတွက် သဘောတရား အထောက်အထားရှာဖို့ ကြံစည်ခြင်းဖြစ်ပါတယ်။ ဒီအချက်ဟာ အောက်မှာ ဘူးပေါ်သလိုပေါ်လာပြီး ပိုမိုပေါ်လွင်လာပါ လိမ့်မယ်။

## ၂။ သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ တွန်းအားက ဘာလဲ

ဖူကူးယားမားရဲ့ ပြောကြားချက်နဲ့ပတ်သက်တဲ့ အနောက်တိုင်းလစ်ဘရယ် ဒီမိုကရေစီဟာ လူသားသမိုင်းရဲ့နိဂုံးဖြစ်တယ်ဆိုတဲ့ သဘောတရားရေးအရ ရှင်းပြချက်ကို စဉ်းစားကြည့်ကြပါစို့။ ဒါကြောင့် ဦးစွာအားဖြင့် သမိုင်းဖြစ်ထွန်းတိုးတက်မှုဟာ ဦးတည်ချက်ရှိပဲ့မလား ဆိုတဲ့ပြဿနာကို ရှင်းလင်းစွာ ဖြေကြားရပါမယ်။ တကယ်လို့ သမိုင်းဖြစ်ထွန်းတိုးတက်မှုဟာ ဦးတည်ချက်မရှိဘူးဆိုရင် သမိုင်းဖြစ်ထွန်း တိုးတက်ရေးဟာ အကန့်အသတ်မရှိတဲ့ ထပ်ပြန်တလဲလဲ လည်ပတ်မှုအတွင်းမှာ ရှိနိုင်တာကြောင့် သမိုင်းဟာ ဘယ်တော့မှ "နိဂုံး"ဆိုတာဆီကို မဆိုက် ရောက်နိုင်ပါဘူး။ သမိုင်းဖြစ်ထွန်းတိုးတက်မှုမှာ ဦးတည်ချက်ရှိတယ်ဆိုတာကို အသိ အမှတ်ပြုခြင်းဟာ "သမိုင်းနိဂုံးသဘောတရား"ရဲ့ ရှေးဦးလိုအပ်တဲ့ လောဂျစ်တခု ဖြစ်တယ်။ ဖူကူးယားမားဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုမှာ ဦးတည်ချက်ရှိတယ်လို့ ရှင်းရှင်း လင်းလင်း မှတ်ယူထားသူပါ။ သမိုင်းရဲ့ ဦးတည်ချက်နဲ့ ဆက်နွယ်လျက်ရှိတဲ့ တခြား ပိုမိုနက်ရှိုင်းတဲ့ အဆင့်ဆင့်ပြောင်းလဲလာမှု ပြဿနာတွေဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုတွန်းအားရဲ့ သဘာဝဖြစ်စဉ်ပြဿနာဖြစ်တယ်။ ဘယ် အကြောင်းရင်းမျိုးတွေက သမိုင်းကို အဆက်မပြတ် အဆင့်နိမ့်ရာမှ အဆင့်မြင့်ရာသို့ ဖြစ်ထွန်း တိုးတက်ရေးကို တွန်းဆော်ပါ သလဲ။ နောက်ဆုံးမှာ ခေါ်ဆိုလှေ့ရှိတဲ့ သမိုင်းနိဂုံးကို ရောက်ပဲ့မလား။

ဖူကူးယားမာက သမိုင်းဖြစ်ထွန်းတိုးတက်မှုဟာ ဦးတည်ချက်ရှိတာကြောင့် အကြောင်း ရင်းတွေဟာ သမိုင်းအတွင်းမှာ တည်ရှိနေပြီး "သမိုင်းကို ဦးတည်ချက်ရှိရှိ ဖန်တီးတည်ဆောက်နေတဲ့ 'သမိုင်းသဘာဝဖြစ်စဉ်'ရှိတယ်"ဆိုတာကို အသိအမှတ်ပြုပါတယ်။ သူက ဒီလို သမိုင်းသဘာဝ ဖြစ်စဉ်ဟာ ဦးတည်ချက်နှစ်မျိုးနဲ့ ဖော်ပြလျက်ရှိတယ်လို့ ယူဆထားတယ်။ (၁) သိပ္ပံနဲ့နည်းပညာ

ဖြစ်ထွန်းတိုးတက်မှု (၂) လူ့သ ဘာဝရဲ့ သဘာဝဖြစ်စဉ်တို့ ဖြစ်တယ်။

၁။ သိပ္ပံနဲ့နည်းပညာ ဖြစ်ထွန်းတိုးတက်မှုဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုကို ဦးတည်ချက်ရှိစေပါတယ်။ သမိုင်းရဲ့ဖြစ်ထွန်းတိုးတက်မှုကို အဆင့်နိမ့်ရာမှ အဆင့်မြင့်ရာသို့ ဖြစ်ထွန်းတိုးတက်မှုတရပ် ပေါ်ထွက်လာစေပြီး ရှေ့အလားအလာကို ကြိုတင် မခန့်မှန်းပါဘူး။ ဖူကူးယားမားက သဘာဝသိပ္ပံဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုကို ဦးတည်ချက်ရှိလာစေတယ်။ အကျယ်အပြန့် ဖြစ်လာစေတယ်လို့ ဆိုပါတယ်။ သိပ္ပံပညာ တိုးတက်လာခြင်းအားဖြင့် လူသားဟာ သဘာဝနဲ့ဆိုင်တဲ့ ဗဟုသုတအသိ အမြင်တွေကို ရရှိ စုဆောင်းသိုမှီးခဲ့ကြတယ်။ ဒါဟာ သမိုင်းကို ဦးတည်ချက် ရှိ လာစေခြင်းရဲ့ ကွင်းဆက်ဖြစ်တယ်။ သိပ္ပံပညာ အသိအမြင်တွေ ဖွံ့ဖြိုးတိုးတက်လာမှုဟာ အဆုံးအစမရှိ လည်ပတ်နေတာမျိုးမဟုတ်သလို တရားဥပဒေသတွေ မရှိတာမျိုးလည်း မဟုတ်တာကြောင့် ၎င်းဟာ အစဉ်အမြဲဆိုသလို ရှိပြီးသား အသိအမြင် ဗဟုသုတအခြေခံပေါ်မှာ မိမိဘာသာ အဆက်မပြတ် စုပုံလာပြီး အဆင့်နိမ့်ရာမှ မြင့်ရာသို့ ဖြစ်ထွန်းတိုးတက်တဲ့ အခြေအနေ ပေါ်လာတယ်။ ဒါကြောင့် သဘာဝ သိပ္ပံပညာ ဖြစ်ထွန်းတိုးတက်မှုဟာ ကမ္ဘာပေါ် မှာ ဦးတည်ချက်အရှိဆုံးနဲ့ အဆက်မပြတ်မှုအရှိဆုံးအရာဖြစ်တယ်။ "ကျွန်တော်တို့ လူသားလူ့အဖွဲ့အစည်းအားလုံးရဲ့ ပြုမူဆောင်ရွက်ချက်များကို အသေးစိတ် စစ်ဆေးကြည့်ရှုပါက အသိအမြင်ဗဟုသုတတွေ စုပုံလာမှုသာမက ဦးတည်ချက်ရှိတဲ့သမိုင်းဟာ ခေတ်မီတဲ့ သဘာဝသိပ္ပံပညာ ဖြစ်ထွန်းတိုးတက်မှုရဲ့ တခုတည်းသော သမိုင်းဖြစ်တယ်ဆိုတာကို အများက ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုထားတာ ဖြစ်တယ်။ (ဖူကူးယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နှာ ၈၁) သဘာဝသိပ္ပံပညာရဲ့ ကြိုတင်မခန့်မှန်းနိုင်တဲ့ ကြန်အင်လက္ခဏာဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုဦးတည်ချက်ကို ထုတ်ဖော်တင်ပြရေးအတွက် အင်အားရှိတဲ့ "သမိုင်းသဘာဝ ဖြစ်စဉ်"ကို အထောက်အကူပြုပါတယ်။ ၎င်းရဲ့ အကြီးမားဆုံးအကျိုးသက်ရောက်မှုကတော့ ဖြစ်ထွန်းတိုးတက်မှု မတူတဲ့အဆင့်မှာ ရှိနေတဲ့ နိုင်ငံတော်တွေကို လက္ခဏာတူညီတဲ့ အဆင့်ဆင့်ပြောင်းလဲမှု ပေါ်မှာ တည်ရှိစေပြီး တူညီတဲ့အခြေအနေသို့ ဆိုက်ရောက်သွားစေခြင်းပါပဲ။

သဘာဝသိပ္ပံပညာဟာ ပုံစံနှစ်မျိုးဖြင့် သမိုင်းအပေါ် ဩဇာသက်ရောက်မှုရှိစေပြီး အခြေအနေကို တူညီသွားစေတယ်။ ပထမအမျိုးအစားပုံစံမှာ စစ်ရေး။ ဖူကူးယားမားက စစ်ပွဲရဲ့ ဖြစ်နိုင်မှုတွေက "လူ့အဖွဲ့အစည်း ဆင်ခြင်တုံတရားဖြစ်ထွန်းမှုနဲ့ မတူတဲ့ ယဉ်ကျေးမှုအကြားမှာ တညီတညွတ်တည်းဖြစ်တဲ့ လူ့အဖွဲ့အစည်း အဆောက်အအုံတွေရဲ့ ကြီးမြတ်တဲ့အင်အားစုတွေကို ထူထောင်ထားတယ်"။ စစ်ပွဲ က လူတွေကို ရှေ့တန်းရောက်တဲ့ သိပ္ပံနဲ့ နည်းပညာတွေရဲ့ အရေးပါမှုကို သိရှိစေတယ်။ တချိန်တည်းမှာ စစ်ပွဲရဲ့ဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့နေရတဲ့ နိုင်ငံတွေဟာ ၎င်းရဲ့ လူ့အဖွဲ့အစည်းစနစ်နဲ့ အစိုးရရဲ့ စီမံအုပ်ချုပ်မှုပုံစံတွေ၊ အဆောက်အအုံ ပြုပြင်ပြောင်းလဲမှုတွေကို အကျပ်ကိုင်ဆောင်ရွက်စေတယ်။ ဒါကြောင့် တတ်စွမ်းသမျှ ဖြစ်ထွန်းတိုးတက်လာရေးနဲ့ သိပ္ပံနဲ့ နည်းပညာ အသုံးချရေးကို အထောက်အကူအရဆုံးဖြစ်တဲ့ လမ်းစဉ်အတိုင်း ၎င်းတို့ရဲ့ လူ့အဖွဲ့အစည်းစနစ် ပြန်လည်တည်ဆောက်ပြီး နောက်ဆုံးမှာ နိုင်ငံအားလုံးရဲ့ လူ့အဖွဲ့အစည်း အခြေခံအဆောက်အအုံ နဲ့ နိုင်ငံရေးစနစ်တို့ကို ခေတ်မီရေးဦးတည်ချက် ဖြင့် ဖြစ်ထွန်းတိုးတက်ရေးဆီသို့ ရှေးရှုစေပါတယ်။ "စစ်ပွဲဟာ အလွန်ထက်မြက်တဲ့ နည်းနာတရပ်အနေနဲ့ လူ့အဖွဲ့အစည်း ခေတ်မီရေးရဲ့ လိုအပ်မှုတွေကို ရောင်ပြန်ဟပ်ရုံမက ခေတ်မီရေးရဲ့ အောင်မြင်ချက်နဲ့ ငြင်းပယ်ချက်တွေကို အစစ်ဆေးခံနိုင်ဆုံး စံချိန်စံညွှန်း ဖြစ်တယ်။ (ဖူကူးယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နှာ ၈၃)

ဒုတိယအမျိုးအစား ပုံစံမှာ စီးပွားရေး၊ သိပ္ပံနည်းပညာ တိုးတက်မှုရဲ့ တိုက်ရိုက်အကျိုးဆက်ကတော့ စီးပွား ရေးဖြစ်ထွန်းတိုးတက်မှုကို တွန်းဆော်ပေးတယ်။ လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးရဲ့ စက်မှုလုပ်ငန်း ဖြစ်ထွန်းတိုးတက်လာရေးကို  တွန်းဆော်ပေးတယ်။ လူ့အဖွဲ့အစည်းရဲ့ ဥစ္စာခနကို အဆက်မပြတ် တိုးပွားစေတယ်။ လူတွေရဲ့  အတိုင်းမသိ များပြားလှတဲ့ လိုအင်ဆန္ဒတွေကို ပြည့်ဝစေတယ်။ ဒီဖြစ်စဉ်အတွင်းမှာ သိပ္ပံနဲ့နည်းပညာဟာ စီးပွားရေးဖြစ်ထွန်းတိုးတက်မှု ဦးတည်ချက်ကို ထိန်းညှိရုံသာမက စီးပွားရေးဖြစ်ထွန်းတိုးတက်မှုနဲ့ ဆီလျော်တဲ့ အလုပ်တာဝန်ခွဲဝေမှုနဲ့ လူမှုရေးအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေပြီး “စီးပွားရေးနဲ့ လိုက်လျောညီထွေရှိတဲ့ လူမှုရေးအဖွဲ့အစည်းပုံစံဖြင့် အစဉ်အလာဖြစ်တဲ့ လူမှုရေး အဖွဲ့အစည်းပုံစံများကို အစားထိုးမှု ရှိလာစေပါတယ်။ ဒီလိုနဲ့ သိပ္ပံနဲ့ နည်းပညာဟာ ဒီစီးပွားရေးဆိုတဲ့ ကြားခံကွင်းဆက်မှတဆင့် သမိုင်း ဇာစ်မြစ်၊ ယဉ်ကျေးမှုအစဉ်အလာနဲ့ နိုင်ငံရေးစနစ်မတူတဲ့ နိုင်ငံတွေအားလုံးကို “လက္ခဏာတူညီတဲ့ ခေတ်မီရေးလမ်းကြောင်းပေါ်သို့ မုချဆိုက်ရောက်သွားစေပါ တယ်။ “စီးပွားရေးတိုးတက်လာမှုက လူ့အဖွဲ့အစည်းအားလုံးအတွက် ၎င်းတို့ဟာ မူလက ဘယ် လိုလူ့အဖွဲ့အစည်း အဆောက်အအုံပဲ ဖြစ်နေနေ တစုံတရာတူညီတဲ့ လူမှုပြုပြင်ပြောင်းလဲရေးကို ဖြစ်ပေါ်လာစေပါတယ်”။ (ဖူကူယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နှာ ၈၆–၈၇) ဖူကူးယားမားက မျက်မှောက်ကမ္ဘာကြီးမှာ စီးပွားရေး ခေတ်မီရေးတည်ဆောက်မှုကို ဆောင်ရွက်နေတဲ့ နိုင်ငံအားလုံးဟာ သိပ္ပံနဲ့နည်း ပညာရဲ့ တွန်းဆော်မှုအောက်မှာ ၎င်းတို့ရဲ့ လူမှုရေး အဖွဲ့အစည်းပုံစံများဟာ တူညီပြီးရင်း တူညီလာကြလိမ့်မယ်ဆိုတာကိုတော့ အသိအမှတ်ပြုရပေလိမ့်မယ်လို့ ကြိုတင်နိမိတ်ဖတ်ခဲ့တယ်။

ဖူကူယားမားဟာ သဘာဝသိပ္ပံပညာက သမိုင်းဖြစ်ထွန်းတိုးတက်ရေးရဲ့ ဦးတည်ချက်နဲ့ အခြေအနေတူညီမှုကို ရှင်းလင်းပြောဆိုရေးမှာ အထောက်အကူပြုတယ်ဆိုတာကို အသိအမှတ်ပြုပေမယ့်လည်း လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ လူသားသမိုင်း နိဂုံးဆိုတာကို  ဘာကြောင့် ရှင်းလင်းပြောဆိုဖို့ မတတ်နိုင်ဖြစ်နေရတာ လဲ။ သူက “ခေတ်မီသဘာဝသိပ္ပံပညာကို ကိုယ်စားပြုတဲ့သမိုင်းသဘာဝဖြစ်စဉ်ဟာ အလွန်ကြီးမားတဲ့အတိုင်းအတာအရ သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ ကြွန်အင်လက္ခဏာများနဲ့ ခေတ်မီလူ့အဖွဲ့အစည်းရဲ့ အလားအလာနဲ့ အခြင်းအရာတွေကို ရှင်းပြပေးနိုင်ပေမယ့် ၎င်းက ဒီမိုကရေစီဆိုတဲ့ အခြင်းအရာတွေကိုတော့ လုံလုံ လောက်လောက် ရှင်းမပြနိုင်ပါဘူး။ .... .... ခေတ်မီသဘာဝသိပ္ပံက ကျွန်တော်တို့ကို လစ်ဘရယ်ဒီမိုကရေစီဆိုတဲ့ ဒီ‘သမ္မာကျမ်းစာထဲက သုခဘုံ’သို့  ရှေ့ဆောင်  ခေါ်သွားပေမယ့်  သုခဘုံရဲ့အထဲအထိ  ပို့မပေးခဲ့ပါဘူး။  ၎င်းအထဲက အကြောင်းရင်းတွေဟာ ရှေ့တန်း ရောက်တဲ့ စက်မှုလုပ်ငန်းများဖြစ်ထွန်းတိုးတက်ပြီး နိုင်ငံရေးလွတ်လပ်မှုက မုချဆောင်ကြဉ်းလာမယ့် သဘောတရားရေး အထောက်အထားများကို ဘောဂဗေဒထဲမှာ ရှာလို့မတွေ့ပါဘူး”။ (ဖူကူယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နိဒါန်း နှာ ၅–၆) သဘာဝသိပ္ပံပညာနဲ့ စီးပွားရေးရဲ့ နောက်ကွယ်မှာ ပိုမိုနက်ရှိုင်းပြီး အဆင့်ဆင့်သော တွန်းအားသဘာဝဖြစ်စဉ်ရှိသေးတယ်။ ဒီလို သဘာဝဖြစ်စဉ်ဟာ သိပ္ပံပညာနဲ့ စီးပွားရေးဖြစ်ထွန်းတိုးတက်ရေးကိုသာမက လူသားသမိုင်းတခုလုံး လစ်ဘရယ်ဒီမိုကရေစီသို့ ဦးတည်ဖွံ့ဖြိုးတိုး တက်သွားရေးကိုလည်း တွန်းဆော်ပေးပါတယ်။ ဒီလို သဘာဝဖြစ်စဉ်ကို သူက လူ့သဘာဝဖြစ်စဉ်လို့ ဆိုပါတယ်။

ဒါကြောင့် လူ့သ ဘာဝအတွင်းမှာ လစ်ဘရယ်ဒီမိုကရေစီစနစ် တရားဝင်မှုရဲ့ အတွင်းပိုင်းအထောက်အထားကို ရှာဖွေသင့်တယ်။ သမိုင်းနိဂုံးနဲ့ လစ်ဘရယ်ဒီမိုကရေစီ အကြားက မုချ

ဆက်နွယ်နေမှုကို ရှာဖွေသင့်ပါတယ်။

၂။ လူ့သဘာဝအတွင်း တည်ရှိနေမှုကို "အသိအမှတ်ပြုမှု ရရှိရေးအတွက် တိုက်ပွဲဝင်မှု" ရဲ့ လိုအင်ဆန္ဒဟာ သမိုင်းဖွံ့ဖြိုးတိုးတက်ရေးရဲ့ နောက်ဆုံးသဘာဝ ဖြစ်စဉ် ဖြစ်တယ်။ ဖူကူယားမားက ဟီဂယ်ရဲ့အမြင်ကို ဆက်ဆံပြီး သူက "အသိအမှတ်ပြုမှု ရရှိရေးအတွက် တိုက်ပွဲဝင်မှု"ဟာ နိုင်ငံရေး အဘိဓမ္မာနည်းတူ ရှည်လျားတဲ့ သမိုင်းကြောင်းရှိတဲ့ ယေဘုယျအမြင်တမျိုးဖြစ်တယ်။ ၎င်းဟာ ဘာမဆို မဖြေရှင်းနိုင်တာမျိုး မရှိရုံမက ဟိုတုန်းကနေယခုအထိ လွတ်လပ်မှုအခွင့်အရေးရရှိရေး တိုက်ပွဲအားလုံးရဲ့ အခြေခံအုတ်မြစ်ကို ဖြစ်တည်စေတယ်လို့ ယူဆတယ်။ အသိအမှတ်ပြုမှုရရှိထားတဲ့ လိုအင်ဆန္ဒဟာ စီးပွားရေးနဲ့မဆိုင်တဲ့ လိုအင်ဆန္ဒတမျိုးပါပဲ။ ဒါပေမဲ့ သူဟာ လူ့သဘာဝ အတွင်း "ပထမဆုံးနေရာ" ရှိပြီး၊ လူ့သဘာဝအတွင်း "မွေးရာပါ အဖြစ်ဆုံး၊ အခြေခံအကျဆုံး တောင့်တမျှော်မှန်းချက်"ဖြစ်တယ်။ "လူ့သဘာဝအတွင်း အစဉ်အမြဲတည်ရှိနေတဲ့ အစိတ်အပိုင်း" ဖြစ်တယ်။ အသိအမှတ်ပြုမှုရရှိထားတဲ့ လိုအင်ဆန္ဒဟာ သမိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့သဘာဝ တူညီမှု သီအိုရီအခြေခံအုတ်မြစ်ကို အထောက်အကူ ပြုနိုင်ရုံမက "လွတ်လပ်တဲ့ စီးပွားရေးနဲ့ လွတ်လပ်တဲ့ နိုင်ငံရေးအကြားက လိုအပ်နေတဲ့ ကွင်းဆက်တခု"ကိုလည်း ဖြည့်စွက်ပေးပါတယ်။

ဖူကူယားမားဟာ ဟီဂယ်ရဲ့ စိတ်ဝါဒသမိုင်းအမြင်ကို ဆက်ခံသူပါ။ သူက "ရှေးဦးလူသား" ဟာ ပင်ကိုယ်သဘာဝအားဖြင့် သဘာဝလောကရဲ့ အစိတ်အပိုင်း တရပ်ဖြစ်တယ်။ ဒါပေမဲ့ သူဟာ တိရစ္ဆာန်နဲ့ ကွဲပြားအောင် စွမ်းဆောင်နိုင်တာကြောင့် သဘာဝရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ခဲ့ တဲ့အပြင် စိတ်ခံစားရေးရာအရ လိုအပ်ချက်တမျိုးကိုလည်း ဖြည့်ဆည်းနိုင်ခဲ့တယ်။ ဆိုလိုတာက တခြားသူတွေက အသိအမှတ်ပြုထားတဲ့ လိုအင်ဆန္ဒရရှိရေး၊ သူတို့ရဲ့ဂုဏ်သိက္ခာကို လူတွေက အသိအမှတ်ပြုရေးကို မျှော်လင့်တောင့်တကြတယ်လို့ ယူဆတယ်။ တခြားသူရဲ့ အသိအမှတ်ပြုမှု ရရှိပြီးမှသာ သူဟာ မိမိကိုယ်မိမိ ရိပ်စားမိကြောင်း ဖော်ပြနိုင်လို့ သူဟာ မိမိကိုယ်မိမိ တဦးတယောက် ဖြစ်တယ်ဆိုတာကို ရိပ်စားမိလာတယ်။ ရှေးဦးလူဟာ သူတပါးရဲ့အသိအမှတ်ပြုမှုကို မျှော်လင့် တောင့်တနေတာ မဟုတ်ပေမယ့် "လူတယောက်အနေနဲ့ တပါးသူရဲ့ အသိအမှတ်ပြုမှု ရရှိရေး အတွက် မျှော်လင့်တောင့်တခဲ့တဲ့အပြင် ဒီလို အသိအမှတ်ပြုမှု ရရှိရေးအတွက် မိမိအသက် စွန့် လွှတ်ရမှာကိုတောင် ဝန်မလေးခဲ့ပါဘူး။ ရှေးဦးလူ့အဖွဲ့အစည်းဟာ လူတွေရဲ့ "စစ်မှန်တဲ့ ဂုဏ်ကျက် သရေအတွက်"အသက်စွန့်တိုက်ခိုက်ခဲ့ရတဲ့ သမိုင်းရဲ့ တစိတ်တဒေသ ဖြစ်တယ်။ ဒီလိုနဲ့ လူ့အဖွဲ့ အစည်းဟာ ၂ ပိုင်းကွဲသွားတော့တယ်။ တဖက်က အရှင်သခင်အတွက် အသက်ကို မိုက်ရူးရဲ စွန့် လွှတ်လိုတယ်။ အခြားတဖက်က အရှင်သခင်အတွက် အသက်မစွန့်လိုတဲ့ ကျေးကျွန်တွေ။ ကျေး ကျွန်တွေဟာ အစ ကနဦးတုန်းက အသက်သေမှာကို ကြောက်တဲ့အလျောက် ကျေးကျွန်ဘဝကို ကျော်ဖြတ်ခဲ့ပေမယ့် ကျေးကျွန်ရဲ့စိတ်ခံတတ်ဟာ အဲဒီလိုဖြစ်ခဲ့တာကို မေ့ပျောက်လို့ မရပါ။ သူတို့ဟာ မိမိကိုယ်မိမိ လွတ်မြောက်ရေးအတွက် အလုပ်လုပ်ကိုင်ခြင်းအားဖြင့် လမ်းခင်းပေးခဲ့ပြီး သူတို့ဟာ မိမိကိုယ်မိမိ ထိန်းကျောင်း၊ မိမိရဲ့စိတ်ဆန္ဒအရ သဘာဝလောကကြီးကို ပြုပြင်သွားရမယ်။ မိမိ ကိုယ်မိမိ လွတ်မြောက်ရေးကို ဖြစ်နိုင်သမျှ မိမိဘာသာ နိုးကြားမှုရှိရှိ အကောင်အထည် ဖော်ဆောင်ကြရတယ်။ လွတ်လပ်မှုအပေါ် ပြင်းထန်တဲ့ လိုလားတောင့်တမှုတွေကို ဖော်ပြရမယ်။ ဒါကြောင့် သမိုင်းကို တကယ်တွန်းဆော်ပေးနေတာဟာ အရှင်သခင်တွေ မဟုတ်ဘူး။ ကျေး ကျွန်တွေ နဲ့ ကျေးကျွန်တွေရဲ့ အလုပ်လုပ်ကိုင်နေမှုတွေသာ ဖြစ်တယ်။ "ကျေးကျွန်တွေရဲ့ ဒီလို အသိအမှတ်

ပြုခံရတဲ့ မြဲမြံကြံ့ခိုင်တဲ့ လိုအင်ဆန္ဒဟာ အရှင်သခင်တွေကို ဘေးမသီရန်မခ ကျေနပ်နှစ်သိမ့်ပြီး တိုးတက်မှုရှာဖွေရေးမဟုတ်ဘဲ၊ မိမိကိုယ်မိမိ အသိအမှတ်ပြုပြီး၊ သမိုင်းအား ရှေ့သို့ ချီတက်သွားရေးကို တွန်းဆော်တဲ့ မီးရထား စက်ခေါင်းဖြစ်လာရေးပါပဲ”။ (ဖူကူယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နှာ ၂၂၆)

မျက်မှောက် လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ လူအားလုံးရဲ့ လိုအင်ဆန္ဒတွေကို ယေဘုယျအားဖြင့် ပြည့်ဝစေနိုင်တယ်လို့ ဘာကြောင့်ပြောရတာလဲ။ ဖူကူယားမားက “မျက်မှောက် လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ လူ့အဖွဲ့အစည်းရဲ့ ရပိုင်ခွင့်တွေကို ပေးခဲ့ရုံမက အကာအကွယ် ပေးတယ်။ ဒါဟာ ၎င်းနဲ့ပတ်သက်လို့ လူအားလုံး အကျယ်အပြန့်အသိအမှတ်ပြုထားတဲ့ အချက်ပါပဲ” (ဖူကူယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နှာ ၂၃၀) လို့ဆိုတယ်။ ၎င်းက အသိအမှတ်ပြု ထားတာကတော့  လူမျိုး၊ လိင်နဲ့လူမှုရေး အဆင့်နေရာကွာခြားမှုရဲ့ အကောင်အထည် မဲ့တဲ့ လူသားအဖြစ်ကို ကျော်လွှန်သွားစေမှုတမျိုး ဖြစ်တယ်။ သူဟာ စနစ်ရဲ့ အသိအမှတ်ပြုမှု ရရှိထားတာ၊ သူ့ရဲ့အခွင့်အရေးတွေကို အကာအကွယ်ပေးထားမှု ရရှိထားတာဟာ လူတယောက်ဖြစ်နေလို့ကြောင့်သာ ဖြစ်တယ်လို့လည်း ပြောဆိုနိုင်တယ်။ လွတ်လပ်မှုတောင့်တခြင်းဟာ လူ့သဘာဝအတွင်းက မွေးရာပါ အရေးကြီးဆုံး တောင့်တမှုဖြစ်တယ်။ လွတ်လပ်မှုကို တောင့်တခြင်းဟာ မွေးကတည်းကရှိတဲ့ အပြင်းထန်ဆုံး ပင်ကိုယ်သတ္တိဖြစ်တယ်။ “လူ့သဘာဝအရ ရှိနေတဲ့ လူရဲ့ ပင်ကိုယ်အရည်အချင်း ဖြစ်တယ်”။ နိုင်ငံရေးစနစ်တခုက လူ့သဘာဝအတွင်း ဒီလိုတောင့်တမှုတွေကို အရင်းခံအားဖြင့် ပြည့်ဝစေနိုင်တဲ့အချိန်မှာ သမိုင်းဟာ နိဂုံးသို့ ရောက်သွားတော့တယ်။ “လူသားသမိုင်းရဲ့ပြဿနာဟာ တစုံတခုသော အဓိပ္ပာယ်အရ ပြောဆိုရှုမြင်ရေးသားနိုင်တာကတော့ အရှင်သခင်နဲ့ကျေးကျွန် နှစ်ဦးနှစ်ဖက်အပြန်အလှန် တန်းတူရရှိ အသိအမှတ်ပြုထားတဲ့ လိုအင်ဆန္ဒကို ရှာဖွေတဲ့ နည်းနာတမျိုးဖြစ်တယ်ဆိုတာပါပဲ။ သမိုင်းဆိုတာဟာ တကယ်တော့ ဒီရည်မှန်းချက်ပန်းတိုင်ကို  လက်တွေ့အကောင်အထည်ဖော်ဆောင်တဲ့ လူ့အဖွဲ့အစည်းစနစ်တခုရဲ့ အောင်ပွဲနဲ့နိဂုံး ဖြစ်တယ်”။ (ဖူကူယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နှာ ၁၂၂)

ဖူကူယားမားက သမိုင်းနိဂုံးနဲ့ ပတ်သက်လို့ ပြောဆိုရှင်းလင်းချက်ကို ခေတ်မီသဘာဝသိပ္ပံပညာ ဖြစ်ထွန်းတိုးတက်မှုနဲ့ “အသိအမှတ်ပြုမှုရရှိရေးအတွက် တိုက်ပွဲဝင်မှု”ပေါ်မှာ ထူထောင်ထားရမယ်လို့ ယူဆထားပုံရတယ်။ ဒီတွန်းအား စနစ်ကြီးနှစ်ခု သို့မဟုတ် ကျောရိုးမဏ္ဍိုင်နှစ်ခု အနက် တခုခုလျော့နည်းနေရင် သမိုင်းနိဂုံးကို ခြယ်မှုန်းရာမှာ မပြီးမြောက်မပြည့်စုံတော့ပါဘူး။ ဒါပေမဲ့ ဒီတွန်းအား သဘာဝဖြစ်စဉ်နှစ်ခုအနက် သိပ္ပံနည်းပညာနဲ့ စီးပွားရေးအကြောင်းအချက်တွေဟာ လူ့သဘာဝအာသာဆန္ဒတွေနဲ့ အပြန်အလှန် ဆက်စပ်မှုရှိတဲ့ “အသိအမှတ်ပြုရေးအတွက် တိုက်ပွဲမှု”ဖြစ်တယ်။ လူရဲ့ ဆန္ဒအရတောင့်တမှုနဲ့ အပြန်အလှန် ဆက်စပ်နေတာဖြစ်တယ်။ ရှေ့ကအချက်ဟာ သမိုင်းမှာ ဦးတည်ချက်ရှိတယ်ဆိုတာကို ရှင်းပြနိုင်ပြီး၊ နောက်ကအချက်က လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ ဘာကြောင့် လူသားသမိုင်းရဲ့နိဂုံးဖြစ်တယ်ဆိုတာကို ရှင်းလင်းပြနိုင်တယ်။

ဖူကူးယားမားဟာ  အဲဒီနှစ်ခုရဲ့ အဆင့်နေရာကို တတန်းတည်းမထားရုံမက သူဟာ နောက်အချက်ကို သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ အခန်းကဏ္ဍမှာ သိသိသာသာ အလေးထားကြောင်း တွေ့နိုင်ပါတယ်။ သူ့ရဲ့ ဒီအမြင်ရဲ့ တကယ့်အနှစ်သာရဟာ ဘောဂဗေဒကို သမိုင်းနဲ့ နိုင်ငံရေးပြဿနာအား ရှင်းလင်းပြတဲ့ စွမ်းအားအဖြစ် ငြင်းပယ်လိုက်တာအပြင် မာ့က်စ်ရဲ့ သမိုင်းရုပ်ဝါဒအမြင်

ရဲ့ သိပ္ပံ နည်းကျလက္ခဏာကို ငြင်းပယ်လိုက်တာဖြစ်တယ်။ သူက မာ့က်စ်ရဲ့ သမိုင်းနဲ့ ပတ်သက်တဲ့ ရေးသားဖော်ပြမှုတွေနဲ့ ခွဲခြမ်းစိတ်ဖြာမှုတွေဟာ ဘောဂဗေဒရဲ့အပေါ်မှာ ထူထောင်ထားတာဖြစ်လို့ တဖက်သတ်ကျပြီး မပြည့်စုံဘူးလို့ ရှင်းလင်းပြတ်သားစွာ ပြောခဲ့ဖူးတယ်။ သူက “ဘောဂဗေ’ အခြေခံအုတ်မြစ်ပေါ်မှာ ထူထောင်ထားတဲ့ မာ့က်စ်ဝါဒသာ ‘ခေတ်မီတဲ့သဘောတရား’ သို့မဟုတ် တခြားသမိုင်းဆိုင်ရာ သဘောတရားတွေ ဥပမာ ဝိညာဉ်အတွင်းရှိ စိတ်ဓာတ်ပိုင်းနဲ့ အသိအမှတ် ပြုမှုရရှိရေးအတွက် တိုက်ပွဲဝင်မှုဟာလည်း သမိုင်းရဲ့ အဓိက တွန်းအားအဖြစ် ရှင်းမပြနိုင်ရင် ပြီး ပြည့်စုံတဲ့ သမိုင်းသဘောတရားတစုံအဖြစ် လက်ခံအတည်ပြုလို့ မဖြစ်ဘူး”(ဖူကူယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နှာ ၂၃၃) လို့ ဆိုတယ်။ ဒီလိုနဲ့ ဖူကူယားမားဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ သဘာဝဖြစ်စဉ်ပြဿနာအပေါ်မှာ မာ့က်စ်ရဲ့ သမိုင်းရုပ်ဝါဒအမြင်ကို “ကျော်လွန်သွား”ပြီး ဟီဂယ်ရဲ့ စိတ်ဝါဒ သမိုင်းအမြင်သို့ ပြန်လည်ရောက်ရှိသွားစေလိုက်တယ်။ ဒါဟာ သမိုင်းဆိုင် ရာအဘိဓမ္မာကို နောက်ပြန်ဆုတ်သွားမှုတရပ် ဖြစ်တယ်။ ဖူကူယားမားဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ နောက်ဆုံး အဆုံးသတ်ကို လူ့သဘာဝအတွင်း “အသိအမှတ်ပြုမှုအတွက် တိုက်ပွဲဝင်ခြင်း”ရဲ့ မျှော် လင့်ချက် ဖြစ်တဲ့အတွက် လူတွေရဲ့အတွေးအခေါ်ရည်ရွယ်ချက်အဖြစ် ဒီအတွေးအခေါ်ရည်ရွယ်ချက်ရဲ့ နောက် ခံ ပကတိဘာဝအ ကြောင်းအရာတွေကို စစ်ဆေးမှုမရှိတော့ သမိုင်းတိုးတက်ရေးကို တွန်းဆော်တဲ့ ဒီလို ပကတိဘာဝအကြောင်းအရာတွေ တကယ်ပဲ ဖြစ်သွား တော့တယ်။ မာ့က်စ်က တကယ်တော့ လူတွေရဲ့ အတွေးအခေါ်ရည်ရွယ်ချက်နောက်မှာ ထုတ်လုပ်ရေးပုံသဏ္ဍာန်ပေါ်က လူမှုပဋိပက္ခ လှုပ်ရှားမှုအကြောင်းများကို တွေ့ရှိပြီး အဲဒီကတဆင့် သမိုင်းကို အနက်ဖွင့်ဆိုမှုဟာ သိပ္ပံနည်းကျ အဆင့်သို့ တက်လှမ်းသွားတော့တယ်။

## ၃။ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီဟာ သမိုင်းရဲ့ နိဂုံးလား

သမိုင်းနိဂုံးဆိုတာဟာ အရင်းရှင်စနစ်ရဲ့လစ်ဘရယ်ဒီမိုကရေစီစနစ်အတွက် ဖူကူယား မားရဲ့သမိုင်းနိဂုံးသဘောတရားဆိုတာရဲ့ အခြေပြုရာဖြစ်သလို သူ့ သဘောတရားတခုလုံးရဲ့ နောက်ဆုံးရည်မှန်းချက်ဖြစ်တယ်။ သူက “ကျွန် တော်ဆိုလိုတဲ့ သမိုင်းဆိုတာက ရာစုနှစ်အချို့အတွင်း လူသားတွေဟာ လစ်ဘရယ် ဒီမိုကရေစီစနစ်နဲ့ အရင်းရှင်စနစ်ကို ကြန်အင်လက္ခဏာအဖြစ် ထားတဲ့ ခေတ်မီတဲ့ သမိုင်းဖြစ်စဉ်သို့ ဦးတည်ခဲ့တာဖြစ်တယ်။ ဒီဖြစ်စဉ်ဟာ များပြီးရင်းများလာနေတဲ့ ဒေသ တွေကို ခေတ်မီလူ့အဖွဲ့အစည်းသို့ ပို့ပေးခဲ့တယ်။ လစ်ဘရယ်ဒီမိုကရေစီနဲ့ အရင်းရှင်စနစ်မှအပ လူသားလူ့အဖွဲ့အစည်းမှာ အခြားအဆင့်သို့ တိုးတက်ပြောင်းလဲတဲ့ဖြစ်စဉ် မရှိနိုင်လို့ ဒါဟာ သမိုင်း နိဂုံးဖြစ်တယ်”(ပြည်ပ သဘောတရား ဖြစ်ပေါ် လှုပ်ရှားမှုအခြေအနေ ၂၀၀၂ အမှတ် ၃) လို့ ဆိုတယ်။ ၂၀ ရာစု ၈၀ ခုနှစ်များ နှောင်းပိုင်းအတွင်း ကမ္ဘာပေါ်မှာ ဖြစ်ပေါ်ခဲ့တဲ့ တစီတတန်းကြီးသော အရေးကြီး နိုင်ငံရေးအဖြစ်အပျက်တွေဟာ အရှေ့နဲ့အနောက်အကြား စစ်အေးတိုက်ပွဲ အဆုံးသတ် မှုကို ဖော်ပြရုံသာမက ပိုအရေးကြီးတာက သမိုင်းကိုယ်တိုင် အဆုံးသတ်မှုသို့ ရောက်ရှိသွားခြင်းရဲ့ အမှတ်လက္ခဏာဖြစ်တယ်လို့ ဖူကူယားမားက ကြည့်မြင်တယ်။

ဆိုရှယ်လစ်စနစ်ဟာ ဆိုဗီယက်ပြည်ထောင်စုနဲ့ အရှေ့ဥရောပနိုင်ငံတွေမှာ ရှုံးနိမ့်သွား တာနဲ့အမျှ လွတ်လပ်မှုနဲ့ ဒီမိုကရေစီတို့ဟာ ညီတူညီမျှမရှိဘူးဆိုတာ သမိုင်းက သက်သေပြလိုက်ပြီ။ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီကသာ လူသားတွေ အတွက် အကောင်းဆုံးရွေးချယ်စရာ

ဖြစ်သွားခဲ့ပြီလို့ ကြည့်မြင်ခဲ့တယ်။

ဖူကူယားမားရဲ့ ဒီကြီးကျယ်တဲ့ သမိုင်းနိဂုံးသဘောတရားဆိုတာကြီးဟာ အပေါ်ယံအားဖြင့်ကြည့်ရင် တစုံတရာ ဆီလျော်သလိုလိုထင်ရပေမယ့် အသေးစိတ် ခွဲခြမ်းကြည့်လိုက်ရင် သဘောတရားရေးအရ မပြည့်စုံမှုနဲ့ ယိုပေါက်တွေ ရှိနေတဲ့ မိမိဘာသာ ပြဋ္ဌာန်းအတည်ပြုထားတဲ့ သမိုင်းကောက်ချက်တခုဖြစ်တယ်။ ဒီ သဘောတရားမှာ ပေါ်လွင်လှတဲ့ ပြည့်စုံမှုမရှိတဲ့ အချက် ၃ ချက်လောက်ရှိပြီး အဲဒါတွေကတော့ အောက်ပါအတိုင်းပါပဲ။

၁။ ဆိုရှယ်လစ်စနစ်ဟာ ချုပ်ငြိမ်းသွားတာ မဟုတ်ဘူး။ ချုပ်ငြိမ်းသွားလိမ့်မယ်လည်း မဟုတ်ဘူး။ မျက်မှောက် ကမ္ဘာ့ဆိုရှယ်လစ်လှုပ်ရှားမှုအပေါ် အကဲဖြတ်ချက်မှာ ဖူကူယားမားဟာ ပြီးစလွယ်သုံးသပ်ချက်သို့ တိမ်းစောင်းမှုရှိတယ်။ သူ့ရဲ့ “သမိုင်း နိဂုံးသဘောတရား”က ဖုံးပေါ်လအော စုပြုထွက်လာတာကတော့ နိုင်ငံတကာဆိုရှယ်လစ်ဝါဒလှုပ်ရှားမှု ဒီရေနိမ့်သို့ ဦးတည်နေတဲ့ နောက်ခံအောက်မှာ ဆိုရှယ်လစ်စနစ်အတွက် ယေဘုယျကျူးတေးသီဆိုဖို့ ရေးဦးလိုအပ်ချက်အရ အနောက် တိုင်းအရင်းရှင်စနစ်ကို ကောင်းချီးထောမနာပြုတဲ့ စာအုပ်အဖြစ် ရေးထုတ်လိုက်တာပါ။ သူဟာ ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေမှာ ဆိုရှယ်လစ်စနစ် ဆုံးရှုံးသွားမှုကို စီမံကိန်းစီးပွားရေးနဲ့ လူမှုရေးပုံစံဟာ လူသားတွေက နောက်ထပ် ထပ်မံရွေးချယ် စရာမဟုတ်တော့ဘူးဆိုတဲ့ သဘောနဲ့ လစ်ဘရယ်ဒီမိုကရေစီစနစ်ကိုသာ လူသားလူ့အဖွဲ့အစည်းအတွက် တခုတည်းသော ရွေးချယ်စရာ ပစ်မှတ်လို့ ယူဆနေတယ်။ ဆိုရှယ်လစ်စနစ်သို့ ဒီနေ့ ဦးတည်ချီတက်နေမှုဟာ ရှုံးနိမ့်သွားရုံမက အနာဂတ်မှာလည်း “ပြန်လည် လှမ်းမိုးလာနိုင်ဖွယ်မရှိ” ပါဘူး။ သူက “ဆိုရှယ်လစ်စနစ်က ညွှန်ပြတာက အစိုးရက ထိန်းချုပ်တဲ့ စီးပွားရေးရဲ့ အဓိက အစိတ်အပိုင်းနဲ့ ဥစ္စာဓနတွေကို ထပ်မံခွဲဝေရေးနဲ့ လူမှုရေးတန်းတူရေးဖြစ်ပွားစေတဲ့ နိုင်ငံရေး၊ စီးပွားရေးစနစ်သာ ဖြစ်ခဲ့ရင် ဒီလိုစနစ်ကို နောက်မျိုးဆက်တွေလက်ထက်မှာ ထပ်မံလှမ်းမိုးလာနိုင်မှု ဖြစ်နိုင်ဖွယ်ရာ မရှိသလောက်နီးနီးပါပဲလို့ ကျွန်တော် ဆုပ်ဆုပ်ကိုင်ကိုင် ပြောနိုင်ပါတယ်ထင်တယ်”(ဖူကူယားမား– ဆိုရှယ်လစ်စနစ်ပြန်လည်လှမ်းမိုးလာနိုင်ဦးမှာလား၊ တရုတ်ဘာသာ မျက်မှောက်ကမ္ဘာနဲ့ဆိုရှယ်လစ်ဝါဒဂျာနယ်၊ ၂၀၀၂ အမှတ် ၆) လို့ သူက ဆိုထားပြန်ပါတယ်။ တကယ်တော့ ဖူကူးယားမားဟာ တစုံတခုသော ဆိုရှယ်လစ်စနစ်ရဲ့ ပုံစံအရ ဆုံးရှုံးသွားမှုကို ဆိုရှယ်လစ်စနစ်ပင်ကိုယ်ရဲ့ ဆုံးရှုံးသွားမှုအဖြစ် ကားချဲ့လိုက်ပြီး ဆိုရှယ်လစ်စနစ် ယာယီအရေးနိမ့်မှုကို ဆိုရှယ်လစ်စနစ်ရဲ့ ရှုံးနိမ့်သွားမှုအဖြစ် ကားချဲ့ပစ်လိုက်တယ်။ ဆိုရှယ်လစ်စနစ်ရဲ့ ပုံစံဆိုတာ တမျိုးတည်းမဟုတ်ဘဲ အမျိုးမျိုးအဖုံဖုံ ရှိတယ်။ ဆိုရှယ်လစ်စနစ်နဲ့ ပတ်သက်တဲ့ လူသားတွေရဲ့ စူးစမ်းလေ့လာမှုတွေဟာ အဆုံးသတ်မသွားသေးဘူး။ စူးစမ်းလေ့ လာနေဆဲဖြစ်တယ်။ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အသွေးအရောင်ပြောင်းသွားမှုဟာ ဆိုဗီယက်ပုံစံ ဆိုရှယ်လစ်စနစ်ရဲ့ ကျဆုံးမှုသာ ဖြစ်တယ်။ တခြားပုံစံဖြစ်တဲ့ ဆိုရှယ်လစ်စနစ်ဟာ ရေရှည်ဆက်လက် တည်ရှိမြဲ တည်ရှိသွားလိမ့်ဦးမယ်။ တရုတ်ပြည် ဆိုရှယ်လစ်စနစ်တည်ဆောက်မှုအတွင်းမှာ ရောမ အသက်ရှင်သန်စွမ်းနဲ့ ခွန်အားဗလတွေ ပေါ်ထွက်နေမှုက ဒီအချက်ကို အခိုင်အမာ သက်သေပြလျက်ရှိတယ်။ တချိန်တည်းမှာ သမိုင်းရဲ့ဖြစ်ထွန်းတိုးတက်မှုဟာ ဘယ်တုန်းကမှ ပန်းကြဲတဲ့ ဖဲစက်ရာပေါ်မှာ လျှောက်ရတာမျိုး မရှိခဲ့ဖူးဘူး။ အားလုံးဟာ အကွေ့အကောက်တွေ အတွင်းမှာ ဖြစ်ထွန်းတိုးတက်လာခဲ့ရတာချည်းပဲ။ ဆိုဗီယက်နဲ့အရှေ့ဥရောပ ဆိုရှယ်လစ်စနစ်ရဲ့ ယာယီရှုံးနိမ့်မှုဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ ပကတိဘာဝတရားတွေကို ပြောင်းလဲမပစ်နိုင်သလို အရင်းရှင်စနစ်အတွင်းရှိ မဖြေ

ရှင်းနိုင်တဲ့ ပဋိပက္ခတွေသာ တည်ရှိနေမယ်ဆိုရင် ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်ကို အစားထိုးတဲ့ လူသားတွေရဲ့ သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ မုချအလားအလာတွေကိုလည်း ပြောင်းလဲမပစ်နိုင်ပါဘူး။ ဖူကူယားမားရဲ့အမှားဟာ သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ ထူးခြားတဲ့အခြင်းအရာတရပ်ကို သမိုင်းဖြစ်ထွန်းတိုးတက်မှုရဲ့ ယေဘုယျအခြင်းအရာအဖြစ်သို့ ရှေ့တန်းတင်ပေးလိုက်ခြင်း ဖြစ်တယ်။ ၎င်းရဲ့ တကယ့်အနှစ်သာရဟာ အနောက်တိုင်း အရင်းရှင်စနစ်ရဲ့ ကျယ်ပြန့်တဲ့ ကမ္ဘာ့လက္ခဏာဆောင်မှုနဲ့ တခုတည်းသော လက္ခဏာဆောင်မှုတို့ကို သူ့ရဲ့သမိုင်းနိဂုံးသဘောတရား ရှာဖွေရေးအတွက် သဘောတရားအထောက်အထားအဖြစ် အထောက်အကူပြု ရှင်းလင်းတင်ပြခဲ့တယ်။

၂။ ဆိုရှယ်လစ်ဒီမိုကရေစီဟာ အနှစ်သာရအားဖြင့် အရင်းရှင်ဒီမိုကရေစီထက် မြင့်ပါတယ်။ ဖူကူယားမားက အရင်းရှင်စနစ်ရဲ့ လစ်ဘရယ်ဒီမိုကရေစီစနစ်ကို လူသားသမိုင်းရဲ့ နိဂုံးလို့ ထင်မှတ်ခဲ့တယ်။ အရေးကြီးတဲ့ ဆင်ခြေဆင်လက်ကတော့ အရင်း ရှင်စနစ်ရဲ့အောက်မှာ လူအားလုံးရဲ့ "လိုအင်ဆန္ဒတွေရရှိ"ပြီး၊ အားလုံးဟာ ကျေနပ်မှုကို ရရှိစေပါတယ်။ ဒါကြောင့် အရင်းရှင်စနစ်ရဲ့ လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ လူသားသမိုင်းမှာ အမြင့်ဆုံးအဆင့်ဖြစ်တဲ့ ဒီမိုကရေစီပုံစံဖြစ်တယ်လို့ ယူဆတယ်။ ဒါပေမဲ့ ဖူ ကူယားမားဟာ အရင်းရှင်စနစ် လစ်ဘရယ်ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရကို သိမထားပါဘူး။ ၎င်းရဲ့ သူတော်ကောင်းယောင် ဆောင်ထားမှုနဲ့ အကန့်အသတ်ရှိနေမှုတွေကို သိမထားပါဘူး။ အရင်းရှင်စနစ်အောက်မှာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီဟာ လူအနည်းစုရဲ့ လွတ်လပ်မှုနဲ့ ဒီမိုကရေစီသာဖြစ်တယ်။ ခေရှင်လူတန်းစားဟာ ၎င်းရဲ့အုပ်စိုးမှုကို ထိန်းသိမ်းကာကွယ်ရေးအတွက် လူအနည်းစုရဲ့ တဖက်သတ်အကျိုးစီးပွားကို လူ့အဖွဲ့အစည်းတခုလုံးရဲ့ အကျိုးစီးပွားအဖြစ် ပုံကြီးချဲ့ခဲ့တယ်။ လူအနည်းစုသာ ခံစားနေရတဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီကို လူအားလုံးရဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအဖြစ် ပြောဆိုနေခြင်းသာဖြစ်တယ်။ မာ့က်စ်က အရင်းရှင်စနစ်နိုင်ငံတွေမှာ ဒီလို "အကောင်အထည်မဲ့တဲ့ စိတ်ကူးယဉ်ဆန်တဲ့ ပူးပေါင်းမှု"အတွင်းမှာ "တဦးချင်းရဲ့ လွတ်လပ်မှုဆိုတာ အဲဒီလို အုပ်စိုးသူလူတန်းစား အဝန်းအဝိုင်းအတွင်းက ဖြစ်ထွန်းတိုးတက်လာတဲ့ တဦးချင်းအတွက်သာ ပြောရရင် တည်ရှိနေတာပါ။ ဒါကြောင့် သူတို့ရဲ့ တဦးချင်းလွတ်လပ်မှုပါပဲ။ သူတို့ဆိုတာဟာ ဒီလူတန်းစားတရပ်ရဲ့ တဦးချင်းတွေ ဖြစ်နေလို့ပါပဲ"(မာ့က်စ် အိန်ဂယ် ညွှန့်ပေါင်းကျမ်း တရုတ်ဘာသာ အတွဲ ၃ နှာ ၄၈) လို့ ထက်ထက်မြက်မြက် ထောက်ပြဝေဖန်ခဲ့တယ်။ ထိုနည်းတူ အရင်းရှင်စနစ်ဒီမိုကရေစီဟာ လူနည်းစုရဲ့ အခွင့်အရေးသာဖြစ်တယ်။ ကျယ်ပြောလှတဲ့ အောက်ခြေက ပြည်သူလူထုမှာ မဲပေးတဲ့အချိန်မှာ ခေါ်ဆိုလေ့ရှိတဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီကို ခံစားခွင့် ရှိနိုင်တာပါ။ ဒါ့အပြင် လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအခွင့်အရေးတွေဟာ သူတို့အဖို့ပြောရရင် အကောင်အထည်မဲ့ စိတ်ကူးယဉ်မှုဖြစ်မြဲ ဖြစ်နေတယ်။ ဒါကြောင့် သူတို့ "ရရှိတဲ့ အသိအမှတ် ပြုထားတဲ့ လိုအင် ဆန္ဒ"ဟာ တကယ်ကျေနပ်မှု ရရှိကြတာတော့ မဟုတ်ပါဘူး။ ဒါနဲ့ပြောင်းပြန် ဆိုရှယ်လစ်ဒီမိုကရေစီကတော့ လူသားတွေရဲ့ ဒီမိုကရေစီဖြစ်ထွန်းတိုးတက်မှုသမိုင်းမှာ အမြင့်ဆုံး အမျိုးအစား ဒီမိုကရေစီ ဖြစ်တယ်။ ဒီမိုကရေစီဖြစ်စဉ်အတွင်းမှာ လူနည်း စုရဲ့ ဒီမိုကရေစီကို လူများစုရဲ့ ဒီမိုကရေစီနဲ့ အစားထိုးရေးကို လက်တွေ့အကောင် အထည်ဖော်လိုက်ပြီး၊ ဒီမိုကရေစီကို တကယ့်ယေဘုယျလက္ခဏာနဲ့ ကျယ်ပြန့်တဲ့လက္ခဏာတို့ ရှိလာစေတယ်။ လက်ငင်းမှာတော့ ဆိုရှယ်လစ်ဒီမိုကရေစီမှာ လုံးဝပြီး ပြည့်စုံမှုနဲ့ ဖြစ်ထွန်းတိုးတက်မှု မရှိသေးပါဘူး။ ဒါပေမဲ့ ၎င်းဟာ ဒီမိုကရေစီနိုင်ငံရေးရဲ့တကယ့်အနှစ်သာရကို ရောင်ပြန်ဟပ်ပြီး ဒီမိုကရေစီနိုင်ငံရေး ဖြစ်ထွန်း တိုးတက်

မှုရဲ့ ဦးတည်ချက်ကို ကိုယ်စားပြုပါတယ်။ အနှစ်သာရအရ အရင်းရှင်စနစ် ဒီမိုကရေစီ နိုင်ငံရေးထက် မြင့်တဲ့ ဒီမိုကရေစီပုံစံတမျိုးဖြစ်တယ်။ အရင်းရှင်စနစ်ရဲ့ လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ ဆိုရှယ်လစ် ဒီမိုကရေစီစနစ် ဖြစ်ထွန်းတိုးတက်ရေးက မုချကျော်ဖြတ်ရမယ့် အဆင့်တဆင့်သာ ဖြစ်တယ်။ လူသား လူ့အဖွဲ့အစည်းစနစ်ရဲ့ အဆုံးသတ် အဆောက်အအုံ မဖြစ်နိုင်ပါဘူး။

၃။ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီ စနစ်ရဲ့ မိမိကိုယ်တိုင်မှာ တည်ရှိနေတဲ့ ပြဿနာတွေကို သင့်တင်လျောက်ပတ်စွာ ရှင်းလင်းပြဖို့ ဖူကူယားမားဟာ ခွန်အားမရှိပါဘူး။ ဉပမာ ဆိုပါစို့။ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ တကယ်ပဲ ဖူကူယားမားပြောသလို လူသားသမိုင်းရဲ့ အဆုံးသတ်လား။ ဒီလိုဆိုရင် ၎င်းဟာ ပြီးပြည့်စုံတဲ့ စနစ်ပုံစံတခု ဖြစ်သင့်တယ်။ ဆိုလိုတာက အတွင်း ပိုင်း ပဋိပက္ခတွေမပါဝင်တဲ့ ဒီမိုကရေစီပုံစံ ဖြစ်သင့်တယ်။ ဒါပေမဲ့ အနောက်တိုင်း ဒီမိုကရေစီစနစ်ရဲ့ လက်တွေ့အခြေအနေကိုကြည့်ရင် ၎င်းဟာ  လူသားလူ့အဖွဲ့အစည်းရဲ့ အပြစ်အနာအဆာကင်းတဲ့ စနစ်  မဟုတ်သလို  လူအားလုံးရဲ့ လိုအပ်ချက်တွေကို အပြည့်အစုံ ဖြည့်ဆည်းပေးတဲ့စနစ်လည်း မဟုတ်ဘူး။ ဒါနဲ့ဆန့်ကျင်စွာပဲ ၎င်းအတွင်းပိုင်းမှာ မိမိဘာသာ ဖြေရှင်းဖို့ နည်းနာမရှိတဲ့ အလွန်များ ပြားလှတဲ့ ပဋိပက္ခတွေ တည်ရှိနေသေးတယ်။ ဒါတွေကို ဖူကူယားမားကလည်း ဝန်မခံဘဲ ဘူးကွယ်နေ တယ်။ သူဟာ “လစ်ဘရယ်ဒီမိုကရေစီနိုင်ငံတွေဟာ မျက်မှောက်ကာလမှာ ပြဿနာ အများအပြား ရဲ့ ဒုက္ခပေးမှု၊ အကျပ်ဆိုက်စေမှုတွေ ကြုံတွေ့နေရဆဲဖြစ်ပြီး၊ အဓိကကတော့ အလုပ်လက်မဲ့ပြဿနာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာ၊ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုကျူးလွန်မှု ပြဿနာ စတာတွေ ပါပဲ”(ဖူကူယားမား သမိုင်းနိဂုံး တရုတ်ဘာသာ နှာ ၃၂၆)လို့ ဆိုပါတယ်။ ဒါပေမဲ့  ဒီပြဿနာတွေနဲ့ ပဋိပက္ခတွေ တည်ရှိနေမှုဟာ သူ့ကောက်ချက်တွေရဲ့ မှန်ကန်တိကျမှုကို ဂယက် ရိုက်စေလိမ့်မယ် ဆိုတဲ့ ယူဆချက်တွေကို သူက ငြင်းပယ်ပစ်ခဲ့တယ်။ မိမိရဲ့အမြင်တွေကို ခိုင်မာစေရေးအတွက် သူဟာ စူးစမ်းလေ့လာ သုတေသနပြုတဲ့ နည်းနာအရ သူ့ကျမ်းကို အား ကြိုးမာန်တက် ရေးသားပြုစုခဲ့တယ်။ အဖြစ်မှန်ပေါ်က သက်သေထူပြရေးရှုဒေါင့် ကနေ သူ့သဘောတရားအား စစ်ဆေးရေးကို သူဟာ ငြင်းပယ်ခဲ့တယ်။ ကမ္ဘာ့အတိုင်းအတာနဲ့ချီပြီး ဒီမိုကရေစီရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အဖြစ် မှန်ပေါ်က  သက်သေထူပြရေး၊  စူးစမ်းလေ့လာသုတေသနပြုရေး  မလုံလောက်တာကြောင့်  ဒီ အဖြစ်မှန်ပေါ်က သက်သေထူပြရေးဟာ တလျှောက်လုံး မရှင်းလင်းရုံသာမက ရှေ့ဆောင်လမ်းပြ မှုတွေမှာ လွဲမှားမှုတွေကို အလွန်ဖြစ်ပေါ်နိုင်စေတယ်”။ ဒါကြောင့် “ကျွန်တော်တို့ဟာ သမိုင်းကို ခွစီးထားတဲ့ စံတမျိုးနဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းကို ချိန်ဆတိုင်းတာသွားရန်  လိုအပ်ပါတယ်” (ဖူကူယားမား  သမိုင်းနိဂုံး  တရုတ်ဘာ  သာ  နှာ  ၃၂၆)။  ဒီလိုနဲ့  သူဟာ  မတိကျမရေရာတဲ့ စူးစမ်းလေ့လာ သုတေသနပြုတဲ့နည်းနာတွေနဲ့  မျက်မှောက်အရင်းရှင်စနစ် လူ့အဖွဲ့အစည်းမှာ တည်ရှိနေတဲ့ အမျိုးမျိုးသော ပြဿနာတွေနဲ့ ပဋိပက္ခတွေကို ရှောင်ကွင်းသွားတော့တယ်။ ထရီတာ က  ဖူကူယားမားရဲ့  ဒီလိုအကောက်ဉာဏ်နဲ့  ဝေဖန်မှုမျိုးရဲ့  တကယ့်အနှစ်သာရဟာ  သမိုင်းနဲ့ လက်တွေ့အကြား၊ သမိုင်းရဲ့ လက်တွေ့အတွေ့ကြုံနဲ့ လက်တွေ့မဲ့ ကြိုတင်သိမြင်ခြင်း ရည်မှန်းချက် အကြား၊ လက်တွေ့အသုံးချရေးဝါဒကို ကျင့်သုံးဆောင်ရွက်တဲ့ ယူချင်ရာယူ၊ ပယ်ချင်ရာပယ်တဲ့ သူ့ရဲ့အမြင်တွေအတွက် အကျိုးရှိတဲ့ အရာတွေကိုသာ ရွေးထုတ်ခဲ့တယ်လို့ ရှင်းလင်းပြောဆိုခဲ့တယ်။ သဘောတရားရဲ့ အကြီးမားဆုံး သက်ရှိစွမ်းအားဟာ ၎င်းကရှင်းလင်းပြောဆိုနိုင်တဲ့ လက်တွေ့ပေါ် မှာ တည်ပါ တယ်။ ၎င်းဟာ လက်တွေ့အတွင်းမှာ ပေါ်ထွက်နေတဲ့ အမျိုးမျိုးသော ပြဿနာတွေ

ကို ရှင်းလင်းဖွင့်ဆိုတင်ပြနိုင်ခြင်းမရှိတဲ့အချိန်မှာ ဒီသဘောတရားမျိုးရဲ့ ယုံကြည်နိုင်မှု အတိုင်းအတာကို သံသယဖြစ်ထိုက်ပါတယ်။ ဖူကူယားမားရဲ့ သမိုင်းနိဂုံးသဘောတရားအတွင်း တည်ရှိနေတဲ့ ဒီလိုသဘောတရားနဲ့ လက်တွေ့အကြားက အချင်းပွားမှုတွေရဲ့ သမိုင်းအမြင်တွေဟာ လက်တွေ့ ကမ္ဘာအတွင်းမှာ အရာမရောက်တဲ့ ဆန္ဒစွဲကျတဲ့၊ မတိကျမရေရာတဲ့ စိတ်ကူးယဉ်လုပ်ကြံဖန်တီးထားမှု တမျိုးသာ ဖြစ်ပါတယ်။

ဖူကူးယားမားရဲ့ သမိုင်းနိဂုံးသဘောတရားရဲ့ တကယ့်အနှစ်သာရဟာ ကျန်တဲ့ နိုင်ငံရေးစနစ်တွေကို စနစ်တမျိုးနဲ့ အစားထိုးရေးဖြစ်တယ်။ ကျန်တဲ့ အယူဝါဒရေးရာတွေကို အယူဝါဒရေးရာတခုနဲ့ အစားထိုးရေးဖြစ်တယ်။ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီစနစ်ကို တကမ္ဘာလုံးလက္ခဏာဆောင်တဲ့စနစ်အဖြစ် ပြောင်းဖို့ကြံစည်တဲ့ လော့ဂျစ်ဖြစ်တယ်။ အနောက်တိုင်း အရင်းရှင်စနစ်ရဲ့ ကျယ်ပြန့်တဲ့ လက္ခဏာဆောင်မှုကို တရားဥပဒေနဲ့ ဆီလျော်တဲ့ သဘောတရား အခြေခံအုတ်မြစ်ကို အထောက်အကူပြုပေးလိုက်တာ ဖြစ်တယ်ဆိုတာကို တွေ့နိုင်ပါတယ်။ ။

**ကိုးကား။ ။ မျက်မှောက်ကမ္ဘာနဲ့ဆိုရှယ်လစ်ဝါဒ ၂၀၀၆ အမှတ် ၃**

**ရဲဘော်သိန်းဝင်း**
**၂၈–၁၂–၂၀၀၈။**

အရင်းရှင်စနစ်ဒီမိုကရေစီဟာ လူနည်းစုရဲ့ အခွင့်အရေးသာဖြစ်တယ်။ ကျယ်ပြောလှတဲ့ အောက်ခြေက ပြည်သူလူထုမှာ မဲပေးတဲ့အချိန်မှာ ခေါ်ဆိုလေ့ရှိတဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီကို ခံစားခွင့် ရှိနိုင်တာပါ။ ဒါ့အပြင် လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအခွင့်အရေးတွေဟာ သူတို့အဖို့ပြောရရင် အကောင်အထည်မဲ့ စိတ်ကူးယဉ်မှုဖြစ်မြဲ ဖြစ်နေတယ်။ ဒါကြောင့် သူတို့ “ရရှိတဲ့ အသိအမှတ် ပြု ထားတဲ့ လိုအင်ဆန္ဒ”ဟာ တကယ်ကျေနပ်မှု ရရှိကြတာတော့ မဟုတ်ပါဘူး။ ဒါနဲ့ပြောင်းပြန်ဆိုရှယ် လစ်ဒီမိုကရေစီကတော့ လူသားတွေရဲ့ ဒီမိုကရေစီဖြစ် ထွန်းတိုးတက်မှုသမိုင်းမှာ အမြင့်ဆုံးအမျိုးအစား ဒီမိုကရေစီ ဖြစ်တယ်။ ဒီမိုကရေစီဖြစ်စဉ်အတွင်းမှာ လူနည်း စုရဲ့ ဒီမိုကရေစီကို လူများစုရဲ့ ဒီမိုကရေစီနဲ့ အစားထိုးရေးကို လက်တွေ့အကောင်အထည်ဖော်လိုက်ပြီး၊ ဒီမိုကရေစီကို တကယ့် ယေဘုယျလက္ခဏာနဲ့ ကျယ်ပြန့်တဲ့လက္ခဏာတို့ ရှိလာစေတယ်။